


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်လှိုင်

# စေတနာ

စာပေ

Ph - 01 382183



စာဖတ်ပရိသတ်များအတွက်

ထာဝရအမှတ်တရ...

မယ်မင်းဘုံ



www.burmeseclassic.com

www.burmeseclassic.com

# မယ်မင်းဘုံ

## နှလုံးသား Hacker

၂၀၁၃ ခုနှစ်၊ ဇွန်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃

မယ်မင်းဘုံ

နှလုံးသား Hacken မယ်မင်းဘုံ (ရန်ကုန်)

စေတနာစာပေ၊ ၂၀၁၃

၂၇၂-စာ၊ ၅ × ၇

(၁) နှလုံးသား Hacker

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ၏

### အမှတ်တရအသိအရည်

မမယ်မင်းဘုံရေ ...

ယခုစွက်တဲ့ ကျွန်မရည်းစားမြို့ကြီးသားဝတ္ထုကို ဖတ်ပြီးပါပြီ။

တောစာတ်လမ်းလေးမို့ အရမ်းဟာသဖြစ်ပြီး ကောင်းပါသည်။

နောက်စာအုပ်တွေမှာလည်း ဒီထက်ကောင်းအောင်ရေးနိုင်ပါစေလို့ ဆုတောင်းပါသည်။

အစ်မရဲ့ဝတ္ထုတွေကို သူငယ်ချင်းတွေကို ပြောပြလို့ ဖတ်ကြပြီး အားပေးကြပါသည်။ အစ်မရဲ့ဓာတ်ပုံကိုလည်း ပြန်လည်ထည့်ပေးပါဦးလို့ တောင်းဆိုရင်းနဲ့ပဲ ကျေနပ်ပါပြီ။

အမြဲတမ်းအောင်မြင်နိုင်ပါစေ ...

**မဆွေဆွေငယ်**

အမှတ်(၁၃၀) အနော်ရထာလမ်း

အိမ်မဲကြီး(၂)လမ်း

အိမ်မဲမြို့ - ရွှေအိမ်သီရိ

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ

### အမှတ်တရအစီအစဉ်

ဆရာမမယ်မင်းဘုံရေ ...

မင်္ဂလာပါလို့ နှုတ်ဆက်ပါရစေ။

ဆရာမဖန်တီးထားတဲ့ ပျိုလေးရည်းစားမြို့ကြီးသားကို သိပ်ကြိုက်ပါတယ်။ တော fancy ဇာတ်ကလေးမို့ပါ။

ဟာသလေးတွေကိုလည်း ကြိုက်ပါတယ်။

Birthday ကိတ်မုန့်အစား ဘိန်းမုန့်ကြီးကိုလည်း မြေးမြင်မိပါတယ်။

ဆရာမရဲ့ နောက်လထွက်မယ့် စာအုပ်ကိုလည်း စောင့်မျှော်နေပါတယ်။ ဆရာမ အောင်မြင်ပါစေနော်။

မိုးမိုးယု
ရတနာပုံမြို့သစ်
၆-ရပ်ကွက်
ပြည်ကြီးတံခွန်
မန္တလေးမြို့



## စေတနာစာပေ

### အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါတူမလေး မယ်မင်းဘုံ ...

အန်တီ့တူမလေးရဲ့ဝတ္ထုတွေကို ဗီဒီယိုအဖြစ် ဖန်တီးလိုက်တဲ့ ရှင်ဘုရင်လေး။

ချစ်ရင်နှစ်မိနှစ်စောင့် နှစ်ကားစလုံးကို ကြည့်ပြီးပါပြီ။

ဝတ္ထုလိုပဲ ကြိုက်ပါတယ်။

တူမလေးနဲ့ ဝတ္ထုတွေအားလုံးကို ဗီဒီယိုအဖြစ်ရိုက်ဖို့ဝယ်ထားတာတွေ တွေ့ရတော့ အရမ်းလည်း ဂုဏ်ယူမိပါတယ်။ ဝမ်းလည်းသာတယ်။

အန်တီကြိုက်တဲ့ ဆရာမလေးအတွက် အန်တီဝမ်းသာတယ်။

အန်တီ့တူမလေး ဒီထက် ဒီထက်မက အောင်မြင်မှုသရဖူဆောင်းနိုင်ပါစေကွယ်။

အန်တီရင်နွဲ့
မောင်ငံရပ်အောက်လမ်းမကြီး
မော်လမြိုင်။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပယ်**

ဆရာမ မယ်မင်းဘုံ ...

အရမ်းပဲ ဝမ်းသာဂုဏ်ယူမိပါတယ် ...

ဆရာမမယ်မင်းဘုံတို့လို အနုပညာဖန်တီးရှင်တွေဟာ အရမ်းစိတ်ထားနူးညံ့သိမ်မွေ့ကြတယ်နော်။ အစ်မကိုလေ ဖုန်းဆက်တာ ဖော်ရွေစွာနဲ့ ပြန်ပြောတယ်နော်။ အရမ်းဝမ်းသာပါတယ်။

ဆရာမလေး မယ်မင်းဘုံ အရမ်းအောင်မြင်အောင်ဆုတောင်းပေးမယ် သိလား။

ဆရာမလေးရဲ့ဝတ္ထုတွေ တော်တော်များများ ဖတ်ဖူးတယ်။

စာအုပ်တိုင်းလည်း ကောင်းပါတယ်။

စာရေးဆရာမဘဝလေးနဲ့ အမြဲတမ်း ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျနေတဲ့ မယ်မင်းဘုံ ဖြစ်ပါစေလို့။

အမြဲအားပေးနေမယ့် ...

**မမသူဇာ**

ငထွေရှူလမ်း

၇-ရပ်ကွက်

ဒဂုံ(အရှေ့)မြို့နယ်။



**စေတနာစာပယ်**

ဘုံ ...

ပို့လေးရည်းစား မြို့ကြီးသားကို ဖတ်ပြီးပြီနော်။

တောစာတ်ကလေးမို့ အစကတော့ သိပ်မကြိုက်ဘူး။

ဖတ်ရင်းနဲ့ပဲ လက်မလွှတ်ချင်အောင် ဖြစ်ရပါတယ်။

ဘုံရဲ့အရေးအသားတွေက အရမ်းလန်းတယ်။

Birthday ဘိန်းမုန့်ကြီးကို မြေးမြင်မိတယ်။

စဉ်းစားထားတယ် မလေး မွေးနေ့ကျရင်လည်း Birthday ဘိန်းမုန့်ကြီးလုပ်ရင် ကောင်းမလားလို့။

သူငယ်ချင်းတွေထဲမှာ အရမ်းလန်းအောင်လို့ပေါ့။

ဘုံရေ ... ဒီထက်မက အောင်မြင်ပါစေ။

**မလေးပို့**

၅-လွှာ မင်္ဂလာလမ်း

စမ်းချောင်း

ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ

## အမှတ်တရအစီအစဉ်

သို့

မမယ်မင်းဘုံရေ ...

သမီးဆီကို စာပြန်ပေးတာ ကျေးဇူးပါ။

သမီးလေး အငြိုးကွန်ယက်ကို အကြိုက်ဆုံးပဲလို့ မမကို ရေးပြီးပြောခဲ့တယ်။

တစ်ခါ ပျိုလေးရည်းစားမြို့ကြီးသား ထွက်လာတော့လည်း အကြိုက်ဆုံးပဲလို့ ပြောရပြန်ပါကော။

မမရဲ့စာအုပ်တိုင်းကို အားပေးနေပါ့မယ်နော်။

မမကိုချစ်တဲ့ ...

**နှင်းနှင်း**
၇-ရပ်ကွက်
မြတ်သာကီလမ်း
ဒိုက်ဦးမြို့။



စေတနာစာပေ

## အမှတ်တရအစီအစဉ်

မမမယ်မင်းဘုံ ...

ညီမ သတိရခြင်းများစွာနှင့် စာရေးလိုက်ပါတယ်။

ညီမတို့အတွက် မမရဲ့ English လိုရေးတာလေးတွေ စာအုပ်တိုင်းမှာပါတဲ့ စာသားလေးတွေက ဆယ်ကျော်သက်တွေအတွက် ပညာလည်းရစေပါတယ်။ မမရဲ့ idea တွေက သိပ်ကောင်းတာပဲ။ မမ တစ်ယောက် ဒီထက်မက အောင်မြင်ပါစေ ...

**မေသန္တာချစ်စု**
လမ်းမတော်လမ်း
ဗိုလ်မင်းရောင်ရပ်
တပ်ကုန်းမြို့
နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မမယ်မင်းဘုံရေ ...

သမီးက မမရဲ့ပရိသတ်ပါ။

မမရဲ့ပျို့လေးရည်းစား မြို့ကြီးသားကို သိပ်ကြိုက်ပါ တယ်။

သမီးရေးတာ ဒုတိယအကြိမ်မြောက်ပါ မမ။

မမ ဒီထက်မက ကောင်းတဲ့စာအုပ်တွေ ရေးနိုင်ပြီး အောင်မြင်သထက် အောင်မြင်ပါစေလို့ ဆန္ဒပြုရင်း ...

ခင်မင်လျက် ...
မမရဲ့ပရိသတ် ...

**ခင်မာထွေး**
နေပြည်တော်မြို့မ
သဲပြေကုန်းရပ်ကွက်။





မမရေ ...

မင်္ဂလာပါနော် ...

အမုန်းပြယ်ဝိုင်ကိုလည်း သိပ်ကြိုက်ပါတယ်။

နောက်လထွက်မဲ့ နှလုံးသား Hacker ကိုလည်း အားပေးဦးမယ်နော် ...

အားလုံး ပျော်ရွှင်မှုကို ဖန်တီးပေးတဲ့ မမလက်ကလေးကိုလည်း ကျေးဇူး။

မမ ဒီထက်မက အောင်မြင်ပါစေ။

**ညည်မွန်အိ**
၆/ အောင်မေတ္တာရပ်
မကွေး

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

မမယ်မင်းဘုံ ...

ဘုံရဲ့အမှတ်တရ အစီအစဉ်ထဲမှာ အနမ်းရေးလိုက်တဲ့ စာလေး ပါလာလို့ အရမ်းဝမ်းသာတယ် သိလား။

ပျိုလေးရည်းစားမြို့ကြီးသားကလည်း အရမ်းကောင်း သလို အမုန်းပြယ်ဝိုင်ကိုလည်း ကြိုက်ပါတယ်။

ရသတွေ တစ်မျိုးပြီးတစ်မျိုး ပေးစွမ်းနိုင်တဲ့ ဘုံ့ကို လေးစားမိပါတယ်။

အမုန်းပြယ်ဝိုင်လေးကလည်း သိပ်ကောင်းပါတယ်။

ဘုံ့ကို အမြဲအားပေးနေတဲ့ ...

**အနမ်းပန်း**
မိတ္ထီလာရပ်
သိမ်ကုန်း
ရှမည်းသင်းမြို့
မန္တလေးတိုင်းဒေသကြီး



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

မမယ်မင်း ...

ညီမကလေ မမစာအုပ်တွေကိုဖတ်ပြီး အရမ်းကြိုက်မိပါ တယ်။

မလွှတ်တမ်းပဲ ဖတ်မိပါတယ်။
အားလုံးကိုလည်း ကြိုက်ပါတယ်။
အမုန်းပြယ်ဝိုင်ကိုလည်း ကြိုက်ပါတယ် မမ။

**သီတာမိုး**
အမှတ်(၄)ရပ်ကွက်
နောင်ဘိုကျေးရွာ
လယ်ဝေးမြို့နယ်
နေပြည်တော်

www.burmeseclassic.com

www.burmeseclassic.com



## စေတနာ့စာပေ

အစ်မမယ်မင်း ...

အစ်မဆီကို ညီမ တစ်ခါဖုန်းဆက်ပါသေးတယ်။
ညီမက အသံဝဲတော့ အစ်မ သိပ်နားမလည်ဘူးနော်။
အစ်မရဲ့ဝတ္ထုတွေကို အရမ်းကြိုက်ပါတယ်။
သမီးတို့ဆီက စာအုပ်ဆိုင်မှာက အစ်မစာအုပ်တွေ
အစုံမရှိဘူး။

အခွေတွေကိုတော့ ကြည့်ရပါတယ်။
အရမ်းကြိုက်ပါတယ်။
အစ်မငယ် အောင်မြင်ကျော်ကြားနိုင်ပါစေ။

**သခင်မ**
သဇင်လမ်း
မြစ်ငယ်ရပ်
မြိတ်မြို့။



## စေတနာ့စာပေ

သို့

မင်္ဂလာပါ မမမယ်မင်းဘုံ ...

ဝိုင်းလေး ခင်မင်စွာစာရေးလိုက်ပါတယ်။ မမမယ်မင်းဘုံကို အားကျ သဘောကျတဲ့ ပရိသတ်တစ်ယောက်ပါ။ "ပျို့လေးရည်းစားမြို့ကြီးသား" ဝတ္ထုလေးက တစ်မူကွဲထွက်ပြီး အရမ်းကောင်းတယ်နော်။ ဝိုင်းလေးက လုလေးလွန်ရဲ့ ပုံစံတွေကို တအား သဘောကျတာပဲ။ တကယ့်ကို ပီပီပြင်ပြင် ရေးထားတာပဲနော်။ ပြီးတော့ အဲဒီဝတ္ထုလေးက ရယ်လည်းရယ်ရတယ်။ မမမယ်မင်းဘုံ နောက်လည်း အဲဒီလိုဟာသလေးတွေ နည်းနည်းလောက် ထည့်ပေးပါနော်။ နောက်ပြီး မမမယ်မင်းဘုံကို အရမ်းအားကျတဲ့ အချက်တစ်ချက်ရှိတယ်။ မမမယ်မင်းဘုံက ကဗျာရေးတာ အရမ်းကောင်းတာပဲ။ ကဗျာစာအုပ်ထွက်ဖို့ကော အစီအစဉ်မရှိဘူးလားဟင်။ မမရဲ့ကဗျာတွေက အရမ်းခံစားရတယ်၊ အဓိပ္ပာယ်လည်းရှိတယ်။ မမရေ ... စာလည်းရှည်သွားပြီ။ စိတ်ရှည်ရှည်နဲ့ ဝိုင်းလေးရဲ့စာကို ပြီးသည်အထိ ဖတ်ပေးလို့ ကျေးဇူးကမ္ဘာပါ။ စိတ်မဆိုးဘူးဆို တစ်ခု တောင်းဆိုချင်ပါသေးတယ်။ မမရဲ့ဓာတ်ပုံလေးသုံးပုံလောက် ပြန်စာနဲ့အတူ ပို့ပေးစေချင်ပါတယ်။

မမမယ်မင်းဘုံ အစစအရာရာ အဆင်ပြေပျော်ရွှင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

မမကို အစဉ်ချစ်ခင်လျက် ...

**ဝိုင်းလေး**
နန်းတော်ရာ ရပ်ကွက်ကြီး(၇)

www.burmeseclassic.com

www.burmeseclassic.com





## အမှတ်တရအိမ်ဆောင်

သို့

မမဘုံ ...

မမဘုံရဲ့ထာဝရပရိသတ်ပါ။ မမဘုံရဲ့ဝတ္ထုစာအုပ်တွေဖတ်ပြီး စိတ်ကူးယဉ်နေရတဲ့သူပေါ့။ မမဘုံ ဝတ္ထုတွေက တအားကောင်းတာပဲ။ ခေါင်းစဉ်တွေကလည်း အရမ်းကောင်းတာပဲနော်။ မမဘုံက သိပ်တော်တာပဲ။ ဝတ္ထုတွေမှာ ထည့်ထားတဲ့ မမဘုံရဲ့ဓာတ်ပုံလေးတွေက အရမ်းချစ်ဖို့ကောင်းတယ်နော်။ မမဘုံ ဒီ့ထက်မကအောင်မြင်ဦးမှာပါ။

ဆုတောင်း၍ ...

**စွမ်းရည်ဖြိုး**
2nd year (Maths)
Pyay University.





## အမှတ်တရအိမ်ဆောင်

မင်္ဂလာပါ မမရေ ...

စိတ်ထဲမှာ ရွှန်းရွှန်းရဲ့အစ်မလို ရင်းနှီးနေလို့ မမလို့ခေါ်ခွင့်ပြုပါနော်။ ရွှန်းရွှန်းက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မမစာအုပ်တွေက ဖတ်ရတာ တအားမိုက်တယ်။

အရေးအသားကလည်း ရွှန်းရွှန်းတို့တက္ကသိုလ်မှာသုံးနေကြတဲ့ ခပ်လန်းလန်းစကားလုံးတွေချည်းပဲ သုံးထားတာ သဘာဝလည်းကျတယ်။ မမရဲ့ဘာညာသာရကာ ဆိုတဲ့ စာအုပ်လေးကို ရွှန်းရွှန်းအရမ်းကြိုက်တယ်။ မမစာအုပ်တွေကိုလည်း အားလုံးဖတ်ပြီးပြီ။ အားလုံးကိုလည်း သိပ်ကြိုက်ပါတယ်။ ရွှန်းရွှန်းက ဝတ္ထုတွေ အကုန်ဖတ်သေမယ့်မိတ်ဆက်စာပို့တာ မမတစ်ယောက်တည်းကိုပါ။ အခုမှ ပထမဦးဆုံးရေးဖူးတာမို့ အမှားပါရင် ခွင့်လွှတ်သည်းခံပေးပါနော်။

မမဓာတ်ပုံရယ် ဖုန်းနံပါတ်ရယ် ထည့်ပေးပါနော်။

စာရေးဆရာမဖြစ်ဖို့ မမစိတ်ဓာတ်ကို ဘယ်လိုပြုစုခဲ့တယ်ဆိုတာလေးပါ ထည့်ပေးပါနော်။

မမက ရွှန်းရွှန်းရဲ့ Hero ဆိုတော့လေ၊ မမကို အရမ်းအားကျတယ် မမရ။

**မမရဲ့ညီမလေး ရွှန်းရွှန်း**
2nd year (Maths)
အိမ်အမှတ်(၃/၁၆) နတ်မျောင်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

မမမယ်သို့ ...

ခင်မင်စွာ စာရေးလိုက်ပါတယ်။ ပထမဦးဆုံးရေးတဲ့ မိတ်ဆက်စာမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမယ်ရဲ့ဝတ္ထုတိုင်းကို တစ်အုပ်မကျန် ဖတ်ဖူးပါတယ်။ အားလုံးက အရမ်းကိုကောင်းတယ်။ အကြိုက်ဆုံးကတော့ "ဘာညာသာရကာ"ဝတ္ထုပါ။ အရမ်းလှုပ်ယှက်ဆန်တယ်။ စာအုပ်တွေမှာ မမမယ်ရဲ့ဓာတ်ပုံလေးတွေ ထည့်ပေးတာကို ကြိုက်တယ်။ မမမယ်က အရမ်းချစ်ဖို့ ကောင်းတာပဲနော်။ မမမယ်က အပြင်မှာ ပိုချောတယ်။ မာနမကြီးဘဲ ဖော်ဖော်ရွေရွေ ဆက်ဆံတတ်တယ်နော်။ မမမယ်ကို ဟိုတစ်ခါ Junction Mawtin မှာ လာနှုတ်ဆက်တဲ့ ညီမလေးပါ။ မှတ်မိပါ့မလားတော့ မသိဘူး။ မမယ်ကို အရမ်းအားကျတာပဲ။ မမမယ် ဒီ့ထက်မက အောင်မြင်မှာပါ။

မမမယ်ရဲ့ဓာတ်ကားတွေ ထွက်တာလည်း ကြည့်ပြီးပါပြီ။ ကြည့်လို့ကောင်းပေမယ့် မမမယ်ရဲ့ဝတ္ထုအရသာကို မမီဘူး။ အခုလို ဝေဖန်မိတာကို စိတ်မဆိုးပါနဲ့နော်။ မမမယ်ကို ညီမလေးက ကိုယ့်အစ်မလို သဘောထားပြီး ခင်မင်နေမိလို့ပါ။

မမမယ်ရဲ့မိသားစုများလည်း ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မမမယ်ရဲ့ပရိသတ်
**ညီမလေး နိုင်နိုင်မိုး**
အမှတ်(၈)ရွှေဂုံရိပ်မွန်အိမ်ရာ၊



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

သို့

မမဘုံ ...

မမရဲ့"ပျိုလေးရည်းစား မြို့ကြီးသား"ဝတ္ထုလေးကိုဖတ်ပြီးပါပြီ။ မမဘုံရဲ့ဝတ္ထုတိုင်းကို ကြိုက်တယ်။ မမဘုံရဲ့ဝတ္ထုတိုင်းက ဆွဲဆောင်မှုရှိတယ်။ သူငယ်ချင်းကနေ ရည်းစားဖြစ်သွားတဲ့ ဓာတ်လမ်းပုံစံမျိုးလေးလည်း ရေးပေးပါဦးလို့ တောင်းဆိုပါရစေ။

မမဘုံ တစ်ယောက် ရေလိုအေး၍ ပန်းလိုမွှေးပါစေ။

**မို့မို့ဝေခင်**
အောင်မင်္ဂလာရပ်ကွက်၊ ကလေးမြို့
စစ်ကိုင်းတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

ဆရာမ မယ်မင်းဘုံ ...

ဆရာမရဲ့ အရေးအသားတွေက ကျွန်တော့်ကို အရမ်းကြိုက်စေပါတယ်။ ဆရာမရဲ့စာအုပ်တွေကို ရိုက်ထားတဲ့ Video တွေကိုလည်း ကြည့်ပြီးပါပြီ။ ကြည့်လို့ကောင်းပါတယ်။ ဆရာမစာအုပ်တွေက ကျွန်တော်တို့မြို့မှာဆို ထိပ်ဆုံးကပဲ။ ဆရာမက အချိန်တို အတွင်းမှာ အရမ်းအောင်မြင်လာတယ်နော်။ အရမ်းဂုဏ်ယူမိပါတယ် ဆရာမ။ ဆရာမရေးတဲ့ ဝတ္ထုတွေကနေ လူငယ်တွေရဲ့ ခံစားချက်ကို ခံစားမိပါတယ်။ အရမ်းမိုက်တယ်ခင်ဗျ။ ဆက်လက် အောင်မြင်ပါစေ။

**ကျော်ဇောထက်**
ရပ်ကွက်(3) ပန်းခြံလမ်း
ကော့ကရိတ်မြို့
ကရင်ပြည်နယ်။



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

မမမယ်မင်း ...

ကောင်းသောနေ့ပါ။ မမရဲ့စာအုပ်တွေကို ဖတ်ပြီးသဘောကျလွန်းလို့ မိတ်ဆက်စာရေးလိုက်ပါတယ်။ မမရဲ့စာအုပ်တွေက အရမ်းကောင်းတာပဲ။ မမဘုံကို စကားတွေ အများကြီး ပြောချင်ပေမယ့် တကယ်တမ်းကျတော့ ဘာပြောရမှန်းကို မသိတော့ဘူး။ ဒီ့ထက်အများကြီး အောင်မြင်ပါစေ မမ။

**သဲစန္ဒီအေး**
ဟာသီဘတ်တက္ကသိုလ်
Physics(1st year)

www.burmeseclassic.com

www.burmeseclassic.com



ဧတေနာစာပေ၏

## အမှတ်တရအဆိပ်အငွေ့

သို့

ခင်မင်ရတဲ့ မယ်မင်းရေ ...

ဒုတိယအကြိမ် စာရေးလိုက်ပါတယ်။ မယ်မင်းရဲ့ idea တွေက တစ်အုပ်ထက်တစ်အုပ် ပိုကောင်းလာတယ်။ အရမ်းမိုက်တယ်။ အမြဲတမ်းလည်း အားပေးနေလျက်နော်။

ကျော်စွာဖြိုး
First year
In Fernation Technology
Technology University
(Thanglin)



ဧတေနာစာပေ၏

## အမှတ်တရအဆိပ်အငွေ့

သို့

မယ်မင်းရေ ...

အနမ်း Equation ၊ ဘာသာဗေဒ စတဲ့ ခေါင်းစဉ် ဆန်းဆန်းဝတ္ထုလေးတွေကြောင့် မယ်မင်းကို စိတ်ဝင်စားမိပြီး ဖတ်ဖြစ်ပါတယ်။ အရမ်းကောင်းပါတယ်။ မယ်မင်းရဲ့ idea တွေက အရမ်းမိုက်ပါတယ်။ ညီမက မယ်မင်းရဲ့ထာဝရပရိသတ်ပါ။

မယ်မင်းရဲ့ထာဝရပရိသတ် ...

အိအိချော
ပျော်ဘွယ်မြို့၊ ဆားတောင်ရွာ။
မင်းလမ်းအုပ်စု
မန္တလေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

မမမယ်မင်း ...

ဝတ္ထုစာအုပ်တိုင်းလိုလိုကို သဘောကျမိပါတယ်။ မမရဲ့စာအုပ်တွေကို တစ်လနှစ်အုပ်လောက်တောင် ထွက်စေချင်တာ။ ဟဲ ဟဲ ...။ ဒါပေမဲ့ ကိုယ့်အစ်မ ပင်ပန်းမှာစိုးလို့။ လတိုင်း တစ်လတစ်အုပ်ကိုပဲ စောင့်ဖတ်ပါတော့မယ်။ မမမယ်မင်း ထာဝရအောင်မြင်ပါရစေနော်။

မမမယ်မင်းရဲ့ပရိသတ် ...

**မယဉ်မင်းရွှေ**
မကျီးကုန်းရွာ၊ အိုင်ကြီးအုပ်စု။
ကျုံပျော်မြို့
ဧရာဝတီတိုင်း။



**စေတနာစာပေ၏**

## အမှတ်တရအစီအစဉ်

သို့

Happy Birthday ပါမမ။

မွေးနေ့ဆုမွန်တောင်းတာ နောက်ကျသွားပါတယ်။ မမရဲ့ဒီလထွက်တဲ့ "အငြိုးကွန်ရက်နတ်သမီး" က အရမ်းမိုက်တာပဲနော်။ မမရေ ... နောက်လမှပဲ ဆုံတော့မယ်နော်။

**အေးခင်စင်**
သာယာဝတီ။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေ

### အမှတ်တရအစီအစဉ်

သို့

ဆရာမ ...

ဆရာမရဲ့ဝတ္ထုတွေကို ဖတ်ဖြစ်နေတဲ့ အမာခံပရိသတ် တစ်ဦးပါ။ ဘယ်အနုပညာရှင်ဆီကိုမှ မိတ်ဆက်စာမထည့်ဖူးပါဘူး။ အမှားပါရင် ခွင့်လွှတ်ပါနော်။ ဆရာမရဲ့ "ပျားရည်ဆွမ်းဒွိဟ" ဝတ္ထုလေးကို အကြိုက်ဆုံးပဲ။ အဲဒီဝတ္ထုထဲမှာ ပထမဆုံး ဆရာမဓာတ်ပုံစံပါတာနော်။ ဆရာမက အရမ်းချောတာပဲ။ အဲ ... ပြီးတော့ ဆရာမရဲ့ဝတ္ထုတိုင်းလိုလိုမှာ ကဗျာလေးတွေ ထည့်ထားတာ တွေ့ရတယ်နော်။ ကဗျာတွေကိုလည်း ကြိုက်တယ်။ ဆရာမရဲ့ idea တွေက အရမ်းသစ်တယ်။ ပြီးတော့ ဒီလထွက်တဲ့ "ပျိုလေးရည်းစား မြို့ကြီးသား" ဝတ္ထုကိုလည်း တော်တော်သဘောကျမိတယ်။ အဲဒီဝတ္ထုထဲက အိမ်စည့်ရဲ့ပုံစံကို တအားကြိုက်တယ်။ ဆရာမရဲ့အရေးအသားတွေက တအားကောင်းပြီး ဇာတ်လမ်းထဲမှာ မျောသွားတော့ ဖတ်ရတာ အားကိုမရနိုင်ဘူး။ ဆရာမရဲ့စာအုပ်တွေကို တစ်လနှစ်အုပ်လောက် ထွက်စေချင်တယ်။ ဆရာမဝတ္ထုတွေကို ရိုက်ထားတဲ့ ဗီဒီယိုတွေကိုလည်း ကြည့်ဖြစ်တယ်။ ဝတ္ထုကို မမီသလိုပဲနော်။ ဒါပေမဲ့ ကြည့်လို့တော့ ကောင်းပါတယ်။ ဝတ္ထုကတော့ ဖတ်ရတာ အကောင်းဆုံးပဲ။ ဆရာမကို အမြဲအားပေးနေမယ်နော်။ ဆရာမရဲ့နောက်လထွက်မယ့် "နှလုံးသား Hacker" ဝတ္ထုကတော့ ခေါင်းစဉ်မြင်တာနဲ့ကို စိတ်ဝင်စားပြီး ဖတ်ချင်နေပြီ။ [illegible] ကောင်းတိုင်းပါတယ်။



## စေတနာစာပေ

### အမှတ်တရအစီအစဉ်

စာလည်း တော်တော်ရှည်သွားပြီမို့ ဒီမှာပဲ ရပ်လိုက်ပါတော့မယ်။ ဆရာမ မယ်မင်းဘုံ ဒီထက်မက အောင်မြင်မှုတွေများစွာရရှိပြီး စိတ်ချမ်းသာ ကိုယ်ကျန်းမာပါစေ။

လေးစားစွာဖြင့် ...

**သူသူ**
ဈေးလမ်းအတွင်း၊ ချောက်မြို့
မကွေးတိုင်းဒေသကြီး။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ၏**

## အမှတ်တရအချီအစဉ်

သို့

မမယ်မင်းရဲ့ "ပိုလေးရည်းစားမြို့ကြီးသား" ဝတ္ထုလေးကို ဖတ်ပြီး သဘောကျမိပါတယ်။ မမယ်မင်းက အခုဆို အရမ်းအောင်မြင်နေပြီနော်။ သမီးတို့ ညီအစ်မတွေက မမယ်မင်းရဲ့ အမာခံပရိသတ်တွေပါ။

**ခင်လပြည့်**
1st year(Myan)
ဒဂုံတက္ကသိုလ်။



**စေတနာစာပေ၏**

## အမှတ်တရအချီအစဉ်

သို့

မင်္ဂလာပါ မမယ်မင်း ...

မမယ်မင်းက အရမ်းတော်တာပဲနော်။ မမရဲ့ ဝတ္ထုအားလုံးကို ကြိုက်တယ်။ "ဘာညာသာရကာ" စာအုပ်ထဲက ရွှေပုံတိုးဝေက ညီမနဲ့တူတယ်လို့ ခံစားမိတယ်။

မမယ်မင်း ထာဝရ အောင်မြင်ပါစေ။

**နိုးလပြည့်**
2nd year(Eng)
ဒဂုံတက္ကသိုလ်။

www.burmeseclassic.com

www.burmeseclassic.com



**စေတနာစာပေ**

## အမှတ်တရအစီအစဉ်

သို့

မယ်မင်းရေ ...

မင်္ဂလာပါ။

မယ်မင်းရဲ့ "ပျိုလေးရည်းစား" ဝတ္ထုလေးက အရမ်းကောင်းတာပဲနော်။ ဟာသလည်း မြောက်တယ်။ အိမ်စည်ရဲ့ဒီနိုင်းကို အရမ်းကြိုက်တယ်။ ထော်လာကျိုစီးတဲ့အခန်းတို့၊ နွားလှည်းပေါ်တက်ပြုတ်ကျတဲ့ အခန်းမျိုးဆို တအားကြိုက်တာပဲ။ ဒီဝတ္ထုလေးက ထူးခြားတယ်နော်။ အမြဲတမ်းလည်း အားပေးတယ်။

**အန်တီချွေး**

အောင်မင်္ဂလာလမ်း၊ လက်ပံတန်း

ပဲခူးမြို့။



**စေတနာစာပေ**

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ ...

ပထမဦးဆုံး ပြောချင်တာက မမကို အရမ်းအားပေးတယ်လို့။ မမရဲ့အုပ်(၂၀)မြောက် အမှတ်တရစာအုပ်ကတော့ အရမ်းကို အမှတ်တရ ဖြစ်ပါတယ်။ ယဉ်တစ်ကိုယ်ရဲ့ပုံစံကို အရမ်းသဘောကျတယ်။ "ကိုကို"လို့ခေါ်တဲ့ ထူးခြားတဲ့ ပုံစံလေးကိုလည်း ကြိုက်တယ်။ နောက်လည်း ဒီ့ထက်မက အောင်မြင်ပါစေ။

**အေးအေးအောင်**

၇ ၊ ရွာဟောင်း

ချောက်မြို့၊ မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

သို့

မမမယ်မင်း ...

ညီမက မမမယ်မင်းရဲ့ပရိသတ်တစ်ယောက်ပါ။ မမရဲ့ စာအုပ်တွေကို ငါးအုပ်မြောက်ကစပြီး ဖတ်ဖူးတာ။ ညီမက အခုမှ စာရေးဖူးတယ်ဆိုပေမယ့် မမကို ရင်းနှီးနေတာကတော့ ကြာပါပြီ။ မမရဲ့စာအုပ်တွေကို ညီမ အရမ်းကြိုက်တယ်။ မမက ချောတယ်နော်။ ပြီးတော့ ချစ်ဖို့လည်း ကောင်းတယ်။ မမရေ chatting ထဲမှာတွေ့ပြီး အပြင်မှာဆုံမှ လူလိမ်ဖြစ်နေတယ်ဆိုတဲ့ ပုံစံမျိုးပါတဲ့ ဇာတ်လမ်းလေး ရေးပေးပါဦးလို့ အကြံပြုပါရစေ။

မမမယ်မင်း စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ထာဝရ အောင်မြင်ပါစေ။

ညီမလေး ...

**ခင်သန္တာဦး**
နေပြည်တော်၊ တမ်ကုန်း
ဗိုလ်မင်းရောင်ရပ်ကွက်။



## စေတနာစာပေး

### အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါနော် မယ်မယ် ...

ဒီတစ်ခေါက် မိတ်ဆက်စာကတော့ လမင်းရဲ့(၂၂)ကြိမ်မြောက်စာလေးပါ။ "အမုန်းပြယ်ဝိုင်"ကိုလည်း ဖတ်လို့ပြီးသွားပါပြီ။ အရမ်းကြိုက်ပါတယ်။ "ဗျာ"လို့ သုံးထားတာကိုလည်း သဘောကျတယ်။ "ရွှေဘုန်းဂါ"ကိုလည်း ကြိုက်တယ်။ "ရွှေဘုန်းဂါ"လိုမျိုး သစ္စာရှိရှိ ချစ်နိုင်မယ့် ယောကျ်ားကို လမင်းလည်း အပြင်မှာဆုံဖူးချင်လိုက်တာ။ ဒီခေတ်ယောကျ်ားလေးတွေကတော့ သစ္စာကိုမရှိဘူး။ အဲဒါကြောင့် လမင်းကတော့ ယောကျ်ားတွေကိုဆို အထင်မကြီးဘူး။ ဒီဝတ္ထုက လမင်းတို့ဆီကို (၁၂)ရက်နေ့ကမှ ရောက်တာလေ။ စောင့်ရတာကို အကြာကြီးပဲ။ ဖတ်ရတာ နောက်ကျတော့ feel ဖြစ်တာပေါ့။ ဖြစ်နိုင်ရင် လမင်းက မယ်မယ်ရဲ့ဝတ္ထုတွေကိုဆို ထွက်တဲ့နေ့ကတည်းက ဖတ်ချင်တာနော်။ အစွင့်အရေးမပေးလို့သာ။

မယ်မယ်ရဲ့ဝတ္ထုတွေကိုရိုက်တဲ့ ဇာတ်ကားတွေကိုလည်း တစ်ကားမှ မကြည့်ရသေးဘူး။ ဒီမှာက မထွက်သေးဘူး လမင်းက အခုထိ မကြည့်ရသေးဘူးဆိုတော့ ဝမ်းတာပေါ့။ ကြည့်ပြီးတဲ့သူတွေနဲ့ ယှဉ်လိုက်ရင် လမင်းက အောက်သွားပြီလေ။ ဇာတ်ကားမကြည့်ရလည်း easy ပါ။ ဝတ္ထုဖတ်ရရင်ကို ကျေနပ်တယ်။ ဝတ္ထုစာအုပ်က

www.burmeseclassic.com



## စေတနာစာပေ၏ အမှတ်တရအစီအစဉ်

မယ်မယ်ရေ "ဆေးကျောင်းသားနှင့်အီကိုကွင်း"ကို ရေးနေပြီဆိုတဲ့အတွက် ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်နော်။ (၂၉)အုပ်မြောက်မှာ ထွက်ပေးဖို့ကိုလည်း တောင်းဆိုပါတယ်နော်။

လမင်းတောင်းဆိုထားတဲ့ ဝတ္ထုလေးကို ရေးပေးတဲ့အတွက် ကျေးဇူးကမ္ဘာပါ။ လမင်းက မယ်မယ်ရဲ့အမာခံပရိသတ်ဆိုတာ ယုံကြည်ပေးပါနော်။

ဒီထက်မက အောင်မြင်မှုတွေနဲ့အတူ အနုပညာလမ်းခရီးကို ပျော်ရွှင်စွာနဲ့ လျှောက်လှမ်းနိုင်ပါစေနော်။

ဆန္ဒမွန်ဖြင့် ...

**လမင်း**
အမှတ်(၄၄/၃)
တော်ဝင်သစ်ခွခြံ
မင်္ဂလာဥယျာဉ်ရပ်ကွက်
ကလေးမြို့။
Laminpyosin 814 @ gmail. com

# မယ်မင်းဘုံ



# နှလုံးသား Hacker

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဇော်ခင်းသုံ၏ ထွက်ပြီးစာအုပ်များ

၁။ အချစ်ရှိသောဖြင့်ဝသို့ရောက်ရှိနေပါသဖြင့်
(အောင်သီရိဗီဒီယိုမှဝယ်ယူပြီး)
၂။ ချစ်ရှင် . . . နှစ်မိနှစ်ဖစောင့် (ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)
၃။ ငွေတောင်မြည်ကမြို့သူ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၄။ ချစ်သူလိမ်းဖို့ ဒေးကရင်မ် (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၅။ အမုန်းကမ်းရိုးတန်းတစ်လျှောက်၌ ရင်ခုန်သံလှိုင်းကြီးနေသည်
(ရွှေစင်ဦးဗီဒီယိုမှ ဝယ်ယူပြီး)
၆။ အချစ်ကိုဖြိုဖျက်ရမယ်ဆိုရင် မနက်ဖြန် ငါသေပါရစေ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၇။ ဆယ်ကျော်သက်ဂိမ်း
၈။ သက်ဆိုင်သူအတွက် ငါ့မျက်ရည်တွေ စဝွန်ဆာပေးခဲ့သည်။
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၉။ ကျွန်မသာ စိတ်မကောက်ခဲ့ဘူးဆိုရင်
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၀။ နဖူးမှာရေးဖို့မေ့တဲ့စာ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၁။ အနန်းမြို့ကသတို့သား
(မြင့်မာလာရုပ်ရှင်ထုတ်လုပ်ရေးမှ ဝယ်ယူပြီး)
၁၂။ အလွမ်းမြစ်ပင်လယ်ထဲမှာ လက်ပစ်ကူးရင်း ငါ့အချစ်တွေ
မိုးလင်းခဲ့တယ် (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၃။ အချစ်အတွက် မနက်ဖြန်မရှိတာ သင့်အတွက်မှတ်ရန် အသိ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၄။ နတ်သားအိပ်ဆေးခတ်ထားတဲ့ ညနေခင်း
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၅။ ပင်လယ်အအေးပတ်အောင် ချစ်သူက လေစိမ်းတိုက်လေသည်
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၆။ ဘာညာသာရကာ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၇။ ဖျားရည်ဆမ်းဒွိဟ (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၈။ အနမ်း Equation (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၁၉။ တဆိတ်လောက်ခင်ဗျာ-ချစ်သူကို. . ရင်ခွင်၌ နေထိုင်ခွင့်ပြုပါ
(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၂၀။ အပြုံးကွန်ယက်နတ်သမီး (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၂၁။ ပိုလေးရည်းစား မြို့ကြီးသား (အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)
၂၂။ အမုန်းပြယ်ဝိုင်(အောင်သီရိဗီဒီယိုမှ ဝယ်ယူပြီး)

**ထုတ်ဆဲ**

၂၃။ နှလုံးသား Hacker

**ရေးဆဲ**

၂၄။ ကွန်းခိုဖြစ်သောမျက်ဝန်းလေးဆီ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ[illegible] ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများ[illegible] ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်[illegible] ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်[illegible] နှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်[illegible]
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုး[illegible] အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း[illegible] သားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုး[illegible] လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်[illegible]
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# အခန်း ၁

"ဒီမှာနေမယ်ဆိုရင်တော့ အဓိက,က စည်းကမ်းလိုက်နာဖို့ပဲ။ ဒီစာရွက်မှာပါတဲ့ စည်းကမ်းတွေကို လိုက်နာနိုင်တယ် ဆိုရင်တော့ နေနိုင်ပါတယ်"

မိုးထန်က A4 စာရွက်အပြည့် ရေးထားသော စည်းကမ်းချက်တွေကို မျက်လုံးဖြင့် တစ်ချက်ဝေ့ကြည့်လိုက်ရင် အရွက်ပါစည်းကမ်းတွေကြောင့် စိတ်တောင် နည်းနည်းအိုက်သွားသည်။ ဒါပေမဲ့လည်း သူ့အဖေက ဒီမှာမှမနေရင် သင်တန်း[illegible]က်ခွင့်မပေးပါဘူး ဆိုထားတာကြောင့် သူဟာ စည်းကမ်းများ[illegible]ည်း ဒီမှာနေရမှာဖြစ်သည်။ အဲဒါကြောင့် ဘာမှရှည်ရှည်ဝေးဝေး [illegible]နေတော့ဘဲ သူက ခပ်မြန်မြန် ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်ကယ်၊ ကျွန်တော် လိုက်နာနိုင်ပါတယ်"

"ဟား … ဟုတ်ပြီဟေ့။ ဒါဆိုရင်တော့ ဒီမှာ မောင်ရှင်လေး နေနိုင်ပါတယ်၊ ဒါနဲ့ မောင်ရင်လေး နာမည်က ဘယ်သူ …"

"မာန်မိုးထန်ပါ ခင်ဗျ"

"အေး … မိုးတန်၊ မင့်ဖေဖေနဲ့ငါက အရမ်းရင်းနှီးတာကွ၊ ဒီအဆောင်က လူတွေအားလုံးက ကျုပ်ကို ဦးမောင်လို့ပဲ ခေါ်ကြတယ်။ မင်းလည်း ဒီလိုပဲခေါ်ပေါ့။ ဒီမှာက အဆောင်ဆိုပေမယ့် ကိုယ့်အိမ်လိုပဲ လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင် နေလို့ရတယ်။ အေး … တစ်ခုပဲ၊ ဟိုဘက်ခြံနဲ့တော့ ဘာအကြောင်းကြောင့်နဲ့မှ မပတ်သက်နဲ့ ကြားလား"

"ခင်ဗျာ … ဪ … ဟုတ် … ကဲ့ ဗျ"

သူက ဘာမှန်းညာမှန်း နားမလည်စွာဖြင့် ယောင်နန ခေါင်းသာညိတ်ပြလိုက်ရလေသည်။ ဘာပဲဖြစ်ဖြစ် ဟုတ်ကဲ့ပြောလိုက် ပြီးရောပဲ မဟုတ်လား။

"ကဲ … လာ … မောင်မိုးထန်၊ မင်းအတွက် အခန်းကို လိုက်ပြမယ်"





မိုးထန်က ဦးမောင်ရဲ့ အနောက်ကနေလိုက်လာကာ သူပြတဲ့အခန်းကိုကြည့်ကာ သဘောကျသွားရလေသည်။ ဟား … မိုက်ပဲကွာ။ အိပ်ခန်းက အတော်အသင့် ကျယ်ဝန်းကာ Master Bed room ဖြစ်လေသည်။ ခုတင်ကလည်း ဒန်းလော့တင်ပေးပြီးသား။ ဒီအဆောင်ရဲ့စည်းကမ်းအရ တစ်ခန်းနှစ်ယောက်မို့ သူက သူနဲ့အတူ တွဲနေရမည့် room mate ကို သိချင်သွားလေသည်။

"ဦးမောင် … ကျွန်တော်နဲ့ တွဲနေမယ့်သူက"

"ထွန်းမောင်တဲ့။ အခုတော့ ဒီကောင် အလုပ်သွားတယ်။ မင်းနဲ့ အဆင်ပြေမှာပါ။ တို့အဆောင်က ယောကျ်ားလေးဆောင်ဆိုတော့ အားလုံးက ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး ပဲနေတယ်။ ဒီအဆောင်ရဲ့ထမင်းချက်၊ အဝတ်လျှော် ဗာရီယကိစ္စအားလုံးကို ငါ့တပည့် တောက်ထွန်းနဲ့ ဖိုးကျော်က လုပ်တယ်။ ဒီမှာနေတဲ့ အဆောင်သားကခြောက်ယောက်။ မင်းပါဆို ခုနစ်ယောက်ပေါ့ကွာ။ ငါက တစ်ကိုယ်တည်းသမားဆိုတော့ အဖော်ရအောင် အဆောင်ဖွင့်ထားတာ။ စီးပွားဖြစ် မဟုတ်ဘူးဆိုတော့ မိသားစုဆန်ဆန် နေကြတာ။ ဒီကကောင်တွေက ငပြောင်တွေ၊ ဗရုတ်တွေကွ။ မင်း နေသားကျသွားမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



သူက အရှောင်ပိုင်ရှင် ဦးမောင်မောင်ထူး စကားကြောင့် စိတ်ထဲကနေ တချက်ဝမ်းသာသွားသလို တစ်ဖက်ကတော့ အံ့အားသင့်သွားရလေသည်။ အဖေပြောတော့ ဦးမောင်မောင်ထူးက မိန်းမရှိပါတယ်ဆိုလား။ အခု ဘယ့်နှယ် တစ်ကိုယ်တည်းသမား ဖြစ်ရတာတုန်း။ သူက သိချင်လာတာကြောင့် နည်းနည်းစပ်စုကြည့်လိုက်လေသည်။

"ဟို ... ဦးမောင်ရဲ့အမျိုးသမီးကော"

"တိတ်စမ်း ... ဘာအမျိုးသမီးလဲ။ မင်း ဒီအဆောင်မှာနေရင် အမျိုးသမီးကိစ္စ ကင်းရှင်းရမယ် ကြားလား။ ဒီနေရာက အမျိုးသားသီးသန့်အဆောင်ကွ။ ကဲ ... မင်းလည်း ခရီးပန်းလာတာမှလား။ နားတော့ ... ညနေမှ အဆောင်ကလူတွေနဲ့ မင်းကို မိတ်ဆက်ပေးမယ်။ လိုတာပြော ... ကြားလား"

ဘိုးတော်က အောက်ထပ်သို့ ပြန်ဆင်းသွားလေသည်။ မိုးထန်သည် အမျိုးသမီးနဲ့ ပတ်သက်ပြီး ဇာတ်လမ်းဟောင်းတွေ ရှိထားပုံရသော ဘိုးတော်ကို တည့်အောင်ပေါင်းဖို့ပဲ တွေးထားလိုက်သည်။



ဘာပဲဖြစ်ဖြစ် သူ့အတွက် ဒီနေရာက အရပ်အရပ်ကို အဆင်ပြေပါသည်။ ဒီနေရာက အဆောင်ဆိုပေမယ့် သူနေတဲ့ အိမ်လိုပဲ လွတ်လပ်ပေါ့ပါးသည်။ ခမ်းနားသည်။ လုံးချင်းတိုက်လေးဖြစ်ကာ Facilities ကလည်း ဂရိတ်ပဲမို့ ဒီအဆောင်မှာနေတဲ့ လူတွေကလည်း တော်ရုံတန်ရုံမဟုတ်ဘဲ အဆင့်ရှိရှိလူတွေဖြစ်မှာပဲဆိုတာ သူ ခန့်မှန်းမိလေသည်။ သူ့ရဲ့ဒယ်ဒီဖားသားက ရန်ကုန်မှာ နေဖို့ထိုင်ဖို့အတွက် တိုက်ခန်းဝယ်ခိုင်းတာကို လက်မခံဘဲ ဒီအဆောင်မှာ လာနေခိုင်းလေသည်။ သွားရေးလာရေးအတွက်ကတော့ သူ့လက်ဆွဲတော် RAV4 ကားကို ယူလာခဲ့ပြီးသားမို့ easy going ပင် ဖြစ်လေသည်။

လှုငယ်တွေရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်သည့် ရန်ကုန်မြို့ကြီးကို သူ ရောက်လာရတဲ့ အကြောင်းရင်းကတော့ ခေတ်လူငယ်ပီပီ အလွန်လန်းတဲ့ ပျော်ရွှင်စရာ လူငယ်ဘဝကို ဖြတ်သန်းဖို့ပဲ ဖြစ်လေသည်။

♥ ♥

www.burmeseclassic.com



"မင်းက အကြောင်းမှ မသိသေးတာကို သားကြီးရ၊ ဦးမောင်က ရေလည်ခင်ဖို့ကောင်းတယ်။ ဒါပေမဲ့ သူ့ရှေ့မှာတော့ ဟိုဘက်ခြံက အဆောင်သူတွေအကြောင်းကော၊ အဆောင်ပိုင်ရှင်အကြောင်းကော ယောင်လို့တောင် စကားမဟနဲ့ကွ"

ဟိုဘက်ခြံ၊ ပြီးတော့ အဆောင်သူ။ မိုးထွန်းက သူ့ရဲ့အခန်းဖော် ထွန်းမောင်နဲ့ စကားစမြည်ပြောဖြစ်ရင်းက ဦးမောင်အကြောင်းကို တီးခေါက်မိရင် ဟိုဘဲက အထူးဆန်းစကားပြောတာမို့ သူက စိတ်ဝင်စားသွားသည်။ ဟိုဘက်ခြံကလည်း အဆောင်ဖွင့်ထားတာပဲလား။ ဟား … အဆောင်တွေက များလှချည်လား။ သူနေတဲ့နေရာက လူညီးတန်းများလားဟ။

"ဟိုဘက်ခြံကကော အဆောင်ဖွင့်တာပဲလား"



"ဟုတ်တယ်ကွ၊ ဒီဘက်ခြံနဲ့ ဟိုဘက်ခြံက မဟာရန်သူအချစ်တော်ကြီးတွေလေ။ မင်းက ဒီနေ့မှ ရောက်တာဆိုတော့ ဓာတ်ရှည် ဘယ်လည်ဦးမှာလဲကွ။ ဒီလို ဟိုဘက်ခြံက ဦးမောင်ရဲ့မိန်းမခြံလေ"

"ဟင် … သူတို့တွေက ဘယ်လိုတွေလဲ"

"ဘယ်လိုဖြစ်လဲတော့ သေချာမသိပါဘူးကွာ။ ဦးမောင်နဲ့ အန်တီချစ်က ကွဲနေတာလေ။ တစ်ယောက်နဲ့တစ်ယောက်က မျက်နှာချင်းတောင် မဆိုင်ဘူး။ နာစရာတွေရှိနေလို့နေမှာပေါ့ကွ။ အရင်ကတော့ ဟိုဘက်ခြံမှာ သူတို့လင်မယားနေတာ။ ဒီအိမ်ကို အငှားတင်ထားတာလေ။ သူတို့ကွဲတော့ ပစ္စည်းတွေခွဲပြီး ခြံကိုလည်း တစ်ယောက်တစ်ခြံခွဲလိုက်တာ။ ပြီးတော့ တိုက်တိုက်ဆိုင်ဆိုင် ဦးမောင်ကလည်း ယောကျာ်းလေးဆောင် ဖွင့်တယ်၊ ဟိုဘက်ကအန်တီချစ်က မိန်းကလေးဆောင်ဖွင့်တယ်။ ဟဲ ဟဲ … အဆင်ကိုပြေရော။ စကားမစပ် ဟိုဘက်ခြံက ကောင်မလေးတွေက လုံးဝအမိုက်စားတွေနော်။ selection သုံးကြိုးပြတ်ဒေဝီလေးတွေချည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



မိုးထန်က အဆောင်ပိုင်ရှင် ဦးမောင်ရဲ့ဓာတ်လမ်းကို စိတ်ဝင်စားသွားသလို ဟိုဘက်ခြံက အဆောင်သူလေးတွေရဲ့ အလှတရားများကို ခံစားကြည့်လိုချင်စိတ်က ရင်ဘတ်ထဲမှာ ဖလန်းထလို့ သွားလေသည်။ သူတော့ နေရာရွေးမှန်သွားပြီ။

"ဟား ... တယ်မိုက်ပါလား။ ဒါဆို ငါတို့တွေအတွက် ခွင်ပဲပေါ့"

"ဟား ဟား ... မထင်နဲ့ သားကြီးရေ။ အဲဒီကအဆောင်သူတွေ အားလုံးကလည်း အန်ကီချစ် ဆိုက်ကိုသွင်းထားလို့ ဒီဘက်ကကောင်တွေဆို လှည့်တောင်အီးမပေါက်ဘူးကွ"

"ဟား ဟား ... ကြေကွဲစရာပါလားကွာ"

မိုးထန်က ထွန်းမောင် ပြောတဲ့ ဓာတ်လမ်းကို ဟာသတစ်ခုနှယ်၍ စကားစဖြတ်လိုက်လျှင် ထွန်းမောင်က သူ့ကို စပ်စုလေသည်။

"ဒါနဲ့ မင်းက ဒီမှာ အလုပ်လာလုပ်တာလား"

"မဟုတ်ဘူးကွ။ ငါက ဒီမှာ သင်တန်းလာတက်တာ။ သင်တန်းပြီးမှပဲ အလုပ်လေးဘာလေးလုပ်ဖို့ စဉ်းစားမလားလို့"



"ဟား ... မိုက်တာပေါ့ကွ။ ငါဆို အလုပ်လုပ်နေရပြီလေ။ ဒီအဆောင်မှာနေတဲ့သူတွေက သင်တန်းတက်ကြတာများပါတယ်။ ကောင်းတယ်။ မင်း လိုအပ်တဲ့ အကူညီရှိရင်လည်း ပြောနော် သားကြီး"

"thank you ကွ"

အဲဒီလိုနှင့် သူဟာ ဘော်ဒါဖွဲ့ဖြစ်သွားပြီး တစ်ယောက်အကြောင်း တစ်ယောက် စကားစမြည်ပြောကြရင်းကမှ ညဉ့်နက်လာပြီဖြစ်တာမို့ အိပ်ရာဝင်လိုက်ကြတော့သည်။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂

ခွန်းဂျာသည် မနက်ခင်း လေ့ကျင့်ခန်းအဖြစ် **GYM** မှာ လေ့ကျင့်ခန်းသွားလုပ်ပြီးသည့်နောက်မှာ အိမ်ကအချစ်တွေ ဘရိတ်ဖတ်စ်စားဖို့အတွက် ဟိုဘက်ရပ်ကွက်ထိပ်က ဒေါ်ကြီးပု မုန့်ဟင်းခါး ပါဆွယ်ဆွဲလာခဲ့ပြီး နားထဲ **ipod** နားကြပ်နှစ်ဖက် ထိုးထည့်ကာ အေးအေးဆေးဆေး လမ်းလျှောက်လာခဲ့လေသည်။ ခွန်းဂျာ လမ်းကွေ့ထဲအဝင်မှာ မျက်စိရှေ့ ဘွားခနဲဝင်လာလေသော ကားကြီးကြောင့် လန့်ဖျပ်ကာ ခြေထောက်က ခွေခနဲဖြစ်၍ ကွန်ကရစ်မြေပြင်မှာ ခွေခနဲ ဖင်ထိုင်ရက် ပြုတ်ကျလေသည်။ ကားက အချိန်မီ ဘရိတ်ဖမ်းနိုင်တာမို့ ကားနဲ့မတိုက်မိပေမယ့် ကားပေါ်ကလူကတော့ တာဝန်သိစွာ စိုးရိမ်တကြီး ဆင်းလာလေသည်။





"ဘာ ... ဘာဖြစ်သွားလဲဗျ"

ခွန်းဂျာက ကိုယ့်ကိုငုံ့မိုးကြည့်နေသော သူ့ကို ပြန်မော့ကြည့်မိသွားသည်။ ခွန်းဂျာနဲ့ အသက်မတိမ်းမယိမ်းကောင်လေးပင် ဖြစ်လေသည်။ ဆံပင်တွေက လိုအပ်တာထက် မိုးပေါ်ထောင်နေကာ နားတစ်ဖက်မှာ စိန်နားကပ်တစ်ဖက်ဖြင့် အလန်းစားယား ဒီဇိုင်းပဲဖြစ်၏။ ခွန်းဂျာက ပြန့်ကျဲသွားသော မုန့်ဟင်းခါးထုပ်တွေကို မျက်လုံးတစ်ချက် ဝေ့ဝဲကြည့်ကာ ...

"ဘာမှမဖြစ်ပါဘူး။ ရပါတယ် ... ကိစ္စမရှိဘူး"

ခွန်းဂျာက ပြောရင်းနဲ့ကမှ မြေပြင်ကို လက်ဖြင့်ထောက်၍ အားပြုထောက်ထလျှင် ခြေထောက်က မျက်ခနဲဖြစ်သွားတာမို့ လူကယိုင်သွားလျှင် သူက ခွန်းဂျာကို အသာဖေးတွဲရပ်စေပြီးမှ ...

"ခင်ဗျားခြေထောက် နာသွားတယ် ထင်တယ်။ ကျွန်တော် ဆေးခန်းလိုက်ပို့ပေးပါရစေ"

"ဩော် ... ရပါတယ်။ ရှင့်ကားနဲ့လည်း မတိုက်မိဘဲနဲ့။ ဘာမှမဖြစ်ဘူး၊ ဖယ် ... အား"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာက ရှန်းဖယ်ကာ ထွက်လိုက်လျှင် အကျင့်မကောင်းတဲ့ ခြေထောက်က နာသွားပြန်လျှင် ခွန်းဂျာမှာ သူ့အကူအညီ ယူရတော့တာ ဖြစ်လေသည်။

"ကဲ ... ခင်ဗျား ခြေထောက်နာနေတာပါဗျာ။ ကျွန်တော် ပြန်လိုက်ပို့ပေးပါ့မယ်။ ကျွန်တော့်ကားနဲ့ မတိုက်မိဘူးဆိုပေမယ့်လည်း ကျွန်တော့်ကားနဲ့ တိုးမိမလိုဖြစ်လို့ ခင်ဗျား လဲသွားတာပဲဟာ။ ကျွန်တော် ခင်ဗျားနဲ့ မုန့်ဟင်းခါး အတွက် တာဝန်ယူပါရစေ"

"ဘာရှင့်"

"ဩော် ... ဟုတ်ဘူးလေဗျာ။ မုန့်ဟင်းခါးတွေလည်းကျကုန်ပြီမှလား၊ မုန့်ဟင်းခါးပါ ပြန်အလျော်ပေးပါရစေလို့ ပြောတာပါ။ လာပါဗျာ ... ကားပေါ်တက်ပါ"

တစ်ဖက်က တအားပြေပြေလည်လည် ပြောနေတာမို့ ခွန်းဂျာက စွတ်အထွန့်တက်နေရင် ပဲများတယ် ဖြစ်မှာစိုးလို့ သူ့ကားပေါ် တက်လိုက်ရတော့သည်။ လူကတော့ လူရည်သန့် ဖြစ်ကာ ပြောပုံ ဆိုပုံကတော့ ရည်ရည်မွန်မွန်ပါပဲ။

"ဟို ... ကျွန်တော် ဆေးခန်းလိုက်ပို့ပေးပါရစေနော်"





"ရပါတယ်။ ခြေထောက်က နည်းနည်းနာသွားရုံလောက်ပါ။ ဆေးခန်းသွားဖို့ မလိုပါဘူး။ အဆောင်ပြန်ပို့ပေးရင် ရပါပြီ"

"အဆောင် ... အဆောင်မှာ နေတာလား။ အိုကေလေ ... အဲဒါဆို ပြန်လိုက်ပို့ပေးပါမယ်။ ဟို ... ဒါပေမဲ့ ကျွန်တော် မုန့်ဟင်းခါးတော့ ပြန်ဝယ်ပေးပါရစေနော်။ အဲဒါလေးတော့ မငြင်းပါနဲ့ဗျာ။ နော်"

ခွန်းဂျာက ဆက်ငြင်းနေ ပြောနေလည်း အပိုပဲဖြစ်ကာ ဓာတ်လမ်းက ဒီနေရာမှာတင် မပြတ်တော့ဘဲ အရစ်တက်တော့မှာမို့လို့ သူပြောတာကို လက်ခံလိုက်ကာ ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ကျွန်တော့်နာမည်က မာန်မိုးထန်ပါ။ ဒီက ..."

"ခွန်းဂျာပါ"

"ဟား ... နာမည်က လှလိုက်တာ။ တိုင်းရင်းသူလေးထင်တယ်"

"အင်း ... ဆိုပါတော့။ L မွန်ခွန်းဂျာ တဲ့။ နာမည်အပြည့်အစုံက"



www.burmeseclassic.com

www.burmeseclassic.com



"အရမ်းလှတယ်ဗျာ"

"ရှင်"

ခွန်းဂျာက သူ့ကို ဆတ်ခနဲ ပြူးကြည့်မိသွားလျှင် သူက ရယ်ကျဲကျဲမျက်နှာဖြင့် သူ့စကားသူ ပြန်ဖြည့်လေသည်။

"ဟဲ ဟဲ … နာမည်ကိုပြောတာပါ။ ဟို … အဲဒါဆို မုန့်ဟင်းခါး ဝယ်လိုက်တော့မယ်နော်"

ခွန်းဂျာကို မုန့်ဟင်းခါးအလျော်ပြန်ပေးပြီး သူက အဆောင်ပြန်ပို့ပေးလေသည်။ သူ့ကို ခြံထဲပေးဝင်ဖို့ တီချစ်နဲ့ ဖြစ်ပါ့မလားဆိုပြီး စိုးရိမ်မိပေမယ့် ခွန်းဂျာ ခြေထောက်နာနေတာဆိုတော့ ဆူတော့ဆူမယ် မထင်ပါဘူး။

"ခွန်းဂျာ … တည့်တည့်ဆက်သွားရမှာလား"

"ဩော် … အင်း … ဟုတ်တယ်။ ဟိုးရှေ့က တိုက်ပန်းရောင်လေးဆို ရောက်ပါပြီ"

သူက ခြံထဲကို ကားဝင်လာတာနှင့် ခွန်းဂျာ ထင်ထားသလိုပင် အဆောင်က သွန်းချိုက ထွက်လာကာ ကားပေါ်က ဆင်းလာသော ခွန်းဂျာကိုကြည့်ရင်းက တီချစ်ကိုလည်း လှမ်းအော်ခေါ်လေသည်။





"ဟယ် … ခွန်းဂျာ၊ ဘယ်လိုဖြစ်တာလဲ။ တီချစ်ရေ … လာပါဦး။ ဒီမှာ ခွန်းဂျာ ဘာဖြစ်တာလဲ မသိဘူး"

"ဟဲ့ … ဟဲ့ … ဘာတွေဖြစ်နေကြတာတုံး၊ ဟယ် … ခွန်းဂျာ"

တီချစ်က အိမ်ထဲက ထွက်လာလျှင် ခွန်းဂျာကို စိုးရိမ်တကြီးမေးရင်းက ခွန်းဂျာဘေးက ခွန်းဂျာလက်မောင်းကို တွဲထားသော သူ့ဆီကို ဘာလဲဆိုတဲ့ အကြည့်တွေ ပေးနေတာကြောင့် ခွန်းဂျာက ကိစ္စမြန်မြန်ပြတ်အောင် ရှင်းပြရတော့သည်။

"တီချစ် … တီချစ် … သူက ဂျာ့ကိုကူညီပေးတဲ့သူပါ။ ခွန်းဂျာ သူ့ကားနဲ့တိုးမိမလိုဖြစ်ပြီး လဲသွားလို့ အိမ်ပြန်လိုက်ပို့ပေးတာပါ"

"ဩော် … အင်း … ဟုတ်လား။ သွန်းချို … ဘာလုပ်နေတာလဲ၊ ခွန်းဂျာကို တွဲလေ။ ကျေးဇူးပဲနော် မောင်ရင်။ သွားလို့ရပြီ"

"ခင်ဗျာ"

"တီချစ်"

www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ယောက်ကလည်း တီချစ်ရဲ့ဆက်ဆံပုံကို အံ့ဩသွားပုံရသလို ခွန်းဂျာမှာလည်း အဲဒီတစ်ယောက်ကို အရမ်းအားနာရပါသည်။ တီချစ် အကြောင်းကတော့ သိပြီးသားမို့ ခွန်းဂျာက အဲဒီကောင်ကို လိုက်မပို့ပါနဲ့ ပြောတာကို မရတော့ တိုင်ကပတ်ပြီဖြစ်လေသည်။

"တီ … တီချစ်၊ သူက ဂျာ့ကို ကူညီပေးတာလေ"

"အေးလေ … ဒါကြောင့် ကျေးဇူးတင်တယ်လို့ ပြောပြီးပြီလေ။ ဒါနဲ့ မင်းက ဘယ်နားမှာနေတာလဲ။ မင်းကို ဒီနားမှာ မတွေ့ဖူးပါဘူး"

"အဲ … ဟို … ကျွန်တော်က ဟိုဘက်ရပ်ကွက်မှာ နေတာပါ ခင်ဗျ။ ပြောင်းလာတာ မကြာသေးဘူးလေ … အဟဲ ဟို … အဲဒါဆို သွား … သွားလိုက်ပါဦးမယ် ခင်ဗျ"

"ကောင်းပြီ"

တီချစ်က ထုံးစံအတိုင်းပင် အေးဆေး ခေါင်းညိတ်ပြလေသည်။ ဒီလောက် အေးဆေးပြောနေတာကိုပဲ ခွန်းဂျာ ကျေးဇူးတင်ရမှာ ဖြစ်လေသည်။ ဟိုတစ်ယောက်က ခွန်းဂျာ အပြုံးတစ်ခုဖြင့် နှုတ်ဆက်သွားလေသည်။



"မ L မွန်ခွန်းဂျာ … သွားလိုက်ပါဦးမယ်နော်။ ခြေထောက်ကို ဆေးလိမ်းလိုက်ပါဦးနော်"

"ဟုတ် … ကျေးဇူးနော်"

ဟိုတစ်ယောက်က အဆင်တပြေပြေ တပြုံးပြုံးဖြင့် နှုတ်ဆက်ကာ ကားထွက်သွားလေလျှင် စတင် ညှော်စီးရိုးထုတ်ရတာကတော့ တီချစ်ပင် ဖြစ်လေသည်။

"ဘယ်လိုဖြစ်ရတာလဲ ခွန်းဂျာ။ ညည်းနော် … ရုပ်ပလာ ရုပ်ပလာနဲ့။ ရှုပ်ရှုပ်ယှက်ယှက်တွေ။ အဲဒီကောင်ကို နောက်လမ်းတွေ့ရင်တောင် မခေါ်နဲ့ ကြားလား။ မိန်းမတွေနော် တစ်ခါတည်း ပြောထားပြီးသား။ ယောကျ်ားတွေနဲ့ဖယား ကပ်တာ ငါ မကြိုက်ဘူးနော်။ ခွန်းဂျာ … ဆေးခန်းသွားမလား"

"ရတယ် … တီချစ်။ အခန်းထဲရောက်မှ ပရုတ်ဆီလိမ်းအဲ … ဟုတ်ပါဘူး၊ ဟို … ဒဏ်ကြေဆေးလေး လိမ်းလိုက်မယ်။ ဒီမှာ တီချစ်အတွက် မုန့်ဟင်းခါးဝယ်လာတယ်။ စားလိုက်ဦး"

www.burmeseclassic.com



ခွန်းဂျာက လက်ထဲက မုန့်ဟင်းခါးထုပ်တွေကို တီချစ်လက်ထဲ ထိုးထည့်ကာ ထော့နင်း ထော့နင်းဖြင့် အခန်းထဲ ဝင်လာခဲ့တော့သည်။ ဒီအဆောင်မှာနေရတာ အရာအားလုံးက paradise ဖြစ်ပေမယ့် တစ်ခါတစ်ရံတော့ စိတ်ကျဉ်းကျပ်လှပေသည်။

♥ ❀ ♥





"ဟော့ကောင် ... မင်း ဘာချောင်းနေတာလဲ"

သူ့ပခုံးကို သတင်းစာလိပ်တစ်ခုဖြင့် ပုတ်လိုက်ရင်း မေးလေလျှင် သူဟာ သူခိုးလူမိသွားသလို လန့်သွားကာ နောက်လှည့်ကြည့်လိုက်တော့ ထင်ဖြိုး ဖြစ်လို့နေလေသည်။ မိုးထန်က သူ့အဖြစ်သူ ရှက်ရယ်တစ်ချက် ရယ်လိုက်ကာ ဟိုဘက်ကို သံယောဇဉ်မပြတ်နိုင်စွာ မျက်လုံးတစ်ချက် ဝေ့ကြည့်ပြီးမှ ...

"ဟဲ ဟဲ ... ဟိုဘက်ခြံက ကောင်မလေးကို တွေ့လို တွေ့ငြား ချောင်းနေတာ"

"ဘာလဲ ... အန့်တီချစ်ကို ပြောတာလား"

"ဟား ... ပေါက်တတ်ကရ။ ငါက အဘွားကြီးကိုစိတ်ဝင်စားစရာလား။ ငါပြောတာက ဂျာ့ကို ပြောတာကွ"

"ဂျာ ... Lမွန်ခွန်းဂျာလား"



www.burmeseclassic.com

www.burmeseclassic.com



မိုးထန်က အပြုံးတစ်ခုဖြင့် ကျေနပ်အားရစွာ ခေါင်းဆတ်ပြလိုက်သည်။ ဟိုတစ်နေ့က မတော်တဆ တွေ့ဆုံခဲ့တဲ့ အမှတ်တမဲ့လေးဟာ အခုလိုမျိုး အမှတ်တရ သတိတရရှိလိမ့်မယ်လို့တောင် မတွေးဘူးချေ။ ကောင်မလေးက အရမ်းအရမ်းကို ချစ်ဖို့ကောင်းလေသည်။ ချစ်စရာဟန်ပန်လေးနှင့် အင်မတန်မှ နားထောင်ကောင်းလှသော လေသံဝဲဝဲလေးက သူ့ကိုအရမ်းအရမ်း စိတ်ဝင်စားမှုကို ဖြစ်စေပါသည်။

"ဟုတ်တယ်ကွ။ ငါ သူ့ကို နောက်တစ်ခါ ထပ်တွေ့ချင်နေတယ်။ အဲဒီနေ့က ဖုန်းနံပါတ်တောင် မတောင်းလိုက်ရဘူး။ ဟိုဘွားတော်ကြီးက လုံးဝရေလည် အကြောတင်းတာနော်"

"ဟား ဟား ... ဒါတောင် မင်း ဒီမှာနေတယ်ဆိုတာမသိလိုက်လို့နော်။ သိလိုက်လို့ကတော့လား ဟိုက ခြံဝတောင် ရှပ်ခံမှာမဟုတ်ဘူး"

"အေးကွာ ... ငါလည်း အဲဒီနေ့က ဘာရိန်းပြေးလိုက်ပြီး ဟိုဘက်ရပ်ကွက်မှာ နေပါတယ်ဆိုပြီး ဖိန့်လိုက်လို့။ ထင်ဖြိုး ... ငါ့ကို idea လေး ဘာလေး မ,စပါဦးကွာ။ ငါ သူနဲ့ ထပ်တွေ့ချင်သေးတယ်"





သူက ရင်ထဲက ခံစားချက်တွေ ထုတ်ပြနေလျှင် ထင်ဖြိုးက သူ့ကို ရယ်ကျဲကျဲမျက်နှာဖြင့်ကြည့်၍ ပခုံးတစ်ချက်တွန့်ပြကာ ...

"အဲဒီအတွက်က လွယ်လွယ်လေး။ မင်း သတ္တိရှိဖို့တော့ လိုမယ်"

မိုးထန်က အဲဒီစကားကြောင့် စိတ်ဝင်တစားဖြစ်သွားကာ ထင်ဖြိုးကို အသည်းအသန်တွေ idea တောင်းရတော့တာ ဖြစ်သည်။

"သားကြီး ... မိုက်လှချည်လား။ ဆိုစမ်းပါဦးကွ၊ ငါဘာလုပ်ရမှာလဲ"

"လွယ်ပါတယ်ကွာ၊ childplay အဆင့်ပါ။ မင်း ကားနဲ့ ဝင်တိုးမိမလိုဖြစ်လို့ လဲသွားတဲ့ ကောင်မလေးကို မင်းက တာဝန်သိစိတ်မာတ်နဲ့ ဒုတိယအကြိမ် သတင်းမေးသွားလိုက်ပေါ့ကွ"

"သတင်းမေး သွားရမယ်"

မိုးထန်က သူပြောတဲ့အတိုင်း သံယောင်ပြန်လိုက်ကာ idea ရတဲ့အတိုင်း ဆတ်ခနဲ အကောင်အထည်ဖော်ဖို့ သူက မှတ်တတ်ထရပ်လိုက်လျှင် ထင်ဖြိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"ပော့ကောင် ... ဘယ်လဲ ဒါက"

"သတင်းမေးလေကွ။ သတင်းမေး"

မိုးထန်က ခပ်သွက်သွက် အခန်းထဲပြန်ဝင်ကာ အင်္ကျီအဝတ်အစား အမြန်လဲ၍ ထွက်လာခဲ့တော့သည်။ သူအရင်ဆုံး ဟိုဘက်ခြံထဲ ကားဝင်သွားလို့ မရသေးပေ။ အရင်ဆုံးသတင်းမေးသွားတာနဲ့တူအောင် လမ်းထိပ်ကစတိုးဆိုင်မှာ မုန့်လေးဘာလေး အရင်ဝယ်ပြီးမှ အန်တီချစ်ရဲ့ခြံထဲကိုဝင်ဖို့ ဟွန်းတီးလိုက်တာဖြစ်သည်။

သူ စဉ်းသလိုပင် အိမ်ထဲက ထွက်လာသူကတော့ ဦးမောင်ရဲ့မဟာရန်သူ အချစ်တော်ကြီး အန်တီချစ်ပင် ဖြစ်လေသည်။ သူတို့လင်မယားနှစ်ယောက် ဘာဖို့ ကွဲရသလဲဆိုတဲ့ အကြောင်းရင်းကို မသိသေးပေမယ့် ဦးမောင်နဲ့အန်တီချစ်ဟာ ရှေ့သွားနောက်လိုက် အရမ်းညီလေသည်။

ဦးမောင်က အသားညိုညိုထောင်ထောင်မောင်းမောင်း အန်တီချစ်ကကြတော့ ဦးမောင်ထက် ခေါင်းနှစ်လုံးစာလောက် ပုနေကာ နည်းနည်းလေး ဝနေတာမို့ ပုပုလုံးလုံးလေးဖြစ်ကာ ဒေါသတွေကတော့ အရပ်ထက်မကအောင် ကြီးလို့နေပါသည်။





ယောက်ျားတွေကို အလိုလိုနေရင်း မုန်းနေကာ ခြံရှေ့ကတောင် ဖြတ်လျှောက်တာ ကြိုက်သူမဟုတ်ပေ။ သူ့ကိုမြင်လျှင် အန်တီချစ်က မျက်ခုံးနှစ်ခုကို တွန့်ချိုးကာ ခပ်ဆောင့်ဆောင့် မေးလေသည်။

"ဘာလဲ ... ဘာကိစ္စလဲ"

"ဟို ... အန်တီ ... မင်္ဂလာပါခင်ဗျ၊ ကျွန်တော့်ကိုမမှတ်မိဘူးလား"

သူက ကားပေါ်ကဆင်းကာ အရင်လောကွတ်ချော်သော်လည်း ဘွားတော်က ခပ်တင်းတင်း မျက်နှာထားဖြင့် သူ့ရဲ့ လာရင်းကိစ္စကို မေးလေ၏။

"ဘာကိစ္စလဲ"

"ဟို ... ခွန်း ... ခွန်းဂျာနဲ့ တွေ့ချင်လို့ပါ။ သူ့ကိုသတင်းလာမေးတာပါခင်ဗျ"

"သူ ခြေထောက်ကောင်းသွားပြီ။ ဘာသတင်းမှ မေးဖို့မလိုဘူး။ မင်း ပြန်လို့ရပြီ။ ဪ ... ထပ်ပြီးပြောလိုက်ဦးမယ်။ ဒီအဆောင်က ရှုပ်ရှုပ်ယှက်ယှက် အဆောင်မဟုတ်ဘူး။ ပြီးတော့ ပို့အဆောင်မှာ အတင်းကြပ်ဆုံးစည်းကမ်း



www.burmeseclassic.com

www.burmeseclassic.com



က ယောက်ျားလေးချည်းသည် လာခွင့်မရှိတာဘဲ။ မင်းသွားလို့ရပြီ။ နောက်ဘယ်တော့မှ မလာနဲ့။ သွားတော့”

“ခင်ညာ … ဟုတ် … ဟုတ်ကဲ့”

ဓာတ်လမ်းက ပြတ်ပြီမို့ သူက ဘာဆက်ပြောရမှန်းလဲမသိစွာ တပ်ခေါက်ပြန်လာခဲ့ရတာဖြစ်သည်။ ဘွားတော်က ရေလည်အကြောင်းတင်းတာမို့ သူလည်း ဘာမှမတတ်နိုင်တာမို့ နောက်ကြောင်းပြန်လှည့်လာရတာဖြစ်သည်။

ဒါပေမဲ့ ဒီနေ့မှာ ခွန်းဂျာနှင့် တွေ့ခွင့်မရခဲ့သည့်အတွက် သူ့ရဲ့စိတ်ဝင်စားမှုတွေက ရာခိုင်နှုန်းပိုမြင့်လို့ သွားပါသည်။

♥ ♥





ရာသီဥတုက အခုတလောမှာ အရမ်းအရမ်းကို ပူလောင်နေတာမို့ သူက ရှင်အေးအောင် Junction Square ထဲက iceceram bar မှာ တစ်ယောက်တည်း ရေခဲမုန့် ထိုင်စားနေတုန်း သူ့မြင်ကွင်းထဲကို တစ်စုံတစ်ရာက ရောက်လာလေသည်။

“တစ်ခါတလေတော့လည်း လောကကြီးက သိပ်စိတ်ပျက်စရာကောင်းတာပဲ။ ငါတော့ လက်ဆောင်လျှော့ချင်လာပြီ စုလေးရယ်”

“နင်ကလည်း အားမလျှော့စမ်းပါနဲ့ဦးဟယ်။ ဒီတစ်ခုအဆင်မပြေ နောက်တစ်ခုပေါ့ဟာ။ ဘာခက်တာမှတ်လို့လဲ”

တစ်ယောက်က လောကကြီးကို စိတ်ပျက်ကြောင်းညည်းညူနေကာ နောက်တစ်ယောက်ကတော့ စိတ်မလျှော့ဖို့အားပေးနေတာဖြစ်သည်။ သူကပြောနေတဲ့ အကြောင်းအရာထက်

www.burmeseclassic.com



ပြောနေသူကို ပိုပြီး စိတ်ဝင်စားမိတာဖြစ်သည်။ ပြောနေတဲ့နှစ်ယောက်ထဲက တစ်ယောက်က သူအရမ်းထပ်မံတွေ့ဆုံချင်လှသည့် ခွန်းဂျာ ဖြစ်နေလို့ပဲဖြစ်သည်။

မိုးထန်က ဒီလို အပြင်မှာတွေ့လို့ရတဲ့ ရတောင့်ရခဲ အခွင့်အရေးထူးမို့ သွားပြီးနှုတ်ဆက်ချင်ပေမယ့် သူမတို့ပုံစံက စိတ်ညစ်လာပုံရတာမို့ သူက ချက်ချင်းထ,မသွားသေးဘဲ နည်းနည်းပါးပါး ကြားနေရတဲ့ စကားသံကို နားစွင့်ထားလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ငါ အလုပ်တစ်ခုခုတော့ ရမှဖြစ်မှာဟ။ ငါ့မှာ တစ်နေ့ တစ်နေ့ အလုပ်ရှာနေရတာနဲ့တင် စိတ်ပိန်တယ်"

"ဒါကတော့ နင်က ကိုယ့်ဒုက္ခ ကိုယ်ရှာတာကိုး ခွန်းဂျာရဲ့"

သူတို့ပြောတဲ့စကားလုံးတွေက စိတ်ဝင်စားစရာတွေပဲမို့ မိုးထန်က သူမကို သွားနှုတ်ဆက်ဖို့ပဲ ဆုံးဖြတ်လိုက်ကာ ဝိုင်းကနေ ထသွား၍ သူမဆီ သွားလိုက်သည်။

"L မွန်ခွန်းဂျာ ဟုတ်ပါတယ်နော်။ ကျွန်တော့်ကိုမှတ်မိလားမသိဘူး"





သူက အရင်ဆုံး မိတ်ဆက်လိုက်လျှင် ခွန်းဂျာနဲ့ သူမသူငယ်ချင်းနှစ်ယောက်သားက သူ့ကို မျက်လုံးတစ်ချက်ပင့်ကြည့်ပြီးမှ ခွန်းဂျာက မှတ်မိသွားဟန်ဖြင့်။

"သြော် ... ကိုမာန် ... မာန် ..."

"မာန်မိုးထန်လေ။ ကားနဲ့တိုက်မိမလို ဖြစ်တာ"

"အဟော် ... အင်း ... မှတ်မိပြီ၊ မှတ်မိပြီ။ ဘယ်လာတာလဲ"

"ရေခဲမုန့် လာစားတာဗျ"

"သြော် ... ဟုတ်လား။ ဒီမှာပဲ ထိုင်လိုက်လေ"

အဟား ... သူ့ကုသိုလ်ကံတွေက စပါယ်ရှယ်တက်နေတာပါလား။ ခွန်းဂျာက ထိုင်ခွင့်ပေးလိုက်လျှင် သူက စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ပြီးမှ ပီယဝါစာတွေ စကားစတော့တာဖြစ်သည်။

"ဒါနဲ့ ခွန်းဂျာ ခြေထောက် ဘယ်လိုနေလဲ"

"ကောင်းသွားပြီလေ။ သြော် ... ဒါထက် ဟိုနေ့က ရှင်သတင်းလာမေးတာအတွက် ကျေးဇူးတင်ပါတယ်"

"ဟင် ... ခွန်းဂျာက သိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့။ ဝရန်တာကနေ ကျွန်မ ကြည့်နေတာ။ ပြီးတော့ ဟိုဘက်ခြံမှာနေတယ်ဆိုတာလည်း သိတယ်"

"အယ်"

မိုးထန်က အလုံးကြီးနင်သွားသလို ဂလုခနဲဖြစ်ကာ ငြိမ်သွားရလေသည်။ သူက ဟိုဘက်မှာ နေတယ်ဆိုတာတောင် ခွန်းဂျာက သိတယ်တဲ့။ မိုးထန်က သူညာပြောထားတာ လူမိသွားတာမို့ ရှက်ရယ် တစ်ချက်ရယ်လိုက်ကာ နဖူးကိုလက်နဲ့အသာ ပွတ်ရင်း ...

"အဟဲ ... ညာပြောမိတာ စိတ်မရှိပါနဲ့ဗျာ။ ကျွန်တော် ဟိုဘက်ခြံမှာ နေရတယ်ဆိုရင် အန်တီချစ်က လက်မခံမှာ စိုးလို့ပါ။ ဒါနဲ့ ခွန်းဂျာက ဘယ်လိုသိတာလဲ"

"အို ... သိတာပေါ့။ ခွန်းဂျာတို့ ဝရန်တာဘက်ကနေကြည့်ရင် သူတို့ခြံထဲကို လှမ်းမြင်နေရတယ်လေ။ သတင်းမေးပြန်တော့ ရှင့်ကားက အဲဒီခြံထဲ ဝင်သွားတာ တွေ့လိုက်လို့ပါ။ ဒါဆို ရှင်လည်း အဆောင်နေတာပဲပေါ့။ ကျောင်းလာတက်တာလား။ အလုပ်လာလုပ်တာလား"

"သင်တန်းလာတက်တာပါ"





ခွန်းဂျာက ခေါင်းညိတ်ပြပြီး ဘာစကားမှ ဆက်မဆိုပေ။ မိုးထန်က ခုနက သူမတို့ အလုပ်ရှာနေတဲ့ကိစ္စကို ကူညီချင်တာကြောင့် စကားအစ်လိုက်လေသည်။

"ပြီးတော့ ဒီမှာ အလုပ်လည်း လုပ်မလို့လေ။ ခွန်းဂျာကော"

"အလုပ် ရပြီလားဟင်"

အလုပ်ဆိုတာနှင့် ခွန်းဂျာရဲ့မျက်ဝန်းလေးက အရှည်လဲ့သွားသလို ခံစားရလေသည်။ မိုးထန်က ရန်ကုန်ကိုလာတာ အပျော်သဘောသက်သက် ဖြစ်တာမို့ ဘာမှမယ်မယ်ရရ ပူပန်မှုမရှိတဲ့အခါကျတော့ အလုပ်လုပ်ဖို့ မစဉ်းစားမိချေ။ ဒါပေမဲ့ ခွန်းဂျာက အလုပ်လိုတယ်ဆိုမှတော့ ...။

"ဟို ... ကျွန်တော်က ကိုယ်ပိုင်ဆိုင်လေးတစ်ခုလောက် ဖွင့်မလားလို့။ ဘာမှတော့ အကောင်ထည် မဖော်ရသေးပါဘူး"

"အင်း ... ဟုတ်လား။ ကောင်းပါတယ်"

"ဟို ... ဒါနဲ့ အလုပ်သမားကော မလိုဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



သားက တစ်ယောက်က သူ့ကိုလှမ်းမေးတာကြောင့် ခွန်းဂျာက ဟုဲဆိုပြီး လှမ်းဟန့်လေသည်။ အင်း ... ကြည့်ရတာတော့ တစ်စုံတစ်ရာ အရေးတကြီး ဖြစ်နေပုံပဲ။

"လိုတော့ လိုတယ်ဗျ။ ခွန်းဂျာတို့က အလုပ်ရှာနေတာလား"

"ဟုတ်တယ်"

"ဘာအလုပ်မျိုး လိုချင်လို့လဲ"

"အင်း ... ဘာရယ်တော့ မသတ်မှတ်ထားပါဘူး။ အလုပ်လုပ်တယ် ဆိုတာက လစဉ်ဝင်ငွေလေးတစ်ခု လိုချင်လို့ပါ။ ခွန်းဂျာက MBA တက်နေတာလေ။ အိမ်ကပို့တဲ့ပိုက်ဆံက ကိုယ့်အသုံးစရိတ်နဲ့ ကွက်တိဖြစ်နေတာ။ ခွန်းဂျာကောင်လေးနဲ့ လည်ဖို့ ပတ်ဖို့ သွားဖို့ လာဖို့ အပိုဝင်ငွေရှာချင်တဲ့သဘောပါ ... ဟဲ ဟဲ"

ကောင်လေး။ ဒီစကားကြောင့် သူ့နှလုံးသားက နွမ်းနေသွားသလို ခံစားရလေသည်။ ခွန်းဂျာက ချစ်သူရှိနေတယ်တဲ့။ ဘာပဲဖြစ်ဖြစ် ခွန်းဂျာရဲ့စိတ်ဆန္ဒတစ်ခုကို ပျော်ရွှင်အောင် ဖြည့်ဆည်းပေးချင်မိလေသည်။ အဲဒါကြောင့် သူက တစ်ထိုင်တည်း ဆုံးဖြတ်ချက် ချလိုက်မိ၏။





"ခွန်းဂျာ လစာဘယ်လောက် မှန်းထားလဲ"

"အင်း ... တစ်သိန်းလောက်ဆို အဆင်ပြေပါတယ်။ ဒါနဲ့ နေပါဦး။ ဘာလို့မေးတာလဲ"

"ဘာလို့မေးတာလဲဆိုတော့ ခွန်းဂျာကို အလုပ်ခန့်မလို့ပေါ့"

"ရှင်"

သူ့စကားကြောင့် ခွန်းဂျာကော ခွန်းဂျာသူငယ်ချင်းကပါ အံ့သြသွားပုံရလေသည်။ သူ့ကို တအံ့တသြကြည့်ရင်းက ...

"အလုပ်ခန့်မယ် ဆိုတော့ ခွန်ဂျာက ဘာလုပ်ရမှာလဲ။ ဘယ်မှာ လုပ်ရမှာလဲ"

အဲ ... ဟုတ်သားပဲ။ မိုးထန်က အဲဒီအဖြေအတွက် အလျှင်အမြန် ဦးနှောက်ကို အလုပ်ပေးကာ သင့်လျော်သော အဖြေကိုပေးဖို့ စဉ်းစားရလေသည်။

"ဟို ... ကျွန်တော်က ကိုယ်ပိုင်ဆိုင်ဖွင့်မှာလေ၊ အဲဒီတော့ ဆိုင်နေရာ ဘာညာကအစ ရှာရဦးမယ်။ အဲဒီအတွက် ကျွန်တော့်လုပ်ငန်းကို ကူပေးမယ့်သူ လိုတယ်လေ။ အင်း... ပြောရမယ်ဆိုရင် ခွန်းဂျာက စက္ကထရီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"စက္ကူထရီ။ ဟင်း ... သိပ်တော့ အဓိပ္ပာယ်မရှိသလိုပဲ။ ကဲ ထားပါဦး။ ရှင့်ဆီမှာ ဘယ်လိုအလုပ်ဆင်းရမှာလဲ။ အလုပ်ချိန်ကကော"

"ဩော် ... အဲဒါက အခုလောလောဆယ်တော့ ဘယ်ပုံသေ ရှိဦးမလဲ။ ကျွန်တော်က လုပ်ငန်းမှ မစသေးတာ။ လောလောဆယ် ဆိုင်ဖွင့်ဖို့ နေရာရှာရမယ်ဆိုတော့ ခွန်းဂျာ လုပ်ရမှာက နေရာရှာဖို့ပဲလေ။ အချိန်ကတော့ ခွန်းဂျာကော ကျွန်တော်ပါ သင်တန်းအားမယ့်အချိန်မျိုးပေါ့ဗျ။ ဘယ်လိုလဲ ... အဆင်ပြေလား"

သူ့ရဲ့စကားကြောင့် ခွန်းဂျာက သူ့ကိုမယုံသလိုလို ကြည့်ကာ ...

"ကိုမာန်မိုးထန် ... ရှင် နောက်နေတာတော့ မဟုတ်ပါဘူးနော်"

"အာဗျာ ... ဟိုဘက်ဒီဘက် ကပ်ရပ်နေနေတဲ့သူအချင်းချင်း နောက်စရာလားဗျ။ အတည်ပေါ့"

"နေပါဦး။ ရှင်က ဘာဆိုင်ဖွင့်မှာမလို့လဲ"





"အင် ... ဟို ... ဟို ... အဲ ... ဒီလိုမျိုး ice cream ဆိုင်လေးပေါ့။ ကျွန်တော်က အဲဒီလို decoration ဆင်ရတာမျိုးကို သဘောကျတယ်"

"အင်း ... ဒီလိုဆိုတော့လည်း မဆိုးပါဘူး။ ကျွန်မလည်း အဲဒီလိုမျိုး decoration ဆင်ရတာကို ဝါသနာပါတယ်။ အဲဒီလို အစားအသောက်တွေကို ပြင်ဆင်ရတာ စိတ်ဝင်စားတယ်။ ဒါပေမဲ့ ရှင် အလုပ်ပေးတာက စောနေသလားလို့။ ဘာမှတောင် မစရသေးဘဲနဲ့။ အလုပ်ပေးတာ အရမ်းစောနေသလိုပဲ"

ခွန်းဂျာက သူပြောတာကို သိပ်လက်သင့်ခံပုံမရပေ။ အေးပေါ့လေ။ သူလုပ်ချင်တဲ့ အလုပ်ကလည်း အခုမှ ဆိုင်းမဆင့်ဗုံမဆင့် ထလုပ်ချင်သွားတာကိုး။ ဘာပဲဖြစ်ဖြစ် ခွန်းဂျာနဲ့အတော်အသင့် ခင်မင်ရင်းနှီးစေဖို့ သူ့ဘက်က ဒီလောက်တော့ ရင်းနှီးသင့်ပါသည်။

"အင်း ... စောတယ်ရယ်တော့ မရှိပါဘူး။ ဘာလို့လဲဆိုတော့ ဟို ... ဒီမှာ ဆိုင်တစ်ဆိုင် ဖွင့်ဖို့ဆိုတာ အချိန်ယူပြီး အလုပ်,လုပ်ရတာလေ။ အားလုံး ready ဖြစ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဝန်ထမ်းခေါ်ဆို ဘယ်အဆင်ပြေပါ့မလဲ။ ခွန်းဂျာက ကိုယ့်ကိုကူညီပေးပါလို့ မေတ္တာရပ်ခံတာပါ။ ခွန်းဂျာနဲ့ကျွန်တော်က နီးနီးနားနားနေတာဆိုတော့ အလုပ်လုပ်ရတာ အဆင်ပြေမယ်လို့ ထင်လို့ပါ။ ဘယ်လိုလဲ ... အဆင်ပြေနိုင်ရဲ့လားဟင်"

"အင်း ... ဒီနေ့တော့ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက ခွန်းဂျာကို မ,စတယ်နဲ့တူတယ်။ ဟုတ်ပြီ ... အဲဒါဆို ခွန်းဂျာ စဉ်းစားလိုက်ဦးမယ်။ တီချစ်က ပြောထားတယ်။ ဟိုဘက်ခြံကလူတွေနဲ့ လုံးဝမပတ်သက်ရဘူးလို့ ပြောထားတယ်ဆိုတော့ စဉ်းစားရဦးမယ်"

"ဒါကတော့ အဆောင်ပိုင်ရှင် ကန့်သတ်ထားတဲ့ စည်းကမ်းပါ။ ဖြစ်နိုင်ရင် ကျွန်တော်က သူတို့လင်မယားနှစ်ယောက်ကို ပေါင်းစေချင်တဲ့ ရည်ရွယ်ချက်ပါ ရှိတယ်ဗျ။ အဲဒါကြောင့် ခွန်းဂျာနဲ့ ကျွန်တော်ကသာ ချစ်ကြည်ရေးသံတမန်တွေ ဖြစ်သွားရင် အရမ်းကို ကုသိုလ်တွေရသွားမှာနော်"

သူ့စကားကြောင့် ခွန်းဂျာက ဟက်ဟက်ပက်ပက်ကို သဘောတကျဖြင့် ရယ်မောနေလျှင် သူဟာ ကောင်မလေးကို





ငေးခနဲ ကြည့်မိသွားလေသည်။ မမျှော်လင့်ဘဲ မင်းမှာကောင်လေးရှိနေတယ်ဆိုတာ ကိုယ်သိရတော့ ရင်ထဲမှာ တစ်မျိုးကြီးပဲ ကောင်မလေးရယ်။

"အဟင်း ဟင်း ... ဟုတ်ပါပြီ။ အဲဒါဆို စဉ်းစားလိုက်မယ်လေ။ ဒီလိုလုပ် ... သူ့ဖုန်းနံပါတ် ပေးထားလေ။ အလုပ်ကို လက်ခံတယ်ဆိုရင် ခွန်းဂျာ ဖုန်းဆက်လိုက်မယ်"

"Ok ... ကျွန်တော့်နံပါတ်က 521xxx "

"အင်း ... မှတ်ထားလိုက်ပြီ"

"အင်း ... ဆက်လိုက်နော်"

ခွန်းဂျာက "အင်း"ဆိုပြီး ခေါင်းညိတ်ပြလိုက်လေသည်။ ခွန်းဂျာပုံစံက အလုပ်ရတော့မှာမို့ ပျော်နေပုံရပါသည်။ မိုးထန်သည် စကားစက ပြတ်ပြီမို့ ပြန်ဖို့ဘဲ ဆုံးဖြတ်လိုက်တော့သည်။

"ဟို ... အဲဒါဆို ကျွန်တော် ပြန်တော့မယ်လေ။ ခွန်းဂျာ အလုပ်လုပ်ဖြစ်တယ်ဆို ဖုန်းဆက်လိုက်နော်"

"Ok ... Thank You ပါ။ ကျေးဇူးတင်တယ်နော် ကိုမောင်မိုးထန်။ ခွန်းဂျာ ဆက်သွယ်လိုက်ပါ့မယ်"

www.burmeseclassic.com



ခွန်းဂျာက ဖော်ဖော်ရွှေရွှေဖြင့် ပြန်လည်နှုတ်ဆက်တာမို့ သူဟာ အတိုင်းမသိ ကြည်နူးသွားရပေမယ့် ကောင်လေး ဆိုတဲ့ စကားကြောင့် သူဟာ ရင်ထဲမှာ ဒူးရင်းသီးတွေသီးနေသလို အရှင်လတ်လတ်ကြီး ခံစားရလေသည်။

♥ ♥





## ၄

ခွန်းဂျာသည် အားနားမှာထိုင်နေတဲ့ ပိုင့်ကို တစိမ့်စိမ့်ကြည့်ကာ စိတ်ထဲမှာ အရမ်းကို ကြည်နူးရလေသည်။ ခွန်းဂျာအတွက်တော့ ပိုင်က အရမ်းချစ်ရသော အချစ်ဦးလေးဖြစ်ပေ၏။

"ဂျာ ... မနက်ဖြန်ကျရင် ကိုယ်နဲ့လာမတွေ့နဲ့နော်"

"ဘာဖြစ်လို့လဲဟင်"

"သြော် ... မနက်ဖြန်က ကိုယ်တို့ဆိုင်မှာ ပွဲရှိတယ်။ အဲဒါ ညမိုးချုပ်မှာ။ ဂျာ လာနေရင် သက်သက်ပင်ပန်းနေမှာစိုးလို့ပါ"

"ဟင် ... ပွဲရှိတာ ခွန်းဂျာကို ဘာလို့ကြိုမပြောတာလဲ။ ခွန်းဂျာ ပိုင့်အတွက် အဝတ်အစား စီစဉ်ပေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေကို ကြိုသိနေလို့ မပြောတာ။ ကိုယ်မှာအပြည့်အစုံရှိပါတယ် ဂျာရယ်။ ဒီပွဲက ဆိုင်ကစီစဉ်ပေးတာဝတ်ရမှာ။ ဂျာ ဘာမှစိတ်ပူမနေနဲ့"

ခွန်းဂျာရဲ့ပိုင်ဟာ အဲဒီလို မာနကြီးသူလေးမို့ ခွန်းဂျာမှာ ပိုလို့ချစ်နေရတာဖြစ်သည်။ တကယ်ဆို ချစ်ရတဲ့ပိုင်ရဲ့စိတ်ကူးတွေကို ခွန်းဂျာပဲ အကောင်အထည်ဖော်ပေးလိုက်ချင်သည်။ ဒါပေမဲ့ လောလောဆယ်က သိပ်ပြီးမဖြစ်နိုင်သေးပေ။

တကယ်တော့ ခွန်းဂျာနဲ့ပိုင်တို့ ဆုံစည်းမှုက ဆန်းကြယ်တယ်လို့ ဆိုရပေမည်။ ရန်ကုန်သားလေး ထင်လင်းပိုင်နဲ့ မြစ်ကြီးနားသူလေး ခွန်းဂျာတို့ဟာ တစ်နေ့မှာ ချစ်သူတွေ ဖြစ်လာလိမ့်မယ်လို့ ဘယ်သူ ထင်မိမလဲနော်။ ဖူးစာပါတယ်လို့ပဲ ယူဆရမည် ထင်သည်။ လှိုင်ကောင်မှာ ဖိနပ်ပြတ်လို့ စိတ်ဆင်းရဲနေတဲ့ ခွန်းဂျာကို ဖိနပ်သွားဝယ်ပေးခဲ့ရာမှစ၍ အချစ်ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်လာတာ ဖြစ်ပေသည်။

ပိုင်က စားသောက်ဆိုင်တစ်ဆိုင်က ပင်တိုင်ဂစ်တာသမားတစ်ယောက်ဖြစ်သည်။ တစ်ခါတစ်ရံတော့ Unplugged Show ရဲ့အဆိုတော်လည်း ဖြစ်သေးသည်။ တစ်နေ့မှာ ဒိတ်ဒိတ်





ကြဲ အဆိုတော်တစ်ယောက်ဖြစ်ဖို့ ဒီအလုပ်ဟာ အခြေခံအုတ်မြစ်တစ်ခုအဖြစ် မှတ်ယူထားသူလည်း ဖြစ်ပါသည်။

"ဩော် ... ပိုင့်ကို ပြောရဦးမယ်။ ခွန်းဂျာ အလုပ်လုပ်တော့မယ်

"အလုပ် ... ဟုတ်လား။ ဂျာက ဘာလုပ်မလို့လဲ"

"Ice cream ဆိုင်တစ်ခုရဲ့ Management ပိုင်းမှာလုပ်မှာ။ ဘာမှ ပင်ပန်းတာလဲ မဟုတ်ဘူးလေ"

ခွန်းဂျာ စကားကြောင့် ပိုင်က ခွန်းဂျာကို တမေ့တမော စိုက်ကြည့်လေသည်။ ပြီးတော့ ခွန်းဂျာရဲ့လက်တွေကို ခပ်ဖွဖွဆုပ်ကိုင်ကာ ...

"ဘာဖြစ်လို့ လုပ်မှာလဲ ဂျာရယ်။ ဂျာက ဘာအတွက်ကြောင့် အလုပ်လုပ်မှာလဲ။ ဂျာ့မိဘတွေကော သဘောတူလို့လား"

"ခွန်းဂျာ အလုပ်လုပ်မှာ ပါးပါးတို့ကို မပြောပါဘူး။ ပြောရလောက်အောင် အရမ်းကြီးကျယ်တဲ့ အလုပ်မှမဟုတ်တာ ပိုင်ရဲ့"

"အင်း ... ဟုတ်ပါပြီ။ ပြီးတော့ကော"

www.burmeseclassic.com

www.burmeseclassic.com



ပိုင့်မေးခွန်းက ခွန်းဂျာ မဖြေတဲ့ မေးခွန်းရဲ့အဖြေ ကိုပါ ဆက်တောင်းနေတာမို့ ဇက်ကလေး အသာပုကာ ပြန်ဖြေ လိုက်လေသည်။

"အဟဲ ... ဟို ... ခွန်းဂျာတို့ အနာဂတ်ရှိသေးတယ်လေ။ ပိုင်က တစ်ထမ်းဆို ခွန်းဂျာက တစ်ရွက်မဟုတ်တောင် တစ်နိုင်ဝန်တော့ ရွက်သင့်တာပေါ့။ အဲဒါကြောင့် အလုပ် လုပ်တာ။ ဘာပဲဖြစ်ဖြစ် ခွန်းဂျာမှာလည်း ဝင်ငွေတစ်ခုရှိ နေတော့ စုတန်စု၊ ပို့ပြီးတော့ သုံးတန်သုံးလို့ ရတာပေါ့ ပိုင်ရဲ့"

ခွန်းဂျာက ပိုင် လက်သင့်ခံအောင် အဆင်ပြေဆုံး စကားတွေကို စီ၍ပြောနေရတာဖြစ်သည်။ ပိုင်က ခွန်းဂျာကို အလုပ်မလုပ်စေချင်တာ ပင်ပန်းမှာစိုးလို့ဆိုတဲ့ ဆန္ဒကို နားလည် ခံစားပေးလို့ရပါသည်။ ဒါပေမဲ့ ခွန်းဂျာက ဝင်ငွေတစ်ခုကိုလို ချင်မိသည်။

ပါပါးနဲ့ မာမားက ချမ်းသာတယ်၊ ခွန်းဂျာ လိုသလောက်ငွေ ပို့ပေးနိုင်တယ် ဆိုပေမယ့် ပိုင့်ကို စီးရီးထုတ် ပေးချင်လို့ ပိုင့်ကို အဝတ်အစားတွေ ဝယ်ပေးချင်လို့ဆိုတဲ့ ခေါင်းစဉ်တွေ ချပြလို့မရပေ။





ခွန်းဂျာ ရန်ကုန်မှာ အဆင်ပြေပေါလျှံစွာ နေနိုင် စားနိုင်ဖို့ ငွေက လုံလောက်စွာ ပို့ပြီးသား။ အဲဒါကို ထပ်သွား တောင်းရင် ခေါင်းစဉ်က မေးတော့မှာဖြစ်သည်။ ပြီးတော့ ခွန်းဂျာ နေရတဲ့အဆောင်က အင်မတန်မှ ယောကျ်ားမုန်းလှပါသော ဖိုဝါဒီ သမားကြီး တီချစ်ရဲ့အိမ်ဆိုတော့ ခွန်းဂျာမှာ ရည်းစားတောင် ခိုးထားရတဲ့ ဆီးပြားလေးအဆင့်မှာ နေနေရတာဖြစ်သည်။ အခု အလုပ်လုပ်တဲ့လစာက တစ်သိန်းဆိုတော့ ခွန်းဂျာအတွက် မများ ပေမယ့် အပိုတစ်ခုဝင်ငွေမို့ အဆင့်ပြေပါသည်။

"ဂျာရယ် ... ကိုယ်ကတော့ တားချင်တယ်ကွာ။ ဂျာ့ကို အလုပ်မလုပ်စေချင်ဘူး။ ဂျာက အလုပ်လုပ်စရာ မလို အောင် ပြည့်စုံနေတဲ့သူပဲ။ ကိုယ့်အတွက်ကြောင့် ဘာမှ တာဝန်မပိုပါနဲ့ကွာ"

"ဩော် ... ဒီလို တာဝန်ဆိုတာတော့ ဘယ်ဟုတ်ပါ့မလဲ ပိုင်ရဲ့။ ခွန်းဂျာက အလုပ်လုပ်ချင်တဲ့စိတ်ရှိလို့ အလုပ် လုပ်ကြည့်တာပါ။ Experience ယူတာပဲဟာ။ ပိုင် ခွင့်ပြု နော်"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်က အင်တင်တင်လေသံဖြင့် လက်ခံချင်သေးဟန်မပြလျှင် ခွန်းဂျာက ပိုင့်ရဲ့ပါးလေးတစ်ဖက်ကို ဆွဲလိမ်ရင်း ခပ်ချွဲချွဲအမူအရာဖြင့် "နော်လို့"လုပ်လိုက်လျှင် ပိုင်တစ်ယောက်ဟာ ခေါင်းညိတ်ရုံကလွဲ၍ ဘာမှမတတ်နိုင်တော့ချေ။

"အင်း ... ပြီးရောကွာ။ တစ်ခုတော့ ရှိတယ်နော်။ ဂျာ အလုပ်လုပ်ရတာ အဆင်မပြေဘူးဆို ချက်ချင်းထွက်ရမယ်။ အဲဒီကတိတော့ ကိုယ့်ပေး"

"အမယ်လေး ... ပေးတယ်။ ပေးတယ်။ ဘာမှအဆင်မပြေဖြစ်စရာ အကြောင်းမရှိ"

"အဟား ... အရမ်းတွေ တက်ကြွနေတာပါလား။ ကောင်းပါတယ်၊ ဂျာ ပျော်တယ်ဆို ကိုယ်ဝမ်းသာပြီ"

ခွန်းဂျာက ပိုင့်ရဲ့ချစ်စဖွယ်ကောင်းသော မုဒိတာလေသံလေးကြောင့် ခွန်းဂျာက ပိုချစ်သွားရကာ သူ့ပခုံးထက်မှာ ခေါင်းမှီ၍ လောကကြီးကို အချစ်ဖြင့် ဘောင်ခတ်ကြည့်ရှုလေသည်။

ဒီနေ့ အဆောင်ပြန်ရောက်ရင် မာန်မိုးထန်ဆီ ဖုန်းလှမ်းဆက်မယ်။ ပြီးရင် အလုပ်လုပ်လို့ရတဲ့ လုပ်ခလေးတွေကို စုပြီး ပိုင့်အတွက် တစ်ခုခု ဖန်တီးပေးချင်မိသည်။





ခွန်းဂျာ အတွက်တော့ ပိုင်ကသာလျှင် အချစ်ရဆုံးဖြစ်တာမို့ ပါးပါးနှင့် မာမားဆူလည်း အဆူခံပြီး ဆက်ချစ်မှာပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... ချစ်ဖေကြီး နေကောင်းလား။ သားက ဒီမှာ ဖေ့ကို တအားကို လွမ်းသတိရနေလို့ ဖုန်းဆက်လိုက်တာ"

မိုးထန်က ဝရန်တာလက်ရန်းပေါ်ထိုင်ကာ အဖေ့ဆီကို ဖုန်းလှမ်းဆက်ရလေသည်။ ဒါပေမဲ့ သူ့တော်လီကီတွေက လိုအပ်တာထက်ပိုပြီး ချိုနေတယ်ဆိုတာကို ရိပ်မိလေသော အဖေက သူ့ကို မယုံသင်္ကာလေသံဖြင့် ပြန်မေးလေ၏။

"ဟေ့ကောင် ... ဘာမှ အပိုတွေ လျှောက်ပြောမနေစမ်းနဲ့။ မင်း အဲဒီလောက် စကားသကာလောင်းထားရင် ငါရင်တုန်တယ်။ ပြော ... ဘာဖြစ်ပြန်ပြီလဲ"

"အဟဲ ... မဟုတ်ပါဘူး ဖေရာ။ သားက ဖေ့ကို တကယ် သတိရလို့ပါဆို"

"ဟေ့ကောင် ... ဟေ့ကောင် ... မင့် အပိုတွေလုပ်မနေနဲ့၊ ပြောစရာရှိတာ တဲ့ပြော။ ငါ အလုပ်မအားဘူးကွ"



မိုးထန်က အဖေမအားဘူးဆို၍ ပြောရင်ကောင်းပါ့မလား စဉ်းစားလိုက်သည်။ ဒါပေမဲ့လည်း ဒါကြီးက ပြောမှရမယ့်ကိစ္စ ဖြစ်နေတာမို့ သူက သိပ်ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ပြောလိုက်တော့သည်။

"ဟုတ်ကဲ့ပါ အဖေရာ။ ဒီလို ... ဖေရ၊ သားကလေ ရန်ကုန်မှာ နေတုန်းနေခိုက်လေး စီးပွားရေးလုပ်ငန်းလေး တစ်ခုလောက် လုပ်ချင်လို့"

"ဟေ ... ဘာဖြစ်တယ်ကွ။ စီးပွားရေး ... ဟုတ်လား။ ဟား ... တစ်သက်လုံး ဖြုန်းလာခဲ့တဲ့နည်းတွေကုန်လို့ ဒါ အသစ်ထွင်တာလား ဟုတ်လား။ မိုးထန် ... အရှုံးမထစမ်းပါနဲ့ကွာ။ မင်းဘာသာမင်း ပြည့်ပြည့်စုံစုံဖြုန်း၊ ကြားလား"

အဖေ့စကားကြောင့် နင်ခနဲတောင် ဖြစ်သွားရလေသည်။ အေးလေ ... သူကလည်း သူပဲကိုး။ အလုပ်လုပ်ဖို့ ဘာမှ စိတ်ကူးမရှိတဲ့သူက ခုမှ ကောက်ကာငင်ကာ ထဖြစ်တာမို့ အဖေက အခုပြောလည်း ယုံမယ့်အလားလာတော့ မရှိနိုင်ပါ။ အဲဒါကြောင့် မိုးထန်က ခေတ်နဲ့အမီဆိုတဲ့ စကားလုံးကို ကိုင်ဆွဲပြီး အဖေ့ကို ပြောရတော့မှာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါက ဒီလိုရှိတယ် အဖေရ။ သား အခုလုပ်ချင်တယ်ဆိုတာက ရေခဲမုန့်ဆိုင်လေးပါ။ တအားကြီးကျယ်ခမ်းနားတဲ့ဆိုင်မျိုးမဟုတ်ဘူးလေ၊ ကျွန်တော်လည်း ကိုယ့်ဘာသာရှာတတ်တယ်ဆိုတာ အဖေ့ ပြချင်လို့ပါ"

"ရေခဲမုန့်ဆိုင် ... အိမ်း ... ကဲ ... ထားလိုက်ပါတော့ကွာ။ မင်းတစ်ယောက်တည်းနဲ့ အဲဒီဆိုင် ဘယ်လိုဖွင့်မှာလဲ။ အရှုံးမထချင်စမ်းပါနဲ့ မိုးထန်ရာ။ ငါ့ကို သွေးတက်အောင်လာလုပ်မနေနဲ့၊ မင်း ပြောစရာရှိတာကိုသာပြော။ ပြော ... ဘာကိစ္စလဲ"

"သြော် ... အဖေကလည်း ပြောမှာပေါ့ အဖေရဲ့။ ကျွန်တော်က အဖေ့ကျေးဇူးကို ကျကျနနဆပ်ပြီး လုပ်ကျွေးနိုင်ဖို့အတွက် ချစ်ဖေဖေက သားကို စီးပွားရေးလုပ်ဖို့ အရင်းအနှီးလေးသာ ထုတ်ပေးလိုက်"

"ဘာကွ"

အဖေ့ရဲ့ "ဘာကွ" ကြီးက ဒေါသသံကြီး ပါလာပြီဖြစ်တာမို့ သူက ဟဲဟဲတွေ ဟင်းဟင်းတွေ လုပ်ကာ ဖော့ရှောလုပ်ရင်းကမှ သူ့ရဲ့အကောင်အထည် ဖော်ချင်မှုကို ပြောပြရတာဖြစ်သည်။





"သား တောင်းပန်ပါတယ် အဖေရ။ သား ဒီမှာ တကယ်ပဲ စီးပွားရေးလေးတစ်ခုလောက် လုပ်ကြည့်ချင်လို့ပါ။ သားကို ဒါလေးတော့ ကူညီပါ ချစ်ဖေဖေရာ"

"ဟာ ... ကောင်ရ။ မင်း ဆေးစားများမှားလား။ ဘယ်တော့မှ အလုပ်မလုပ်ချင်တဲ့ကောင်က အရင်းအနှီးတွေ ဘာတွေ ထုတ်နိုင်းလို့။ မင့်က ဘာစီးပွားရေးများ လုပ်မှာမလို့လဲကွ။ ဟော"

"သားကလား ... သားက ရေခဲမုန့်ကို အဓိကရောင်းတဲ့ဆိုင်လေး ဖွင့်ချင်တာ။ ရန်ကုန်မှာက အဲဒီလိုဆိုင်မျိုးတွေက အရမ်းစီးပွားရှာလို့ ကောင်းတာဗျ။ မြတ်လိုက်တဲ့ ပိုက်ဆံဆိုတာ သောက်သောက်လဲ"

မိုးတန်က အဖေ့ကို စိတ်ဝင်စားလာအောင် အမြတ်ငွေဖြင့် မျှားလိုက်လျှင် အဖေက နည်းနည်းစိတ်ဝင်စားသောလေသံဖြင့် သူ့ကို မေးခွန်းထုတ်လာလေသည်။

"ဟော ... ဟုတ်တယ်။ အဲဒါမျိုးဆိုင်ဆို ဘယ်လောက်ရင်းနှီးမြှုပ်နှံရမလဲကွ"

"ဟို ... သားတို့က အခန်းငှား ဘာညာ၊ ဆိုင်အပြင်အဆင်တွေနဲ့ပါဆိုတော့ ဟိုဥစ္စာ တစ်ရာလောက်ဆို ဖြစ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟမ် ... တစ်ရာ"

"ဟုတ်တယ်လေ အဖေရ။ တစ်ရာဆိုတာ ပါးပါးလေးပါ။ ဒါတောင် သားက လျှော့ပေါ့တွက်ထားတာနော်"

"ခွေးကောင် ... ချောက်တီချောက်ချက် ရေခဲမုန့်ဆိုင်လေး ဖွင့်ဖို့များ ငါ့ဆီက သိန်းတစ်ရာ တောင်းရသလား အစီပွာယ်မရှိလိုက်တာ။ တစ်ပြားမှမရဘူး ဟေ့ကောင်။ ဒါပဲကွာ ... ငါ အလုပ်များနေတယ်။ ဒါပဲ"

ဖေဖေက သူ့ကို အပြတ်ကောကာ ဖုန်းချသွားလျှင် မိုးထန်က လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ ငိုင်ကျသွားရသည်။ အခုပုံစံဆို အဖေက သူ့ကို တစ်ပြားမှ ထုတ်ပေးမယ့်ဒီမိုင်းမှာမရှိပါ။ ဘယ်လိုလုပ်ရပါ့။ ခွန်းဂျာကို အလုပ်ခန့်ပါမယ် ပြောပြီးမှတော့ သူဟာ ဒီအခွင့်ကောင်းကို လက်လွှတ်မခံပါပေ။ ဒါပေမဲ့ ဆိုင်ကြီးတစ်ဆိုင် ကောက်ဖွင့်လို့ရလောက်အောင် သူ့ဆီမှာ ပိုက်ဆံအလုံလောက်က မရှိပါ။ ဘယ်လိုလုပ်ရင် ကောင်းမလဲ။

"မိုးထန် ... မောင်ရင်လေး မင်း အပြင်မထွက်ဘူးလား ကွယော။ ငြိမ်လှချည်လား"

"ဟာ ... ဦးမောင်"



ဦးမောင်က လာတာမို့ သူက ဝရန်တာလက်ရန်းပေါ် ကနေဆင်းလာကာ ဦးမောင်နဲ့အတူ ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဟုတ်တယ် ... ဦးမောင်ရ။ ကျွန်တော် ဒီနေ့ အိမ်မှာပဲ အေးဆေးလေ"

"ဒါနဲ့ မင်း ခုနက ဖုန်းပြောနေတာ မင်းအဖေနဲ့လား။ သားအဖတွေ ဘာဖြစ်နေကြတာလဲကွ"

"အဟဲ ... ဒီလိုပါပဲ ဦးမောင်ရာ။ အဖေက ပိုက်ဆံမပေးလို့ ပွစိ ပွစိ ဖြစ်နေတာလေ။ ကျွန်တော်က စီးပွားရေးလုပ်မလို့ကို ဖားသားကြီးက ပိုက်ဆံမပေးဘူးလေ"

"ဟော ... ဟုတ်လား။ မင်းက ဘာစီးပွားရေးတွေများလုပ်မလို့တုံးကွ။ ဆိုစမ်းပါဦး"

ဦးမောင်က သူ့ကို စိတ်ဝင်တစားဖြင့် မေးလေလျှင် မိုးထန်က ဘယ်လို twist ရိုက်ရမလဲ စဉ်းစားမိလိုက်သည်။ သူသာ ဟိုဘက်က မဒီဖြူလေးနဲ့ ပတ်သက်နေတယ်သာဆို အကြီးကြီး ရှော့ခ်တက်မှာဖြစ်၏။ အဲဒီတော့ ...။

www.burmeseclassic.com

www.burmeseclassic.com



"အဟဲဟဲ ... ဒီလိုပါပဲ ဦးမောင်ရ။ ကျွန်တော် ရန်ကုန် ရောက်တုန်းရောက်ခိုက်မှာ တစ်ခုခုလုပ်ကြည့်ချင်လို့ပါ။ ဘာရယ်တော့ မဟုတ်ပါဘူး။ ဪ ... ဒါနဲ့ ဦးမောင်က ကော ဘာလုပ်တာလဲဟင်။ စပ်စုတယ် မထင်နဲ့နော်။ သားသားက မသိလို့ မေးတာနော်"

"ဟား ဟား ... ငါ့အလုပ်က ကုမ္ပဏီတစ်ခုမှာ ရှယ်ယာ ဝင်ထားတာလေကွာ။ ပြီးတော့ အတိုးပေးစားတယ်။ ဒါ ငါ့အလုပ်တွေပေါ့ကွ။ ဟော ... ပြီးတော့ မင်းတို့ဆီက အဆောင်လခတွေ ရတယ်လေကွာ။ ဘာများအထွေအထူး လုပ်ဖို့ လိုတော့လို့လဲကွ"

"ဟား ... မိုက်တယ်ဗျာ။ ဦးမောင်ကိုတော့ လုံးဝလေးစား တယ်"

"ဟား ဟား ... အဲဒီလိုမျိုး အပူအပင်ကင်းကင်းနဲ့ စိမ် ကျကျနေနိုင်ချင်ရင် မင်း တစ်သက်လုံး မိန်းမ,မယူနဲ့။ မိန်းမတွေနဲ့ ကင်းအောင်နေကွ ကြားလား။ မိန်းမတွေဆို တာ တကယ့် ကိုးလိုးကန့်လန့်နဲ့ နေရာတကာ ပါချင်တဲ့ ဟာတွေကွ။ သွားပတ်သက်မိတာနဲ့ သေပြီပဲ"





မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ မိန်းမတွေမကောင်း ကြောင်း ပြောနေတာဆိုတော့ ဦးမောင်ဟာ အချစ်နဲ့ပတ်သက်ပြီး တော်တော်ထိထားပုံ ရပါသည်။ မိုးထန်က ဦးမောင် အတိုးပေး စားတယ်ဆိုတာ သိနေတာကြောင့် သူလိုချင်တာရဖို့ ညောင်ရေ သွန်းလိုက်ရ၏။

"ဟုတ်တာပေါ့ ဦးမောင်ရ။ ကျွန်တော်လည်း မိန်းမတွေ ကို ကြည့်လို့ကို မရဘူး။ သူတို့တွေက တကယ့် လိုတစ် မျိုး မလိုတစ်မျိုးတွေ"

"ဟား ... ဟုတ်တာပေါ့ကွာ။ မင်း မဆိုးဘူးကွ မိုးထန်။ ကြီးပွားချမ်းသာဦးမယ်"

"ဟဲ ဟဲ ... ပေးတဲ့ဆုနဲ့ ပြည့်ပါစေဗျာ။ အဲ ... ကျွန်တော် အဲဒီဆုပြည့်ဖို့ ဦးမောင် ကူညီပေးရမယ်နော်"

"အမယ် ... မင်းက တော်တော်လည်တာပဲကွ။ အေးပါ ... အတိုးမှန်တယ်ဆိုရင်တော့ ငါက ပိုက်ဆံချေးမှာပေါ့ကွ။ ကဲ ... ကဲ ... မင်း လုပ်စရာရှိတာလုပ်"

ချက်ဆို နားခွက်က မီးထတောက်သည့် ဦးမောင် က သူ ဘာကိုဆိုလိုချင်တယ်ဆိုတာ သဘောပေါက်စွာဖြင့် သူ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာကို သဘောထားရယောင်ပြလျှင် သူဟာ ကျန်တဲ့ကိစ္စကို ဆက်လုပ်ဖို့ အားအင်တွေ ရှိသွားပါသည်။

ကဲ ... ခွန်းဂျာရေ၊ မင်းနဲ့ကိုယ် စပြီးအလုပ်လုပ် လိုက်ကြရအောင်လားကွာ။





## ၅

ခွန်းဂျာက TV ကလာနေတဲ့ ကိုရီးယားကားကို ထိုင်ကြည့်နေတုန်းမှာ ဖုန်းက ထမြည်လာလေလျှင် ခွန်းဂျာက Display ပေါ်က နံပါတ်ကို အရင်ဆုံးကြည့်လိုက်မိသည်။ ဟိုက် ရှားဘား ... ဟိုတစ်ယောက်ဆီက ဖုန်းပါလား။ ခွန်းဂျာက အခြေအနေကို တစ်ချက်ရှိုးလိုက်မိသည်။ ဧည့်ခန်းထဲက TV ကြည့်နေသူတွေမှာ တီချစ်ရယ်၊ ပြီးတော့ အဆောင်သူတွေရယ် ရှိသည်။ ခွန်းဂျာက ဟိုဘက်ဆောင်က ယောကျ်ားသားနဲ့ပတ် သက်နေတယ် ဆိုတာကို တီချစ် သိလို့ကတော့ မိုးကိုမီးတက်ရှို့ လိုက်သလိုကို ဖြစ်မှာဖြစ်၏။

"ဟဲ့ ... ခွန်းဂျာ၊ နင် ဖုန်းကိုင်လေ။ ဩော် ... ခက်လှ ပဲ ဒီကလေးနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... ဟုတ် ... ဟုတ်ကဲ့"

တီချစ်က လှမ်းပြောလိုက်လျှင် ခွန်းဂျာက ဟုတ်ကဲ့ဆိုပြီး ဖုန်းကိုင်လိုက်ရသည်။

"ဟယ် ... ဟယ်လို"

"ခွန်းဂျာလား ... ကျွန်တော် မာန်မိုးထန်ဗျ။ ပြောလို့ရရဲ့လားဟင်"

"သြော် ... အေး သူငယ်ချင်းရေ၊ ပြော ... ပြော ... ရတယ်"

ခွန်းဂျာက ငယ်ပေါင်းကြီးဖော်အိုက်တင်နဲ့ ပြောလျှင် ဟိုဘက်က သဘောပေါက်သွားပုံ ရပါသည်။ လိုရင်းတိုရှင်းဖြင့် ပြန်ပြောလေသည်။

"သြော် ... ပြောလို့ အဆင်မပြေဘူးထင်တယ်။ Ok ... Ok ... ဟိုဟာပါ။ မနက်ဖြန် နေ့ခင်းပိုင်းလောက် ဆိုင်ခန်းသွားကြည့်ချင်လို့။ အဲဒါ ခွန်းဂျာ လိုက်ခဲ့ပေးနိုင်မလားလို့ မေးတာပါ"

"အမ်း ... အင်း ... ရတယ်လေ။ မနက်ပိုင်း ခွန်းဂျာ Class တစ်ခုရှိတယ်။ နေ့လယ်ဆိုရင်တော့ အားပါတယ်။ ဘယ်လာရမလဲ သူငယ်ချင်း"





"ဟို ... လမ်းထိပ်က Sun Bakery မှာ နေ့ခင်း ၂ နာရီလောက်စောင့်နေမယ်လေ။ အဲဒီကနေမှ ဆက်သွားတာပေါ့"

"Ok ... လာခဲ့မယ်နော်။ အေး ... တာ့တာ"

ခွန်းဂျာက မြန်မြန်ပြောပြီး မြန်မြန်ဖုံးချပစ်လိုက်တော့သည်။ ခွန်းဂျာ ဖုန်းချပြီးတာနဲ့ ခွန်းဂျာကို အကဲခတ်ကြည့်နေသော မျက်လုံးတွေကို ခွန်းဂျာက ဝေ့ဝဲကြည့်လိုက်ရင်းက ဟဲခနဲ ရယ်ပြလိုက်ကာ ရှင်းလင်းချက် ထုတ်လိုက်ရသည်။

"အဟဲ ... သင်တန်းက သူငယ်ချင်းလေ။ သူ ဖုန်းဆက်တာ"

"ယောက်ျားလေးလား မိန်းကလေးလား"

သံပြတ်နဲ့ ကိုရိုးယားကား အကြည့်မပျက်ဘဲ မေးလေသော တီချစ်ကြောင့် ခွန်းဂျာက တွန့်ခနဲ ဖြစ်သွားရလေသည်။ ဒါပေမဲ့လည်း ဟန်မပျက် ဆက်၍ ခပ်တည်တည် ဖိန့်လိုက်တော့သည်။

"မိန်း ... မိန်းကလေးပါ တီချစ်ရဲ့"

"အင်း ... ဟုတ်ပါပြီ။ မိန်းမတွေနော် ... ရှုပ်ရှုပ်ယှက်ယှက်တော့ မလုပ်နဲ့။ တစ်ခုခု သတင်းကြားလို့ကတော့ မလွယ်ဘူးမှတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... တီချစ်ကလည်း သမီးတို့အားလုံးက ယောက်ျားဆို ဝေါင်ဝေါင်ရှေး ဝေးဝေးရှောင်တတ်တဲ့ သူ တွေပါလို့ဆို"

မအိချိုက ဝင်ဖောက်ပေးလိုက်တော့မှ တီချစ်က ဘာမှဆက်မပြောဘဲ မျက်စောင်းတစ်ချက်ချီကာ အပေါ်တက်သွား လေတော့သည်။

"ဟဲ့ ... မိန်းမ၊ ဘယ်သူဆက်တာလဲ၊ မှန်မှန်ပြောစမ်း"

တီချစ် အပေါ်တက်သွားတာနဲ့ မြားဦးက ခွန်းဂျာ ဘက် လှည့်လာတာမို့ ခွန်းဂျာက ရှူးချင်ယောင်ဆောင်ကာ ဝါး ခနဲ သမ်းဝေရင်း ...

"ဝါး ... အိပ်တောင်အိပ်ချင်လာပြီ။ မနက်လည်း သင်တန်း သွားရမှာဆိုတော့ သွားအိပ်တော့မယ်ကွာ။ အားလုံးသော အချစ်တို့ရေ ... Good Night "

"အယ် ... ကြည့်စမ်း ... ကြည့်စမ်း ... လုပ်သွားတာ မကြီး ... တွေ့လား။ ခွန်းဂျာမတစ်ယောက်တော့ လုံးဝ မရိုးတော့ဘူး"





ခွန်းဂျာ အပေါ်တက်လာချိန်မှာ အောက်ကနေ ပွစိ ပွစိ ပြောနေတဲ့ လေသံတွေကို မကြားချင်ယောင်ဆောင်ကာ ပြုံးမိရင်း အခန်းထဲဘဲ ဝင်လာခဲ့တော့သည်။ မနက်ဖြန် ခွန်းဂျာ အလုပ်စလုပ်ပြီဖြစ်သည်။ ပိုင့်ရဲ့အနာဂတ်တွေအတွက် ဒါဟာ ပထမဆုံးသော ခြေလှမ်းအစပဲ ဖြစ်လေ၏။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနေရာလေး ဆိုရင်တော့ မဆိုးပါဘူး။ ဆိုင်နေရာက လူလည်းစည်တယ်။ ကားပါကင်နေရာလည်း အဆင်ပြေ တယ်ဆိုတော့ မဆိုးဘူး။ ဈေးကလည်း အဆင်ပြေတယ် ထင်တယ်။ ခွန်းဂျာကတော့ အဲဒီနေရာကို ကြိုက်နေပြီ။ ကိုမိုးထန်ကောဟင်"

မိုးထန်သည် အရမ်း အရမ်းကို တက်ကြွနေသော သူမရဲ့ ချစ်စဖွယ် ဟန်ပန်အမူအရာလေးကိုကြည့်ကာ အရမ်းကို ဟတ်ထိသွားရလေသည်။ မင်းက ဘာလို့များ ဒီလောက်ထိ ချစ် စရာကောင်းနေရတာလဲကွာ။ မိုးထန်က ခွန်းဂျာရဲ့ မျက်နှာလေးကို တစ်ခဏ စိုက်ငေးကြည့်နေပြီးမှ မျက်လုံးလွှဲလိုက်ရင်း ...

"အင်း ... အဲဒီ ဆိုင်နေရာလေးကတော့ မဆိုးပါဘူး။ ဒါပေမဲ့ ကျွန်တော်က တခြားနေရာ ကြည့်ချင်သေးတယ်။ ရွေးချယ်စရာတွေ များလာတဲ့အခါကျတော့ အခွင့်အရေး ပိုရှိလာမယ်လေ မဟုတ်ဘူးလား"





"အင်း ... ဒါလည်း ဟုတ်တာပဲ။ ကိုမိုးထန်က ဘယ်ဆိုး လို့လဲ။ idea တွေ ကောင်းသားပဲ"

"ဟား ဟား ... ကျေးဇူးတင်ပါတယ်ဗျာ။ ဒါပေမဲ့ တစ်ခု ဗျ။ ကျွန်တော့်ကို ကိုမိုးထန်ဆိုပြီး ကို့တပ်မခေါ်ပါနဲ့။ အားလုံးက ကျွန်တော့်ကို မိုးထန်လို့ပဲ ခေါ်ကြတာ။ ခွန်းဂျာလည်း အဲဒီလိုပဲ ခေါ်ပါနော်"

"အယ် ... ဒါတော့ ဘယ်သင့်တော်ပါ့မလဲ။ ကိုမိုးထန်က ခွန်းဂျာရဲ့ အလုပ်ရှင်ပဲဟာ။ respect တော့ ရှိရမှာပေါ့"

တကယ့်ကို နားလည်မှုရှိစွာ ပြောတတ်သူလေးမို့ သူက ပိုပြီးစွဲလမ်းမိသွားတာ ဖြစ်ပေသည်။ မိုးထန်က ခင်မင်မှု တွေ ပိုရရှိအောင် ရင်းနှီးမှုတွေ ယူချင်သူဖြစ်တာကြောင့် ခွန်းဂျာ နဲ့ အဆင်ပြေချင်သည်။

"အာ ... အဲဒီလို မဟုတ်တာ။ အလုပ်ရှင်ဆိုပြီး သဘော မထားပါနဲ့၊ ခွန်းဂျာနဲ့ ကျွန်တော် အလုပ်တစ်ခုကို အတူ တကွ အကျိုးတူ ပူးပေါင်းတဲ့သဘောပါ။ တစ်ယောက်နဲ့ တစ်ယောက် ခင်ခင်မင်မင်ပေါ့။ ဟုတ်ဘူးလား"

"အဟက် ... ခွန်းဂျာတော့ တကယ်ကံကောင်းတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဗျ"

"ဩော် ... အလုပ်ရှင် ဘောစိကြီးက လခလည်းပေးတယ်၊ သဘောလည်း ကောင်းတယ် ဆိုတော့ ဘာလိုသေးလဲ ဦးကြီးရယ်ပေါ့"

ခွန်းဂျာက Open type ပုံစံရှိကာ ပျော်ပျော်နေတတ်သူမို့ သူ့အတွက်တော့ ပိုပြီးစိတ်ဝင်စားမှုတွေ တိုးသထက်တိုးလာရတာဖြစ်သည်။ ဒါပေမဲ့ ခွန်းဂျာမှာက ရည်းစားရှိနေတာဖြစ်၏။ သူ့ရည်းစားက ဘယ်သူ ဘယ်ဝါရယ်ဆိုပြီး တိတိပပမသိရပေမယ့် ခွန်းဂျာပြောတဲ့ စကားအရဆို ခွန်းဂျာကောင်လေးနဲ့ လည်ဖို့ ပတ်ဖို့ သွားဖို့ လာဖို့ ဆိုတော့ သေချာခဲ့ပြီဖြစ်သည်။ မိုးထန်က ပြောရင်းကမှ တစ်ခုခုများ သိရအောင် စကားလမ်းကြောင်းကို ပြန်တည်လိုက်တော့သည်။

"ဒါနဲ့ ခွန်းဂျာ ကျွန်တော်ပေးတဲ့လစာ အဆင်ပြေရဲ့လား။ အိမ်အတွက် ဘာညာပို့ဖို့ လိုသေးလား"

"ဩော် ... ရတယ် ကိုမိုး ... အဲ ... အဲ ... မိုးထန်ရဲ့။ ဟဲ ဟဲ ... ပြောရမယ်ဆို ခွန်းဂျာ အလုပ်လုပ်တယ်ဆိုတာ ဘယ်သူမှ မသိဘူး။ လခက အိမ်ကိုလည်းပေးဖို့မလိုဘူးလေ။ ခွန်းဂျာ အလုပ်လုပ်တယ် ဆိုတာက ခွန်းဂျာ



ကောင်လေးအတွက် တစ်စုံတစ်ရာသော အထောက်အပံ့များ ဖြစ်မယ်လို့ ထင်ထားလို့"

"ဘယ်လို ... ဘယ်လို ခွန်းဂျာ"

ခွန်းဂျာရဲ့စကားအဆန်းကြောင့် သူက အရမ်းအံ့သြသွားရလေသည်။ တစ်စုံတစ်ရာသော အထောက်အပံ့တဲ့။ ဘာကို ပြောချင်တဲ့ ဆိုလိုရင်းပါလိမ့်။

"ဟဲ ... ဟုတ်တယ် မိုးထန်ရဲ့။ ခွန်းဂျာရဲ့ချစ်သူက တစ်နေ့မှာ နာမည်ကျော် အဆိုတော်အဖြစ် အောင်မြင်ချင်တာလေ။ သူ့အတွက် တစ်စုံတစ်ရာသော ပါရမီဖြည့်ပေးချင်လို့လေ"

ဩော် ... တော်တော်ချစ်တာပဲ။ မိုးထန်သည် ချစ်စရာကောင်မလေးရဲ့ ချစ်စရာ အတွေးအခေါ်လေးကို နားထောင်ရင်းက သူမကို ငေးခနဲ ကြည့်မိသွားသည်။ ဒီအခြေအနေဟာ သူ့အတွက်တော့ လုံးဝကို ပလပ်ကျွတ်တာပဲ ဖြစ်သည်။ သူ စိတ်ဝင်စားနေတဲ့ ကောင်မလေးက ချစ်သူရှိနေတယ် ဆိုတော့ ကို ဇာတ်လမ်းက ပြတ်ပြီဖြစ်၏။ မင်းက ဒီလောက်ချစ်တတ်သလား ခွန်းဂျာရယ်။

"ဒါဆို ခွန်းဂျာ ချစ်သူက ကံကောင်းတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဟဲ ဟဲ ... ထင်ရတာပါပဲ။ ဒါနဲ့ မိုးထန်ဆီမှာကော ချစ်သူ မရှိဘူးလား"

Topic က အချစ်ဘက်သို့ ဦးတည်လာတာကြောင့် သူက နည်းနည်းတော့ အကြံအိုက်သွားရလေသည်။ ခွန်းဂျာက ချစ်သူရှိလား မရှိဘူးလား မေးလာသောအခါ သူက ဘယ်လိုဖြေသင့်ပါသလဲ။ ရည်းစားရှိသော မိန်းကလေးတစ်ယောက်ကို ချစ်မိတဲ့အခါ အဲဒီကောင်မလေးနဲ့ စကားပြောနေရချိန်ဟာ တကယ်ကို စိတ်ပင်ပန်းရတာဖြစ်၏။ သူဟာ ခွန်းဂျာနဲ့ ရင်းနှီးမှုပိုရစေဖို့အတွက် twist ပါးပါးလေးတစ်ခု ထုတ်သုံးရလေသည်။

"ဟင် ... ချစ်သူတော့ မရှိသေးပါဘူး။ အဲ ... ဒါပေမဲ့ ကျွန်တော် ကြိုက်နေတဲ့ ကောင်မလေးတော့ ရှိတယ်"

"အာ ... ဟုတ်တယ်။ ဘယ်သူလဲ ... ခွန်းဂျာ ဘာကူညီပေးရမလဲဟင်"

မိုးထန်က သဘောတရားတစ်ခုကို နားလည်လက်သင့်ခံထားတာမို့ "ခွန်းဂျာ ဘာကူညီပေးရမလဲဟင်" ဆိုတဲ့စကားအပေါ်ကို သူက idea ထုတ်သုံးလိုက်ရတော့သည်။

"ဟို ... သူ့ကို ခွန်းဂျာ သိပါတယ်"

"OMG ခွန်းဂျာ သိတယ်။ Who ? "





"အဟင်း ... ခွန်းဂျာကို အဆောင်ကပဲ။ ကျွန်တော် သူ့ကို စိတ်ဝင်စားနေတာ"

"ဟယ် ... ဟုတ်တယ်။ ဘယ်သူလဲ ... ဘယ်သူလဲ"

"အင်း ... အဲဒါတော့ Secret ဗျ။ နောက်မှ ပြောပြမယ်လေ။ ခွန်းဂျာဆီကနေ ကျွန်တော် အကူညီယူရမှာပါ"

"ဪ ... K ... K ... သဘောပေါက်ပြီ။ ကဲ ... အဲဒါဆို အလုပ်ကိစ္စ topic ပြောင်းမယ်နော်။ မိုးထန် ... အဲဒီဆိုင်နေရာလေးကို သဘောကျလားဟင်"

သူက ချစ်စဖွယ်ကောင်းသော အမြိုးပိုင်ရှင်ကောင်မလေးကို သဘောတကျ ငေးကြည့်နေလိုက်ပြီးမှ ခွန်းဂျာအလိုကျခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"အင်း ... ခွန်းဂျာ ကြည့်ရတာ အဲဒီဆိုင်လေးကို တော်တော် သဘောကျနေတယ် ထင်တယ်"

"Ofcourse ... အင်း ... ခွန်းဂျာ သဘောကျတယ်။ ဟို ... ပြီးတော့လေ ..."

ပြောခါနီးမှာ စကားစက ပြတ်သွားတာမို့ သူက ခွန်းဂျာကို တစ်ချက် အကဲခတ်လိုက်သည်။ ခွန်းဂျာ ကြည့်ရတာ အားရခက်နေဟန်တူလေသည်။ အဲဒါကြောင့် သူက ခွန်းဂျာပြောထွက်အောင် စကားထောက်ပေးလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွန်းဂျာမှာ ပြောစရာတစ်ခုခုရှိတယ် ထင်တယ်။ ပြောပါ ဘာလဲဟင်"

"ဟို ... စိတ်မရှိပါနဲ့နော်။ ဘောစိနဲ့ ခြေရာချင်းတိုင်းတာတော့ မဟုတ်ပါဘူး။ ခွန်းဂျာလည်း အဲဒီလို ice cream bar လေးတစ်ခု ဖွင့်ချင်နေတာ။ အဲဒါ ခွန်းဂျာ မိုးထန်ဆီမှာ အလုပ်လုပ်ရင်းနဲ့ မိုးထန်ရဲ့လုပ်ငန်းမှာ ပိစိလေးရှယ်ယာဝင်လို့ ရမလားလို့ request လုပ်တာပါ"

မိုးထန်က အဲဒီစကားကြောင့် လုံးဝရယ်မိသွားသည်။ တကယ်ကို ဖြစ်မှဖြစ်ရလေပဲ ခွန်းဂျာရယ်။ သူနဲ့အတူ လက်တွဲဖို့ request လုပ်ရသတဲ့။

"အဟား ဟား ... ကိုယ့်ကို ဘောစိလို့ မခေါ်ပါနဲ့ ခွန်းဂျာရယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီဆိုင်ဖွင့်ဖို့ကိစ္စကို အဖေက သဘောတူသေးတာ မဟုတ်ဘူးကွ။ ခွန်းဂျာ ရှယ်ယာဝင်ချင်တယ်ဆိုလည်း welcome ပါ။ ဒါပေမဲ့ ကိုယ်လုပ်ချင်တဲ့အလုပ်က အကောင်အထည်မပေါ်သေးဘူးနော်"

"ရပါတယ် မိုးထန်ရဲ့။ ခွန်းဂျာလည်း တစ်စုံတစ်ရာကို အစကနေ တည်ဆောက်ချင်တဲ့ ဆန္ဒရှိတယ်လေ"





"Ok ... ဒါဆို ခွန်းဂျာနဲ့ ကိုယ်က လုပ်ဖော်ကိုင်ဖက်တွေပေါ့"

"Right ... ပြီးတော့ ရှိသေးတယ်။ မိုးထန်ရဲ့အချစ်ရေးကိုလည်း အကျိုးဆောင်ပေးမယ့် သူငယ်ချင်း and then မိုးထန်ရဲ့ စက္ကထရီ"

နောက်ရွတ်ရွတ် ပြောတဲ့ဟန်လေးက သူ့ရဲ့ရင်ခုန်သံကို ပိုပြီးတိုးလာသလို ခံစားရစေပါသည်။ မိုးထန်သည် ရည်းစားရှိပြီးသား ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားခဲ့မိသည့်အတွက် မွဲမဝင်မီက ရှုံးနှင့်သည်ဆိုတဲ့ စကားကို နာထဲကြားယောင်ကာ အရမ်းကို စိတ်မောသွားရပါသည်။

♥ ☘ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၆

"အဟဲ ... ငါ[illegible]နေတာကလား။ ဟိုဘက်ခြံက ဖြ

ဖွေးဖွေး ရေခဲဆေးငါးကြီး မေပျို့ခင်လေကွာ"

"အာ ... ကိုတိုး ... ကြည့်လုပ်နော်။ အဲဒီ ဆရာမ

ဦးမောင်ရဲ့ခယ်မမှလား။ သွားပြီး ရန်မစစမ်းပါနဲ့ ကိုတိ

ရာ။ ဦးမောင်သာ ကြားသွားရင် ရှော့ခ်ကိုက်မယ်နော်

ကိုတိုး"

ခြံထဲက အုတ်ခုံမှာ စုပြီးထိုင်ကာ ညဘက် ရေချ

တစ်အိုးနဲ့ လက်ဖက်ဝိုင်းဖြင့် စုံစုံညီညီ တော်လ်ကီပွားနေကြတ

က အဆောင်ရဲ့ရိုးရာလို ဖြစ်နေပြီဖြစ်သည်။ မိုးထန်က ဂစ်တ

တစ်လုံးနဲ့ ခြံထဲဆင်းလာတုန်းမှာ ကြားရတဲ့ စကားသံကြောင

သူက idea တစ်ခု ရသွားတာမို့ စကားဝိုင်းထဲ ဝင်ပါသွားရသည်



"ဘာမှ ရှော့ခ်မကိုက်ပါဘူးဗျာ။ အခိုက,က idea ပဲလို

တယ်။ ကိုတိုး ဟိုဘက်ခြံက အပျိုကြီးကို ကြိုက်တယ်မှ

လား။ ကြိုးစားကြည့်လိုက်လေဗျာ။ ကျွန်တော် အားပေးတယ်"

"ဟာ ... မိုးထန်၊ မင်းက ဘာသိလို့လဲ။ ဟိုဘက်နဲ့ ငါ

တို့ဘက်က ကမ္ဘာရန်တွေနော်။ ဒီကိစ္စ ဦးမောင်သာ သိ

သွားရင် အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာနော် သားကြီး။

ကြည့်လုပ်ဟေ့ ... ကြည်လုပ်"

"ဘာမှ ပြဿနာမရှိဘူး။ အေးဆေး ... ကိုတိုး ... ကျွန်

တော့်ကို ယုံတယ်မှလား"

မိုးထန်က ကိုတိုးဆီက ယုံကြည်မှုကို တောင်းခံ

လိုက်လျှင် ကိုတိုးက ကြောက်ကြောက်လန့်လန့်ဖြင့် ခေါင်းတစ်

ချက် ညိတ်ပြကာ သူ့ကို ခပ်တိုးတိုး ပြောလေသည်။

"ယုံတော့ ယုံတယ်ကွ။ ဒါပေမဲ့ ဖြစ်မှာမဟုတ်ပါဘူးကွာ။

ဟိုဘက်အဆောင်က အမျိုးသမီးတွေ အားလုံးက ငါတို့ကို

ကြည့်မရဖြစ်နေတာကွ။ အထူးသဖြင့် ဦးမောင်ကတော်

အန်တီချစ်နဲ့ သူ့ညီမ မေပျို့ခင်က ငါတို့ကို မျက်မုန်း

အကျိုးဆုံးပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... နိုးမှုလုံပလုံပါ ကိုတိုးရာ။ ခေတ်အဆက်ဆက် ဆရာ့ဆရာကြီးတွေ အားလုံးက မိန်းမပိုးနည်းတက်ကနစ်တွေကို သင်ပေးခဲ့ပြီးသား။ ကျွန်တော်တို့က ဟိုဘက်က မဒီလေးတွေ ဟတ်ထိဖို့ ဒီဘက်ကနေ ဖိုင်ပေးရမှာ ကျွန်တော်တို့ တာဝန်ပဲလေ"

သူက ဂျစ်ကျာအိုးကို နှစ်ချက်လောက်ခေါက်လိုက်ရင်းက ပြောလိုက်လျှင် သူ ဘာကိုဆိုလိုချင်တယ် ဆိုတာ သဘောပေါက်လေသော ထင်ဖြိုးက လက်ဖျောက်တစ်ချက်တီးလိုက်ရင်းက ...

"သြော် ... ဟော ... သဘောပေါက်ပြီ။ မင်းက တစ်ချက်ခုတ်နှစ်ချက်ပြတ် အကွက်တွေ ရှေ့နေတာပေါ့လေ ... ဟုတ်လားကွ။ ဘယ်လိုလဲ ... မင်းရဲ့ဂျာက အိုခေလား"

ထင်ဖြိုးအမေးက သူ့နှလုံးသားအရေးကိစ္စနဲ့ တိုက်ရိုက်ကြီး ပတ်သက်နေတာမို့ သူက တစ်ခဏတော့ ငိုင်မိသွားကာ ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး ပြောပြလိုက်သည်။

"အခြေအနေကတော့ ဘော်ဒါဘော်ကြွပ် အဆင့်ပါပဲကွား သူ့မှာက လိုင်စင်ရှိပြီးသားကွ။ တော်တော်လည်းချစ်တဲ့ပုံပဲ"





"ဘာ ... ခွန်းဂျာမှာ ရည်းစားရှိတယ် ဟုတ်လား။ သေချာလို့လား သားကြီးရာ။ သူ့ကို တစ်ခါမှ တွဲသွားတွဲလာ မတွေ့ဖူးပါဘူး"

"ဟာ ... မင်းတာလည်း သူနေတဲ့အဆောင်က ဒီလောက်စည်းကမ်းကြပ်နေတဲ့ကိစ္စ။ သူ ဘယ်တွဲမလဲကွ။ ဒါပေမဲ့ ခွန်းဂျာမှာ ဘဲရှိတယ်ဆိုတာတော့ အသေအချာပဲ။ သူ ဘာလို့ အလုပ်အသည်းအသန် ရှာတာလဲ မင်းတို့သိလား"

သူက မေးခွန်းထုတ်လိုက်ရင် အားလုံးက တညီတညွတ်တည်း ခေါင်းခါပြလေသည်။ မိုးထန်သည် ဘာကြောင့်ဆိုတဲ့ **reason** ကို ပြောပြလိုက်တော့သည်။

"သူ့ကောင်လေး စီးရီးထုတ်ပေးဖို့အတွက် သူ့လုပ်အားခက တစ်စုံတစ်ရာသော ပါရမီဖြည့်မှု ဖြစ်ချင်လို့တဲ့။ အဲဒီကတည်းက သူ့ကောင်လေးအပေါ်ထားတဲ့ သဘောထားအတိမ်အနက်ကို မှန်းကြည့်လိုက်လို့ရတယ်"

"ဟား ... လုံးဝ အချစ်ကြီးသူချည်းပါလားကွ။ အဲဒီတော့ မင်း နောက်ဆုတ်ပေးလိုက်ရပြီပေါ့"

"အင်း ... အဲဒီလိုတော့ မဟုတ်ပါဘူးကွာ။ ငါ သူ့ကို တကယ်ငြိသွားတာကွ။ သူ့မှာ ဘဲရှိရှိ မရှိရှိ ငါ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



က ချစ်နေတာပဲ။ အဲဒီတော့ကွာ ငါချစ်နေတဲ့ ကောင်မလေး ငါ့ကိုချစ်ဖို့ မချစ်ဖို့ထက် ငါ့အနားမှာ သူရှိနေတယ်ဆိုတဲ့စိတ်နဲ့ နေလို့ရပါတယ်။ နူးညံ့တဲ့ချစ်ခြင်းတရားနဲ့ ချစ်မယ့်သဘောပဲကွာ”

မိုးထန်က သူ့ဗီလင့်တွေ အန်ချလိုက်လျှင် အားလုံးက ငြိမ်လို့တော့ သွားလေသည်။ သူက အဲဒီလို သနားစရာကောင်းတဲ့ အကြည့်တွေကို မလိုချင်တာမို့ အာရုံလွှဲပေးလိုက်ရသည်။

“ကဲပါ ... ကဲပါ ... ဘာမှညစ်မနေကြပါနဲ့ ဘော်ဒါတို့ရာ။ ကဲ ... လာ ... ဟိုဘက်က မဒီလေးတွေ ကြည်စေအေးစေ ဖြစ်ဖို့ ဂစ်တာသံလေး ဒေါင်ဒင်ပေးလိုက်ကြစို့။ Ready 1 ... 2 ... ”

မိုးထန်က တက်ကြွသော mood အပြည့်သွင်း၍ တီးကွက်မှန်မှန်ဖြင့် ဂစ်တာသံစတီးလိုက်လျှင် အားလုံးကတက်ကြွလာကာ သံပြိုင်သီချင်းစပြီး အော်ဟစ်ကြတော့တာဖြစ်သည်။

♥ ❀ ♥





“မနေ့ညတုန်းက xxx ချစ်သူရတယ် xxx အိပ်မက်ထဲမှာ xxx သံသရာမှာ စိမ်းတဲ့သူလေး xxx အလန်းကွာတာမိန်းနဲ့ ယှူပြီးပြေး xxx ချစ်ကံဆိုးတာ xxx ငါ့ကို ထိုးတယ် ကြိုးဝိုင်းထဲမှာ xxx ဘယ်ညာလက်သီးချက်တွေထဲ xxx ဘယ်ရွာမှာ သူကြီးသမက် ဖြစ်မလဲတွေး”

ဆူညံပွက်လောရိုက်နေတဲ့ အသံဆိုးအသံကြောင်တွေကြောင့် အခန်းထဲမှာ စာရင်းထိုင်လုပ်နေတဲ့ တီချစ်တအခန်းထဲက ထွက်လာကာ ဘယ်သူတွေလဲကြည့်ဖို့ ဝရန်တာထွက်လာလျှင် သူ့ထက်အရင်ဆောစီးစွာ ဝရန်တာမှာ နေရာယူထားကြသူတွေကတော့ အိမ်က နန့်နန့်ထိုးနေကြတဲ့ အပျိုမတွေပဲဖြစ်လေသည်။ ဒီလောက် စည်းကမ်းတွေ ထုတ်ထားတဲ့ကြားကြည့်စမ်း ... ရှုပ်ပိုးတိုးနေကြတာ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … မေပျို၊ အိချို၊ ခွန်းဂျာတို့ အဲဒီမှာ နင်တို့ဘာလုပ်နေကြတာလဲ"

ခွန်းဂျာတို့က တီချစ်ရဲ့အသံဝါကြီးကြောင့် လန့်ဖျပ်ကာ တီချစ်ကို လှည့်ကြည့်ပြီး ဟဲခနဲ ပြုံးပြလိုက်တော့သည်။ တီချစ်က မျက်စောင်းထိုးကြည့်ရင်းက ဝရန်တာကနေ အသံကုန်ဟစ်နေကြသော ဟိုဘက်ခြံက ဘဲတွေကို ရှိုးလိုက်ရင်းက …

"ကြည့်စမ်း … ရိုင်းစိုင်းလိုက်တာ။ ညအချိန်မတော်အသံသေး အသံညှောင်နဲ့ သီချင်းအော်ဆိုနေတယ်။ ဒါ ငါတို့ကို စော်ကားနေတာ။ မေပျို … နင်ကကော ဘာကိစ္စဒီမှာထွက်ရပ်ပြီး အထာပေးနေတာလဲ"

"ဟာ … မကြီးကလည်း၊ မေပျိုက ဘယ်သူတွေများ ဆိုနေတာလဲလို့ကြည့်တာ"

"တောက် … သေတော့မယ်။ သွား … အကုန် အိမ်ထဲပြန်ဝင်စမ်း"

"ဟုတ်ကဲ့"

ခွန်းဂျာတို့ အားလုံးက ခပ်တုပ်တုပ်ဖြင့် အိမ်ထဲပြန်ဝင်သွားတာတောင် ဟိုဘက်က သကောင့်သားတွေက သီချင်း





သံမတိတ်သေးကြတာမို့ တီချစ်က ဒေါသူပုန်တွေ ထလာကာ တောက်ခတ်ခတ်ဖြင့် …

"ဒါ ငါတို့ကို သက်သက်မဲ့ ရန်စနေတာ။ တောက် … တွေ့မယ် သင်းတို့"

"ဟယ် … မကြီး။ မကြီး … ခွန်းဂျာ၊ အိချို လုပ်ကြဦးလေ … မကြီး သွားပြီ"

ခွန်းဂျာတို့က အသည်းအသန် ခဲမှန်ဖြင့် တီချစ်နောက်ကို အပြေးလိုက်ပြီး အမီတားသော်လည်း မမီတော့ဘဲ တီချစ်က ဟိုဘက်ခြံကို ရောက်သွားပြီး ပွဲဝင်ကြမ်းနေပြီဖြစ်လေသည်။

"ဟဲ့ … တိတ်ကြစမ်း။ ရိုင်းစိုင်းလိုက်ကြတာ။ နင်တို့တွေ လူမှုရေးနားမလည်ကြဘူးလား … ဟင်"

"တီချစ် … တီချစ်"

ခွန်းဂျာက တီချစ်ရဲ့လက်မောင်းကို ဆွဲကိုင်ရင်း လှမ်းတားသော်လည်း တီချစ်က အရေးတောင်မစိုက်ချေ။

"ဟို … ကျွန်တော်တို့က သီချင်းပဲ ဆိုနေကြတာပါ အန်တီချစ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးထန်က ထိုင်ရာမှထကာ တီချစ်ကို ပြောလိုက်လျှင် တီချစ်က ငြိမ်သွားကာ မိုးထန်ကို သေချာစိုက်ကြည့်လေသည်။ အစကတော့ ခွန်းဂျာလည်း တီချစ် ဘာလို့ငြိမ်သွားတာလဲဆိုတာ သဘောပေါက်ပြီး ဟာခနဲ အာမေဍိတ်သံ မပြုမိခင်မှာ ဆွေ့ဆွေ့ခုန်နေသော တီချစ်က ပိုသောင်းကျန်းပြလေတော့သည်။

"မင်း ... မင်း ... ကလိန်ကကျစ်၊ နင်က ဒီအဆောင်ကကိုး။ ခွန်းဂျာကို တားနဲ့နင်တို့က်တာ ဟိုလူမြှောက်ပေးတာလား ပြောစမ်း"

"ခင်ဗျာ ... မဟုတ်ရပါဘူး အန် ... အန်တီချစ်ရယ်။ သားသားက စောနကမှ ပြောင်းလာတာ"

"တိတ်စမ်း ... နင် တော်တော်ကူလီကူမာ ပြောတာပဲ။ ဒီအဆောင်မှာနေတာကို မနေဘူး လိမ်တယ်။ သီချင်းဆိုတာကို အခုချက်ချင်းရပ်။ မရပ်ရင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနဲ့တိုင်မယ်"

"ဟော့ ... ဇာတိတ်လိုက်စမ်း။ ငါ့ခြံထဲမှာ ဆူညံ ဆူညံနဲ့ဘာဖြစ်နေတာလဲကွ"

ဟား ... သေတော့မှာပဲကွာ။ ပွဲက ပိုပြီးဆူပြီဆိုတာ ခွန်းဂျာ သဘောပေါက်လေပြီ။ ဦးမောင်က ထုံးစံအတိုင်း အာကျယ်အာကျယ်နဲ့ ခြံထဲဆင်းလာတာမို့ ကျိုင်က မိုတက်ပြီဖြစ်လေသည်။





"သြော် ... ဟော ... ဘယ်သူများလဲ မှတ်တယ်။ ဒီအထိတကူးတက ဘာတွေလာပြောနေတာလဲ ဒေါ်ချစ်ချစ်ခင်ရဲ့"

"ဒီမှာ ... ဒီမှာ ... ရှင် လူကြီးစကားပြောပါ ဦးမောင်မောင်ထူး။ ရှင့်အဆောင်က ဟာတွေက ဗရုတ်ကျပြီး ကျွန်မတို့ အဆောင်သူတွေကို စောင်းမြောင်းပြီး သီချင်းဆိုနေတာကို လာပြောတာ"

"မင်းအဆောင်သူတွေကို ငါ့ကောင်တွေက သီချင်းစောင်းဆိုတယ် ဟုတ်လား။ စဉ်းစဉ်းစားစားလည်း ပြောပါဦးကွာ။ ငါ့ကောင်တွေက သူ့ဘာသာသူ အေးအေးလူလူခြံထဲမှာ သီချင်းဆိုနေတာ။ မင်းတို့ကို စောင်းတယ်လို့ ပြောရတယ်ဆိုတော့ မင်းတို့က ငါတို့ကို ဂရုတစိုက်နဲ့စောင့်ကြည့်နေတယ် ထင်တယ်"

"ဘာပြောတယ်"

"ကဲ ... ကဲ ... တော်ကြပါတော့ခင်ဗျာ။ ကျွန်တော် ကြားထဲက တောင်းပန်ပါတယ်။ ဟို ... ကျွန်တော်တို့သီချင်းဆိုတာ ဒီတိုင်းပဲ ဆိုလိုက်တာပါဗျာ။ တခြား ဘာသဘောနဲ့မှ မဟုတ်ပါဘူး။ အဆောင်သူတွေကို စောင်းဆိုတာလည်း မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် တီချစ်ရယ်။ လာပါ ... သွားရအောင်နော်"

ခွန်းဂျာနဲ့ မအိချိုက တီချစ်ကို ပြန်ဖို့အတွင်းဆွဲခေါ်သော်လည်း တီချစ်က လုံးဝမပြန်သေးဘဲ ဒေါသူပုန်တွေထကာ ပွဲကြမ်းတော့တာဖြစ်သည်။

"ဒီမှာ ... ဦးမောင်ထူး၊ ရှင် လူ့ပတ်ဝန်းကျင်မှာနေရင် လူလိုနေပါ။ ရှင့်လူတွေကို သီချင်းလည်း မဆိုခိုင်းနဲ့။ ဘာသံမှ မကြားချင်ဘူး"

"ဟား ... ဒါ ငါ့ခြံထဲမှာလေ။ ကြိုက်သလိုလုပ်လို့ရတယ်၊ ဟော ... မကြားချင်ရင် နားပိတ်ထားဟေ့"

"ဘာ ... ဘာ ... ဘာဖြစ်တယ်"

"ကဲ ... တောင်းပန်ပါတယ်။ တော်ကြပါတော့။ မိုးထန် ... ဦးမောင်ကို ခေါ်သွား။ လာ ... လာပါ ... တီချစ်ရယ်။ လာပါ"

"မကျေနပ်ဘူး။ ရှင်တို့ကို အုပ်ချုပ်ရေးမှူးနဲ့ကို သွားတိုင်မယ်"

ခွန်းဂျာတို့က ဖွတ်ဆွဲခေါ်လာတာတောင် အပြောက မလျှော့သေးဘဲ အော်နေသေးသည်။ ဦးမောင်နဲ့ တီချစ်က





တွေ့လိုက်တာနှင့် ရန်ပွဲပဲမို့ ထုတ်နိုင်သမျှ မျက်နှာချင်းမဆိုင်အောင်နေတာဖြစ်သည်။

"ခွန်းဂျာ ... မေမျို ... အားလုံးပဲ ... ညည်တို့ကြပ်ကြပ်သတိထားကြ။ ငါ ဒီလူတွေနဲ့ မပတ်သက်ပါနဲ့လို့ ဒီလောက်ပြောထားတာကို နန့်နန့်ထိုးနေကြတာ။ အဲဒီဟာတွေနဲ့ နောက်တစ်ခါ ရှုပ်ရှုပ်ယှက်ယှက် အသံကြားလို့ကတော့ အားလုံး အိမ်ကဆင်းရမယ်မှတ်။ ပြီးတော့ ဝရန်တာကို မလိုအပ်ဘဲ ထွက်စရာ မလိုဘူး ကြားလား"

"ဟုတ်ကဲ့"

တီချစ်တစ်ယောက် ဒေါသတွေ ထွက်နေတာမို့ အားလုံးက တစ်ယောက်မှ အထွန့်မတက်ရဲဘဲ ငြိမ်ဝပ်နေကြကာ ဘာပြောပြော ဟုတ်ကဲ့ လုပ်နေရတာဖြစ်သည်။ ဟိုဘက်ခြံက မိုးထန်နဲ့ ခွန်းဂျာသာ လုပ်ငန်းတူတွဲလုပ်နေတယ်ဆိုတာ တီချစ်သာသိသွားရင် ဘယ်လောက်တောင် ဝုန်းဒိုင်းကြဲမလဲ တွေးမိကာ သက်ပြင်းတစ်ခုကို မသိမသာ ခိုးချရတော့သည်။

♥ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၇

မိုးထန်သည် နားထဲကို နားကြပ်တစ်ဖက်ထိုးတပ် ၍ လက်တစ်ဖက်က ဗေ့ရှုစာအုပ်ကိုင်ကာ လမ်းလျှောက်ရင်း ဖတ်လာသလို ကျန်တစ်ဖက်ကလည်း ငှက်ပျောသီးကိုင်ပြီး ပါး ထဲထည့်စားနေတာဖြစ်သည်။ သူက ညကဖတ်တဲ့ဝတ္ထုမပြီးသေး လို့ ဆက်ဖတ်နေရင်းမှ စားနေတဲ့ငှက်ပျောသီးက ကုန်ပြီဖြစ်၍ ငှက်ပျောခွံကို နောက်သို့ ဗိုးခနဲပစ်လိုက်တော့သည်။

"အမယ်လေး ... သေပါပြီ ... သေပါပြီ။ ဟဲ့ ... အကောင်"

နားထဲကို ဖြတ်စီးလာတဲ့ အသံ tone ကြော သူက နောက်သို့လှည့်ကြည့်မိလိုက်လျှင် လမ်းပေါ်မှာ ဖင်ထိုင်



ရက် လဲနေသော အမျိုးသမီးကို တွေ့ရလေသည်။ သူက ဘယ်သူ ပါလိမ့်ဆိုပြီး ခါးနည်းနည်းကုန်းကာ အာရုံစိုက်ကြည့်မှ လဲနေ သော အမျိုးသမီးက အန်တီချစ် ဖြစ်နေမှန်းသိလျှင် အသည်း အသန်ပြေး၍ တွဲထူရလေသည်။

"ဟာ ... အန်တီချစ်၊ ဘယ်လိုဖြစ်တာလဲဗျာ၊ လာ ... ထ ... ထ"

"ဟင် ... ဩော် ... နင်ကိုး။ နင်က ငါ့ကို ဘာဖြစ်တာလဲ ဟုတ်လား။ ဟိုမှာကြည့်စမ်း။ အဲဒီငှက်ပျောခွံက ဘယ်သူ လက်ကမြင်းပြီး ပစ်တာလဲ ... ဟမ်"

ဟိုက် ... တော့ပြီ ဆရာပဲ။ မိုးထန်က ရှေ့မှာရှိနေ တဲ့ ငှက်ပျောခွံကို လှမ်းကြည့်ရင်းက တံတွေးတစ်ချက်မျိုမိသွား သည်။ ဟား ... ပြဿနာကတော့ အလုံးလိုက် အခဲလိုက်ကို င်လာတာပဲဟေ့။ မိုးထန်က မျက်နှာကို ကမ္ဘာ့သနားစရာ အကောင်းဆုံးဟန်ကို mood သွင်းယူကာ ညောင်နာနာလေသံ နင်း၍ ...

"အန်တီချစ်ရယ် ... သားသား တောင်းပန်ပါတယ်။ ဟို... သားသားကလေ ..."

www.burmeseclassic.com



"တိတ်စမ်း ... ထို ... ဝေါ် ... ရွံစရာကောင်းလိုက်တာ ဘာသားသားလဲ။ အား ... နင် ... နင်နော်။ နင့်ငှက်ပျော ကြောင့် ငါ့ခါး တော်တော်နာသွားပြီဟဲ့ ... အမယ်လေး"

"ဟာ ... အန်တီချစ် ... အန်တီချစ် ... ဖြည်းဖြည်း ... ကျွန်တော်တွဲပေးမယ် ဖြည်းဖြည်းထ"

သူက အန်တီချစ်ကို ဖေးမပွေ့တွဲ၍ ဆွဲထူပေးချိ မှာ သူဟာ လက်တစ်ဖက်ရဲ့ ဆွဲဆောင့်တွန်းခြင်းကို ခံလိုက် ကာ ဘယ်သူလဲ ကြည့်လိုက်စဉ်မှာ သူ့ကိုယ်က နောက်ကိုတ ချက် လန်သွားလေသည်။

"ခွေးမသား ... မင်းကများ ငါ့မိန်းမကို"

"ဟဲ့ ... ကိုမောင်ထူး ... ရှင် ဒါဘာလုပ်တာလဲ"

"ဟ ... ဘာလုပ်ရမှာလဲ။ ဒီကောင်က မင်းကို ဖက်နေ တယ်လေ။ အဲဒါကို ငါက လက်ပိုက်ပြီး ကြည့်နေရမှာ လား။ ဘာလဲ ... မင်းကကော အဲဒါကို သိပ်သာယာနေတာ ပေါ့ ... ဟုတ်လား ချစ်ချစ်ခင်"

"ဘာ ... ဘာပြောတယ်။ ရှင် လူစကားပြော ကိုမောင်ထူး။ ကျွန်မဘာသာ ဘာဖြစ်ဖြစ် ရှင်နဲ့ ဘာဆိုင်သလဲ"



သူတို့လင်မယားနှစ်ယောက်ရဲ့ပွဲက ကြမ်းလာတာ နဲ့ မိုးထန်က နှစ်ယောက်ကြားကို အသည်းအသန်ဝင်ကာ ဖျန်ဖြေ နေတော့သည်။

"ကဲ ... ကဲ ... တော်ကြပါတော့ဗျာ။ ဦးမောင် ... ဘာ တွေလျှောက်ပြောနေတာလဲဗျာ။ အန်တီချစ်က ကျွန်တော် မဆင်မခြင် ပစ်မိတဲ့ ငှက်ပျောခွံကို တက်နင်းမိပြီး ချော် လဲသွားလို့ ခါးနာသွားတာ။ အဲဒါကို ကျွန်တော်ကတွဲပြီး ထူပေးတာ။ ဘာတွေမှန်းကို မသိဘူး။ တော်ပြီဗျာ ... ဦးမောင် မယောသီကို ကိုယ့်ဘာသာပဲ အိမ်တိုင်ရာရောက် ပြန်ပို့ပေးလိုက်တော့။ ကျွန်တော် စိတ်ချလက်ချ ထားခဲ့ ပြီ။ သွားမယ်"

"ဟာ ... ဟာ ... ဟော့ကောင် ... မိုးထန် ... ဟော့ကောင်"

မိုးထန်က.လင်မယားနှစ်ယောက်ကို ပြန်ပေါင်းထုပ် လိုထုပ်ပြား စေတနာဗရပွဖြင့် ဒီအတိုင်းကြီး ပြေးထွက်ကာ လစ် ခဲ့တာဖြစ်သည်။ ပြောရရင် သူ ဒီနေ့ အပြင်သွားတာ ကားမယူ သွားဘူးဆိုတာ အကြောင်းရှိလို့ ဖြစ်၏။ Ice cream ဆိုင်လေး ဖွင့်ဖို့ ဆိုင်နေရာငှားဖို့ တစ်နစ်စာ စာချုပ်ချုပ်ဖို့ ပိုက်ဆံလိုပေ သည်။ လိုတဲ့ပိုက်ဆံကို အဖေ့ဆီ တဂျီဂျီ ဖုန်းဆက်တောင်းလည်း

www.burmeseclassic.com



အဖေက သူ့ကို မယုံလို့လားတော့မသိ။ တစ်ပြားမှ မပေးဘူး ဆိုတဲ့ စကားကိုသာ တွင်တွင်သုံး၍ လုံးဝကို ငွေထုတ်မပေးချေ။

ငွေလိုရင် အတိုးသာ မှန်ပါစေ ချေးမယ်ဆိုတဲ့ ဦးမောင်ကလည်း ဟိုနေ့က ဖြစ်ခဲ့တဲ့ အန်တီချစ်အဆောင်ကို သီချင်းစောင်းဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သူ့ကို မကြည်ဖြစ်ကာ လုံးဝမချေးပေ။ အခု ဒီငှက်ပျောခွံပြဿနာပါ ဖြစ်ပြီဆိုတော့ ဦးမောင်ဆီကတော့ ဘာမှမှန်းမရတော့တာ သေချာချေပြီ။ သူက အဲဒါကြောင့် ဆိုင်စာချုပ်ချုပ်ဖို့ အတွက် သင်တန်းက ဘော်ဒါ တစ်ယောက်ဆီမှာ အကူအညီတောင်းကြည့်မှာဖြစ်သည်။ သူ အဲဒီ ချိန်းထားတဲ့ဆိုင်ရောက်တော့ သူ့ဘော်ဒါ ကျော်ကြီးက ရောက် နှင့်နေပြီဖြစ်သည်။

"ဆောရီး ... ကျော်ကြီးရာ။ ငါ နည်းနည်းနောက်ကျသွား တယ်"

"အေးဆေးပါကွာ။ မင်းကလည်း ... ကဲ ... ဟောကောင် ဘာမှာမလဲ"

သူက waiter ကို coke တစ်ဘူး မှာပြီးနောက်မှာ စကားပြောဖို့ အသင့်ပြင်ထားလိုက်တော့သည်။





"သားကြီး ... ဘယ်လိုလဲ။ ငါပြောတာလေး အဆင်ပြေရဲ့ လား"

"အင်း ... ဘယ်လိုပြောရမလဲကွာ။ ငါ့ဆီမှာတော့ အသေး သုံးဖို့လောက်ပဲ အသိရှိတာကွ။ မင်းက သုံးဆယ်လောက် လိုတယ်ဆိုတော့ ငါ ဘယ်သူ့ကို မေးရမလဲ စဉ်းစားနေတာ ကွ။ ဘလိုင်းအလွတ်ကျတော့ တော်ရုံက မပေးချင်ကြဘူး လေ"

"ကျော်ကြီး ... အဲဒါဆို ငါ့ကားလိုင်စင်ကို ခဏကင်မယ် လေ။ အဲဒါဆို ဖြစ်လား"

"ကား ... မင်း စီးနေတဲ့ ကားလား"

"ဟုတ်တယ် ... သိပ်မကြာဘူးကွာ။ ငါ ခဏပဲသုံးမှာ။ အဲဒါဆို ဖြစ်မလား"

သူက သတ္တိရှိရှိ ဆုံးဖြတ်ချက် ချလိုက်လျှင် ကျော်ကြီးက တစ်ချက်တော့ စဉ်းစားလိုက်ပြီးမှ ခေါင်းတစ်ချက် ညိတ်ပြသည်။

"အေးလေ ... မင်း ဒီလောက် အခက်အခဲ ဖြစ်နေတော့ လည်း ငါ ကူညီပေးရမှာပေါ့။ ငါ ဖုန်းဆက်ပေးမယ်၊ မမဉ္စူကတော့ အဆင်ပြေမှာပါ။ ခဏလေး ဟောကောင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးက သူ့ဖုန်းကိုထုတ်ကာ နံပါတ်တစ်ခုကို နှိပ်ခေါ်လိုက်လေသည်။

"ဟယ်လို ... ဟုတ်ကဲ့ ... မမဋ္ဌူနဲ့ ပြောချင်လို့ပါခင်ဗျ"

"........."

"သြော် ... လင်းပိုင်လား။ အေး ... ငါ ကျော်သူရပါ။ မမဋ္ဌူနဲ့ ပြောချင်လို့"

"........."

"ကျွစ် ... ငါ အရေးတကြီးကိစ္စ ပြောစရာရှိနေလို့ပါကွာ။ အစ်မကိုသာ ဖုန်းပေးလိုက်ပါ"

စကားပြောသံတွေထဲမှာ ကျော်ကြီးလေသံက နည်းနည်းမာလာတာမို့ သူက အခြေအနေကို အကဲခတ်ကြည့်မိသွားသည်။ ကျော်ကြီး ကြည့်ရတာ တော်တော် စိတ်ရှည်သေးနေရသည့် အနေအထားမှာ ရှိလေသည်။ သူက အဆင်ပြေရဲ့လားဆိုတဲ့ သဘောဖြင့် မေးဆတ်ပြလိုက်လျှင် ကျော်ကြီးက သူ့ကို လက်အသာကာပြ၍ ဆက်ပြောလေသည်။

"ဟား ... အချိန်မရှိဘူး။ လင်းပိုင် ... မင်း မရစ်စမ်းပါနဲ့ကွာ။ ငါ မမဋ္ဌူကို ပြောစရာရှိလို့ကွ။ သူ့ကို ဖုန်းပေးလိုက်စမ်းပါ"





"........."

"ကျော်ကြီး ... ဘာလဲ ... အဆင်မပြေဘူးလားဟင်"

သူက အရမ်းကို သိချင်နေပြီ ဖြစ်တာမို့ အသံထွက်မေးလိုက်လျှင် ကျော်ကြီးက သူ့ကို လက်ဟန်ဖြင့် အေးဆေးထိုင်နေဆိုတဲ့ ပုံစံသာ လုပ်ပြပြီးတော့မှ ဖုန်းဆက်ပြောလေသည်။

"အင်း ... ဟုတ်တယ်ကွာ။ မင်း အစ်မကိုသာ ဖုန်းပေးလိုက်"

"........."

"ဟယ်လို ... အစ်မလား။ ကျွန်တော် ကျော်သူရပါ အစ်မ၊ ဟိုဟာလေ ... အစ်မကို အလုပ်ကိစ္စလေးပြောစရာရှိလို့ ကျွန်တော် အစ်မဆီ အခုလာလို့ ရမလားဟင်"

"........."

"ဟို ... အစ်မဆီမှာ လိုင်စင်ခဏထားချင်လို့"

"........."

"ဟုတ် ... ဟုတ်ကဲ့။ အဲဒါဆို ညနေဘက် အစ်မဆိုင်ကို လာခဲ့လိုက်မယ်နော်။ ဟုတ် ... ကျေးဇူးပါပဲ အစ်မ၊ ကျွန်တော်တို့ လေးနာရီလောက် အရောက်လာခဲ့ပါမယ်ဗျ။ ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြီးက ဖုန်းပြောပြီးသွားသောအခါ သူ့ကို လက်မတစ်ချက် ထောင်ပြကာ ...

"အဆင်ပြေနိုင်တယ် သားကြီး။ ညနေကျရင် လေးနာရီ လောက် မင်းနဲ့ငါ သွားမယ်လေ။ ကားယူလာခဲ့လိုက်နော် ဟော့ကောင်။ မင်း အဆင်ပြေမှာပါ"

ကျော်ကြီး အဲဒီလိုပြောမှပဲ သူက ရင်ထဲက အပူ လုံးကြီးက ဟူးခနဲ ကျသွားတော့သည်။

"ဟူး ... တော်ပါသေးရဲ့။ ငါက မင်း ခုနပြောတာကိုကြည့် ပြီး အဆင်မပြေတော့ဘူး ထင်နေတာ"

"ခုနက ပြောတာက အဲဒီသူဌေးမရဲ့ ချစ်မောင်လေးလေ။ ဒီကောင်က အဲလိုပဲ အရစ်ဇယားကွ။ ငါတော့ ကြည့်မရ ပါဘူး"

"ချစ်မောင်လေး ... ဘာလဲ ... မောင်လေးကို ပြောတာ လား"

"ဟား ဟား ... မင်းကလည်း တုံးလိုက်တာကွာ။ ချစ် မောင်လေး ဆိုမှတော့ ချစ်တဲ့မောင်လေးပေါ့ကွ"





ဒီတော့မှ သူက ဘာကိုဆိုလိုတယ်မှန်း သဘော ပေါက်ကာ တစ်ချက်ပြုံးလိုက်ရင်း ...

"မသိပါဘူးကွာ။ ငါက ရိုးရိုးမောင်လေး ထင်နေတာ"

"အထာလေးတွေ ရှိတယ် သားကြီးရ။ လောကမှာ လူ အမျိုးမျိုး စိတ်အထွေထွေ ရှိတယ်လေကွာ။ ဟား ဟား ... ငါကတော့ အဲဒါမျိုးတွေ အထင်ကိုမကြီးဘူး။ ကဲ ... အဲဒါ ဆို ငါတို့ လေးနာရီဆုံမယ်လေ။ ငါ ဟိုဘက်သင်တန်း မှာ ရှိနေမယ်"

"အိုခေ ... မင်း အဲဒီမှာပဲစောင့်နေ။ ငါလာခေါ်လိုက်မယ် လေ။ ပြီးတော့မှ သွားတာပေါ့"

"အေး ... အဲဒါ ကောင်းတယ်။ ပြီးရော ငါစောင့်နေလိုက် မယ်"

"ဟုတ်ပြီ ... ကျော်ကြီး၊ ကျေးဇူးအများကြီး တင်တယ် ကွာ။ ငါ လစ်လိုက်ဦးမယ်"

"Ok ... ဟော့ကောင်"

မိုးထန်က ကျော်ကြီးကို နှုတ်ဆက်ကာ ပြန်ထွက် လာခဲ့တော့သည်။ ဘာပဲဖြစ်ဖြစ် အားလုံး အဆင်ပြေသွားပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခွန်းဂျာ သဘောကျနေတဲ့ ဆိုင်နေရာလေးကို မနက်ဖြန်မှာ စာချုပ်ချုပ်မယ်။ မကြာတော့မယ့် အချိန်ကာလတစ်ခုမှာ Ice ceram သီးသန့်ရောင်းတဲ့ ဆိုင်လေးတစ်ဆိုင် ဖွင့်တော့မယ်။

အဲဒီစိတ်ကူးလေးနဲ့အတူ သူဟာ အရာရာကို ရင်ဆိုင်စွန့်စားရဲတဲ့ သတ္တိတွေ အပြည့်ရှိသွားလေတော့သည်။

♥ ♥

ပေးချင်တဲ့ အကြံပြုစာ၊ စိတ်ဆတ်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(ဗြေညီ)၊ ဓမ္မဝိန္ဒာလမ်း၊ တောင်ကြောင်း တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**





"မရှိလို့ချေးတာကတော့ ဟုတ်တယ်နော်။ အေး ... ချေးပြီးရင်လည်း အတိုးတော့ မှန်ပါစေ။ ယူတော့ယူပြီး တောင်းရတော့ မခက်စေနဲ့"

တောက် ... ကွာ။

မိုးထန်သည် စိတ်ဒေါသကို အတင်းကို ဖိနှိပ်ချိုးနှိမ်ထားရတာ ဖြစ်သည်။ ပိုက်ဆံကလည်း သူတို့လက်ထဲကို ရောက်နေပြီဖြစ်သည်။ ငွေရှင်အစ်မက အေးဆေးဖြစ်သလောက် ဘေးက ကပ်ပါးကောင် အမှုန်အမွှားက လာပြီးဟောက်စားလုပ်နေတာကို ခံရတာလောက် ဒေါသဖြစ်စရာကောင်းတာ မရှိပါ။ ဒါပေမဲ့ လောလောဆယ်မှာ သူက ငွေလိုနေတဲ့သူမို့ သည်းညည်းခံလိုက်ပေမယ့် စိတ်က မထိန်းနိုင်တာမို့ တစ်ခွန်းတော့ ပြောဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဒီငွေကို နှစ်လအတွင်း ပြန်ပေးမှာပါ။ ကျွန်တော်တို့ဘက်ကလည်း တန်ဖိုးကြီးပစ္စည်းကိုပေးထားတာပဲ၊ ဒီငွေလောက်နဲ့တော့ ဘယ်သူမှ အဆုံးမခံဘူး"

"ဟ ... မင်းက စကားပြောတာ အကြောကြီးနဲ့ပါလား"

"အဲဒီတော့ မင်းက ဘာလုပ်ချင်လို့လဲ"

"ကဲ ... တော်ပြီ၊ လင်း ... တော်တော့၊ ဒီဘက်က ကျော်သူရကိုကော၊ မောင်လေးကိုကော ဆောရီးပါ။ ကဲ ... ကဲ ... မင်းတို့ကိစ္စလည်း ပြီးပြီဆိုတော့ ပြန်လို့ရပါပြီ"

"ဟုတ်ကဲ့ ... အစ်မ။ အဲဒါဆို ကျွန်တော် သွားတော့မယ်"

ကျော်ကြီးက ကိစ္စကို မြန်မြန်ဖြတ်ကာ သူ့ကို အတင်းဆွဲခေါ်လာတာမို့ သူက ယက်ကန် ယက်ကန် ပါလာပေမယ့် ဒေါသကတော့ အရှိန်အကင်းမသေသေးပေ။

"တောက် ... ရိုင်းလိုက်တဲ့ကောင်ကွာ"

"အေးကွာ ... ငါလည်း တော်တော်သည်းညည်းခံနေရတာ။ ဒီကောင်က တော်တော်လေကျယ်နေတာကွ"

"တောက် ... ဒီကောင်က ဘာလဲကွာ"



"အဲဒီဆိုင်က အလုပ်လုပ်တဲ့ကောင်ပါကွာ။ မမချိုနဲ့ ဘာညာသာရကာတွေပေါ့။ ဒါကြောင့် နေရာတကာဝင်ပါနေတာ။ စာရင်းမရှိပါဘူးကွာ"

"တောက် ... ချေးထုပ်ပိုင်းလုံးနဲ့ လာတွေ့နေတယ်။ ရှစ်တ် ... လာကွာ ... သွားမယ်"

မိုးထန်က ဒေါကန်ကန်နဲ့ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ ထွက်လာခဲ့တော့သည်။ ဒီနေ့မှာ သူသိလာတဲ့ အသိတရားတစ်ခုက လူတွေဆိုတာ တကယ့်ကို စရိုက်ဗီဇတစ်မျိုးဆီရှိတယ် ဆိုတာပဲဖြစ်သည်။

♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာသည် ဆိုင်ခန်းအငှားစာချုပ် ချုပ်ပြီးသွားသဖြင့် ပိုင်ဆိုင်ခွင့်ရသွားသော ဒီဆိုင်လေးကိုကြည့်ကာ သဘောတွေ အကျကြီးကျနေမိသည်။ ဟား ... အရမ်းကိုလှပြီး ချစ်စရာကောင်းလိုက်တာ။

"ဘယ်လိုလဲ ... ခွန်းဂျာ၊ သဘောကျရဲ့လား"

"သဘောကျသမှ သိပ်ကျပေါ့ ဘောစိရဲ့။ ကြည့်စမ်းပါဦး... ဆိုင်လေးက ချစ်စရာ အရမ်းကောင်းတာပဲ"

"အင်း ... လာပြန်ပြီ ဘောစိ။ ဘာဘောစိလဲကွာ၊ ခွန်းဂျာနဲ့ ကိုယ်က လုပ်ငန်းပါတနာတွေဟာ"

"အဟက်ဟက် ... မဟုတ်ဘူးလေ။ ခွန်းဂျာက ရှယ်ယာ ပိစိလေးပဲဝင်တာ။ ဟော ... ပြီးတော့ မိုးထက်ဆီက လခ



ကလည်း ယူသေးတယ်။ ဒီတော့ ခွန်းဂျာရဲ့အလုပ်ရှင် သူဌေးမိုးထက်ကို respect နဲ့ ဘောစိလို့ ခေါ်တာပါကွယ်"

"ဟင်း ... ခေါ်ပုံကြီးကလည်း နောက်နေသလိုလို၊ ရွဲ့နေသလိုလိုနဲ့ကွာ။ ကဲ ... ဆိုင်ကတော့ ငှားပြီးပြီ ဆိုတော့။ အခန်းသန့်ရှင်းရေး၊ decoration ၊ ဟော ... ပြီးတော့ အရေးကြီးဆုံးက Ice cream decorator တစ်ယောက် ငှားရဦးမယ်။ ကိုယ်တို့လုပ်ငန်းက စပြီးအကောင်အထည်ပေါ်ပြီဆိုတော့ သေချာလုပ်မှ ဖြစ်တော့မယ် ခွန်းဂျာရေ"

ခွန်းဂျာက ဆိုင်ကို တစ်ပတ်လှည့်လည် ကြည့်ရှုပြီးတော့မှ အပိုထွက်ငွေတွေ ကုန်မှာစိုးလို့ ကိုယ့်အားကိုယ်ကိုးဖို့ပဲ ဆုံးဖြတ်လိုက်တော့သည်။

"မိုးထက်ကလည်း အလုပ်သမား ဘာလို့ခေါ်မှာလဲ။ သန့်ရှင်းရေးကတော့ ကိုယ့်ဘာသာပဲ လုပ်လိုက်ကြမယ်လေ။ ဆိုင်အားလုံး ပြင်ပြီးပြီဆိုမှ designer ခေါ်လိုက်တာပေါ့။ မကောင်းဘူးလား"

"ဟား ... ကောင်းတာက ကောင်းပါတယ်။ ဒါပေမဲ့ ခွန်ဂျာ ပင်ပန်းမှာစိုးလို့ပါ။ ကိုယ်ကတော့ ပြဿနာမရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... နီးပလုံလုံပါ ဘောစိရယ်။ ခွန်းဂျာတို့က ဒီလောက်ကတော့ မိုင်နာပါ။ အိမ်မှာဆိုလည်း ခွန်းဂျာက လုပ်နေကြပါ။ ဘောစိသာ သန့်ရှင်းရေး လုပ်နိုင်ပါ့မလား စဉ်းစားရမှာ"

"အိုး ... ကိုယ်က ဘာလို့မလုပ်နိုင်ရမှာလဲ။ လုံးဝမိုင်နာပဲ ဒီလောက်ကတော့"

မိုးထန်က သူ့ကိုယ်သူ ဆရာကြီးစတိုင်လ်လုပ်ပြ နေလျှင် ခွန်းဂျာက မနေ့က သူပစ်လိုက်တဲ့ ငှက်ပျောခွံကို သွားသတိရမိသွားကာ ပြုံးလိုက်လျှင် မိုးထန်က မှန်ကုပ်ကုပ် မျက်နှာဖြင့် စိုက်ကြည့်ကာ မေးလေသည်။

"ဘာဖြစ်တာလဲ ခွန်းဂျာ"

"ဟက် ဟက် ... ဟုတ်ပါဘူး။ မနေ့က မိုးထန် ပစ်လိုက် တဲ့ ငှက်ပျောခွံဖူးစာကို သွားသတိရမိလို့ပါ"

"ငှက်ပျောခွံဖူးစာ ... ဟုတ်လား"

သူက တအံ့တသြ လေသံဖြင့် ခွန်းဂျာကို မေးလေ လျှင် ခွန်းဂျာက ချက်ချင်းမဖြေသေးဘဲ ရယ်နေပြီးတော့မှ —



"ဟုတ်တယ်လေ ဘောစိရဲ့။ ဘောစိ မနေ့ကပစ်တဲ့ငှက် ပျောခွံတက်နင်းမိပြီး တီချစ်ကလဲတော့ ခါးတော်တော်နာ သွားတယ်လေ။ အဲဒါ ဦးမောင်က အိမ်အထိ သေချာကို တွဲပြီး ပြန်ပို့ပေးတာ။ သူတို့ပုံစံကြည့်ရတာ အဆင်ပြေချင် ချင် ဖြစ်သွားသလိုပဲ။ ဦးမောင်ဆိုလည်း စိတ်ပူတာ ပျာ နေတာပဲ ... ဟိ ဟိ"

"ဟဲ ဟဲ ... ဒီလိုပဲ ဖြစ်ရမယ်လေ။ ကိုယ်က အန်တီချစ်နဲ့ ဦးမောင်ကို ပြန်အဆင်ပြေသွားစေချင်တာ။ အဟဲ ... အခု လို မတော်တဆ စည်းမရှိ ကမ်းမရှိ ငှက်ပျောခွံပစ်မှု ကြောင့် အဆင်ပြေလောက်တယ် ဆိုတော့ ဝမ်းသာစရာ ပေါ့။ ဒါနဲ့ ကိုယ် မသိလို့ မေးရဦးမယ်။ အန်တီချစ်နဲ့ ဦးမောင်က ဘယ်လိုဖြစ်ပြီး ကွဲတာလဲ။ ခွန်းဂျာ သိလား"

"အင်း ... သေချာတော့ မသိဘူး။ ဒါပေမဲ့ ဦးမောင်ကို အမျိုးသမီးတစ်ယောက်နဲ့ အထင်လွဲပြီး စကားများရန်ဖြစ် ရာက သည်းမခံတာနဲ့ ကွဲလိုက်ကြတယ်လို့ ကြားတာပဲ။ ဒါပေမဲ့ သူတို့တွေက သံယောဇဉ်မကုန်သေးဘူးဆိုတာ သိသာပါတယ် ဘောစိရယ်။ ခြံချင်းကပ်ရပ်နေနေကြတာ ကိုပဲ ကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း ခွန်းဂျာတင်မက ခွန်းဂျာတို့အဆောင်က အဆောင်သူတွေအားလုံးကလည်း တီချစ်နဲ့ ဦးမောင်ကိုပြန်ပေါင်းထုပ်စေချင်တဲ့ဆန္ဒ ရှိသည်။ အရင်ကဆို ဟိုဘက်ခြံနဲ့ ဒီထက်ခြံကလူတွေက လုံးဝမတည့်ပေမယ့် ခုတလောမှာတော့ အဆောင်သူတွေရဲ့သဘောထားက ပြေပြေလည်လည်ဖြစ်လာသလို ခွန်းဂျာနှင့် မိုးထန်က ကြားထဲက သံတမန်ဆက်ဆံရေးတွေရှိနေတာမို့ ပိုလို့တောင် အဆင်ချောနေတာဖြစ်သည်။

"ကိုယ်တို့အားလုံးလည်း သူတို့လင်မယားကို ပြန်အဆင်ပြေစေချင်တာပဲ။ ခက်နေတာက ကာယကံရှင်နှစ်ယောက်က ဒေါသကုမ္ပာရတွေ ဖြစ်နေတာ။ ဦးမောင်ဆိုလည်း စကားပြောရ ဆိုရတာက လက်ပေါက်ကပ်။ ပြီးတော့ မိန်းမတွေကို အသားကုန်မုန်းနေတာ။ ဘာပဲဖြစ်ဖြစ် အဆင်ပြေအောင်တော့ ကြိုးစားရမှာပဲ ... ဟဲ"

"အင်း"

ခွန်းဂျာက စကားဆက်ပြောဖို့ကို ဆက်မပြောဖြစ်တော့ပေ။ ခွန်းဂျာရဲ့ဖုန်းလေးက ထမြည်လာတာမို့ ခွန်းဂျာက စကားဆက်မပြောတော့ဘဲ Display က နံပါတ်ကိုကြည့်လိုက်



လျှင် ပိုင့်ဆီကဲ ဖြစ်နေတာမို့ မိုးထန်ကို တစ်ချက်ခွင့်တောင်းလိုက်ကာ ...

"မိုးထန် ... Excuse နော်။ ဖုန်းလေးတစ်ချက် သွားပြောလိုက်ဦးမယ်"

"အိုခေ ... အိုခေ"

ခွန်းဂျာက ခပ်သွက်သွက်ပင် ဖုန်းကိုင်ကာ အပြင်ကို ပြေးထွက်လာပြီးမှ ဖုန်းဖွင့်ထူးလေသည်။

"ဟယ်လို ... ပိုင်"

"ဖုန်းကိုင်တာ ကြာလိုက်တာကွာ။ ဘယ်ရောက်နေတာလဲ"

စိတ်ပူသလိုလို၊ ရန်တွေ့သလိုလို အပြောလေးက ခွန်းဂျာစိတ်ထဲမှာ အရမ်းကို ချစ်စနိုးဖြစ်ရလေသည်။ ပိုင်ဟာ အမြဲတမ်း ခွန်းဂျာအတွက် အသစ်တွေ ပေးနေတဲ့ ခံစားမှုလေးပဲဖြစ်သည်။

"ပိုင်ကလည်း ခွန်းဂျာ ပြောထားသားပဲ။ ဒီနေ့ ဆိုင်စာချုပ်ချုပ်ပါမယ်ဆို။ အဲဒါ အလုပ်လုပ်နေလို့ ဖုန်းကိုင်တာကြာသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အခုကော ဂျာ အလုပ်တွေပြီးပြီလား။ ကိုယ် စကားပြောလို့ ရမလား"

"အင်း ... ပြီးပြီ။ ပြောလေ ပိုင်ရဲ့။ ဘာပြောမလို့လဲ"

"ကိုယ် သန်ဘက်ခါ ချောင်းသာသွားရမယ်။ အဲဒါ ဂျာကို ပြောပြတာ"

"ဟင်"

ခွန်းဂျာ ရင်ထဲမှာ မောခနဲ ဖြစ်သွားရလေသည်။ ပိုင်တစ်ယောက်ဟာ အခုတလော ခွန်းဂျာနဲ့ သိပ်ပြီးတွေ့ဖြစ်တယ် ကို မရှိချေ။ တစ်နေ့ တစ်နေ့ အလုပ်တွေများတယ် အကြောင်း ပြချက်နဲ့ပဲ ဖုန်းပြော message ပို့လောက်သာ လုပ်နိုင်ခဲ့တာဖြစ် သည်။

"ပိုင်ရယ် ... ဘာဖြစ်လို့ သွားတာလဲ"

"ဩော် ... ကိုယ်တို့ Band ကို ချောင်းသာက ဟိုတယ် တစ်ခုက ငှားတယ်လေ။ အဲဒီမှာ ကိုယ်က သီချင်းလည်း ဆိုခွင့်ရမယ်။ ကိုယ့်အတွက် အခွင့်အရေးပဲ ဂျာရဲ့၊ သိပ် မကြာပါဘူးကွာ။ တစ်ပတ်လောက်ပါပဲ"

"ဟင် ... တစ်ပတ်တောင် ... ဟုတ်လား"





"အင်း ... ကိုယ်လည်း မသွားချင်ပါဘူး ဂျာရယ်။ ဒါပေမဲ့ ဒါဟာ အခွင့်အရေးကောင်းတစ်ခု ဖြစ်လာနိုင်တယ်လို့ ကိုယ် ယူဆလို့ပါ"

ပိုင့်ရဲ့အသံက အရမ်းကို သွားချင်နေတဲ့ တက်ကြွ ဟန်တွေပါနေတယ်ဆိုတာ ခွန်းဂျာ နားထောင်ကြည့်လိုက်တာနဲ့ သိပါသည်။ အေးပေါ့လေ ... ပွဲတစ်ခုမှာ သီချင်းဆိုခွင့်ရတယ် ဆိုတာ ပိုင့်အတွက် အခွင့်ကောင်းတစ်ခု ဖြစ်လာနိုင်တာပဲ။

"အင်းလေ ... ။ ပိုင့်အောင်မြင်မှုအတွက်ပဲဟာ။ ခွန်းဂျာ မတားပါဘူး။ အဲဒါဆို ပိုင်သွားဖို့အတွက် လိုအပ်တာလေး တွေ သွားဝယ်ကြမယ်လေ။ ပိုင် ညနေအားတယ်မဟုတ်လား"

"အင်း ... ညဘက်တော့ ဆိုင်ဝင်ရဦးမယ်လေ။ ကိုယ့် အတွက် အားလုံးပြည့်စုံတယ် ဂျာရဲ့။ ဘာမှမလိုတော့ဘူး"

"အာ ... ဒါပေမဲ့ ပိုင်ကလည်း ပိုင်မသွားခင် တွေ့တော့ တွေ့ချင်သေးတာပေါ့လို့။ ညနေတွေ့မယ်လေ။ Mall တစ်ခုခုမှပေါ့"

"ဟင်း ... အင်းလေ။ အဲဒါဆို ညနေဘက် ကိုယ်ခဏထွက် လာခဲ့မယ်။ ခွန်းဂျာ Junction မော်တင်က moon bakery မှာ စောင့်နေလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... အဲဒါဆို စောင့်နေမယ်နော်"

ပိုင်နဲ့ ဖုန်းပြောပြီးသွားလျှင် ခွန်းဂျာက ဆိုင်ထဲပြန်ဝင်လာသောအခါ သတင်းစာထိုင်ဖတ်ရင်းနဲ့ စောင့်နေသော မိုးထန်ကို အားနာပြုံးတစ်ခုဖြင့် ပြုံးပြကာ ထိုင်ခုံမှာ ဝင်ထင်လိုက်ရင်း ...

"ဆောရီး ... မိုးထန်၊ နည်းနည်းကြာသွားတယ်"

"ရပါတယ်။ ကိစ္စမရှိပါဘူး။ ဘဲဘဲဆီကလာတဲ့ ဖုန်းဆိုတော့ နားလည်ပေးရမှာပေါ့"

မိုးထန် အပြောကြောင့် ခွန်းဂျာက ဟာယ်ခနဲတောင် ဖြစ်သွားရလေသည်။ ဒီဖုန်းက ဘယ်သူ့ဆီကဆိုတာ ခွန်းဂျာ မပြောရဘဲ သူ သိနေတယ်။

"ဘောစိက ဘယ်လိုလုပ် သိတာလဲ"

"ဟား ... သိတာပေါ့ ခွန်းဂျာရဲ့။ ခွန်းဂျာရဲ့အိုက်တင်တွေက အရမ်းကို လတ်ဆတ်တက်ကြွနေတယ်လေ။ ဒါကြောင့် ဘဲဆီကဖုန်းလားဆိုပြီး ထင်လိုက်တာပါ"

"ဟိ ဟိ ... အဲလိုတောင် ဖြစ်သွားတယ်လား"

ခွန်းဂျာက ရှက်ရယ်တစ်ချက်ရယ်ကာ မေးမိသွားလျှင် မိုးထန်က ခေါင်းတစ်ချက် ညိတ်ပြလေသည်။





"ဩော် ... ဒါနဲ့ မိုးထန်ကော အခြေအနေ ဘယ်လိုလဲ။ ခွန်းဂျာတို့ အဆောင်က တစ်ယောက်ကို စိတ်ဝင်စားနေတယ်ဆို၊ ဘာလုပ်ပေးရမလဲ။ ဘာကူညီပေးရမလဲ၊ လိုအပ်ရင် ပြောနော်"

"အဟင်း ... ကျေးဇူးပါပဲ ခွန်းဂျာ။ သူနဲ့ရင်းနှီးခွင့်ရအောင် ကိုယ် ကြိုးစားရဦးမှာပါ"

"ဟဲ ဟဲ ... ဟုတ်ပါပြီ။ အကူညီလိုရင်လည်း ပြောနော်။ ကဲ ... အဲဒါဆို ပြန်မလားဟင်"

ခွန်းဂျာက ပြန်ချင်ပြီဖြစ်တာမို့ စကားစလိုက်လျှင် မိုးထန်က မျက်လုံးတစ်ချက် လှန်ကြည့်ပြီးမှ အပြုံးတစ်ခုနဲ့အတူ ခွန်းဂျာ ပြောတာကို လက်သင့်ခံလေသည်။

"အင်း ... ပြန်ကြမယ်လေ။ နောက်ရက်မှ သန့်ရှင်းရေးလုပ်ကြတာပေါ့။ လာ ... ကိုယ်ပြန်လိုက်ပို့ပေးမယ်။ ခွန်းဂျာ ဘယ်သွားမှာလဲ"

"ဩော် ... ရတယ် ဘောစိ။ ခွန်းဂျာ ဘာသာပဲ သွားတော့မယ်"

"Ok ... ဒါဆို မနက်ဖြန်မှ ဖုန်းဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာက လွယ်အိတ်လေးကို စလွယ်သိုင်းလွယ်ကာ ထွက်လာခဲ့တော့သည်။ Taxi တစ်စီးကို လှမ်းတားလိုက်ကာ ချစ်ရတဲ့ ပိုင့်အတွက် လိုအပ်တာလေးတွေဝယ်ဖို့ Mall တစ်ခုကို အရင်ဆုံးသွားလိုက်တော့သည်။

ချစ်သူကို စိတ်ချမ်းသာစေချင်တဲ့ဆန္ဒနဲ့အတူ အရာ ခပ်သိမ်း သူ့ကို ပျော်ရွှင်စေချင်ပါသည်။

♥ ❀ ♥





မိုးထန်သည် ကျော်ကြီးနဲ့အတူ mooh bakery ထဲ ဝင်လာလေလျှင် သူ့မြင်ကွင်းထဲက တွေ့ရတဲ့ စုံတွဲကိုကြည့်မိသွားလေသည်။ သူ့ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားလေလျှင် ကျော်ကြီးကပါ သူ ကြည့်နေတဲ့နေရာကို လှမ်းကြည့်လိုက်လေသည်။

"ဟာ ... ဟိုကောင် ထင်လင်းပိုင်ပါလား။ ဘေးမှာလည်း ကောင်မလေးတစ်ယောက်နဲ့"

"ကျော်ကြီး ... ရှူး ... လာ ... လာ ... ဟိုဘက်ထောင့်မှာ သွားထိုင်ရအောင်"

သူက အဲဒီစုံတွဲမမြင်အောင် အသာလျှို၍ ထောင့်စားပွဲမှာ သွားထိုင်နေလိုက်ပြီးမှ သူဟာ လှမ်းအကဲခတ်နေမိသွားသည်။ သူ့ကားပေါင်ထားတဲ့ ငွေရှင်အစ်မရဲ့ ဘာညာသာရကာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်ရဲ့ဘေးမှာ ပြုံးပြုံးရွှင်ရွှင် ရှိနေသူက ခွန်းဂျာတဲ့လား။ အဲဒါ တကယ်ပဲ ခွန်းဂျာလား။

"မိုးထန် ... မင်းရှိုးလှချည်လားကွ။ ဘာဖြစ်လို့လဲ"

"ဟိုမှာလေ ... အဲ့ကောင်နဲ့တွဲနေတဲ့ ကောင်မလေးက ငါ မင်းကိုပြောတဲ့ တစ်ယောက်လေ"

"ဘာ ... L မွန်ခွန်းဂျာ ဆိုတာလား။ ဟာ ... ယောကောင်"

"အေးကွာ ... သူ့ဘဲက ဒီကောင် ဖြစ်လိမ့်မယ်လို့ ငါ လုံးဝမထင်ခဲ့မိဘူး။ ဒီကောင်က ငါ့ရှုပ်ပဲ။ ခွန်းဂျာရဲ့ဘဲတဲ့ လားကွာ"

သူက ကြိတ်မနိုင်ခဲမရသော ဒေါသတွေဖြစ်နေတာထက် သူ့စိတ်ထဲမှာ တကယ့်ကို တစ်မျိုးကြီးဖြစ်လို့ သွားလေသည်။ ခွန်းဂျာရဲ့ဘဲက ဒီလိုပိုင်းလုံးကောင်တဲ့လားကွာ။

"မင်း ဘယ်လိုလုပ်မလဲ မိုးထန်။ ဒီကိစ္စ ခွန်းဂျာ သိမယ့်ပုံလည်း မပေါ်ဘူး။ ဒီကောင်က ဂျင်ကွ"

"ခွန်းဂျာက သူ့ရည်းစားကို အရမ်းချစ်တဲ့ပုံပေါက်တယ်။ ငါက ဒီကောင် ဘာဆိုတာကိုပြောရင် သူ ယုံမှာမဟုတ်ဘူး။ ပြီးတော့ ငါက သူ့ကိုချစ်နေတဲ့သူကွ။ သူ့ကိုဒီလို





ကောင်မျိုးနဲ့ ပတ်သက်နေတယ်ဆိုတာ ငါက ဘယ်လိုပုံစံမျိုးနဲ့ သွားပြောရမှာလဲ"

"ဒါဆိုရင် မင်းက ..."

"ခွန်းဂျာ အနားမှာရှိနေတဲ့သူဟာ ခွန်းဂျာနဲ့လုံးဝမသင့်တော်ဘူးဆိုတာ သေချာတယ်။ ဒီကောင်က ပိုင်းလုံးကွ။ ခွန်းဂျာလိုလူမျိုးနဲ့ မထိုက်တန်ဘူး။ ငါ့ဘက်က လုပ်ရမှာက ခွန်းဂျာတစ်ယောက် ဒီကောင် ဘာဆိုတာကို သူ့ဘာသာသိသွားဖို့ထက် ငါက သူ့နှလုံးသားမှာ နေရာယူထားလို့ ဒီကောင် အလိုလို လွင့်ပျောက်သွားတဲ့ အခြေအနေဖြစ်အောင် လုပ်ရလိမ့်မယ်"

ကျော်ကြီးက သူ့ရဲ့စကားတွေကို နားမလည်သည့်မျက်ဝန်းတွေဖြင့်ကြည့်လျက် ပခုံးအသာတွန့်ပြလေသည်။ ဘာပဲဖြစ်ဖြစ် သူကတော့ ဒီနည်းလမ်းသုံးဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"မင်းက ခွန်းဂျာရဲ့အချစ်ကို အရယူမယ်လို့ ဆိုလိုချင်တာလား မိုးထန်"

"သေချာတာပေါ့ကွာ။ အစကတော့ ငါက ဘဲရှိနေတဲ့ကောင်မလေးတစ်ယောက်ကို ချစ်မိတဲ့အတွက် လုံးဝပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြတ်သွားပြီလို့ ထင်ထားခဲ့တဲ့ ဓာတ်လမ်းမှာ သူ့ရည်းစား ဘယ်သူလဲဆိုတာ သိလိုက်ရလို့ ငါ ရဲရဲဆုံးဖြတ်ချက်ချနိုင်ပြီ ဟော့ကောင်။ ငါ လူကြမ်းဝင်လုပ်ရလိမ့်မယ်။ အဲဒါက ငါချစ်တဲ့ ခွန်းဂျာကို မဖြစ်သင့်တဲ့လူနဲ့ မဖြစ်စေချင်လို့။ ငါ ခွန်းဂျာ အချစ်ကို ရအောင်ယူရမယ်။ သူတို့နှစ်ယောက်ကြားထဲကို ငါ ဝင်ပါရလိမ့်မယ်"

"မင်းက ဘယ်လိုလုပ်မှာလဲ မိုးထန်"

အဲဒီမေးခွန်းအတွက် သူဟာ ဘာမှပြန်မဖြေဘဲ ပြုံးတုံ့တုံ့မျက်နှာပေးဖြင့် သူ့မျက်စိရှေ့မှာရှိနေတဲ့ စုံတွဲကို လှမ်းကြည့်မိလိုက်သည်။ ဘယ်လိုလုပ်မှာလဲတဲ့။

မင်းရည်းစားထက် ပိုတဲ့ချစ်ခြင်းတရားတွေက မင်းရဲ့နှလုံးသားကို သိမ်းပိုက်နိုင်အောင် ကိုယ်ကြိုးစားရလိမ့်မယ် ခွန်းဂျာရေ။

♥ ♥







"အချစ်အတွက်
နားလည်ပေးရမယ်ဆို
ချစ်သူတွေရဲ့လောကမှာ
နှလုံးသား ၁၀၀က ခံရတယ်ဆိုတာ
ရှိမှာမဟုတ်ဘူး မေ။
ကိုယ်ဟာ
အချစ်အတွက်ဆို
လက်မရွံ့တတ်တဲ့
နှလုံးသား Hacker ပါ။"

♡ ♡ ♡ ... ♡ ♡ ♡ ... ♡ ♡ ♡

♥ ♥



www.burmeseclassic.com

www.burmeseclassic.com





## ၉

ဒီကနေ့ တစ်နေ့လုံး ခွန်းဂျာကော မိုးထန်ပါ တကယ်ကို ဖတ်ဖတ်မောတာဖြစ်၏။ လူလေးငါးယောက်ငှားပြီး လုပ်ရမယ့် သန့်ရှင်းရေးကို အကုန်အကျ သက်သာအောင် နှစ်ယောက်တည်းလုပ်တာ ဖြစ်သဖြင့် အားအင်ကတော့ ပိုသုံးရတာ ဖြစ်သည်။ ခေါင်းကို ပဝါတစ်ထည်ဖြင့် ကက်ပုံစံပတ်စည်းထား ကာ ရှပ်တစ်ထည်နဲ့ ဟောင်းနွမ်းနွမ်း ဂျင်းကို ဝတ်ထားပြီး တံမြက်စည်းတစ်ချောင်းကိုင်ကာ သန့်ရှင်းရေးလုပ်နေပုံကတော့ လုံးဝကို အထာကျတာဖြစ်သည်။ မိုးထန်ယူလာတဲ့ ကက်ဆက် ကြီးတစ်လုံးကို အရှေ့မှာချထားကာ BillBoard ရဲ့ Hit သီချင်း တွေကို ခပ်ကျယ်ကျယ်ဖွင့်ကာ နားဆင်ရင်း တီးလုံးသံနဲ့အတူ စိတ်တွေကပါ လန်းဆန်းတက်ကြွလာတာ ဖြစ်သည်။





"ဝေး ... မောပြီလား ခွန်းဂျာ၊ နားတော့မလား"

သူ့ရဲ့ဘောစိ မိုးထန်က အလယ်ခန်းကို ရေဆေး ချနေရင်းက ခွန်းဂျာကို လှမ်းအော်မေးလေလျှင် ခွန်းဂျာက နောက်ရွတ်ရွတ်ပုံစံဖြင့် ခေါင်းယမ်းပြရင်းက ဘောစိကိုတောင် လှမ်းနောက်လိုက်သေးသည်။

"No problem ... ဘောစိ နားချင်တာနဲ့ ခွန်းဂျာကို လာ ဆွဲမထည့်နဲ့နော်။ ဒီက အေးဆေးပဲ။ ဒီလောက်ပင်ပန်းမှု လောက်ကတော့ သနားတယ်"

"အေးပါ ... အေးပါ ... ပြီးတော့မှ နားရအောင် လာမ လုပ်နဲ့နော်"

"အမယ်လေး ... အေးဆေး"

ခွန်းဂျာက နောက်ရွတ်ရွတ် ပြန်ပြောရင်း မျက်နှာ ကြက်ပေါ်က ပင့်ကူမျှင်တွေကို လှေကားပုလေးထောင်၍ အဲဒီ ပေါ်ကနေတက်ပြီး ကြက်မွေးနဲ့ လှည်းချနေလိုက်သည်။ အမှန် တကယ်တော့ ဒီအချိန်ဆို ခွန်းဂျာ အဆောင်မှာဆို မျက်ရည်လေး စမ်းစမ်းဖြင့် ငိုနေကာ ပိုင့်ကို သတိတွေ ထိုင်ရနေတာဆိုရင် ခံစားချက် ဖြစ်နေမှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်လောက်ဆို ပိုင်တစ်ယောက်တော့ ချောင်းသာမှာ အရမ်း အရမ်းကို ပျော်နေလောက်ပြီဖြစ်သည်။ သူ အဲဒီကို ရောက်သွားပြီဆိုတဲ့ အကြောင်းတောင် ဖုန်းတစ်ချက် မဆက်တာကတော့ တစ်ဆိတ် လွန်ပါသည်။ အရင်ဆို သတိရရင် ပိုင့်ဆီ ထစ်ခနဲ ဖုန်းခေါ်တတ်သော်လည်း ဒီနေ့တော့ အလုပ်ကရှိနေတာမို့ ဖုန်းမခေါ်ဖြစ်ဘဲ စိတ်ထဲမှာသာ ဒီအကြောင်းအရာကို ခေါင်းထဲက တွေးတွေး ဖြစ်နေတာဖြစ်သည်။

"ခွန်းဂျာရေ ... အဲဒါတွေ ရှင်းပြီးရင် ဒီဘက်ကနေစပြီး ရေဆေးချလိုက်တော့နော်။ ပြီးရင် ကိုယ်တို့ ခဏနားပြီး တစ်ခုခုစားရအောင်။ ဗိုက်ဆာနေပြီကွ"

"ဟင် ... ဘောစိ ဗိုက်ဆာနေပြီလား။ ဟုတ်သားပဲ ... အချိန်က ထမင်းစားချိန်တောင် ရောက်နေပြီပဲ။ စားဖို့ ဘာမှလဲ မပါဘူး"

"ဒီနားက တစ်ခုခု သွားဝယ်လိုက်ပြီး ဒီမှာပဲ စားလိုက်မယ်လေ။ စားဖို့ အပြင်ထွက်ရင် အကျႌတစ်ခါပြန်လဲ ဘာညာနဲ့ရှုပ်တယ်။ စားဖို့တစ်ခုခုပဲ သွားဝယ်လိုက်တော့မယ်"





"အာ ... အင်း ကောင်းတယ်။ ကောင်းတယ်။ အဲဒီလိုဆိုတော့ ကောင်းတာပေါ့။ ဒီတိုင်းဆို ဒီလို ပေတီပေစုပ်ပုံနဲ့ဆိုတော့ ရှိုးပဲ့တယ်။ အဲဒါဆို ဘောစိသွားဝယ်လိုက်လေ။ ခွန်းဂျာ ဒီမှာ ကြွေပြားတွေ ရေဆေးချထားလိုက်မယ်"

"Ok ... Ok ... အဲဒါဆို ကိုယ် သွားဝယ်လိုက်မယ်။ ခွန်းဂျာ ဘာစားချင်လဲ"

"အင် ... ရတယ်။ ဘာပဲဖြစ်ဖြစ် ခွန်းဂျာက အစုံစားပါတယ်"

ခွန်းဂျာက ဘာမှထွေထွေထူးထူး ထပ်မမှာတော့လျှင် မိုးထန်က စားစရာဝယ်ဖို့ ထွက်သွားလေတော့သည်။ ကျန်နေခဲ့တဲ့ ခွန်းဂျာက တစ်ယောက်တည်း အေးအေးဆေးဆေး ကြွေပြားတွေကို ရေဆေးချရင်း သီချင်းလေး တညည်းညည်းဖြင့် လုပ်နေတာဖြစ်သည်။

"ကဲ ... ကဲ ... ခွန်းဂျာရေ ... လာပါပြီဗျို့"

တက်ကြွရွှင်လန်းနေသော အသံနဲ့အတူ စားစရာတွေ ဝယ်လာကာ ပြန်လာလျှင် ခွန်းဂျာက မိုးထန်လက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



အထုပ်တွေကို ဝိုင်းကူသယ်ပေးရင်းကမှ ရေအခြောက်သုတ်ထား ပြီးသား ကြွေပြားပေါ်မှာ ဖျာတစ်ချပ်ခင်းကာ ခွန်းဂျာကော သူပါ ဝင်ထိုင်ကြလေသည်။

"ဝါး ... မွှေးနေတာပဲ။ ဗိုက်တောင် ပိုဆာလာသလိုဖြစ် သွားပြီ"

ခွန်းဂျာက မိုးထန် လှမ်းပေးတဲ့ ဖော့ဘူးလေးကို ယူကာ ဖွင့်လိုက်လျှင် ခေါက်ဆွဲကြော်ဖြစ်နေတာမို့ သဘောတကျ ဖြစ်သွားရလေသည်။

"အဟဲ ... ကျေးဇူးပဲ မိုးထန်။ ခွန်းဂျာက ခေါက်ဆွဲကြော် ဆို အရမ်းကြိုက်တာ"

"သိနေတယ်လေ ... အဲဒါကြောင့် ကိုယ်က ဂရုတစိုက် ကို သေချာ ဝယ်လာခဲ့ပေးတာပေါ့။ ကဲ ... စား ... စား"

ခွန်းဂျာက ခေါင်းတစ်ချက်ညိတ်ပြလိုက်ကာ ဗိုက်က လည်း တော်တော်ဆာနေပြီဆိုတော့ ဟန်တောင် မဆောင်နိုင် တော့ဘဲ ခေါင်းမဖော်စတမ်း စားလိုက်လေတော့သည်။

"ခွန်းဂျာကို ကိုယ် ပြောစရာရှိတယ်။ အဲဒါဆို ခွန်းဂျာ စိတ်ဆိုးမှာလားဟင်"





ခွန်းဂျာ ခေါက်ဆွဲကြော် ကုန်ခါနီးမှာ ရုတ်တရက် ထွက်လာသော စကားသံကြောင့် ခွန်းဂျာတောင် အံ့အားတသင့် ဖြစ်သွားရလေသည်။ ခွန်းဂျာက သူ့ကို ဘာများလဲလို့ဆိုတဲ့ သဘောပါ အပြုံးတစ်ခုဖြင့် ကြည့်လိုက်ရင်းက ...

"ပြောစရာများ သောစီရယ်။ စကားပလ္လင်ခံနေရသေးတယ်။ ကဲ ... ပြော၊ ဘာပြောမှာတုံး"

တစ်ရှူးသောက်စ်ထဲက တစ်ရှူးတစ်ရွက်ကိုဆွဲထုတ် ကာ ပါးစပ်သုတ်လိုက်စဉ်မှာ မိုးထန်ဆီက အထူးခြားဆုံးသော စကားကို ကြားလိုက်ရလေလျှင် ခွန်းဂျာမှာ တကယ်ကို လိပ်ပြာ လွင့်မတတ် ဖြစ်သွားရလေသည်။

"ခွန်းဂျာတို့အဆောင်က ကိုယ် စိတ်ဝင်စားနေပါတယ်ဆို တဲ့ မိန်းကလေးဟာ ခွန်းဂျာပဲ"

"မိုးထန်"

ခွန်းဂျာက သူ အဲဒီလိုမျိုး ပြောလိမ့်မယ်လို့လည်း ထင်မထားတာကြောင့် ရုတ်တရက်တော့ တကယ်ကြောင်အမ်း အမ်း ဖြစ်သွားပြီး ဘာဆက်ပြောရမှန်း မသိချေ။ သူက ခွန်းဂျာ ရဲ့ အူတူတူ ဖြစ်နေတာကို အသုံးချပြီး စကားဆက်ပြောလေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ခွန်းဂျာ။ ဒါဟာ သေချာတဲ့ စကားတစ်ခွန်းပါ။ ကိုယ် အခုပြောနေတဲ့စကားဟာ ခွန်းဂျာကို ရည်းစားစကားပြောတာထက် ပိုပြီး အဆင့်မြင့်ပါတယ်။ ကိုယ် ခွန်းဂျာကို အရမ်းကို လေးလေးနက်နက် တန်ဖိုးထားပြီး ချစ်ပါတယ်"

"မိုးထန် ... ရှင် ဘာစကားတွေ ပြောနေတာလဲ။ ခွန်းဂျာမှာ ချစ်သူရှိတယ်လေ။ ပြီးတော့ ရှင် ပြောနေတာတွေက စိတ်ဆိုးစေတဲ့ စကားလုံးတွေနော်"

"ကိုယ် သိပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ကို ချစ်တယ်ဆိုတဲ့ အကြောင်းကို အဲဒီလူသိအောင် ဖွင့်ပြောတာဟာ အပြစ်လား။ ခွန်းဂျာကို ကိုယ်က သိအောင်ပြောပြတာပါ။ ခွန်းဂျာဆီက တုံ့ပြန်မှုကို တောင်းတာလည်း မဟုတ်ပါဘူး။ ခွန်းဂျာမှာ ရည်းစားရှိနေတာနဲ့ပဲ ဒီကမ္ဘာမှာရှိတဲ့ တခြားယောကျ်ားတွေက ခွန်းဂျာကို မချစ်ရဘူးလား။ ကိုယ်က ကိုယ့်ခံစားချက်ကို ပွင့်ပွင့်လင်းလင်း ပြောပြတာပါ"

မိုးထန် ပြောတာတွေက အရမ်းမှန်နေသည်။ သူ အဲဒီလို ခံစားချက်မျိုး ခွန်းဂျာ အပေါ်ထားလိမ့်မယ်လို့ တစ်ခါမှ မတွေးမိတာ ခွန်းဂျာ မှားသွားလေသည်။ ခွန်းဂျာက အဲဒီစကား





လုံးတွေအတွက် ဆတ်ဆတ်ခါနာပြီး စိတ်ဆိုးတာမျိုး မဟုတ်ပေမယ့် စိတ်ထဲမှာ မွန်းကျပ်ကာ တကယ်ကို နေရခက်လာတာမို့ ခွန်းဂျာက ထိုင်နေရာမှ ဆတ်ခနဲ ကောက်ထကာ အပြင်ထွက်တော့မယ် အပြုမှာ အနောက်က သူ့အသံကို ထပ်ကြားရလေသည်။

"ခွန်းဂျာ ... ကိုယ် ဒီအကြောင်းကို မပြောဘဲ လျှို့ဝှက်ထားရင် ကိုယ့်ကိုယ်ကိုယ် လိမ်နေသလို ဖြစ်မှာစိုးလို့ ပြောပြတာပါ။ ခွန်းဂျာဘက်က ဘာမှတုံ့ပြန်ဖို့ မလိုပါဘူး။ ကိုယ်တို့က လုပ်ငန်းပါတနာတွေပဲနော်"

ခွန်းဂျာက လေတစ်ချက် မှုတ်ထုတ်လိုက်ကာ ခေါင်းမှာ စည်းထားတဲ့ပဝါကို ဆွဲဖြုတ်လိုက်၍ ဘောင်းဘီအိတ်ထဲ ထိုးထည့်ကာ အပြင်ကို ထွက်လာခဲ့တော့သည်။ ဆိုင်ပြင်က လေကောင်းလေသန့်တွေကို ရှူရှိုက်လိုက်ပြီးမှ သေချာစဉ်းစားမိသွားသည်။

ရုတ်တရက်ကြီး ရည်းစားစကား ထပြောတာဟာ normal မဟုတ်တဲ့ အကြောင်းရင်းတစ်ခုခုတော့ ရှိရမယ်လို့ ခွန်းဂျာ သိနေလေသည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို ဘာသဘော ဖြစ်နိုင်လဲဟင်။ ခွန်းဂျာကတော့ စိတ်ထဲမှာ တစ်မျိုးကြီးတော့ ခံစားရတယ်"

"ဟေ ... ဘယ်လို ... ဘယ်လို ... ဘာကိုခံစားရတာလဲ။ ညည်းနော် ... အဲဒီဘက်ကဟာတွေနဲ့ ပတ်ပတ်သက်သက် သွားလုပ်ရုံတင်မကဘူး။ ဓာတ်လမ်းပါ ရိုက်ချင်နေပြီလား"

မအိချိုက ဗေဒါရွှေကြာလက်ဖက်ကို အားပါးတရ စားနေရင်းကမှ ခွန်းဂျာကို အာပေါင်အာရင်းသန်သန် ဝေဖန်လေလျှင် ခွန်းဂျာက အင်ခနဲဖြစ်ကာ အသည်းအသန်ကြီး ငြင်းရတာ ဖြစ်သည်။

"အာ ... ပေါက်ကရ မကြီးချိုရယ်။ ခွန်းဂျာ ဆိုလိုတာကို မ,က နားလည်မှုလွဲတာ။ ဟိုဟာလေ ... သူ့ပုံစံက အဲလို ရုတ်တရက်ကြီး ဖွင့်ပြောလိုက်တာကို ခွန်းဂျာက အံ့ဩနေ





တာ။ အဲဒါကို မကြီးတို့ကို share လုပ်တာပါဆို။ တခြား ဘာသဘောမှ မဟုတ်ပါဘူး"

"ဟဲ့ ... ခွန်းဂျာ။ နင်က အခု မာန်မိုးထန်ကို စိတ်ဆိုးတာလား။ ဒါမှမဟုတ် ဘာဖြစ်ချင်တာလဲ"

စိတ်ဆိုးလားတဲ့။ အဲဒီမေးခွန်းအတွက် ခွန်းဂျာမှာ အထူးအထွေ ဘာမှပြောစရာမရှိပါပေ။ ဒီကိစ္စဟာ အကြီးအကျယ် ပေါက်ကွဲပြ ဒေါသထွက်ပြနေရမယ့် ကိစ္စလည်း မဟုတ်ပေ။ သူ့ကို စိတ်ဆိုးတာ မဆိုးတာထက် ခွန်းဂျာ ရင်ထဲမှာတော့ မိုးထန် တစ်ယောက် ဆိုင်းမဆင့်ဗုံမဆင့် ခွန်းဂျာကို ဘာလို့ရည်းစားစကား ထပြောရသလဲဆိုတာကို စိတ်ထဲ ဘဝင်မကျဖြစ်နေရတာဖြစ်သည်။

"ဘယ်လိုပြောရမလဲ။ ဒီကိစ္စက ဒီလောက်အထိ စိတ်ဆိုးဖြစ်ဖို့တော့ မလိုပါဘူး။ ဒါပေမဲ့ သူ အဲလို ဘာလို့ ရုတ်တရက် ထပြောသလဲဆိုတာကို စဉ်းစားမရတာ မ,တို့ရဲ့။ ခွန်းဂျာမှာ ပိုင် ရှိနေတယ်ဆိုတာ သူသိရဲ့သားနဲ့ ဘာလို့ပြောတာလဲ မသိဘူး"

"အေး ... ဟုတ်တယ်။ အဲဒါက နည်းနည်းတော့စိတ်ဝင်စားဖို့ကောင်းတယ် ခွန်းဂျာရဲ့။ သူက နင်နဲ့အလုပ်တွဲလုပ်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲဟာ။ ဟိ ဟိ ... သိတော့ပါဘူးဟာ။ ဦးမောင်တို့ အဆောင်က ဟာတွေက ဂေါက်သီးတွေပဲဟာ"

"ဟိ ဟိ ... ဟုတ်လိမ့်မယ်။ နောက်ရက် ခွန်းဂျာ သူနဲ့ တွေ့ရမှာတောင် ရှင်မောတယ်"

"အမယ်လေး ... ဘာမှမောမနေနဲ့။ နင့်ဘောစိက လူချော ပဲဟာ။ ဆွဲသာစီပစ်လိုက်။ အဟဲ ... ပြောသာပြောတာဟာ။ အဲ့အဆောင်မှာ အမိုက်စားဆိုလို့ မာန်မိုးထန်ပဲ ရှိတာနော်။ သူ့မိဘကလည်း ဘောစိထင်တယ်၊ သားကို ရှယ်ဆင်ပေး ထားတာ။ ကားတွေ ဘာတွေတောင် ပေးထားတာဟ"

အဆောင်သူတွေ ဆုံတုန်းဆုံခိုက်မှာ ခွန်းဂျာတို့တွေက ဟိုစပ်စပ် ဒီစပ်စပ် စကားလျှောက်ပြောနေကြရင်း ဖုန်းက ထမြည်လာလျှင် မအိချိုက ဖုန်းသွားကိုင်လေသည်။

"ဟယ်လို"

"........."

"ဟုတ်ပါတယ်။ ဘယ်သူပါလဲ"

"........."

"ရှင်"





မအိချိုရဲ့ "ရှင်" က အသံကျယ်နေတာမို့ ခွန်းဂျာတို့က လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားကာ မအိချိုကို လှမ်းမေးလိုက်လျှင် မအိချိုက ဖုန်းချပြီး အပြေးအလွှား ရောက်လာကာ အမောတကော ပြောလေသည်။

"ဟဲ့ ... ဟဲ့ ... အရေးကြီးတယ်။ ဟိုဘက်အိမ်က ကိုတိုးကြီးဆက်တာ ...

ငါတို့ခြံထဲမှာ လူတစ်ယောက် ဝင်နေတယ်တဲ့။ သူတို့ ဝရန်တာကနေ ရိပ်ခနဲ တွေ့လိုက်တယ်တဲ့။ သူခိုးလား မသိဘူး"

မအိချိုရဲ့ ပြူးပြူးပျာပျာ စကားကြောင့် ခွန်းဂျာတို့အားလုံးက မျက်ကလဲဆန်ပြာ ဖြစ်ခုန်ကာ နည်းနည်းတော့ထိတ်ခနဲ ဖြစ်သွားသည်။

"အာ ... မဖြစ်နိုင်ပါဘူး။ ဟိုဘက်ခြံက တမင်တကာ ကျပ်လိုက်တာဖြစ်မယ်။ ခြံထဲမှာ မီးတွေလင်းနေတာ ဘယ်သူခိုးဝင်လို့ ရမှာလဲလို့။ စဉ်းစဉ်းစားစားလည်း ပြောပါဦး မကြီးရယ်။ တီချစ်ကော"

"ဘုရားရှိခိုးနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဟဲ့ ... မေပျိုတို့ လာကြပါဦး။ အိချိုမ၊ ခွန်းဂျာ ... လာကြပါဦးဟဲ့"

ဘုရားခန်းထဲက အော်ခေါ်သံကြောင့် ခွန်းဂျာတို့ အားလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်ကာ တီချစ်ဆီ အသည်းအသန် ပြေးသွားကြကာ မေးရတော့သည်။

"တီချစ် ... တီချစ် ... ဘာဖြစ်တာလဲ။ ဘာဖြစ်လို့လဲဟင်"

"ငါ ... ငါ ... ဘုရားရှိခိုးနေတုန်း ပြတင်းပေါက်အောက်နားကနေ ရိပ်ခနဲ ဖြတ်သွားတာ တွေ့လိုက်တယ်"

"ဟင် ... အဲ ... အဲဒါဆို ... အား ..."

မအိချိုတို့တွေက တီချစ် စကားအဆုံးမှာ တစ်ခုခုကို စာတ်ပေါက်သွားပြီး ကြောက်အား လန့်အားဖြင့် တအားကို အသံကုန်ထအော်လျှင် နဂိုတည်းက ကြောင်ချင်ချင် ဖြစ်နေတဲ့ တီချစ်က သနားစရာမျက်နှာ အသံတုန်တုန်ယင်ယင်ဖြင့် ...

"ဟဲ့ ... ဟဲ့ ... ဘာ ... ဘာဖြစ်လို့လဲဟင်"

"တီ ... တီချစ် ... ခုနက ဟိုဘက်အိမ်က ဖုန်းဆက်တယ်။ ခြံထဲမှာ လူတစ်ယောက် ဝင်နေတယ်တဲ့"

"ဘာ ... ဟယ် ... အဲ ... အဲဒါ ဘယ်လိုလုပ်ကြမလဲ"





ဒီအတိုင်းဆိုရင် ခြံထဲကို လူဝင်ပြီဆိုတာက သေချာနေပြီမို့ ခွန်းဂျာတို့လည်း ရင်တော့နည်းနည်းပူသွားရလေသည်။ ဘာပဲဖြစ်ဖြစ် ခြံထဲလူဝင်ပြီဆို အန္တရာယ်တစ်စုံတစ်ရာပြုမှာကို တော့ မကြောက်ဘူး ဆိုသော်ငြားလည်း စိုးတော့ စိုးရိမ်သေးတာပဲ ဖြစ်သည်။

"တီ ... တီချစ် ... ဘယ်လိုလုပ်ကြမလဲဟင်။ ရဲကိုဖုန်းဆက်ခေါ်မလား"

"ရှူး ... တိုးတိုး။ နင် ဒီကိစ္စ အဲဒီလောက် အသံဗြဲနဲ့ ပြောရသလားဟဲ့။ ဟိုက ကြားသွားရင် ငါတို့က ရဲတောင်မခေါ်ရသေးခင် သတ်သွားမှာ"

"ဒုက္ခပါပဲ။ သမီးတို့ အဲဒါဆို ဒီထဲမှာ ပိတ်မိနေပြီပေါ့ဟင့်"

အားလုံးထဲမှာ အကြောက်တတ်ဆုံး သွန်းချိုက ငိုသံပါကြီးနဲ့ ပြောလေလျှင် ခွန်းဂျာတို့မှာ ပိုပြီးတော့တောင် ငိုချင်သွားလေသည်။ ဒီအချိန်မှာ ဟိုဘက်အိမ်ရဲ့ အကူအညီကို လိုအပ်နေပြီဆိုတာ သိတာမို့ ခွန်းဂျာကပဲ တီချစ်ကို အရဲစွန့်ပြောရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တီ ... တီချစ် ... ခွန်းဂျာတို့ ဦးမောင်တို့ကို အကူအညီတောင်းမှ ရလိမ့်မယ်"

"ဟင် ... ဟာ ... မဖြစ်ပါဘူး"

"တီချစ် ... ခေါင်းမမာပါနဲ့။ အပြင်မှာ လူက ဘယ်နှယောက်ရှိနေမလဲ မသိဘူး။ ခွန်းဂျာတို့ အခု ဆက်သွယ်လို့ အနီးဆုံးရနိုင်မယ့်သူကို အကူညီတောင်းရမှာပဲ။ တီချစ်... ရော့ ... ဖုန်းဆက်လိုက်ဝါ မြန်မြန်"

ခွန်းဂျာက ဘောင်းဘီအိတ်ထဲမှာ ထည့်ထားတဲ့ ဖုန်းလေးကို လှမ်းပေးလိုက်လျှင် တီချစ်က ချီတုံချတုံ ဖြစ်နေတာမို့ အားလုံးက ထပ်တိုက်တွန်းလိုက်လျှင် တီချစ်က ဦးမှောင်ဆီ ဖုန်းခေါ်လိုက်တော့သည်။

"ဟယ်လို ... ကိုမောင်ထူးလားဟင်"

တီချစ် အသံက တကယ့်ကို ကတုန်ကယင် ဖြစ်နေတာမို့ တစ်ဘက်က နားထောင်သူလည်း တော်တော်တော့ စိုးရိမ်သွားနိုင်ပါသည်။

"ကျွန် ... ကျွန်မတို့ ခြံ ... ထဲ ... မှာ လူရောက်နေတယ်။ အဲ ... ဒါ ..."

"........"





"ဟုတ် ... ဟုတ်ကဲ့။ သတိ ... လည်း ထားဦးနော် ကိုမောင်ထူး"

တီချစ်က ဖုန်းပြောပြီးသွားလျှင် ခွန်းဂျာတို့ဘက် လှည့်လာကာ ...

"ကိုမောင်ထူးတို့ ခုပဲ ဒီဘက်ကို ကူးလာလိမ့်မယ်။ မေပျို နှင့် အိမ်တံခါးတွေ သေချာပိတ်ထားတယ်မှလား"

"ဟုတ် ... မကြီး။ သေချာပိတ်ထားတယ်။ အကယ်၍ အပြင်မှာ လူဝင်နေတယ်ဆိုရင်လည်း သူတို့ အိမ်ထဲတော့ မဝင်နိုင်လောက်ပါဘူး မကြီး"

"ဟဲ့ ... တိတ်စမ်း။ နှင်ဟာလေ လိုရာတွေ ဆွဲသာတွေး။ အခု ကိုမောင်ထူးတို့ ဒီဘက်ကို ကူးလာလိမ့်မယ်။ အဲဒါ ခြံတံခါးသွားဖွင့်ပေးဖို့ ..."

"အမ်း ... သမီးကြောက်တယ်။ သမီးကို မဖွင့်ခိုင်းနဲ့နော် ... ကြောက်တယ်"

သတ္တိခဲ သွန်းချိုက ကြောက်အားလန့်အား စွတ်ငြင်းနေစဉ် မအိချိုကလည်း မျက်နှာကြီးသုန်မှုန်ရှုံ့မဲ့၍ တံခါးဆင်းဖွင့်ပေးဖို့ အတင်းငြင်းနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော်။ ဟုတ်တယ် ... အိချိုလည်း တံခါးတော့ သွားမဖွင့်ပေးနိုင်ဘူး။ ကိုယ့်ကို လာကယ်မယ့်သူ တံခါးသွားဖွင့်ပေးတုန်း သတ်မယ့်သူက နောက်ကစားနဲ့ပေါက်သွားရင် သက်သက်မဲ့ မာလကီးရားသွားမှာပေါ့။ တံခါးသွားမဖွင့်ပါရစေနဲ့ တီချစ်ရယ်"

"ဟုတ်တယ်နော် မကြီး။ မေပျိုလည်း သွားမဖွင့်ပေးရဲဘူး။ ကြောက်တယ်"

"အေး ... နင်တို့ဘာသာပဲ တစ်ယောက်တစ်ပေါက် ထင်ချင်တာထင် ပြောချင်တာပြောတော့ဟေ့။ ငါပြောတာ ခဏနားထောင်ကြပါဦးဟဲ့။ အခု ကိုမောင်မောင်ထူးတို့လာရင် ငါတို့တွေ အားလုံး တစ်စုတည်းသွားပြီး တံခါးသွားဖွင့်ပေးကြမယ်။ ဒါပဲ"

"တီးတောင် ... တီးတောင်"

အဲဒီအချိန်မှာပဲ ဘဲလ်က ထမြည်လျှင် အားလုံးက ရုတ်ရုတ်သဲသဲ ဖြစ်သွားကာ ထိုင်ရမလို ထရမလို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာဖြစ်သည်။

"ကဲ ... ဘာလုပ်နေတာလဲ။ လာ ... လာလေ ... ကိုမောင်ထူးတို့ လာပြီ။ လာ ... တံခါးသွားဖွင့်လိုက်မယ်"





တီချစ်စကားက တစ်ခွန်းဆိုတစ်ခွန်း အတော်ပဲ ထိရောက်လေသည်။ အားလုံးက တွန့်ဆုတ် တွန့်ဆုတ်ဖြင့် မထွက်ရဲ ထွက်ရဲဖြင့် ထွက်လာကာ ဦးမောင်တို့ကို တံခါးသွားဖွင့်ပေးရလေသည်။ သူတို့ဝင်လာတဲ့ အချိန်အထိ အခြေအနေကတော့ original အတိုင်းပဲ ဖြစ်လေ၏။

"ဘယ်လိုဖြစ်တာလဲ ချစ်ချစ်။ ဘာတွေ ဖြစ်ကြတာလဲ"

"မသိပါဘူး ကိုထူးရယ်။ ကျွန်မ ဘုရားရှိခိုးနေတုန်း ပြတင်းပေါက်ကနေ ရိပ်ခနဲ တွေ့လိုက်တာ။ ပြီးတော့ ခြံထဲမှာ လူဝင်နေတယ်တဲ့"

"လူ ... ဘယ်သူလဲ။ ဘယ်မှာလဲ ဒီကောင်က"

ဦးမောင်က ဒေါသတကြီးဖြင့် ထရကြွေးကြော်နေတုန်းမှာ ခွန်းဂျာက ဦးမောင်ရဲ့နောက်နားက မိုးထန်ကိုကြည့်လိုက်လျှင် မိုးထန်က ပြုံးစိစိမျက်နှာပေးဖြင့် ခွန်းဂျာကို ပြန်ကြည့်တာမို့ ခွန်းဂျာ သဘောပေါက်သလို ရှိသွားလေသည်။ ခွန်းဂျာနဲ့သူ နှစ်ယောက်တည်းသာသိတဲ့ အချိန်းအချက်ဘာသာဗေဒဖြင့် တစ်ယောက်နဲ့တစ်ယောက် အော်တိုသဘောပေါက်သွားကာ ဒီကိစ္စ တီချစ်တို့ကို အဆင်ပြေသွားအောင် တမင်တကာ ဇာတ်လမ်းဆင်အားတယ်ဆိုတာ သိသွားတာမို့ စိတ်ကတော့ အေးသွားရလေသည်။

www.burmeseclassic.com



"ဦးမောင် ... ကျွန်တော်တို့ ခြံထဲပတ်ပြီး ရှာကြည့်လိုက်မယ်။ သေချာသွားအောင်"

"အေး ... သွားရှာ၊ ဟော့ကောင်တွေ သတိလည်း ထားဦးနော်"

ခွန်းဂျာက အိုက်တင်လုပ်ကာ ခြံထဲပတ်ရှာနေသော မိုးထန် အနားသို့ မယောင်မလည် ချဉ်းကပ်လိုက်လျှင် မိုးထန်က ခပ်တိုးတိုးလေသံဖြင့် အကြောင်းရင်းကို ရှင်းပြလေ၏။

"ဦးမောင်နဲ့ တီချစ်ရဲ့သံယောဇဉ် အတိမ်အနက် ဘယ်လောက်ရှိတယ်ဆိုတာ သိရအောင် ဒီလို စီစဉ်လိုက်တာပဲ"

"ဆိုင်းမဆင့် ဗုံမဆင့် ဘာဖြစ်တာလဲ မိုးထန်။ ဘာအထာကြီးလဲ"

"ဪ ... သူတို့နှစ်ယောက် ဘယ်လောက်အထိ သံယောဇဉ်လက်ကျန် ရှိမလဲဆိုတာ သိပြီးသွားတော့မှ ဆက်စီစဉ်လို့ရမှာပေါ့ ခွန်းဂျာရဲ့။ အခု သူတို့ ဘယ်လောက်ချစ်ကြသလဲ ပြတ်ပြတ်စဲစဲ ဖြစ်ထားတာတောင် တစ်ယောက်အတွက် တစ်ယောက် အဆင်သင့် ဖြစ်နေပေးတယ်။ ဒီလောက် သိရပြီဆို ကိုယ်တို့ မျှော်လင့်ချက် အောင်မြင်ဖို့ ရာနှုန်း များသွားပြီ ခွန်းဂျာ"





မိုးထန်က သွက်လက်တက်ကြွစွာ ပြောပြလျှင် ခွန်းဂျာက အဲဒီ idea လေးကို သဘောတောင် ကျမိသွားသည်။ ဟုတ်တာပေါ့ ... တကယ်ကောင်းတဲ့ အတွေးလေးပဲ။ ပြီးတော့ တစ်ဆက်တည်းဆိုသလို ခွန်းဂျာဟာ ပိုင့်ကို သတိရမိသွားသည်။ ပိုင် ... သူဆိုရင်တော့ အဲဒီလို အဆင်သင့် ရှိနိုင်ပါ့မလား။

သူ ကျောင်းသာသွားကတည်းက တစ်ချိန်လုံး ဖုန်းကို စက်ပိတ်ထားတယ်ပဲ အော်နေတာဖြစ်သည်။ ပိုင့်ကို သတိရတဲ့ စိတ်က ကြီးစိုးလာတာမို့ ခွန်းဂျာဟာ ရုတ်တရက်တော့ ငြိမ်ကျသွားရလေသည်။

"ခွန်းဂျာ မနက်ဖြန်ကျရင် ဆယ်နာရီလောက်မှာ ဆိုင်သွားမလားလို့။ ခွန်းဂျာ အားလားဟင်"

မိုးထန်က အလုပ်ကိစ္စဘက်ကို ဦးပြန်တည်လိုက်တော့ ခွန်းဂျာက စိတ်အာရုံတွေကို ဒီထဲမှာ အပြည့်ပြန်နှစ်လိုက်ကာ သူ့ကို ခေါင်းညိတ်ပြလိုက်သည်။

"အင်း ... ရပါတယ်။ ဆယ်နာရီ ဆိုင်ကိုလာခဲ့လိုက်မယ်လေ"

www.burmeseclassic.com



"အင်း ... ကိုယ့်မှာ စိတ်ကူးတစ်ခုရှိတယ် ခွန်းဂျာ။ ကိုယ်တို့ Ice-cream corner လေးဖွင့်တဲ့ ဖွင့်ပွဲနေ့မှာ ဦးမောင်တို့လင်မယားစုံတွဲ တက်ရမယ်ဆိုတဲ့ စိတ်ကူးရှိတယ်။ အဲဒါကြောင့် ကိုယ် ကြိုးစားနေတာပါ ခွန်းဂျာ။ သူတို့နှစ်ယောက်က ချစ်နေတဲ့စိတ်လေးတွေ မပျောက်သေးပါဘူး။ ကြိုးစားက အောင်မြင်သွားနိုင်၏"

သူက သူ့စိတ်ကူးလေးတွေကို အကောင်အထည်ဖော်နိုင်အောင် ကြိုးစားနေတာမို့ ခွန်းဂျာလည်း တူညီတဲ့ဆန္ဒရှိသူမို့ ကူညီချင်တဲ့စေတနာ အပြည့်အဝ ရှိပါသည်။

"မိုးထန် ... ထွန်းမောင် တွေ့လားဟေ့"

"ဗျာ ... မတွေ့ဘူး ဦးမောင်"

"ဟာ ... ဘာဖြစ်လို့ မတွေ့ရတာလဲကွ"

"ဟာ ... ဦးမောင်ကလည်း ကျွန်တော်တို့ အသံတွေ ဒီလောက်အော်ကျယ် အော်ကျယ် ဖြစ်နေတာ လာတဲ့သူနိုးလည်း ကြောက်ပြီးပြေးသွားလောက်ပြီပေါ့ဗျ"

မိုးထန်က အဲဒီလိုပြောတော့မှ ဦးမောင်က လက်သင့်ခံသွားသလို ခေါင်းတညိတ်ညိတ် လုပ်နေစဉ်မှာ ဉာဏ်ကြီးရှင် မိုးထန်က ထပ်ပြီးတော့ကို အရောက်ပို့နေတော့တာဖြစ်သည်။





"ဒါပေမဲ့လည်း အနောက်ဘက်အပေါက်တွေက လုံအောင် ပိတ်ထားတယ်ဆိုတော့ ပြေးရင်လည်း ပြေးလောက်ဦးမှာ မဟုတ်ဘူး ဦးမောင်ရ"

"ဟင် ... ဒါ ... ဒါဆို ဘယ်လိုလုပ်ကြမလဲ"

တီချစ်ရဲ့စိုးထိတ်ဗျာပါဒ်ပွေနေတဲ့ အသံကြားရလျှင် မိုးထန် ဆင်တဲ့ခွင်ထဲတော့ ကားခနဲ ဝင်သွားပြီဆိုတာ သဘောပေါက်ရလေသည်။

"အား ... ဒါဆို ဒီလိုလုပ်။ ဦးမောင်က ဒီမှာစောင့်အိပ်ပေးလိုက်။ ဒါမှ အရေးဟဲ့အကြောင်းဟဲ့ဆို တီချစ် အားကိုးအားထားပြုလို့ရတာပေါ့ မဟုတ်ဘူးလား။ ဦးမောင်က ကရာတေး ခါးပတ်နက်ဆို"

"ဟော ... အေး ... အေးပေါ့ကွ။ အဲ ... အဲဒါဆို ကိုယ် ဒီမှာ စောင့်အိပ်ပေးရမလား မချစ်ခင်"

ဦးမောင်က ဟန်ကိုယ့်ဖို့ စကားပြောလိုက်လျှင် အားလုံးက ပြုံးစိစိမျက်နှာတွေ ဖြစ်ကုန်တာမို့ တီချစ်က ခပ်တင်းတင်း ပြန်ပြောလေသည်။

"အိပ်ချင်အိပ်ပေါ့။ ဟဲ့ ... ကလေးတွေ မိုးချုပ်ပြီ။ အိမ်ထဲဝင်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



တီချစ်ရဲ့အိမ်ထဲကို ဝင်ရောက်ဖို့ ဖိတ်ခေါ်မှုက အားလုံးကို ဆိုလိုတာမို့ တီချစ် စကားအတိုင်း အားလုံး အိမ်ထဲ ဝင်လာတာဖြစ်သည်။ ဧည့်ခန်းထဲမှာ ထိုင်နေတုန်း ဒီအိမ်ရဲ့အိမ်ကြီးရှင် တီချစ်ကပဲ စကားစပြောလေသည်။

"ဒီနေ့အတွက် ကိုမောင်ထူးကိုရော၊ ဒီက အားလုံးကို ကျေးဇူးတင်ပါတယ်။ ပြီးတော့ ဒီနေ့ညတော့ ဒီမှာပဲ စောင့်ပေးပါလို့ အားလုံးကို မေတ္တာရပ်ခံချင်ပါတယ်"

"ဟာ ... ရတာပေါ့ အန်တီချစ်ရဲ့။ ကျွန်တော်တို့အားလုံး ဒီမှာ စောင့်ပေးမယ်နော်၊ ဟုတ်တယ်မလား ဦးမောင်"

"ဟေ ... အေး ... ဟုတ်တာပေါ့ကွ။ ဘာမှမကြောက်နဲ့ မချစ်ခင်။ ကျုပ် တစ်ယောက်လုံးရှိတယ်"

ကျုပ် တစ်ယောက်လုံးရှိတယ် ဆိုတဲ့စကားက တီချစ်အတွက်ကတော့ ရှေ့မှာ မဟာရံတံတိုင်းကြီး ကာဆီးထားသလို ခံစားရပေလိမ့်မည်။ အဆင်ပြေသလို ဖြစ်နေပြီဖြစ်တဲ့ အခြေအနေအတွက် မိုးထန်က ခွန်းဂျာကို ဒိုင်လျှိုလေး မျက်စိတစ်ဖက် မှိတ်ပြလေသည်။



မကြာခင် နှစ်အိမ်မှတစ်အိမ် ကာလကို ရောက်နိုင်ဖို့ မျှော်လင့်ကာ အဲဒီလို ပြောင်းလဲသွားအောင် စွမ်းပေးနိုင်တဲ့ မိုးထန်ကို နည်းနည်းတော့ အထင်ကြီးမိသွားလေသည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"ဟုတ် ... ပိုင့်ကို ခွန်းဂျာက သတိတွေရနေတာ။ ပြန်မလာသေးဘူးလားဟင်"

"အင်း ... တစ်ရက် နှစ်ရက်လောက်နေရင် ပြန်လာမှာပေါ့ ဂျာရဲ့။ ကိုယ် ဂျာအတွက် လက်ဆောင်တွေ ဝယ်လာတယ် သိလား"

ခွန်းဂျာက ဆိုင်ရှေ့ကခုံတန်းမှာ ထိုင်နေရင်း ပိုင်နဲ့ ဖုန်းပြောနေတာဖြစ်သည်။ ဆိုင်ရှေ့မှာ ကားတစ်စီးက ပါကင်ဝင်လာတာမို့ ဘယ်သူများပါလိမ့်ဆိုပြီး ငုံ့လျှိုးကြည့်လိုက်လျှင် မိုးထန် ဖြစ်လို့နေသည်။

"ဟော့ ... ဒီမှာနော် ... ဒီမှာ"

"ခွန်းဂျာ ... ဘာဖြစ်တာလဲ"





မိုးထန် မမြင်မှာစိုးလို့ လက်လှမ်းပြ ခေါ်လိုက်တာကို ပိုင်က ကြားသွားတာမို့ မေးနေတာဖြစ်သည်။

"ဘောစိ လာပြီလေ ပိုင်ရဲ့။ အဲဒါ လှမ်းခေါ်တာ"

"ဩော် ... ဟုတ်လား။ အိုခေ ... ဒါဆို နောက်မှဖုန်းဆက်လိုက်မယ်လေ။ ဒါပဲနော် ဂျာ"

"Ok ... ပိုင် ... တာ့တာ"

ခွန်းဂျာက ပိုင့်ကို နှုတ်ဆက်ပြီး ဖုန်းပိတ်လိုက်လျှင် မိုးထန်က ခွန်းဂျာ အနားကိုရောက်လို့လာလေသည်။

"ဒီနေ့ အစောကြီး ရောက်နေပါလား။ ကိုယ်တောင် ခွန်းဂျာ ခြံရှေ့ကနေ ခွန်းဂျာများ ထွက်လာမလား စောင့်နေသေးတယ်"

"အင် ... ဟုတ်လား။ ခွန်းဂျာက ဒီနေ့ စောထွက်လာတာလေ"

"ခွန်းဂျာ ... ရော့"

ခွန်းဂျာရဲ့မျက်စိရှေ့မှာ သူက အိတ်ကပ်ထဲကနေ နှင်းဆီတစ်ပွင့် ထုတ်ပေးလေသည်။ ခွန်းဂျာက ဒါဘာသဘောလဲဆိုတာ တွက်ဆမိတာကြောင့် မျက်နှာထားကို ခပ်တင်းတင်းထားလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မိုးထန် ... ရှင် ဘယ်လိုဖြစ်နေတာလဲ။ အဲဒါ ဘာသဘော လဲ"

"ပန်းပေးတာလေ။ ကိုယ်တို့ ငြိမ်းချမ်းရေးယူတဲ့သဘော ပါ။ မနေ့တုန်းက ကိုယ် စကားပြောတာ ရိုင်းသလိုဖြစ်သွားရင် တောင်းပန်ပါတယ်။ ခွန်းဂျာ စိတ်ထဲဘာမှမထားပါနဲ့နော်။ ခွန်းဂျာကို ချစ်တဲ့အချစ်က အချစ်အနေနဲ့ပဲ သီးသန့်ရှိနေမှာမလို့ စိတ်ကျဉ်းကျပ်မှု မဖြစ်ပါနဲ့ ခွန်းဂျာ"

"ကျစ် ... မိုးထန်။ ရှင် ဘာလို့ အဲလိုဖြစ်နေရတာလဲ။ ရှင် အခုလို ပြောနေတာကိုက ခွန်းဂျာကို စိတ်ကျဉ်းကျပ်စေတယ်။ အနေရခက်စေတယ်။ နောက် မပြောပါနဲ့။ အဲဒါဆို လုံးဝ အေးဆေးပဲ။ ကဲ ... လာ ... ဆိုင်ထဲဝင်မယ်"

ခွန်းဂျာက အပြတ်ပြောပြီး ဆိုင်ထဲဝင်လာခဲ့လျှင် သူက နောက်ကနေ လိုက်လာကာ ခွန်းဂျာ ရှေ့ကနေ ပိတ်ရပ်လိုက်ပြီး ...

"ခွန်းဂျာ ... ကိုယ့်ကို တစ်ချိန်ချိန်တော့ စဉ်းစားပေးစေချင်တယ်"

"ကျစ် ... မိုးထန်။ ဘာဖြစ်နေတာလဲ။ ထပ်ပြောရင် ခွန်းဂျာ တကယ် စိတ်ဆိုးပြီနော်။ တော်တော့"





ခွန်းဂျာက ပြောပြီးတာနှင့် တန်းထွက်လာလျှင် သူကအနောက်မှာ ကျန်နေခဲ့လေသည်။ မိုးထန် တစ်ယောက်နဲ့တော့ ခွန်းဂျာမှာ တကယ်ပဲ နေရထိုင်ရ ခက်ခဲလှပေသည်။

♥ ♥

www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာသည် ဝက်သားတုတ်ထိုး ထိုင်စားနေရင်းကမှ အဝေးကနေ လှမ်းမြင်ရတဲ့ မြင်ကွင်းကို မသဲကွဲသေးတာမို့ မျက်မှောင်ကြုတ်ကြည့်ကာ အာရုံစူးစိုက်လိုက်လျှင် မျက်လုံးတွေ ပြူးကျယ်သွားတော့သည်။ ကျစ် ... မာန်မိုးထန်။ ဒီကို ဘာလာလုပ်ပြန်ပြီလဲကွာ။

"ဟဲ့ ... ဟဲ့ ... ခွန်းဂျာ။ ဟိုမှာ မိုးထန်နဲ့ ထွန်းမောင်မှလား။ direction ကို ကြည့်ရတာကတော့ ငါတို့ဘက်ကို ဦးတည်နေပုံပဲ"

"သေချာတာပေါ့။ ဟိုမှာ လာနေပြီ"

ခွန်းဂျာက ခပ်တိုးတိုးပြောရင်း မမြင်ချင်ယောင်ဆောင်ပြီးလေလျှင် သူတို့ကလည်း အဲဒါကို သိဟန်တူလေသည်။ အခုမှ ခွန်းဂျာတို့ကို မြင်ဟန်ပြုကာ အားရဝမ်းသာဟန်ဖြင့် ...





"ဟား ... ခွန်းဂျာတို့ပါလား။ တုတ်ထိုး လာစားတာလား။ ကြည့်စမ်း ... တိုက်တိုက်ဆိုင်ဆိုင်"

"အဟင်း ... ဟုတ်တယ်နော်။ တိုက်ဆိုင်လိုက်တာ"

စိတ်ထဲမှာ အလာဂျစ်ထလာတာမို့ ခွန်းဂျာကတမင်အရွဲ့တိုက်ပြီး အငေါ်တူးပြောလေလျှင် မိုးထန်က သဘောတကျဖြင့် တဟားဟား ရယ်မောကာ တုတ်ထိုးတစ်ချောင်းကိုယူ၍ အချဉ်ရည်ထဲမှာစိမ်ကာ စားလိုက်ပြီးမှ ပြောင်ချော်ချော်မျက်နှာထားဖြင့် ...

"အဟဲဟဲ ... ခွန်းဂျာတို့ ဝက်သားတုတ်ထိုး သွားစားတယ်ဆိုတာသိလို့ တမင်တကာ လိုက်လာတာ။ ရှင်းပေးချင်လို့ပါ။ ကံကောင်းလို့ အလှူရှင်နဲ့ လာဆုံနေမှတော့ အလှူခံပုဂ္ဂိုလ်အဖြစ် ရဲရဲကြီး ရပ်တည်လိုက်စမ်းပါ ခွန်းဂျာရဲ့ ... ဟဲ ဟဲ"

"မစားချင်ပါဘူး။ ခွန်းဂျာတို့က သူများကျွေးတာ မစားဘူး"

"ဩော် ... ဒါဆိုလည်း ဖြစ်ပါတယ်။ သူများကျွေးတာမစားချင်ဘူးဆိုရင် ကိုယ်က သူများကို ဝယ်ကျွေးလိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... ဦးလေးကြီး ဝက်လျှာကို နုပ်နုပ်စဉ်းပြီး တစ်ပွဲသုပ်ပေးစမ်းပါ"

ခွန်းဂျာက အမြင်ကတ်လာတာကြောင့် သူ့ကိုရွဲ့ပြီး ပြောတာကို သူကသိကာ သဘောတကျဖြင့် တဟားဟားအော် ရယ်နေလေသည်။ ခွန်းဂျာသည် မိုးထန်ရဲ့ အဲဒီပြောင်စပ်စပ်ပုံစံကို ကြည့်မရဖြစ်တာကြောင့် အမြင်ကတ်ကတ်ဖြင့် သူ့လက်မောင်း ကို ထုပစ်လိုက်မိသည်။

"တော်တော်ကို မိုးမမြင် လေမမြင် ဖြစ်နေတာပေါ့ ... ဟုတ်လား ခွန်းဂျာ"

အနောက်မှ ကြားရတဲ့စကားသံကြောင့် ခွန်းဂျာက အံ့အားတသင့်ဖြစ်သွားကာ လှည့်ကြည့်မိလျှင် တကယ်ကို ထင် မှတ်မထားစွာသော လူတစ်ယောက်ကို သွားတွေ့မိတာဖြစ်သည်။ တွေ့တွေ့ချင်းမှာပင် ခွန်းဂျာက အံ့အားတသင့်ဖြစ်ကာ ဆတ်ခနဲ မတ်တတ်ထရပ်မိ၍ ပိုင့်အနားသို့ ရောက်သွားလေသည်။

"ပိုင် ... ပိုင် ... ဘယ်တုန်းက ပြန်ရောက်တာလဲ"

"အဲဒါ အရေးမကြီးပါဘူး။ အရေးကြီးတာက မင်းရဲ့နေ ထိုင်ပုံပဲ။ ဘယ်လိုဖြစ်တာလဲ"





"ပိုင်"

ခပ်မာမာလေသံနဲ့ ပြောလိုက်တာမို့ ခွန်းဂျာက လူကြားထဲမှာ ရှက်သွားသလိုတော့ ဖြစ်သွားရလေသည်။

"ဘာတွေပြောနေတာလဲ။ လာ ... လာ ... ပိုင် ... တစ်နေ ရာမှာ စကားသွားပြောရအောင်"

"နေစမ်းပါ ... ငါ စကားမပြောချင်ဘူး"

"ဒီမှာဗျ ... ဘာဖြစ်တာလဲ။ ကျွန်တော်တို့က သူငယ်ချင်း တွေ မုန့်စားနေတာ။ ခင်ဗျား အဲဒီလောက်အထိတော့ ပြဿနာ မရှာသင့်ဘူး"

"ဟင် ... မင်း ... မင်းက"

ဒီကိစ္စထဲကို မိုးထန်ကပါ ကြားဝင်လာပြီမို့ ခွန်းဂျာ မှာ ဘာပြောရမှန်း မသိအောင် အခက်တွေ့နေစဉ်မှာ ပိုင်က မိုးထန်ရဲ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေတာမို့ ခွန်းဂျာက အလျှင်အမြန် ရှင်းပြရတော့သည်။

"ပိုင် ... ဒါက ခွန်းဂျာ အလုပ်လုပ်တဲ့ဆိုင်က သူဌေးလေ။ မာန်မိုးထန်တဲ့။ ခွန်းဂျာနဲ့ သူငယ်ချင်းပေါ့"

"ဘာ ... သူဌေး။ သူဌေး ... ဟုတ်လား။ ဒီကောင်က သူဌေး ... ဟား ဟား"

www.burmeseclassic.com

www.burmeseclassic.com



ပိုင့်စကားတွေက ခွန်းဂျာကို နားမလည်နိုင်ဖြစ်ရတာမို့ ခွန်းဂျာမှာ လုံးဝကို ပလပ်ကျွတ်ရလေသည်။ ဒါဘာသဘောပါလိမ့်။ မိုးတန်နဲ့ ပိုင်က သိနေကြတာလား။

"ခွန်းဂျာ ... သူက နင့်ဘဲ ဆိုတာလား"

"အင်း ... ဟုတ်တယ်"

မိုးထန်မေးတဲ့ မေးခွန်းကို ခွန်းဂျာက မဖြေရသေးခင် သွန်းချိုက အတည်ပြုပေးလိုက်တာဖြစ်သည်။ အခြေအနေတစ်ခုကို ဘာမှန်း ညာမှန်း သေသေချာချာ နားမလည်နိုင်သေးခင်မှာ မိုးထန်က ခွန်းဂျာရဲ့အရှေ့မှာ ဝင်ရပ်ကာ ပိုင့်ကိုတည့်တည့်ရင်ဆိုင်ရင်း ချဲလင်းလုပ်နေတာဖြစ်သည်။

"ခွန်းဂျာရဲ့ဘဲ ... မင်းနဲ့ ငါနဲ့ ပြန်ဆုံပြန်ပြီနော်။ သဘောတရားတစ်ခုမှာ ဘာလုပ်ရင် ဘာဖြစ်တယ်ဆိုတဲ့ အခြေအနေကို မင်းသိရင် ထဝုန်းမနေနဲ့။ ငြိမ်နေလိုက်တော့"

"မိုးထန် ... ပိုင် ... ဘာလဲ ... ဘာဖြစ်နေတာလဲ"

ခွန်းဂျာက နားမလည်နိုင်တဲ့ အခြေအနေတစ်ခုကို ဝင်ရောက်ဖျန်ဖြေပေးလေလျှင် ပိုင်က ခွန်းဂျာရဲ့လက်ကို ခပ်ဆတ်ဆတ် ဆောင့်ဆွဲကာ ...



"မင်း ငါနဲ့လိုက်ခဲ့ ခွန်းဂျာ"

ခွန်းဂျာက ပိုင့် ဆွဲခေါ်မှုနောက်မှာ ကရောကပါး လိုက်လာရတာဖြစ်သည်။ ပိုင်က Taxi တစ်စီးကို ဖမ်းတားလိုက်ရင်း ထိုင်နေကြဆိုင်ကို မောင်းခိုင်းလိုက်သည်။ ကားပေါ်မှာ တင်းထန်နေတဲ့ ပိုင့်ရဲ့မျက်နှာကို မရဲတရဲကြည့်ရင်း ခွန်းဂျာက မေးရတာဖြစ်သည်။

"ပိုင် ... ဘာဖြစ်တာလဲဟင်။ မိုးထန်နဲ့ပိုင့်မှာ ဘာကိစ္စတွေ ရှိနေကြတာလဲ"

"မင်းပါးစပ်ကို ပိတ်ပြီးလိုက်ခဲ့ ခွန်းဂျာ။ ဆိုင်ရောက်မှ စကားဆက်ပြောမယ်"

ခွန်းဂျာက ပိုင့်ရဲ့ခပ်ငေါက်ငေါက်ပြောမှုမှာ အသာငြိမ်လိုက်လာရင်း ကော်ဖီဆိုင်ရောက်မှ စကားဝိုင်းက စတာဖြစ်သည်။ ဒါပေမဲ့ အဲဒီစကားဝိုင်းက သူပြောကိုယ်ပြော မဟုတ်ဘဲ ပိုင့်ရဲ့အမိန့်ဆန့်သော စကားကို ရင်ဆိုင်ရတာဖြစ်သည်။

"ဂျာ ... မင်း အဲဒီအလုပ်က ထွက်လိုက်တော့"

ဘာမှ အကြောင်းပြချက် မရှိဘဲ အပြတ်ပိတ်ပြောတဲ့စကား ဖြစ်တာမို့ ခွန်းဂျာဟာ အရမ်းကိုအံ့သြရတာဖြစ်သည်။ ပိုင်ဟာ ခွန်းဂျာကို ဘယ်တုန်းကမှ လေသံမာမာ ပြောလေ့ဟာ

www.burmeseclassic.com



မဟုတ်ပေ။ ဘာအကြောင်းရင်းမှ မသိရဘဲ ခွန်းဂျာကို အလုပ်ထွက်ဆိုတဲ့ သံပြတ်ကိုတော့ ခွန်းဂျာလည်း လက်သင့်မခံနိုင်ပေ။

"ဘာဆိုင်လို့လဲ။ ခွန်းဂျာက ဘာဖြစ်လို့ အလုပ်ထွက်ရမှာလဲ။ ပြီးတော့ ပိုင်နဲ့မိုးဆန်က ဘယ်လိုပတ်သက်နေကြတာလဲ"

"ခွန်းဂျာ ... ကိုယ့်ကို ဘာလို့ အပိုတွေလျှောက်ပြောနေတာလဲ။ ခွန်းဂျာပဲ ကိုယ် အလုပ်ထွက်ဆို ထွက်မယ်ဆို"

"ပိုင် ... ခွန်းဂျာ ထွက်မယ်ဆိုတာ အလုပ်အဆင်မပြေရင် ပြောတာ။ ခွန်းဂျာအတွက် ပျော်ရွှင်မှုတွေဖြစ်တဲ့ အလုပ်ကို ခွန်းဂျာက ဘာကိစ္စ ထွက်ရမှာလဲ"

ခွန်းဂျာက ပိုင့်ရဲ့ပုံစံတွေကို စိတ်ထဲမှာ သဘောတွေ့ ဖြစ်လာလေသည်။ ရည်းစားဖြစ်တဲ့ သက်တမ်းတစ်လျှောက်မှာ ပိုင်ဟာ ခွန်းဂျာအတွက် အရမ်းကို ချစ်ဖို့ကောင်းသလို အငြိ အလိုလိုက် အလျှော့ပေးခဲ့သူဖြစ်သည်။ အခုကျမှ ပုံစံတွေက အရမ်းကို opposite ဖြစ်လို့နေတာဖြစ်သည်။

"မင်း ထွက်ကို ထွက်ရမှာပဲ ခွန်းဂျာ။ ငါ သူနဲ့ပတ်သက်တာ မကြိုက်ဘူး"



"ဘာကြောင့်လဲဆိုတော့ မဖြေဘူး။ ပိုင့်စကားလုံးတွေက အမိန့်ဆန်လွန်းနေတယ် မထင်ဘူးလား။ ခွန်းဂျာက ပိုင်ထားရာနေ စေရာသွား ခိုင်းရာလုပ်မယ့် လူစားမျိုးမဟုတ်ဘူး။ ခွန်းဂျာကို အလုပ်ထွက်ခိုင်းရင် ထွက်ခိုင်းစရာအကြောင်းပြချက်တော့ ပြရမှာပေါ့။ ပြောပါ ... ပိုင်နဲ့ မိုးဆန်က ဘယ်လိုပတ်သက်နေတာလဲ"

ခွန်းဂျာက သိချင်တဲ့စကားအတွက် အပြတ်သားဆုံး မေးလိုက်လျှင် ပိုင်က ရုတ်တရက်တော့ ငိုင်ကျသွားလေသည်။ ပြီးတော့မှ လေပူတစ်ချက် မှုတ်ထုတ်ကာ ...

"ဒီကောင်က သူဌေးမဟုတ်ပါဘူးကွာ။ အဲဒီဆိုင်ငှားဖို့အတွက်တောင် ပိုက်ဆံချေးပြီးမှ ငှားတဲ့ကောင်"

"ဘယ်လို။ အဲဒါ တစ်ခုကြောင့် ခွန်းဂျာကို အလုပ်ထွက်ခိုင်းတာလား ပိုင်"

ပိုင်က ခေါင်းကို ခပ်ဆတ်ဆတ် ညိတ်ပြသည်။ လမ်းကတော့ ကီးချော်နေပါပြီ။ ခွန်းဂျာက အဓိပ္ပာယ်မရှိတာအတွက် ပြန်လည်ချေပဖြစ်သည်။

"သူဌေးဆို ပိုက်ဆံမချေးရဘူးလား ပိုင်။ အဲဒါ သူ့ personal လေ။ ဒီကိစ္စလောက်နဲ့ ခွန်းဂျာက အလုပ်ထွက်စရာလား။ အဲဒါ အသေချာဆုံးစကားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျစ် ... ခွန်းဂျာ၊ မင်း ဘာလို့ ဒီလောက်ပြောရဆိုရ ခက်နေတာလဲ။ မင်းကို အဲဒီအလုပ်က ထွက်ခိုင်းတာဟာ အဲဒီကောင်နဲ့ မပတ်သက်စေချင်လို့။ မင်းချစ်သူက အဲဒီကောင်နဲ့ ပတ်သက်တာ မကြိုက်ဘူးဆို မင်း ဖြတ်ရမှာပေါ့"

"မဆိုင်တာပဲ ပိုင်ရာ။ မိုးထန်နဲ့ ခွန်းဂျာက ရိုးရိုးလေးပဲ။ ပြီးတော့ ပိုင် တစ်ခါတည်း ပြောလိုက်ဦးမယ်။ ခွန်းဂျာ ဘယ်တော့မှ အဲဒီအလုပ်က ထွက်ဖြစ်မှာ မဟုတ်ဘူး။ အဲဒီဆိုင်အတွက် ခွန်းဂျာ ရှယ်ယာဝင်ထားတယ်။ ပြီးတော့ ခွန်းဂျာ အလုပ်ထွက်တယ်ပဲထား။ သူနဲ့က ပတ်သက်တွေ့ဆုံနေဦးမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူက ခွန်းဂျာတို့ အဆောင်ဘေး ကပ်ရပ်မှာ နေလို့ပဲ"

"ဘာ"

ပိုင်ဟာ အဓိပ္ပာယ်မရှိတာကို သက်သက်မဲ့ ရစ်နေတာဖြစ်သည်။ သူပြောနေတာတွေက အကြောင်းတရား မခိုင်လုံပေ။ ခွန်းဂျာ စိတ်ထဲမှာ အရမ်းအရမ်းကို သိချင်နေတာ တစ်ခုက ပိုင်နဲ့ မိုးထန် ဘယ်လိုပတ်သက်သလဲ ဆိုတာကိုဖြစ်သည်။





"ခွန်းဂျာ ... ကိုယ့်ကို စိတ်ညစ်ရအောင် မလုပ်ပါနဲ့ကွာ။ ကိုယ် ကြိုးစားနေတာတွေက တစ်နေ့မှာ ခွန်းဂျာနဲ့နီးဖို့အတွက်ပဲ။ ခွန်းဂျာ ကိုယ့်စိတ်ကို နည်းနည်းတော့နားလည်ပေးသင့်ပါတယ်ကွာ"

"ပိုင် ... ပိုင်ပြောတာတွေကို ခွန်းဂျာ ဘာတစ်ခုမှ နားမလည်ဘူး။ ဒါပေမဲ့ ခွန်းဂျာကိုချစ်တဲ့ ပိုင့်အချစ်ကိုတော့ ယုံပါတယ်။ အလုပ်ထွက်ဖို့ လောလောဆယ်မှာ မဖြစ်နိုင်သေးပေမယ့် ပိုင် မကြိုက်ဘူးဆိုရင် တဖြည်းဖြည်းနဲ့ထွက်ဖို့ ကြိုးစားပါ့မယ်"

ပိုင့်ကို စိတ်ထဲမှာ ဘဝင်မကျ ဖြစ်ပေမယ့် ခွန်းဂျာအပေါ်ချစ်တဲ့အချစ်ကို ယုံကြည်တာကြောင့် ခွန်းဂျာဘက်က တစ်ထစ်လျှော့ချပေးလိုက်တာဖြစ်သည်။ ပိုင်က ခွန်းဂျာရဲ့လက်တစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ကာ ပြုံးပြလေသည်။

ချစ်သူ့ရဲ့အပြုံးကို တစ်နေ့တစ်ခါ မြင်နေရရင် ခွန်းဂျာ စိတ်ချမ်းသာမယ်လို့ ထင်ထားခဲ့တာ။ ခုတော့ဖြင့်တခြားစီပါပဲလားကွာ။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၁

မိုးထန်သည် ကိုယ့်ရှေ့က ကောင်မလေးရဲ့မေးခွန်းတွေကို ဖြေဖို့အတွက် အတော်လေးကို ရင်မောနေရတာဖြစ်သည်။ သူ ဘယ်လိုဖြေသင့်သလဲ။ အမှန်အတိုင်းပဲ ပြောရမှာလား။ ဒါမှမဟုတ် မသိပါဘူးလို့ပဲ လိမ်ပြောရမှာလား။

"မိုးထန် ... ပြောပါ။ ခွန်းဂျာကို အမှန်အတိုင်းပြောပါ။ ပိုင့်ကို ဘယ်တုန်းကတည်းက သိနေတာလဲ။ ပြီးတော့ မိုးထန် ပိုင့်ကိုပြောတဲ့ စကားအဓိပ္ပာယ်က ဘာလဲ။ ခွန်းဂျာ သိရမှ ဖြစ်လိမ့်မယ် မိုးထန်"

"ကိုယ်နဲ့သူ တစ်ခါပဲ ဆုံဖူးတာပါ ခွန်းဂျာ"

"မိုးထန် ... ရှင် လိမ်ပြောတာ။ ခွန်းဂျာ သိသလောက်တော့ ရှင်တို့နှစ်ယောက်ပြောတဲ့ စကားတွေမှာ အထာတွေ





ရှိနေတယ်။ ပြောပါ ... ခွန်းဂျာရဲ့သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ပြောသင့်ပါတယ်"

သူက အဲဒီစကားကိုမြော့ဖို့ တော်တော့်ကို ခက်ခဲရလေသည်။ မင်းရဲ့ချစ်သူက သူ့ အလုပ်လုပ်တဲ့ဆိုင်က သူဌေးမရဲ့ဘာညာသာရကာပါလို့ ကိုယ်က ဘယ်လိုပြောရမလဲ ခွန်းဂျာရယ်။

"ခွန်းဂျာ ... ကိုယ်က မင်းကို ခင်ခင်မင်မင်ပဲ စကားပြောချင်တာ။ ကိုယ်အခက်မတွေ့ချင်ဘူး ခွန်းဂျာရယ်။ ခွန်းဂျာကို ကိုယ်ပြောပြမှာပါ။ ဒါပေမယ့် ခုတော့ မဟုတ်သေးဘူး။ ခွန်းဂျာကို ပြောပြသင့်တဲ့ အချိန်ရောက်ပြီဆိုရင် ကိုယ် ပြောပြမှာပါ။ အခုတော့ ဒီလောက်ပဲ ပြောရအောင်"

မိုးထန်ရဲ့ စကားတွေက ခွန်းဂျာရဲ့ သိချင်စိတ်တွေကို ပိုပြီးမရိုးမရွဖြစ်အောင် ဆွပေးလိုက်သလို ဖြစ်လေ၏။ သူ အဲဒီလိုပြောကာမှ အခြေအနေက ပိုဆိုးလာကာ ခွန်းဂျာက အသည်းအသန်မေးတော့တာဖြစ်သည်။

"ဟင့်အင်း ... အဲလိုမလုပ်ပါနဲ့ မိုးထန်ရယ်။ ခွန်းဂျာ သိရမှ ဖြစ်လိမ့်မယ်။ အဲဒါ ဘာလဲ ... ခွန်းဂျာကိုပြောပြပါ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာက ဆက်ပြောမယ်အပြုမှာ စကားစကပြတ်သွားလေသည်။ ခွန်းဂျာရဲ့ဖုန်းလာနေတာမို့ ခွန်းဂျာကစကားစကို ခဏဖြတ်လိုက်ရင်း Diaplay နံပါတ်ကို ကြည့်လိုက်လေသည်။ ပြီးတော့မှ သူ့ကို တစ်ချက်ကြည့်ကာ ...

"Excuse နော်။ ဖုန်းခဏပြောလိုက်ဦးမယ်"

သူက ခေါင်းတစ်ချက် ညိတ်ပြလိုက်လျှင် ခွန်းဂျာက ဖုန်းချက်ချင်းကိုင်လေသည်။

"ဟယ်လို ... အင်း ... ပိုင်"

ဪ ... သူမချစ်သူဆီကဖုန်းပဲ။ မိုးထန်က သူမပြောရဆိုရတာ အနေခက်နေမှာစိုးလို့ သူ့ဖုန်း internet ကိုဖွင့်ကာ , facebook သုံးနေလိုက်သည်။ အတင်းကို စိတ်အာရုံက facebook page မှာ နှစ်ထားသော်လည်း အသံကတော့ နားစွင့်မိတာဖြစ်သည်။

"မဟုတ်ပါဘူး။ သင်တန်းကအပြန် ရှမ်းခေါက်ဆွဲဝင်စားနေတာပါ"

"..........."



"ဟင် ... ဒီညနေလား။ အင်း ... ဒီနေ့ ခွန်းဂျာတို့အဆောင်မှူးက မုန့်လုပ်ကျွေးမယ်ဆိုလို့ အားလုံးအဆောင်မှာ ရှိမှဖြစ်မှာ ပိုင်ရဲ့။ နောက်ရက်မှ သွားတာပေါ့နော်"

"..........."

"ဟင် ... အင်းပါ။ ဒီတလော ခဏနားထားတယ်"

ခဏနားထားတယ်လို့ ပြောတာဟာ သူတို့အခုလက်ရှိလုပ်နေတဲ့ အလုပ်ကိစ္စကို ရည်ရွယ်ပြီး ခွန်းဂျာ ပြောသွားပုံရလေသည်။ သူ အရှေ့မှာ ငုတ်တုတ်ရှိနေတာမို့ စကားပြောတာဟာ ဆန့်ငင် ဆန့်ငင် ဖြစ်နေလေ၏။

"ဟုတ် ... အဲဒါဆို ဒါပဲနော်"

ခွန်းဂျာက ဖုန်းပိတ်ပြီးသွားတဲ့အခါမှာ သူ့ကိုအားနာပြုံးတစ်ချက်ပြုံးကာ ခုနကစကားကို ပြန်ဆက်လေသည်။

"မိုးထန် ... ပြောပြပါ မိုးထန်ရယ်"

သူ့ဆီက ကြားလာရမည့် အကြောင်းအရာတစ်ခုကို အတော်လေး မျှော်လင့်ထားဟန်တူသော ခွန်းဂျာကို သူက ငေးခနဲ စိုက်ကြည့်လိုက်ပြီးမှ ...

"အခု ဖုန်းက ခွန်းဂျာ ကောင်လေးဆီကလား"

"အင်း ... ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုလည်း သူ့ကိုပဲ မေးကြည့်ပါတော့လား ခွန်းဂျာရယ်။ ကိုယ့်ကို ဘာလို့အဖြေရခက်တဲ့ မေးခွန်းတွေနဲ့ အကျပ်ရိုက်အောင် လုပ်ချင်နေတာလဲ ခွန်းဂျာ"

"ဟွန်း ... ဒါဆိုရင် မိုးထန်က ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမပြောတော့ဘူးလို့ ဆိုလိုချင်တာလား။ အဲဒီလိုလား"

ခွန်းဂျာရဲ့ ခပ်မာမာလေသံကို သူဟာ နားထောင်နိုင်စွမ်း မရှိပေမယ့် သူဟာ အဲဒီလို အချွန်နဲ့မ,ပြီး မိန်းမလို မိန်းမရ စိတ်မာတတ်နဲ့တော့ ခွန်းဂျာဆီက အမှတ်မလိုချင်ပေ။ အဲဒီဆုံးဖြတ်ချက်နဲ့အတူ သူက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

"ဟုတ်တယ်။ ဒါပေမဲ့ ကိုယ်ပြောသင့်ပြီလို့ ယူဆတဲ့အချိန်ကျရင် သေချာပေါက် ပြောမှာပဲ။ ကိုယ်ဆိုလိုတာက အခုမပြောချင်သေးဘူးလို့ ပြောတာပါ"

"ကျစ် ... အဲဒါကိုက လက်မခံချင်စရာပဲ။ ထားလိုက်ပါတော့ ... မိုးထန်။ မိုးထန်ကို ခွန်းဂျာက ပြောပြလိမ့်မယ်လို့ပဲ ထင်ထားတာ။ ပိုင် မပြောတာကို မိုးထန်ပြောလိမ့်မှာပဲလို့ ခွန်းဂျာ ယုံထားခဲ့တာ။ ရတယ် ... ပြဿနာမရှိဘူး မိုးထန်။ ကိုယ့်ဘာသာ ရအောင်စုံစမ်းမယ်"





ခွန်းဂျာက သူ့ကို အပြတ်ပြောကာ ထ,ထွက်တော့မှာမလို့ သူဟာ အသည်းအသန် တားချင်စောဖြင့် ခွန်းဂျာလက်ကို သွားဆွဲကိုင်မိလိုက်သည်။ ခွန်းဂျာက ဆတ်ခနဲပြန်ကြည့်တာမို့ သူဟာ ယောင်ပြီးသွားကိုင်ထားမိတဲ့လက်ကို ဆတ်ခနဲ ပြန်ရုပ်သွားကာ ...

"ဆောရီးပဲ ... ခွန်းဂျာ။ အဲလိုမလုပ်ပါနဲ့"

"ဒါဆို ဘာလဲပြောလေ။ မိုးထန်နဲ့ပိုင်ရဲ့ကြားထဲမှာရှိနေတဲ့ အကြောင်းအရာက ဘာလဲ။ ခွန်းဂျာ သိရမှဖြစ်မယ်"

မိုးထန်သည် မတတ်သာတတ်ရပ် အနေအထားဖြင့်ပင် ခွန်းဂျာနဲ့ တည့်တည့်မျက်နှာချင်းဆုံလိုက်သည်။ အခြေအနေဟာ သူယူဆတွေးထင်ထားသလို မဖြစ်တော့ဘူးလို့ သိလာတာကြောင့် ခွန်းဂျာကို ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

"ကောင်းပြီ ... ခွန်းဂျာ။ ခွန်းဂျာ သိချင်နေတာကို ကိုယ်ပြောပြပြီးရင် အခြေအနေဟာ တစ်မျိုးတစ်ဖုံပြောင်းသွားလိမ့်မယ်။ ဒီတော့ ကိုယ်ကော မင်းကော စိတ်တည်ငြိမ်ဖို့လိုအပ်တယ်။ အချိန်နှစ်ရက်ပေးပါ ခွန်းဂျာ။ ပြီးရင် ကိုယ် မင်းကိုပြောပြပါ့မယ်။ အဲဒီလို ပြောပြလိုက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကိုယ်နဲ့မင်းရဲ့ဆက်ဆံရေးကို တစ်မျိုးတစ်မည်ပြောင်းသွားနိုင်တယ်"

သူ့စကားတွေက အရမ်းထူးဆန်းနေသောအခါ ခွန်းဂျာက သူ့ကို အဓိပ္ပာယ်များစွာ ပါဝင်သည့် မျက်ဝန်းတွေဖြင့် စိုက်ကြည့်လေသည်။ ပြီးတော့ တစ်စုံတစ်ရာကို စဉ်းစားသွားဟန်ဖြင့် ခဏတွေသွားပြီးမှ ခေါင်းညိတ်ပြလေသည်။

"ကောင်းပြီ မိုးထန်။ နောက်နှစ်ရက်နေရင် ပြောပြပါ။ အဲဒါဆို ခွန်းဂျာ သွားတော့မယ်"

"အင်း ... ဒီနှစ်ရက်အတွင်း ဆိုင်ကိစ္စကိုတော့ ကိုယ်ပဲ လုပ်လိုက်ပါ့မယ်။ ခွန်းဂျာ အေးဆေးနေပါ"

ခွန်းဂျာက ဘာမှပြန်မပြောဘဲ သူ့ကို တစ်ချက်ကြည့်ပြီး ထွက်သွားလေသည်။ မင်းနဲ့ မင်းရဲ့ရည်းစားပြတ်သွားရင် ကိုယ်က မင်းရဲ့ဘယ်လိုအခြေအနေမျိုးမှာ ရပ်တည်ရမလဲ ခွန်းဂျာ။ မင်းကို ချစ်တဲ့စိတ်ကြောင့် မင်းနဲ့ နီးချင်ခဲ့တာဟာ မင်းအသည်းကိုခွဲဖို့တော့ မရည်ရွယ်ခဲ့တာ အမှန်ပါ။

♥ ♥





"ပြော ... မင်း ငါ့ကိုတွေ့ချင်တယ်ဆိုတာ ဘာကိစ္စရှိလို့လဲ"

သူက မျက်မှန်ကိုဆွဲချွတ်ကာ စားပွဲပေါ်ဝစ်တင်လိုက်ရင်း ခပ်ဆဆလေသံဖြင့် မေးလိုက်သည်။ ဒီကနေ့ သူတို့နှစ်ယောက်ရဲ့တွေ့ဆုံမှုဟာ သာသာယာယာတော့ ရှိမှာမဟုတ်ဘူးဆိုတာ သူ အစကတည်းက ကြိုတင်တွက်ဆပြီးသား ဖြစ်လေသည်။ သူ့ဆီဝင်လာတဲ့ဖုန်း call ဟာ ခွန်းဂျာရဲ့ဘဲဆီက ဖြစ်လိမ့်မယ်လို့ မထင်မိတာကြောင့် သူဟာ ပိုလို့တောင် ဒီဆုံတွေ့မှုကို စိတ်ဝင်စားခဲ့တာဖြစ်သည်။

"မင်း ခွန်းဂျာနဲ့ ပတ်သက်နေတာကို အခုချက်ချင်းရပ်လိုက်ပါ မာန်မိုးထန်။ သူနဲ့မင်း အလုပ်အတူ လုပ်နေတာကို ငါ မကြိုက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီစကားကြောင့် မိုးထန်သည် ဟက်ခနဲ တစ်ချက် ရယ်လိုက်ရင်းမှ တစ်ကွက် ထောက်ပြလိုက်သည်။

"ဟား ... တော်တော်ရယ်ရတဲ့ စကားလုံးပဲ။ ဒီမှာ ... မင်းက အဲဒီလောက်ထိ ပြောရေးဆိုခွင့် ရှိလို့လား။ ငါက ခွန်းဂျာနဲ့ ပတ်သက်တာဟာ ရိုးရိုးခင်မင်မှုပဲ။ မင်းနဲ့ မင်း မမကြီးလို ဇာတ်လမ်းတွေ ရှိမထားဘူးကွ"

"ဘာ ... ဟော့ကောင်၊ မင်း ဘာစကားပြောတာလဲ"

"ကိုယ့်အကြောင်းကိုယ် သိတယ်ဆိုရင် မင်းမှာ လုပ်စရာ နည်းလမ်းက နှစ်ခုပဲရှိတယ်။ တစ်ခုက ခွန်းဂျာကို မင်း အားလုံးဝန်ချတောင်းပန်ပြီး မင်းရဲ့ကိစ္စတွေကို မင်းကိုယ်တိုင် ဖွင့်ချလိုက်။ အေး ... အဲဒါမလုပ်နိုင်ဘူးဆိုရင် မင်း ခွန်းဂျာကို အဆက်အသွယ် ဖြတ်လိုက်"

သူ့စကားက ထင်လင်းပိုင်ကို တော်တော်အထိနာသွားပုံရလေသည်။ ဒီကောင်က ဘယ်နေရာမဆို ထင်ထားတာနဲ့ တလွဲဖြစ်တာနဲ့ ဒေါသတကြီး ပေါက်ကွဲတတ်တဲ့ သွေးဆူလွယ်သူဆိုတာ သူက လေ့လာမိသွားလေသည်။

"ငါ့ကို မင်း ဘာမှပြောပိုင်ခွင့် မရှိဘူး ဟော့ကောင်။ ဒါ ငါ့ right ။ ငါကြိုက်သလို စီစဉ်လို့ရတယ်"





"ရတယ်လေ ... လူဆိုတာ ကိုယ့် right နဲ့ ကိုယ်ရှိတာပဲ။ မင်းလည်း မင်း right နဲ့မင်း ရပ်တည်နေသလို ငါလည်း ငါ့ right နဲ့ ငါပဲလေ။ ခွန်းဂျာကို မင်းလိုသစ္စာမရှိတဲ့ကောင်နဲ့ တွဲနေတာကို ငါက လက်ပိုက်ကြည့်နေလိမ့်မယ်လို့ မင်း ထင်လား။ ခွန်းဂျာလို မိန်းကလေးမျိုးက မင်းလို ပိုင်းလုံးမျိုးနဲ့ တန်သလား"

"မာန်မိုးထန် ... မင်း ... မင်း ... ဟော့ကောင် ... မင်း ... ယောက်ျား မဟုတ်ဘူးလား။ မင်း ပြောရဲရင် ပြောကြည့်လိုက်လေ။ ငါ ဘာကောင်လဲ မင်းသိစေရမယ်"

"ဟား ဟား ... အဲဒီလောက် သွေးပျက်မသွားပါနဲ့ကွာ။ ငါက မင်းကို ပျော်အောင်နောက်တာပါကွ"

မိုးထန်က ပြုံးစစမျက်နှာဖြင့် သူ့ဒေါသကို ကြွတက်လာအောင် ကလိပေးလိုက်လျှင် ထင်လင်းပိုင်က ပိုပြီး ဒေါကန်စွာ သူ့ကို ထဝုန်းတော့တာဖြစ်သည်။

"ဟော့ကောင် ... မင်းကို (--)ဂရုမစိုက်ဘူးကွ။ မင်းကြိုက်တဲ့ပုံစံနဲ့ ငါ့ဆော်ကိုသွားပြော။ အေး ... မင်းပြောပြီးရင် မင်း ဘာဖြစ်မလဲ ကြည့်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ … မင်း ငါ့ကို ခြိမ်းခြောက်မနေနဲ့။ ငါ မကြောက်တတ်ဘူး။ ငါ ပွင့်ပွင့်လင်းလင်းပဲပြောမယ်။ ခွန်းဂျာကို မင်းလို သစ္စာမရှိတဲ့ကောင်မျိုးနဲ့ ငါမပတ်သက်စေချင်ဘူး။ အဲဒါ ငါ့စေတနာပဲ။ သူလို ကောင်မလေးမျိုးက မင်းလို စပွန်ဆာ မမကြီးနားကပ်ပြီး ဟောက်စားလုပ်တတ်တဲ့ ကောင်မျိုးနဲ့ လုံးဝမတန်ဘူး"

"မင်းကကော ခွန်းဂျာကို ကြာကူလီရိုက်နေတာမဲ မဟုတ်ဘူးလား။ သူများရည်းစားကို ပွဲလန့်တုန်း ဖျာခင်းပြီး အချောင်ဝင်နိုက်ချင်တဲ့ကောင်က မင်းကွ"

"ဘာ"

မိုးထန်က ဒေါသဒီဂရီတွေ အမြင့်ဆုံးထိ ဆောင့်တက်လာကာ ဒီကောင့်ကို ဆွဲထိုးချင်စိတ်တွေ ပေါက်လာပေမယ့် ဆိုင်ထဲမှာ ဖြစ်နေတာမို့ သူက စိတ်ကိုအတင်းဖြေလျှော့ကာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားရင်း …

"မင်းလို အောက်တန်းကျတဲ့ စိတ်ဓာတ်မျိုး မရှိဖို့ပဲလိုအပ်တယ် ဟော့ကောင်။ ခွန်းဂျာကို ငါချစ်တယ်။ ဘာဖြစ်လဲ။ မင်းဆီကနေ ခွန်းဂျာကို ငါလုယူမှာတော့ မဟုတ်ဘူး။ ငါ့အစွမ်းအစနဲ့ ခွန်းဂျာရဲ့အချစ်ကို ရအောင်ယူပြမယ်။ မင်း စောင့်ကြည့်လိုက်။ မင်းချစ်သူကို မင်းပိုင်တယ်ဆို





မင်းအပြစ်တွေကို ငါပြောမပြခင် မင်း ဝန်ခံလိုက်လေ။ အေး … သူ့ဘက်က ခွင့်လွှတ်တာ ခွင့်မလွှတ်တာ သူ့အပိုင်းပဲ။ ငါ့ဘက်ကလည်း မင်းကို စိန်ခေါ်လိုက်တယ်။ မင်းနဲ့ ပြတ်ပြတ် မပြတ်ပြတ် ခွန်းဂျာဟာ တစ်နေ့မှာ ငါ့ချစ်သူဖြစ်လာစေရမယ်။ မင်း စောင့်နေ"

သူက အပြတ်ကြိမ်းဝါးကာ လက်ညှိုးထိုး စိန်ခေါ်လိုက်ပြီးနောက် သူက ထထွက်လာခဲ့သည်။ သူ့ခြေလှမ်းတွေ ကျောခိုင်းစဉ်မှာ ကြားရတဲ့စကားသံကြောင့် သူ့ခြေလှမ်းတွေက တုံ့ခနဲ ရပ်သွားလေသည်။

"မင်းက ခွန်းဂျာရဲ့နှလုံးသားကို ခိုးချင်နေတာကိုး။ အေး … မင်း တစ်ခုသိထားဖို့က ခွန်းဂျာရဲ့နှလုံးသားက ငါ့ဆီ ရောက်နေတယ် ဆိုတာပဲ"

မိုးထန်သည် အဲဒီစကားကြောင့် အနောက်ကိုလည်း ပြန်တစ်ချက် လှည့်ကြည့်လိုက်သည်။ ပြီးတော့ သူ ဘာမှဆက်မပြောတော့ဘဲ ပခုံးတစ်ချက်သာ တွန့်ပြလိုက်သည်။

ခွန်းဂျာရဲ့နှလုံးသားကို မင်းဆီက ငါကလုယူရမယ်တဲ့လား။

♥ ❦ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ခွန်းဂျာက အဆောင်ကနေ အသာလစ်ထွက်လာခဲ့ကာ လမ်းထိပ်က ကော်ဖီဆိုင်မှာ စောင့်နေလေသော ပိုင့်ကို ခိုးပြီးသွားတွေ့တာဖြစ်သည်။ တီချစ်ရဲ့ သို့လော သို့လော အထင်တွေကို ရှောင်တိမ်းရင်း ပိုင့်ဆီကို ဗရုတ်သုတ်ခ ထွက်လာရတာဖြစ်၏။ ကော်ဖီဆိုင်မှာ ထိုင်စောင့်နေသော ပိုင့်ကိုမြင်လျှင် ခွန်းဂျာမှာ ပင်ပန်းသမျှ ရင်ထဲအေးကာ သူ့ကိုပြုံးပြလိုက်လေသည်။

"ဆောရီး ပိုင် ... ရောက်နေတာ ကြာပြီလား။ ခွန်းဂျာ နောက်ကျသွားတယ်။ တီချစ်က ဘယ်သွားမလို့လဲ။ ဘာလဲ လုပ်နေသေးလို့ မနည်းထွက်လာရတာ"





"အင်း ... ရပါတယ်။ အအေးသောက်လိုက်ဦး ခွန်းဂျာ။ ကိုယ် ဂျာ့ကို ပြောစရာရှိလို့"

ခွန်းဂျာက ပြုံးလိုက်ရင်း ပိုင် အဆင်သင့်မှာထားပေးတဲ့ အအေးကို တစ်ငုံသောက်လိုက်ပြီးမှ ပိုင့်ကို ခေါင်းတစ်ချက်ညိတ်ပြကာ ...

"အင်း ... ပြောလေ ပိုင်။ ပိုင် ဘာပြောမလို့လဲ"

ပိုင်က ချက်ချင်းမပြောသေးဘဲ ခွန်းဂျာကို တစ်ခဏစိုက်ကြည့်နေသည်။ ပိုင်ရဲ့ပုံစံက တည်ငြိမ်လွန်းနေတာကြောင့် ခွန်းဂျာက စိတ်ဝင်တစား နားစိုက်ထောင် ဖြစ်လေသည်။ မိုးထန်နဲ့ပိုင်ရဲ့ ပတ်သက်မှုတွေကို ပြောပြတော့မှာလား။

"ဂျာ ... ဂျာ့ကို ကိုယ် ဝန်ခံစရာရှိတယ်။ အဲဒါဟာ ကိုယ့်အပြစ်ကို ကိုယ်သိတာပါ။ ကိုယ့်မှာ အမှားပြင်ဆင်ခွင့်ရှိတယ်မလားဟင် ဂျာ"

ပိုင့်စကားတွေက တောင်းပန်တိုးလျှိုးသံတွေ ဝင်နေတာမို့ ခွန်းဂျာဟာ ပိုင့်ကို တစ်ချက်ငေးကြည့်မိသွားသည်။ ပိုင်တာ အမြဲတစေ ခပ်ကြောကြော ခပ်ရင့်ရင့်ဖြင့် ပြောတတ်တဲ့ ဂျစ်ကလေးဖြစ်သည်။ ဘာလို့ ဒီလိုတောင်းပန်ရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ပိုင် ဘာပြောမလို့လဲဟင်၊ ပိုင်က ဘာတွေများ အပြစ်လုပ်ထားလို့လဲ"

"ကိုယ် မှားခဲ့ပါတယ် ဂျာ၊ ကိုယ့်ကို ခွင့်လွှတ်ပေးပါ"

"ကဲပါ ပိုင်ရယ်။ ပိုင် ဘာဖြစ်လာတာလဲ။ အဲဒါပဲ ပြောပါ။ ခွန်းဂျာ စိတ်တွေပူလာပြီ"

"ဂျာ ... ကိုယ့်ဘဝရဲ့ရည်မှန်းချက်က ဘာလဲဆိုတာ ဂျာ သိပါတယ်နော်"

"အင်း"

"အခု ကိုယ်ဝန်ခံမှာက ကိုယ့်အကြောင်းပါ။ ပြီးတော့ ဟိုကောင် မာန်မိုးထန်နဲ့ ကိုယ့်ရဲ့ပတ်သက်မှုကို ခွန်းဂျာ သိအောင် ပြောပြမှာပါ"

ခွန်းဂျာက ပိုင့်ရဲ့စကားကြောင့် အရမ်းကို စိတ်ဝင်တစား ဖြစ်သွားရကာ အာရုံစိုက် နားထောင်လိုက်လေသည်။

"ဘာ ... ဘာလဲဟင်"

"ကိုယ့်ဘဝက ဂျာလိုမှ မပြည့်စုံတာ။ ကိုယ် တစ်ချိန်မှာ အောင်မြင်ချင်တယ်။ အဲဒါကြောင့် ကိုယ် အဲ့ဆိုင်မှာ အလုပ်လုပ်ခဲ့တာပါ။ ဆိုင်ပိုင်ရှင် အစ်မက ကိုယ့်အတွက် အကောင်းဆုံး အလုပ်ရှင်ဖြစ်ခဲ့တယ် ဂျာ။ ကိုယ် ...





ကိုယ် ဝန်ခံပါတယ် ဂျာ။ ကိုယ့်ဘဝအဆင်ပြေဖို့အတွက် အဲဒီငွေကြေးတွေအပေါ် ကိုယ် တဒင်္ဂသာယာမိသွားတယ်။ ကိုယ် ... ကိုယ်"

စကားစက ဆက်တက်မလာသောအခါ ခွန်းဂျာက ရင်ထဲမှာ တကယ်ကို တစ်မျိုးကြီး ခံစားလိုက်ရတာဖြစ်သည်။ ပိုင် ... ပိုင်က ဘာဖြစ်လို့များ စကားပြောတာတွေက လေးလံနေရတာလဲ။ ငွေတဲ့ ... ဆိုင်ပိုင်ရှင် အစ်မတဲ့။ ဘာတွေလဲ။

"ပိုင် ... ပိုင် ... ဆက်ပြောလေ။ ဘာဖြစ်လဲ"

ခွန်းဂျာရဲ့ အလောသုံးဆယ် စကားကြောင့် ပိုင်က ခွန်းဂျာကို ငေးငေးငိုင်ငိုင် တစ်ချက်လောက် ငေးကြည့်ရင်းကမှ ဆက်ပြောလေသည်။

"ကိုယ် အဲဒီစကားကို ပြောတာဟာ ခွန်းဂျာကို ကိုယ့်အမှား ကိုယ်သိလို့ ဝန်ခံတာပါ"

"ကဲပါ ... ပိုင်ရယ်။ ဘာလဲ ... ခွန်းဂျာ ရင်တွေတောင် တုန်လာပြီ။ ပြောပါ ... ဘာလဲဟင်"

"ကိုယ် ... ကိုယ် ... အဲဒီဆိုင်ရှင်အစ်မနဲ့ ချစ်သူဖြစ်သွားတယ်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာရဲ့နားစည်အတွင်းသို့ မိုးကြိုးအချက်ပေါင်းများစွာ ပစ်ချလိုက်သလို ကွဲအက်မြည်ဟည်းသွားလေသည်။ ပိုင် ... ပိုင် အခုပြောနေတဲ့စကားလုံးရဲ့ အဓိပ္ပာယ်က ဘာတွေလဲ။ ခွန်းဂျာက အံ့ဩမှင်သက်လွန်း၍ ဒီအတိုင်းကြီး တွေဝေငိုင်ငေးမိနေစဉ်မှာ ခွန်းဂျာရဲ့လက်ကို ခပ်တင်းတင်း လှမ်းဆုပ်ကိုင်၍ အသည်းအသန် ရှင်းပြလေသည်။

"ခွန်းဂျာ ... ခွန်းဂျာ ... ကိုယ် မှားခဲ့ပါတယ် ဂျာရယ်။ ကိုယ် သူ့အပေါ်ကို လုံးဝမချစ်ခဲ့ဖူးပါဘူး။ ကိုယ် သူနဲ့ ပတ်သက်ခဲ့မိတာဟာ အဲဒီငွေကြေးအပေါ်ကို တဒင်္ဂသာယာမိသွားတာပါ။ ကိုယ် ဂျာ့ကို သစ္စာဖောက်ခဲ့တာလည်း မဟုတ်ပါဘူး။ ကိုယ် ဂျာ့ကိုပဲ ချစ်ခဲ့တာပါ"

ပိုင့်ရဲ့စကားတွေဟာ ဘယ်လောက်ပဲ နားထောင်ကောင်းတဲ့စကားတွေပဲ ဖြစ်ပါစေ။ ခွန်းဂျာရဲ့နားထဲမှာတော့ အဲဒီစကားတွေအားလုံးက တကယ်ပဲ လုံးဝကို ကီးချော်ထွက်နေတာဖြစ်လေသည်။ သူဟာ ဒီကာလတွေမှာ ခွန်းဂျာ့ကို သစ္စာဖောက်ခဲ့တာပေါ့။ ဒါတောင် ဣန္ဒြေမပျက် သူက ခွန်းဂျာကို တွေ့ခဲ့သေးတယ်။ ခွန်းဂျာသည် တွေးမိရင်း အသည်းနာလာ



ဒေါသက ငယ်ထိပ်ဆောင့်တက်လာကာမို့ သူကိုင်ထားတဲ့လက်တွေထဲကနေ ဆောင့်ရုန်းထွက်လိုက်ကာ ...

"တော်ပါတော့ ပိုင်ရယ်။ ရှင် ဒါကို တော်တော်မျက်နှာပြောင်တိုက်ပြီး ပြောရဲတာပဲ"

"မဟုတ်ဘူး ခွန်းဂျာ။ ကိုယ်က ကိုယ့်အမှားကိုယ်သိလို့ ခွန်းဂျာကို ဝန်ခံတာပါ။ ကိုယ် ကတိပေးတယ် ဂျာ။ ကိုယ် ဂျာ့ကို အဆုံးရှုံးမခံနိုင်ဘူး။ ကိုယ့်ကို ခွင့်လွှတ်ပါ။ ကိုယ် အဲဒီအလုပ်က ထွက်မယ်"

"မရတော့ဘူး ပိုင်။ ရှင် တခုခုကို လိုချင်တယ်ဆိုရင် တစ်ခုခုတော့ ဆုံးရှုံးရလိမ့်မယ်။ ခွန်းဂျာက ပိုင်ရဲ့အနာဂတ်ကို လင်းလက်စေချင်တဲ့သူပါ။ အဲဒါကြောင့် ပိုင့်လမ်းကို ပိုင်လျှောက်ပါ"

"ဂျာ ... ဂျာ အခုပြောနေတာက ကိုယ့်ကို ခွင့်မလွှတ်နိုင်ဘူး။ ကိုယ့်ကို လမ်းခွဲမယ်ဆိုတဲ့ သဘောလားဟင်"

ခွန်းဂျာက အရမ်းကို သွေးပျက်တုန်လှုပ်နေသော ပိုင့်ရဲ့မျက်နှာကို စေ့စေ့ကြည့်ပြီးမှ အကြည့်တွေ လွှဲလိုက်သည်။ ခွန်းဂျာ အဲဒီကိစ္စကိုတော့ လုံးဝခွင့်မလွှတ်နိုင်ပေ။ ခွန်းဂျာ သူ့



www.burmeseclassic.com

www.burmeseclassic.com



အပေါ် ဘယ်လောက် စိတ်အတိုင်းအတာဖြင့် ချစ်မိတယ်ဆိုတာ ခွန်းဂျာ ဘာသာပဲ သိလေသည်။ ခွန်းဂျာရဲ့နောက်မှာ သူရှပ်နေတဲ့ ဓာတ်ထုပ်ကို အခုမှ မှားပါတယ် ဝန်ခံလို့လည်း အပြစ်ကပြီးသွားမှာ မဟုတ်ပေ။ အဲဒါဆို ... အဲဒါဆို ဒီကိစ္စကို မိုးထန်က သိနေတာပေါ့။

"နေဦး ... ပိုင်နဲ့ အဲဒီအမျိုးသမီးကိစ္စကို မိုးထန်ကကော သိနေခဲ့တာလား ... ဟုတ်လား"

"အင်း ... ဟုတ်တယ် ဂျာ။ ဒီကောင့်ကားက အစ်မဆီမှာ ပေါင်ထားတာ။ အဲဒီမှာ ကိုယ်နဲ့စ,ဆုံတာ။ ပြီးတော့ ဒီကောင်က ခွန်းဂျာကို ကိုယ့်ဆီက လုမယ့်ကောင်။ ကိုယ် ခွန်းဂျာကို သိပ်ချစ်တယ်။ အဆုံးရှုံးမခံနိုင်ဘူး။ ကိုယ့်ကို အမှားပြင်ခွင့်လေးတော့ ပေးပါ ဂျာရယ်"

ခွန်းဂျာသည် အရာခပ်သိမ်းအတွက် အရမ်းကို ပင်ပန်းမွန်းကျပ်နေရပါသည်။ ခွန်းဂျာ ဘာလုပ်သင့်သလဲ။ စိတ်တို့ဟာ အရမ်းကို ပိန်းပိတ်လျှောင်နေတာပဲ ဖြစ်လေသည်။ ပိုင်ဟာ ဘယ်လိုမှ ခွင့်မလွှတ်သင့်ဘူးလို့ ခွန်းဂျာ ယူဆလေသည်။ ဒါပေမဲ့ အခုထိ စိတ်ထဲမှာ သူ့ကိုမမုန်းနိုင် ဖြစ်နေရတာကို





ကိုယ့်ကိုယ်ကိုယ် မုန်းတီးလှပေသည်။ သူ့ သစ္စာဖောက်ရက်လေခြင်းဆိုတဲ့ စိတ်နဲ့တင် လုံက ယူကျုံးမရ ဖြစ်နေရတာဖြစ်၏။

"ဂျာ ... ဂျာ ... ကိုယ် တောင်းပန်ပါတယ် ဂျာရယ်။ ကိုယ် ဆိုင်ပြောင်းပြီး အလုပ်လုပ်ပါ့မယ်"

"အဲဒီလောက် မလိုပါဘူး။ ခွန်းဂျာက အငြိုးအာဃာတကြီးတဲ့ မိန်းကလေး မဟုတ်ဘူး ပိုင်။ ဒါပေမဲ့ နာကြည်းတတ်တယ်။ ခွန်းဂျာ ခွင့်လွှတ်မလား ခွင့်မလွှတ်ဘူးလား မသေချာတဲ့ကိစ္စအတွက် ပိုင် ကိုယ့်အညွန့်ကိုယ် မရိုက်ချိုးပါနဲ့။ ပိုင့်ကို ခွန်းဂျာက အဆိုတော် ဖြစ်စေချင်ပါတယ်။ အဲဒီအတွက် ပိုင် အဲဒီမှာပဲ ဆက်လုပ်ပါ။ အဲဒီမိန်းမနဲ့ ဆက်တွဲတာ မတွဲတာ၊ တကယ်ချစ်တာ မချစ်တာ ခွန်းဂျာ စိတ်မဝင်စားဘူး။ ခွန်းဂျာ အခုချိန်မှာ ပိုင်နဲ့စကားပြောချင်စိတ် မရှိတော့ဘူး။ ပိုင် ပြန်ပါတော့"

"ဂျာ ... ခွန်းဂျာရယ် ... ကိုယ်တို့ ချစ်ခဲ့ ... ကြတာ ..."

ခွန်းဂျာက အဲဒီအသံကို ဆက်နားမထောင်လိုတာကြောင့် ခပ်ဆောင့်ဆောင့် အသံဖြင့် ဆောင့်အော်ပစ်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ... ခွန်းဂျာ စိတ်တွေ အရမ်းရှုပ်နေတယ် ပိုင်။ ပိုင် ကိုယ့်အပြစ် ကိုယ်သိတယ်ဆိုရင် ပြန်ပါတော့။ ဒီ့ထက် အခြေအနေတွေ ဆိုးမသွားခင်မှာ ပိုင် ပြန်ပါတော့ ပိုင်"

"ကောင်းပါပြီ ဂျာ။ ဒါပေမဲ့ ကိုယ် ဂျာ့ကို ဘယ်တော့မှ အဆုံးရှုံးခံမှာ မဟုတ်ဘူး။ ကိုယ် မနက်ဖြန် ထပ်လာခဲ့ပါ မယ် ဂျာ"

ခွန်းဂျာသည် ကိုယ့်ရှေ့ကနေ ကျောခိုင်းထွက်သွားသော ပိုင့်ကို မြင်ကွင်းက ပျောက်ကွယ်သွားတဲ့အထိ ငေးစိုက်ကြည့်နေလိုက်သည်။ အရာအားလုံးဟာ ခွင့်မလွှတ်နိုင်တဲ့ အခြေအနေပင် ဖြစ်လေသည်။ ဘာလုပ်ရမလဲ။ ဘာလုပ်ရမလဲ။

ခွန်းဂျာသည် စိတ်နဲ့ကိုယ်မကပ်စွာ တအင်ငေးငိုင်နေခဲ့ပြီးမှ ခွန်းဂျာ တစ်စုံတစ်ယောက်နဲ့ စကားပြောဖို့ လိုအပ်လာပြီလို့ ယူဆကာ ခွန်းဂျာက ဖုန်းနံပါတ်တစ်ခုကို ကောက်နှိပ်လိုက်သည်။

"ခွန်းဂျာ ... ပြောလေ၊ ကိုယ် ဘာလုပ်ပေးရမလဲ"





ခွန်းဂျာက ဒီနေ့က သူပြောပြမယ်ဆိုတဲ့ နှစ်ရက် အချိန်ကာလ ပြည့်ပြီမို့ သူ့ဆီက တစ်စွန်းတစ်စ သိရအောင်လို့ စကားစကို အဲဒီဘက်ကို ဦးတည်လိုက်သည်။

"ဒီနေ့ နှစ်ရက်ပြည့်ပြီလေ မိုးထန်။ မေ့သွားပြီလား"

"ကိုယ် တကယ်ပဲ ပြောရမှာလား ခွန်းဂျာ"

"ဟုတ်တယ် ... တကယ်ပြောပါ"

"ကျစ် ... ဟို ... ခွန်းဂျာ ဘယ်မှာလဲ။ အဆောင်မှာလား"

"လမ်းထိပ်က ဆိုင်မှာ ခွန်းဂျာ ရှိနေတယ်။ လာခဲ့လိုက်လေ။ ခွန်းဂျာ စောင့်နေမယ်"

"အိုခေ ... ကိုယ်လာခဲ့မယ်။ ခဏစောင့်နော်"

ခွန်းဂျာက သူနဲ့ဖုန်းပြောပြီးနောက်မှာ ဆိုင်မှာ ဒီအတိုင်း ငေးငိုင်ငိုင် ထိုင်နေကာ မိုးထန်ကို စောင့်နေလိုက်သည်။ ခွန်းဂျာ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်သင့်သည်ဟု ယူဆရလေသည်။ ပိုင်ဟာ ခွန်းဂျာရဲ့အချစ်တွေကိုစော်ကားပြီး သစ္စာဖောက်တဲ့သူ။

"ခွန်းဂျာ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာရဲ့ နာမည်ခေါ်သံကြောင့် ခွန်းဂျာကမော့ကြည့်လိုက်လျှင် မိုးထန် ဖြစ်လို့နေလေသည်။ မိုးထန်ကိုမြင်လျှင် ခွန်းဂျာက ခေါင်းတစ်ချက်ညိတ်ပြကာ ...

"ထိုင်လေ မိုးထန်"

"အင်း ... ခွန်းဂျာ ဘာဖြစ်နေတာလဲ။ ခွန်းဂျာကိုကြည့်ရတာ တစ်မျိုးပဲ။ ဘာဖြစ်လို့လဲ"

ခွန်းဂျာရဲ့ အေးတိအေးစက်ပုံစံကိုကြည့်ကာ မိုးထန်က မေးလေလျှင် ခွန်းဂျာသည် ဘာမှမဖြစ်သလို ခေါင်းအသာယမ်းပြကာ ...

"ဘာမှမဖြစ်ပါဘူး။ မိုးထန် ... ပြောလေ။ ခွန်းဂျာကို ပြောပြပါ။ ပိုင်နဲ့ မိုးထန်က ဘယ်လိုတွေ ပတ်သက်နေကြတာလဲ။ အဲဒီပိုင်က ဘာဇာတ်လမ်းတွေ ရှုပ်ထားလို့လဲ ပြောပါ"

"ဟို ... ကိုယ်က ခွန်းဂျာကို ချစ်နေတဲ့သူပါ။ ခွန်းဂျာ ... အခု ကိုယ်ပြောမယ့်စကားက ခွန်းဂျာကို မထိခိုက်စေချင်လို့ ပြောတာပါ။ ခွန်းဂျာ ... အဲဒီ ထင်လင်းပိုင်ကို သိပ်ချစ်တာပဲလားဟင်"





သူက ချက်ချင်း ခွန်းဂျာကို မေးခွန်းထုတ်လိုက်လျှင် ခွန်းဂျာက သူ့ကို ဘယ်လိုဖြေရကောင်းမလဲဆိုတာ တစ်ချက်တွေးစားရလေသည်။

"ချစ်တယ် ... ဒါပေမဲ့ ပိုင် ဘယ်လိုလူလဲဆိုတာ ရှင်သိတဲ့အတိုင်း ခွန်းဂျာကို ပြောပြပါ မိုးထန်။ သူက အဲဒီဆိုင်ရှင်အမျိုးသမီးနဲ့ ကြိုက်နေတာဆို။ ဟုတ်တယ်မှလား"

"ခွန်းဂျာ ... ခွန်းဂျာ သိနေတယ်"

"ဟုတ်တယ်။ အခုပဲ သိတာ။ ပိုင်နဲ့ ခွန်းဂျာ တွေ့ပြီးသွားပြီ။ သူက သူ့ဆိုင်ရှင်နဲ့ တွဲနေတဲ့အကြောင်းကို ပြောသွားတယ်"

"အဲဒါကို ကိုယ့်ကို အတည်ပြုခိုင်းနေတာလား ခွန်းဂျာ"

ခွန်းဂျာက ဆက်မပြောသေးဘဲ အအေးကို တစ်ငုံငုံသောက်လိုက်သည်။ အရသာက ချိုမြိန်ပေမယ့် ရင်ဘတ်ထဲမှာ ခါးသက်နေတာကတော့ စိတ်ပျက်စရာပင်ဖြစ်သည်။

"ကိုယ် ခွန်းဂျာကို ချစ်တယ်။ အဲဒီစကားက ပွဲလန့်တုန်းဖျာဝင်ခင်းတဲ့စကား မဟုတ်ဘူးဆိုတာကိုတော့ ခွန်းဂျာ ယုံပေးပါ။ ခွန်းဂျာချစ်တဲ့ ခွန်းဂျာရည်းစားဟာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ကောင်မျိုးပါဆိုပြီး ကိုယ်က ချောက်တွန်းပြီးမှ ခွန်းဂျာကို သူ့ဆီက လုယူချင်တဲ့လူမျိုး မဟုတ်ဘူး ဆိုတာတော့ ခွန်းဂျာ သိဖို့လိုတယ်”

“မိုးထန် ... ခွန်းဂျာ အခုချိန်မှာ စိတ်ရှုပ်နေတာနော်။ ခွန်းဂျာ မေးတာကိုပဲ ဖြေပါ။ ပိုင်ဟာ တကယ်ပဲ ခွန်းဂျာကို သစ္စာဖောက်ခဲ့တာလား”

ခွန်းဂျာရဲ့ခပ်ပြတ်ပြတ် မေးခွန်းကြောင့် မိုးထန်က စကားစရပ်သွားကာ ခေါင်းကို ခပ်လေးလေးတစ်ချက်ညိတ်ပြသည်။

“ဟုတ်တယ် ခွန်းဂျာ။ သူနဲ့ အဲဒီ မမွှေ တွဲနေတယ်”

ယုံကြည်စရာ အတည်ပြုချက် ရပြီးသောအခါ ခွန်းဂျာသည် တင်းခံနေတဲ့ကြားကနေ မျက်ရည်တစ်စက်က ပေါက်ခနဲ ကျလို့သွားလေသည်။

“ခွန်းဂျာ ... ခွန်းဂျာ”

ခွန်းဂျာကို တစ်ရှူးတစ်ရွက် ကမ်းပေးလျှင် ခွန်းဂျာက သူပေးတဲ့တစ်ရှူးကိုယူကာ မျက်ရည်စတို့ကို သုတ်ပစ်လိုက်သည်။





“မငိုပါနဲ့ ခွန်းဂျာ။ ဒီလိုကောင်မျိုးအတွက် ခွန်းဂျာ မခံစားပါနဲ့။ ကိုယ် သိတယ်။ အဲဒါကြောင့် ကိုယ် ခွန်းဂျာကို ပြောမထွက်ခဲ့တာ။ ခွန်းဂျာ သူ့ကိုမေ့လိုက်ပါ။ ခွန်းဂျာဘေးမှာ ကိုယ်အားပေးဖော်အနေနဲ့ ရှိနေမှာပါ”

အဲဒီစကားကြောင့် ခွန်းဂျာက သူ့ကို ဆတ်ခနဲ မျက်လုံးလှန်ကြည့်လိုက်လေသည်။ တောက် ... ခွန်းဂျာဟာ အဲဒီလို မိန်းကလေးမျိုးအဖြစ် သူတို့တွေက မြင်နေကြပြီလား။

“မိုးထန် ... ခွန်းဂျာကို ရှင်က ဘယ်လိုမြင်နေတာလဲ”

“ကိုယ်က ခွန်းဂျာကို ချစ်နေရတဲ့သူပါ။ ကိုယ်ချစ်တဲ့ ကောင်မလေးကို ပျော်ရွှင်စေချင်တဲ့ဆန္ဒပဲ ရှိတာပါ။ ကိုယ် ခွန်းဂျာကို ဘယ်လိုအမြင်မျိုးနဲ့မှ မမြင်တတ်ပါဘူး”

“ခွန်းဂျာ ... နင် ဒီမှာ ဘာလုပ်နေတာလဲ”

ခပ်ဆောင့်ဆောင့် ထွက်လာတဲ့ စကားသံကြောင့် ခွန်းဂျာကော မိုးထန်ပါ ဘယ်သူလဲ ကြည့်လိုက်လျှင် သူတို့နှစ်ယောက်လုံးဟာ လုံးဝလန့်ဖျပ်သွားကြတာဖြစ်သည်။

“အန် ... အန်တီချစ်”



www.burmeseclassic.com

www.burmeseclassic.com



"ခွန်းဂျာ ... နင် စာအုပ်သွားငှားမယ်ဆိုတာ ဒီမှာလာပြီး အကြည်လာဆိုက်နေတာကိုး။ ညည်းနဲ့အေး။ ဒီဟာတွေနဲ့ မပတ်သက်ပါနဲ့ ဆိုတာကို"

"မဟုတ်ဘူး ... မဟုတ်ဘူး တီချစ်ရဲ့"

"နေဦး ... ငါ ဒီကိစ္စ နောက်မှရှင်းမယ်။ ဟဲ့ ... ဟို အကောင် နင်တို့အိမ်က ဟိုဘဝင်ရူး မောင်မောင်ထူးကော ဘယ်မှာလဲ သင်း"

"မသိ ... မသိဘူးလေ။ မနက်ကတည်းကတော့ ကုမ္ပဏီ သွားမယ် ဆိုလား ဘာဆိုလား ထွက်သွားတယ်။ ဘာ ... ဘာဖြစ်လို့လဲ အန်တီချစ်"

မိုးထန့်ကော ခွန်းဂျာပါ တီချစ်စကားကြောင့် တော်တော်တော့ အံ့သြနေရတာ ဖြစ်လေသည်။ တီချစ်က ဒေါသပုန် တွေ ထနေတာမို့ ခွန်းဂျာတို့မှာ အခြေအနေ အရပ်ရပ်ကို သုံးသပ်လေ့လာနေရတုန်း ဖြစ်လေသည်။

"ဘာဖြစ်ရမလဲဟဲ့။ တောက် ... မိုက်လုံးကြီးတဲ့ဟာမ၊ ငါ မပြော မပြောချင်ဘူး"

"ဘာ ... ဘာဖြစ်လို့လဲ တီချစ်ရယ်။ မထိတ်သာ မလန့် သာ ရှိလိုက်တာ တီချစ်ရယ်"





"ဘာဖြစ်ရမလဲဟဲ့။ မေပျို့ပေါ့"

ဆောင့်ကြီးအောင့် ကြီး ထွက်လာသော တီချစ်ရဲ့ အသံကြောင့် ခွန်းဂျာသည် ပျို့ပျို့ကို ထိတ်ခနဲ စိတ်ပူသွားရလေ သည်။

"ပျို့ပျို့က ဘာဖြစ်လို့လဲ တီချစ်ရဲ့"

"မိမေပျို့လေ ... သင်းက မိုက်လုံးကြီးပြီး တိုးအောင်ဆိုတဲ့ အကောင်နောက် ကောက်ကောက်ပါအောင် လိုက်သွား တယ်။ ဒီမှာ စာထားသွားတယ်။ ငါ အဲဒီအိမ်ကိုသွား တော့ အဆောင်ပိုင်ရှင် သင်းကလည်း မရှိဘူးတဲ့။ ဒါ သက်သက်မဲ့ သင်း ခွင်ဆင်တာ။ ကျေကို မကျေဘူး"

"ဗျာ ... ကိုတိုးကြီးနဲ့ ခိုးပြေးသွားပြီ ဟုတ်လား။ ဟား ... ကိုတိုးက လက်သွက်လှချည်လား"

"ဘာ ... နင် ဘာပြောတာလဲ"

တီချစ်က ဒေါသတကြီး ထဟောက်လိုက်လျှင် မိုးထန့်က ဇက်ကလေးပုကာ အသာငြိမ်သွားလေသည်။ ခွန်းဂျာ ဘာ ပြောင်ချော်ချော် နေနေတဲ့ မိုးထန့်ကို ငြိမ်ငြိမ်နေဖို့ မျက်စိပြ ပြလိုက်ပြီးမှ တီချစ်ကို မေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တီချစ် ... အဲဒီတော့ တီချစ်က ဘယ်လိုစဉ်းစားထားလဲဟင်။ ပျိုပျိုတို့ကို လိုက်ရှာရမှာပေါ့"

"အိုအေ ... ရှာစရာလား။ သင်း မိုက်ပြစ်နဲ့ထားလိုက်။ ငါ အခု ဟိုမြောက်ထိုးပင့်ကော်လုပ်နေတဲ့ လူကြီးကို တရားစွဲပစ်မယ်"

"ဟယ် ... တီချစ်ရယ်။ သူတို့ချင်းချစ်လို့ ... လို့"

"တိတ်စမ်း ... ဘာကိုချစ်တာလဲ။ ဒီကိစ္စကို အကြီးကြီးကို ရှင်းရမယ်။ လာ ... နင်ပါလိုက်ခဲ့။ ဟဲ့ ... ဟိုအကောင် နင်တို့အိမ်က မောင်မောင်ထူးကို သွားရှာလာခဲ့ ... သွား"

"ဟုတ် ... ဟုတ်ကဲ့ ခင်ဗျ။ ခွန်းဂျာ ... ကိုယ် ... သွား — သွားရှာလိုက်ဦးမယ်နော်။ အန်တီချစ် သွားလိုက်ပါဦးမယ် ခင်ဗျ"

မိုးထန်က ခပ်သွက်သွက် ထွက်သွားလေလျှင် ခွန်းဂျာမှာ ကိုယ့်အပူ ကိုယ်မေ့ထားရကာ အဆောင်ကကိစ္စကို ရှင်းရလေတော့သည်။

"စိတ်လျှော့ပါ တီချစ်ရယ်။ ပျိုပျို့ကို စိတ်မဆိုးနေပါနဲ့တော့"





"တော်စမ်း ... ငါက ခွင့်လွှတ်စရာလား။ ခွန်းဂျာ ... ညည်းလည်း ကြပ်ကြပ်သတိထား။ ငါ့စည်းကမ်းတွေကို နင်တို့က တစ်စက်ကလေးမှ အရေးမစိုက်ကြတော့ဘူးလား ဟမ်"

"မဟုတ် ... မဟုတ်ပါဘူး တီချစ်ရယ်။ ဂရုစိုက်ပါတယ်။ တီချစ်ရဲ့စည်းကမ်းတွေကိုလည်း တစ်သဝေမတိမ်း လိုက်နာပါတယ်"

"အေး ... ကြည့်လုပ်ကြပေါ့။ ငါကတော့ နင်တို့ပတ်သက်တာ သိတာနဲ့ အဆောင်ကနေကို ထုတ်ပစ်မှာ"

ခွန်းဂျာက တီချစ်ရဲ့အဆူအပေါက်ကိုခံရင်း မေပျိုခိုးရာလိုက်ပြေးသွားတဲ့ကိစ္စကို လိုက်ရှာပေးနေရတာဖြစ်သည်။ ပိုင့်အဲတွက် ခံစားနေရချိန်မှာ အလုပ်တွေ ရှုပ်သွားတဲ့အတွက် ခွန်းဂျာရဲ့ခံစားချက်တွေဟာ နည်းနည်းတော့ မေ့မေ့ပျောက်ပျောက် ရှိကာ နေသာသလိုတော့ ရှိသွားပါသည်။

♥ ❀ ♥

www.burmeseclassic.com



## ၁၃

"ခွန်းဂျာ ... ဖုန်းလာနေတယ်လေ၊ ကိုင်လိုက်ဦး"

ခွန်းဂျာက မအိချို စကားကြောင့် ဖုန်းကိုယူကာ နံပါတ်ကြည့်လိုက်လျှင် ပိုင့်ဆီက ဖြစ်နေတာမို့ ခွန်းဂျာက silent လုပ်ပစ်လိုက်တာကို သတိထားမိသော မအိချိုက ခွန်းဂျာကို လှမ်းမေးလေသည်။

"ခွန်းဂျာ ... ဘာဖြစ်လို့လဲ၊ မပြောချင်တဲ့သူဆီကမို့လား"

"အင်း ... ဟုတ်တယ် မကြီး။ ခွန်းဂျာ မပြောချင်တဲ့သူဆီက ဖုန်းမို့လို့"

"အေး ... အေး ... ဩော် ... ဟဲ့ ... သွန်းချို ... ကော်ဖီဖျော်တော့လေဟယ်၊ ဧည့်သည်တွေက ရောက်လာတော့မှာကို"





မအိချိုက အားလုံးကို စီမံပေးနေရတာဖြစ်သည်။ ဒီနေ့က သတို့သမီးကို ပြန်လာအပ်တဲ့ပွဲလေး လုပ်နေတာဖြစ်၏။ မကျေနပ်ပါဘူး တကဲကဲ သောင်းကျန်းနေသော တီချစ်ကို ခွန်းဂျာတို့ကပဲ နားချ၍ ညှိနှိုင်းပေးလိုက်လျှင် အားလုံး perfect မဖြစ်သော်လည်း အဆင်တော့ ပြေသွားကာ သတို့သမီးကိုပြန်အအပ်ခံတဲ့အဆင့်ကို ရောက်လာပြီဖြစ်သည်။

ဒီရက်တွေမှာတော့ ခွန်းဂျာဟာ တီချစ်တို့ကိစ္စကို လိုက်ဆောင်ရွက်နေရတာနဲ့တင် ကိုယ့်နှလုံးသားကိစ္စကို ကိုယ်မေ့နေသလို ဖြစ်နေတာဖြစ်၏။ မေ့နေသလို ဆိုတာထက် ခွန်းဂျာဟာ ဒီကိစ္စကို မေ့ထားတာလို့ပဲ ပြောရမှာဖြစ်လေသည်။

"မကြီးရေ ... ခွန်းဂျာတို့ မြန်မြန်လာကြဦးဟေ့။ တီချစ်တို့ ပြဿနာတက်နေပြီ"

"အမ် ... ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ"

အိမ်ရှေ့ကနေ အသည်းအသန် လာခေါ်တာမို့ ခွန်းဂျာတို့အားလုံးက လန့်ဖျပ်သွားကာ ဘာဖြစ်တာလဲမေးလျှင် အမျိုးက မျက်နှာငယ်လေးဖြင့် ခွန်းဂျာတို့ကို စစ်ကူတောင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မကြီးပေါ့ ... ကိုတိုးတို့ကို ခြံထဲပေးမဝင်ဘူးတဲ့။ အဲဒါ အိမ်ရှေ့မှာ ပြဿနာတက်နေကြတယ်"

"ဟဲ့ ... ဒုက္ခပါပဲ တီချစ်ကတော့ မွေပြန်ပြီကွာ။ လာ ... လာ ... သွားရအောင်"

ခွန်းဂျာတို့က နောက်ဖေးကနေ မြန်မြန်ထွက်ကာ ခြံထဲဆင်းလာလျှင် နှုတ်ခမ်းတလန် ပါးတလန်ဖြင့် ဟောက်နေသော တီချစ်ကို တွေ့လိုက်ရလေသည်။

"တီချစ် ... တီချစ် ဘာဖြစ်နေတာလဲ"

"ဟား ... ကြည့်ပြောပါဦး မိန်းကလေးတို့ရယ်။ ဒီမှာ ကျုပ်တို့က လူကြီးလူကောင်းဆန်ဆန် ပြန်အပ်ပြီးတောင်းရမ်းမလို့လာတာကို ခြံထဲအဝင်မခံဘူးတဲ့လေ။ ကြားလို့မှကောင်းသေးရဲ့လားဟင်"

ဦးလေးမောင်က ဒေါကြီးမောကြီးဖြင့် ပြောနေတာမို့ ခွန်းဂျာတို့က ကြားထဲက ဝင်ရောက်ဖျန်ဖြေရတော့လေသည်။

"ကဲပါ ... တီချစ်ရယ်။ အားလုံးလည်း စီစဉ်ပေးဖို့ သဘောတူပြီးပြီဟာကို။ ဧည့်သည်တွေကို အားနာစရာကြီး တီချစ်ရယ်"





"ဟဲ့ ... ငါ့ခြံထဲကို ယောက်ျား အဝင်မခံဘူးဆိုတဲ့ စည်းကမ်းကို နင်တို့ မေ့နေပြီလား။ ဘာကိစ္စပဲရှိရှိ အဝင်မခံဘူး"

"သြော် ... အဝင်မခံပေလို့ပဲ။ ဟိုရက်ကကျတော့ သူ့ပဲလာအိပ်ပေးပါဆိုပြီး"

"ဘာ ... ဘာပြောတယ်"

ဦးလေးမောင်တာ မကြားတကြားလေသံဖြင့် သူနိုးကပ်တဲ့ညကကိစ္စကို ပြောလေလျှင် တီချစ်က ဆုန်ဆုန်ခွေ့လို့ ဆွေ့ဆွေ့တွေခုန် ကာ မီးကုန်ယမ်းကုန် မွဲကြမ်းကုန်ကြတာဖြစ်သည်။

"ဒီမှာ ... ရှင်ဟာ တော်တော်အောက်တန်းကျပါလား ကိုမောင်ထူးရဲ့။ ဒီစကားက ဘယ်လောက်ရိုင်းစိုင်းသလဲ"

"မကြီးရယ် ... တော်ပါတော့။ မေပျိုတို့ တောင်းပန်ပါတယ်။ အစ်ကိုကြီးကလည်း တော်တော့"

"ဟုတ်ပါတယ် လေးမောင်ရယ်။ ကျွန်တော်တို့မျက်နှာထောက်ပါဦး"

မေပျိုနဲ့ ကိုတိုးကပါ တောင်းပန်တော့မှ တီချစ်က စိတ်လျှော့၍ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီလူနဲ့တော့ စကားမပြောနိုင်ဘူး။ သူကလွဲလို့ ကျန်တဲ့သူဝင်"

"ဟား ... ဒီလိုတော့ ဘယ်ဖြစ်မလဲ။ ငါက ဒီမှာ တိုးအောင်ရဲ့အဆောင်မှူး။ ငါက တိုးအောင်ရဲ့ အုပ်ထိန်းသူတစ်ပိုင်း ဖြစ်နေတာကွ။ ငါ့အဆောင်က လူရဲ့ ရွှေလမ်းငွေလမ်း ဖောက်မယ့်ကိစ္စ ငါက ဦးဆောင်ရမှာပေါ့ကွ"

"ဟုတ် ... ဟုတ်သားပဲ တီချစ်ရယ်။ သူတို့တွေ မတ်တတ်ရပ်နေရတာလည်း ကြာနေပြီ။ အားနာစရာကြီး၊ ခြံထဲပေးဝင်လိုက်ပါ တီချစ်ရယ်"

ခွန်းဂျာတို့တွေက ကြားထဲက တောင်းပန်နေသော်လည်း တီချစ်က လုံးဝကို ခါးမှခါး ဖြစ်နေတာ ဖြစ်လေသည်။

"တိတ်စမ်း ... ငါ ငါ့ခြံ၊ ငါ့အမိန့်ဝဲ"

"တောက် ... ချစ်ချစ်ခင်၊ မင်း တော်တော်တရားလွန်နေပြီနော်။ ငါ သည်းညည်းခံနေတာ ကြာပြီကွ မောင်မောင်ထူးတဲ့၊ ဘာမှတ်နေလဲ၊ ကြာသပတေးသား။ နေ့အေးပေမယ့် စိတ်ကြီးတယ်ကွ။ မင်း တံခါးဖွင့်မလား မဖွင့်ဘူးလား ဒါပဲပြော"





"မဖွင့်ဘူးဟေ့ ... မဖွင့်ဘူး"

တီချစ်က အပြတ်ပိတ်ပြောလိုက်လျှင် အားလုံးက ပါးစပ်ပိတ် ငြိမ်သွားကြကာ ချက်ချင်းပင် ဦးလေးမောင်က ခြံသံတံခါးကို ဆွဲကိုင်၍ ထဝုန်းတော့တာဖြစ်သည်။

"အေး ... မင်းက အေးဆေးပြောနေတာတောင် မဖွင့်ပေးမှတော့ ငါပွဲကြမ်းရပြီပေါ့။ ငါ ကရားတေးသမားကွ။ သည်းခံနေလို့ အဟုတ်မှတ်မနေနဲ့။ နဂါးမှန်းသိအောင် အမောက်တော့ ထောင်ပေးရမှာပေါ့ကွာ"

"ဟား ဟား ... ကရာတေးသမား။ အပိုတွေပြောမနေစမ်းပါနဲ့ ကိုမောင်ထူးရယ်။ ကရာတေးသင်တန်းတက်ဖို့ စာရင်းပေးပြီးကတည်းက ဘယ်အခါများ သွားတက်ဖူးလို့လဲ။ ဝတ်စုံတောင် ဗီရိုထဲ ထည့်သိမ်းပြီးတော့များ"

"ဘာ ... ဘာကွ ... မင်း ... မင်း"

တီချစ်က ငယ်ကျိုးငယ်နာတွေ ထပြောကုန်တော့ အားလုံးက ပြုံးဖြီးဖြီးတွေ ဖြစ်ကုန်တာကို မရယ်မိအောင် မျက်နှာပိုးကို သတ်ရတော့သည်။ ဦးလေးမောင်က ဒေါသတွေ ဆွေ့ဆွေ့ခုန်ကာ တိုဘက်ဒီဘက် တင်းမာကာ ပွဲက လုံးဝပျက်တော့မယ့် အခြေအနေကို ရောက်နေတာမို့ သတို့သား သတို့သမီး မျက်နှာဆီး၍ကျသာသာလောက်ပဲ ရှိတော့တာဖြစ်သည်။

www.burmeseclassic.com



"မကြီး ... အစ်ကိုကြီး မေပျို တောင်းပန်ပါတယ်။ ကျေးဇူးပြုပြီး စိတ်လျှော့ကြပါ"

"ဟုတ်ပါတယ်ဗျာ။ လေးမောင် ကျွန်တော် တောင်းပန်တယ်ဗျာ"

"မရဘူးဟေ့ ... မရဘူး။ မိမေပျို ... နင့်ကို ဒီအကောင်မျိုးနဲ့ သဘောမတူနိုင်ဘူး။ ဒီလိုပေါက်လွှတ်ပဲစား အဆောင်မှာနေသရွေ့တော့ နင့်အကောင်ကို ခြံထဲပေးမဝင်ဘူး"

အခြေအနေတွေက အရှိမ်းကို တင်းမာနေတာဖြစ်သည်။ မင်္ဂလာကိစ္စ ဆွေးနွေးဖို့ နေနေသာသာ ခြံထဲတောင် အဝင်မခံဘဲ ရစ်နေတာမို့ ခြံရှေ့မှာပင် ကိစ္စကမပြတ်နိုင် ဖြစ်နေချိန်မှာ ဒီကိစ္စကို မိုးထန်က ဝင်ရှင်းတာ ဖြစ်လေသည်။

"ကဲ ... တော်ကြပါတော့ဗျာ။ ကျွန်တော် ကြားထဲက အနူးအညွတ် တောင်းပန်ပါတယ်ဗျာ။ အခုကိစ္စက ကိုတိုးကြီးနဲ့ မမေပျိုတို့ မင်္ဂလာကိစ္စကို ဆွေးနွေးဖို့လေ။ နည်းနည်းလောက် စိတ်လျှော့ကြပါ။ ဘေးခြံတွေကလည်းကြည့်နေကြတယ်။ ညှိညှိနှိုင်းနှိုင်းပေါ့ဗျာ ...

အစိက,က ကိုတိုးနဲ့ မမေပျိုတို့ အဆင်ပြေဖို့ပဲမှလား။ အဲဒီတော့ အန်တီချစ်က ဘာဖြစ်ချင်တာလဲ ပြော



ပါ။ ကျွန်တော်တို့ဘက်က ဘယ်လိုများ ညှိနှိုင်းပေးရမလဲခင်ဗျ"

မိုးထန်က အတင်းဝင် ဖျန်ဖြေတာမို့ တီချစ်က အနည်းငယ်တော့ ငြိမ်သွားကာ မျက်နှာကို မှော့ချီထားပြီးမှ ...

"ကောင်းပြီ။ ငါ့ညီမ မင်္ဂလာကိစ္စဖြစ်နေတော့လည်း ငါ့ဘက်က နည်းနည်းတော့ လျှော့ပေးရမှာပေါ့။ အဲဒီလူကြီး ခြံထဲအဝင်မခံဘူး။ အဲဒါဆို ဆက်ဆွေးနွေးလို့ရပါပြီ"

"ဘာကွ ... ငါက Organizer ကွ။ ငါမပါလို့ ဖြစ်မလား"

"မသိဘူး။ ရှင်ပါရင် အိမ်ထဲအဝင်မခံဘူး၊ ဒါပဲ"

"ဘာ ... မင်းကများ"

"ကဲ ... ကဲ ... တော်ကြပါတော့။ တစ်ယောက်နဲ့တစ်ယောက် မသိကြတာလည်း မဟုတ်ဘဲနဲ့ဗျာ။ အဲဒါဆို အန်တီချစ်က လေးမောင်ကို ခြံထဲမဝင်ရင် ပြီးရောဆိုတဲ့ သဘောပေါ့။ ဟုတ်လား"

"အေး ... ဟုတ်တယ်"

"ဟုတ်ပြီ ... လေးမောင်ကလည်း ဒီကိစ္စမှာ organizer အနေနဲ့ ဝင်ဆွေးနွေးမယ် ... ဟုတ်လား"

"အေးလေကွာ"

www.burmeseclassic.com

www.burmeseclassic.com



မိုးထန်က အဲဒီကိစ္စအတွက် အကြပ်ရိုက်နေဟန်ဖြင့် ခေါင်းတစ်ချက်ကုတ် စဉ်းစားပြီးနောက်မှာ idea ရသွားဟန်ဖြင့် မျက်နှာလင်းခနဲဖြစ်ကာ လက်ဖျောက်တစ်ချက်တီး၍ ...

"အရေးကြီးတာက ပွဲဖြစ်ဖို့ပဲမဟုတ်လား။ ဟုတ်ပြီ ... အဲဒါဆို ကိုယ်ခြိုက်ပဲ ကိုယ်ပြောမယ်။ အန်တီချစ် အဲဒီလိုဆို လက်ခံမလား"

ခွန်းဂျာတို့အားလုံးက သူ ဘာကိုဆိုလို ပြောချင်တယ်ဆိုတာ နားမလည်ပေမယ့် တီချစ်ကတော့ သူလိုချင်တဲ့ အချက်ကို လိုက်နာနိုင်တာမို့ အင်းခနဲ ခေါင်းညိတ်ပြကာ ...

"ဖြစ်တယ် ... အဲဒီလိုဆို"

"ဟား ... မင်းဟာက ဖုန်းနဲ့ပြောဆိုတဲ့ သဘောလားကွ။ bill ကုန်တယ်ကွ"

"သြော် ... တစ်ပြားမှ မကုန်စေရဘူး။ လေးမောင်နဲ့ အန်တီချစ် ကိုယ့်ပိုက်နက်ထဲကနေပဲ မျက်နှာချင်းဆိုင် ဆွေးနွေးလို့ရတယ်။ ခွန်းဂျာ ... ဟိုဘက်အုတ်တံတိုင်းကို ခေါ်သွားလိုက်။ ကိုယ်တို့လည်း ခြံထဲဝင်ပြီး လာခဲ့မယ်။ လာ ... လာ ... လေးမောင်တို့"



မိုးထန်ကပဲ ဦးလေးမောင်တို့ကို ဦးဆောင်ခေါ်လာကာ သူတို့ခြံထဲ ဝင်သွားလျှင် ခွန်းဂျာကလည်း ဒီဘက်က အမျိုးသမီးအဖွဲ့ကို ဦးဆောင်၍ မိုးထန် ပြောတဲ့ အုတ်တံတိုင်းဘက်ကို ခေါ်သွားလေသည်။

"ဟို အုတ်ကြောင်ဂေါက်ပြောတိုင်း လုပ်ရမှာလား။ လူတစ်ရပ်ကျော်အမြင့် ကာထားတဲ့ တံတိုင်းနားရပ်ပြီး ငါတို့က ဘာလုပ်ရမှာလဲ။ လာ ... လာ ... အိမ်ထဲပြန်ဝင်ကြမယ်"

"အန်တီချစ် ... အန်တီချစ်"

တီချစ်က အိမ်ထဲပြန်ဝင်တော့မယ့်ဆဲဆဲမှာ ခေါ်သံကြောင့် အသံလာရာကို ကြည့်လိုက်လျှင် မိုးထန်က လှေကားထောင်တက်၍ အုတ်တံတိုင်းအထက်ကနေ လှမ်းခေါ်တာဖြစ်လေသည်။

"ခွန်းဂျာ ... ခွန်းဂျာ ... ဟိုနှစ်ဖက်ထောက် လှေကားသွားယူလိုက်လေ။ မြန်မြန် ... မြန်မြန်"

ဒီတော့မှ မိုးထန် ဘာလုပ်ချင်တာလဲ ဆိုတာကို ဒက်ခနဲ သဘောတန်းပေါက်သွားဘာမို့ ခွန်းဂျာနဲ့ မအိချိုက နှစ်ဖက်ထောက်လှေကားကို အမြန်သွားယူရလေသည်။

"ဟဲ ... ဟဲ ... ဘာတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိပါနဲ့ တီချစ်ရာ။ ဘာပဲဖြစ်ဖြစ် အဆင်ပြေဖို့အရေးကြီးပါတယ်၊ အန်တီချစ် လှေကားပေါ်တက်လိုက်နော်၊ လေးမောင်လည်း ဒီဘက်မှာ တက်လိမ့်မယ်။ အပေါ်မှာ ဆွေးနွေးနော် အန်တီချစ်"

မိုးထိန်က အောက်ပြန်ဆင်းသွားကာ ချက်ချင်းပင် ဦးလေးမောင်က ပေါ်လာလေသည်။ လှေကားထောင်၍ ဟိုဘက်ဒီဘက် မင်္ဂလာကိစ္စ ဆွေးနွေးတာကတော့ လုံးဝကို ဂန္ထဝင်ဆန်လေသည်။ ဦးလေးမောင်က လှေကားပေါ်ကို အခုထိ တက်မလာသေးတဲ့ တီချစ်ကို အသံဝါဝါကြီးဖြင့် လှမ်းပြောလေ၏။

"ဟော့ ... ချစ်ချစ်ခင်၊ ဘာလဲ ... မင်း ကြောက်နေပြီမှလား။ မင်း မတက်ရဲတော့ဘူးမှလား"

"ဟားဟား ... ဝေးသေး။ တက်တယ် ... တက်တယ်"

တီချစ်က ဟန်ပါပါ မာန်ပါပါဖြင့် တက်ဖို့ဟန်ပြင်လျှင် ခွန်းဂျာတို့ဘက်က တိုးသဲ့သဲ့လေသံဖြင့် အမှာတော်ပါးသွားလေသည်။

"ဟဲ့ ... အောက်ကနေ လှေကားကို သေချာကိုင်နော်။ ငါ တစ်ခုခု ပြုတ်ပျက်ကျလို့ကတော့ အားလုံး အဆောင်က ခေါင်းနဲ့ဆင်းရမယ်မှတ် ... ကြားလား"



"ဟုတ်"

တီချစ်က လှေကားပေါ်တက်သွားကာ ဦးလေးမောင်နှင့် တည့်တည့်ရင်ဆိုင်ကာ အပြတ်ကို ဆွေးနွေးကြတာ ဖြစ်လေသည်။

"ကဲ ... ပြော၊ မင်းက ဘာဖြစ်ချင်တာလဲ ဒီကိစ္စကို"

"ဖြစ်ချင်တာကတော့ ဘာမှမရှိဘူး။ အေး ... တစ်ခုပဲ။ ကျွန်မညီမရဲ့မင်္ဂလာပွဲကို ကျွန်မဘက်က စိတ်တိုင်းကျ စီမံမယ်။ ဒါကို လက်သင့်ခံရမယ်"

"ဟား ... ရမလားကွ။ သတို့သားဘက်က လက်ညှိုးထောင်ခေါင်းညိတ် လုပ်စရာလား"

"ကဲ ... ကဲ ... တော်ကြပါတော့ဗျာ။ အားလုံး အဆင်ပြေအောင် ကျွန်တော်တို့စီစဉ်ပေးမှာပါ အန်တီချစ်ရယ်"

မိုးထန်က သူပါ လှေကားပေါ်တက်၍ ဝင်တားကာ ဆိန်းတော့မှ ကိစ္စက နည်းနည်းငြိမ်သက်သွားတာဖြစ်၏။

"ဒါနဲ့ ထိုးအောင်ရဲ့မိဘတွေက ဘယ်တော့လာမှာလဲ"

"သန်ဘက်ခါ ရောက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒီတော့မှ ဆက်ပြောမယ်။ အခု မိန်းကလေးဘက်ကို ပြန်လည်းအပ်ပြီးပြီဆိုတော့ ပွဲက ပြီးသွားပြီ။ ဒီတော့ သတို့သားရဲ့မိဘတွေ ပြန်ရောက်ပြီဆိုမှ ဆက်ဆွေးနွေးမယ်။ ဒါပဲ။ ပြီးပြီ"

"ဟာ ... ဒီလို ပြီးချင်တိုင်းပြီးလို့ ရမလားကွ။ မင်းတို့ဘက်ကချည်းပဲ အပေါ်ကနေလို့ ရမလား"

"အေး ... နေချင်လည်း အဲဒီလေ့ကားပေါ်မှာသာ တစ်သက်လုံး နေခဲ့ပေတော့ဟေ့။ ကျွန်မကတော့ ဆင်းပြီ"

တီချစ်က အပြတ်ပြောကာ လှေကားပေါ်ကဆင်းသွားလျှင် ခွန်းဂျာတို့လည်း အိမ်ထဲလိုက်ဝင်ရတော့တာဖြစ်သည်။

"တော်သေးတာပေါ့ဟယ်။ မိုးထန် ရှိနေလို့ ကိစ္စကပြီးသွားတာ။ ခွန်းဂျာ ကျေးဇူးပါပဲဟယ်။ နင့်ကောင်လေးကတော်တော်,တော်တာပဲ။ လုံးဝကို leadership စိတ်ဓာတ်ကော၊ personal grooming ကော အရမ်းကောင်းတယ်။ နင်တော့ ဘဲရက်ကောင်းတာပဲ"

မေပျို့က ခွန်းဂျာနဲ့ မိုးထန်ကို တစ်မျိုးထင်နေတာမို့ ခွန်းဂျာက ဇာတ်လမ်းတွေရှုပ်ကုန်မှာစိုးလို့ အသည်းအသန် မေပျို့ကို ရှင်းရတော့သည်။





"ဟာ ... ပျို့ပျို့ကလည်း အဲဒါ ခွန်းဂျာဘဲ မဟုတ်ပါဘူး။ မိုးထန်က ခွန်းဂျာရဲ့ သူငယ်ချင်းပါ။ ပြီးတော့ ခွန်းဂျာ ဘောစိပါဆိုနေ"

"သြော် ... ခုချိန်ထိ ရည်းစားမဖြစ်ကြသေးဘူးလား။ ဟဲဟဲ ... အေးပါ။ အေးပါ။ ဘာပဲဖြစ်ဖြစ် ဒီနေ့ကိစ္စအတွက် ကျုပ်ကတော့ ညည်းတို့ကို ကျေးဇူးတင်ပါတယ်။ ခွန်းဂျာနဲ့ မိုးထန် ကူညီပေးလို့သာ ငါတို့ မြန်မြန်အဆင်ပြေသွားတာ။ ကဲ ... ကဲ ... သွားနားတော့။ မေပျို့လည်း နားလိုက်တော့မယ်"

မေပျို့ကတော့ သူ့မင်္ဂလာကိစ္စ အားလုံးက အဆင်ပြေချောမွေ့ကာ အလန်းလွန် အလွန်လန်း ဖြစ်သွားတာမို့ စိတ်လက်ပေါ့ပါးစွာ နားနိုင်ပေမယ့် ခွန်းဂျာ ကတော့ ဘာမှအရာရာ အဆင်မချောသေးတဲ့ ကံကြမ္မာကြောင့် စိတ်မောလူမောဖြင့်ပခုံးတစ်ချက်သာ တွန့်ပြနိုင်ခဲ့ပါသည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## ~ အခန်း ၁၄ ~

မိုးထန်သည် ဆိုင်အတွက် လိုအပ်တဲ့ designer ကို ရွေးချယ်အလုပ်ခန့်ပြီး ကိစ္စအားလုံး ပြီးသွားချိန်မှာ သူက kitchen ထဲ ဝင်၍ ကော်ဖီနှစ်ခွက် သွားဖျော်လာကာ အိမ်ရှေ့ ပြန်ထွက်လာခဲ့ပြီး ထိုင်ခုံမှာထိုင်ကာ အေးအေးလူလူ မဂ္ဂဇင်းဖတ်နေသော ခွန်းဂျာကို ကော်ဖီခွက် ချပေးပြီး ...

"ခွန်းဂျာ ... ပင်ပန်းသွားပြီလား။ ရော့ ... ကော်ဖီသောက်လိုက်ပါဦး"

"အယော ... အင်း ... thank you"

ခွန်းဂျာက မဂ္ဂဇင်းစာအုပ်ကို ဘေးချကာ ကော်ဖီခွက်ကို ချက်ချင်းကောက်ကိုင်၍ တစ်ငုံသောက်လိုက်ပြီးမှ သူ့ကို ပြုံးပြလိုက်ကာ ...





"ကော်ဖီက ဘောစိ ဖျော်ပေးတဲ့ ကော်ဖီမို့လို့လား မသိဘူး၊ တော်တော် သောက်လို့ကောင်းတာပဲ။ ဒီလို ဘောစိမျိုးက တော့ ရှားမှရှားပဲ။ အားလုံးကို အစကအဆုံး စီစဉ်သူကြီး လုပ်တယ်။ တကယ်ကို သေချာ စေ့စေ့စပ်စပ် လုပ်တတ်တာပဲ။ အပြင် ... ဆိုင်လေးက အရမ်း romantic ဖြစ်တယ်နော်။ ခွန်းဂျာတော့ အရမ်းကြိုက်တာပဲ"

"အင်း ... ဟုတ်တယ်။ ကိုယ်တို့ဆိုင်လေး ဒီလောက်ထိ Romantic ဆန်ပြီး အရမ်းမိုက်လိမ့်မယ်လို့တောင် ထင်မထားမိဘူး။ ငွေလေး ကျစ်ကျစ်လစ်လစ်နဲ့ သေချာအကောင်အထည်ဖော်နိုင်တာဆိုတော့ ကိုယ်လည်း အရမ်းဝမ်းသာတာပဲ"

"အင်း ... ဟုတ်တယ်နော်။ ဘာပဲဖြစ်ဖြစ် ရန်ကုန်မြို့ကြီးမှာ ဒီလိုဆိုင်မျိုးလေး ပိုင်ဆိုင်ထားရတာ ကံကောင်းတာပဲ။ မိုးထန်ရဲ့အရည်အချင်းကို ချီးကျူးပါတယ်"

ချီးကျူးတဲ့စကား ကြားရတာမို့ ခွန်းဂျာကို သူက ထင်လင်းပိုင်နဲ့ ပတ်သက်တဲ့ကိစ္စကို မေးကြည့်ချင်သလိုရှိလာသည်။ သူမ ဘာလို့ ဒီလောက်တောင် နေတတ်နေရတာလဲ။ သူတာ အကြောင်းရာတစ်ခုကို သိချင်တာမို့ သိလိုသိငြား စကားစကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အဖေတွေကလည်း အစကတော့ သဘောမတူဘူး လေ။ ဒါပေမဲ့ ပြီးခဲ့တဲ့ရက်က ဆိုင်ကို ခတ်ပုံရိုက်ပြီး ပို့ပေးလိုက်တော့ အဖေ သဘောကျသွားပုံပဲ။ ကိုယ့်ကို အရင်းအနှီး ထုတ်ပေးဖို့ သဘောတူလိုက်ပြီလေ။ မနေ့ ညနေကပဲ ကိုယ် မမဋ္ဌကို အကြွေးသွားဆပ်လိုက်ပြီး အဲဒါ မနေ့က ကိုယ် သူ့ကိုတောင် တွေ့လိုက်သေးတယ်"

မိုးထန်ပြောတဲ့ "သူ"ဆိုတာ ဘယ်သူ့ကိုရည်ရွယ်တယ်ကို သိနေတဲ့ ခွန်းဂျာရဲ့မျက်နှာရိပ် မျက်နှာကဲကို သူက အကဲခတ် ကြည့်လိုက်မိသည်။ ခွန်းဂျာက အနည်းငယ်တော့ မျက်နှာညှိုးသွားတာ သူ သတိထားမိလိုက်သည်။

"ဟုတ်လား ... အင်း ..."

"ဟို ... ခွန် ... ခွန်းဂျာနဲ့ တွေ့ကြသေးလားဟင်"

သူက မဝံ့မရဲဖြင့် အသာစပ်စုကြည့်လိုက်လျှင် ခွန်းဂျာက မဲ့ပြုံးတစ်ချက်ပြုံးကာ မဖြေလောက်ဘူး ထင်ထားတဲ့ အဖြေကို အေးအေးဆေးဆေး သက်သောင့်သက်သာပင် ပြန်ဖြေလေသည်။





"မတွေ့ပါဘူး။ ခွန်းဂျာက သူနဲ့မတွေ့အောင် ရှောင်နေတာလေ။ ဖုန်းဆက်တော့လည်း ခွန်းဂျာ မကိုင်ဘူး။ သူနဲ့တော့ ခွန်းဂျာ ပြတ်လောက်ပြီ ထင်ပါတယ်။ စိတ်ထဲမှာ အဲဒီကိစ္စ ဖြစ်ခဲ့ပေမယ့် ပျိုပျိုရဲ့ကိစ္စက ခေါင်းထဲစိုးမိုးထားပြီး အဆင်မပြေ, ပြေအောင် လုပ်နေရတော့ ပိုင့်ကို တဒင်္ဂတော့ မေ့သွားတာ အမှန်ပဲ။ အခုဆို သိပ်မကြာခင်မှာ ဆိုင်လည်းဖွင့်တော့မှာဆိုတော့ ခွန်းဂျာရဲ့စိတ်တွေ အအားမရှိတော့ပါဘူးလေ့"

ခွန်းဂျာရဲ့ အဲဒီစကားကြောင့် သူဟာ မရိုးသားတဲ့ စိတ်လေးက လှစ်ခနဲ ပေါ်ထွက်လာလေတော့သည်။ ခွန်းဂျာရဲ့ စိတ်တွေက သူတို့ ဒီရေခဲမုန့်ဆိုင်လေးထဲ နှစ်မြှုပ်ထားတယ်ဆိုတော့ ဒါဟာ သူ့အတွက်တော့ အခြေအနေကောင်း တစ်ခုပင် ဖြစ်လေသည်။

"ခွန်းဂျာ"

"အင် ... ဘာလဲ"

အမှန်တကယ်တော့ ရင်ထဲက ပြောချင်နေတဲ့စကားက တခြားဖြစ်သည်။ သူ့ရဲ့အချစ်တွေကို ဖွင့်ဟပြောပြချင်ပေမယ့် သူ ပြောမထွက်ပေ။ အဲဒါကြောင့် မပြောရဲတဲ့မို့ သူက တခြားစကား လွှဲလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကော်ဖီသောက်လေ"

"အင်း ... ဘောနီကို ကြည့်ရတာ ပြောစရာတစ်ခုခုရှိနေသလိုပဲ။ ဘာတုံး ... ပြောလေ"

သိနိုင်လွန်းတဲ့ ခွန်းဂျာရဲ့ အကဲခတ်နိုင်စွမ်းရည်ကို သူက မျက်ခုံးတစ်ချက်တော့ ပင့်တက်သွားလေသည်။ "ဘာတုံး ... ပြောလေ"ဆိုတော့ သူ ဘာပြောရရင် ကောင်းမလဲ။

"အဟဲ ... ဟိုဟာပါ။ ကိုယ် တစ်ခု စဉ်းစားမိသွားလို့။ မမေပျိုခြင်နဲ့ ကိုတိုးကြီးတို့ ကိစ္စကလည်း အဆင်ပြေသွားပြီဆိုတော့ ကိုယ်တို့ အဆောင်နှစ်ခု ပေါင်းစပ်ဖို့ ချိတ်နှစ်ချိတ်ကို ချိတ်သွားအောင် မွေမလားလို့"

"မွေမယ်။ ဘာလုပ်မလို့လဲ"

"အင်း ... ကိုယ်တို့ဆိုင်လေးဖွင့်ဖို့ တစ်ပတ်ပဲ လိုတော့တယ်မလား။ ဒီတစ်ပတ်အတွင်းမှာ အန်တီချစ်နဲ့လေးမောင် အဆင်ပြေချင် ပြေသွားနိုင်တာပဲ။ ကိုယ်တို့ဆိုင်ဖွင့်ပွဲမှာ အန်တီချစ်နဲ့ လေးမောင်ကို ပွဲတက်အောင် ခေါ်နိုင်ရင်ပြီးပြီပဲ။ ဘယ်လိုလဲ"

ခွန်းဂျာက တက်ကြွစွာ ပြောနေသော သူ့စကားကြောင့် မျက်နှာလေး နည်းနည်းတော့ ရွှင်လန်းလာသလို ရှိလေသည်။





"အင်း ... ဟုတ်တယ်နော်။ ခွန်းဂျာတို့သာ အဲဒီလိုအောင် သွယ်ပေးနိုင်ရင် ရှယ်ပဲနေမယ်"

ခွန်းဂျာက စကားပြောနေရင်း ဖုန်းမြည်လာတာကြောင့် သူမက သူ့ကို တစ်ချက် ခွင့်တောင်းသလိုကြည့်ကာ ဖုန်းကိုင်လိုက်လေသည်။

"ဟယ်လို ... ပြော"

"ကိုယ် မင်းတို့ဆိုင်ရှေ့ ရောက်နေပြီ ခွန်းဂျာ။ မင်းထွက်မလာနဲ့။ ကိုယ် ဝင်လာမယ်ဆိုတာ လှမ်းပြောတာ ဒါပဲ"

"ဟယ်လို ... ဟယ်လို"

ခွန်းဂျာက အထိတ်တလန့် ဖြစ်နေတာမို့ သူက ခွန်းဂျာကို အကဲခတ်ကြည့်ကာ ...

"ဘာဖြစ်တာလဲ ခွန်းဂျာ"

"ပိုင် ... သူ ရောက်နေတယ်"

ချိတုံချတုံစကားရဲ့အဆုံးမှာ ခွန်းဂျာ အနောက်က လူရိပ်မြင်တာမို့ မော့ကြည့်လိုက်လျှင် အဲဒါဟာ ခွန်းဂျာ ပြောသလိုပင် ဖြစ်သည်။ မိုးထန်က ဒီအခန်းကဏ္ဍအတွက် သူသိပ်ဝင်ပါစရာ မလိုဘူးလို့ ယူဆတာမို့ ဝတ်ကျေတန်းကျေ ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူများလဲလို့။ လာ ... ထိုင်ပါ ထင်လင်းပိုင်"

သူ့ရဲ့ဖိတ်ခေါ်ချက်ကြောင့်တော့ ဟုတ်မယ်မထင်။ ဒါပေမဲ့ အဲဒီကောင်သည် ထိုင်ခုံမှာဝင်ထိုင်ကာ သူ့ကိုဂရုတောင်မစိုက်ဘဲ ခွန်းဂျာကိုသာ မျက်နှာမူကြည့်၍ ပြောနေတာဖြစ်၏။

"ခွန်းဂျာ ... မင်း ဘယ်တွေပျောက်နေတာလဲ။ ကိုယ့်ကို ဘာဖြစ်လို့ ခေါက်ရှောင်းတာလဲ။ ကိုယ် ဂျာကို ဖုန်းဆက်တိုင်း ဘာလို့ ဂျာ မကိုင်တာလဲ"

"အလုပ်မအားလို့ပါ"

မေးနေတဲ့ မေးခွန်းများစွာအတွက် ခွန်းဂျာရဲ့တစ်ခွန်းတည်းသော အဖြေကြောင့် သူဟာ ခွန်းဂျာကို bravo တောင်ပေးမိသွားလေသည်။ ခွန်းဂျာ အဲဒီကောင်ကို အနည်းငယ်တော့ နာကြည်းနေတယ်လို့ သူ ခံစားမိလေသည်။

"မအားလို့။ ဒီကောင်နဲ့တွေ့ဖို့တော့ အားတယ်ပေါ့၊ ဟုတ်လား ခွန်းဂျာ"

"ပိုင် ... လာ ... အပြင်ထွက်ရအောင်"

"မလိုဘူး။ ငါ ဒီမှာ ပြောချင်လို့ ဒီကိုလာခဲ့တာပဲ ခွန်းဂျာ။ ဒီမှာပဲ ပြောမယ်"





"ဟုတ်သားပဲ ခွန်းဂျာ။ သူ့ကို ဒီမှာပဲ ပြောပါစေ။ ပြောပါ"

သူတို့နှစ်ယောက်ရဲ့စကားကြားထဲကို သူက ဝင်လာကာ အေးစက်စက် ပြောလိုက်တာမို့ ဟိုကောင့်မြားဦးက သူ့ဘက်လှည့်လာတာဖြစ်သည်။ သူ့ကို ရေရေလည်လည် ရှိုးနေသော မျက်လုံးတွေကို မီးထန်က ခပ်ပြုံးပြုံး ပြန်လည်ရင်ဆိုင်ကြည့်ကာ ကော်ဖီထိုင်သောက်နေတာဖြစ်သည်။

"ပိုင် ... သွားမယ် ... လာ"

ခွန်းဂျာ ကြည့်ရတာ သူ့ကို အရမ်းတွေအားနာနေဟန်တူသည်။ သူမရည်းစားကို အတင်းခေါ်နေတာမို့ ဟိုကောင်က သွေးပိုကြွကာ ဒေါသူပုန်တွေ ထနေတော့တာဖြစ်သည်။

"နေစမ်းပါဦး။ မင်းတို့က ဘာအထာတွေလဲ။ ခွန်းဂျာ ... ကိုယ်က မင်းရဲ့ချစ်သူနော်။ မင်းဆီလာတာ ဒီလောက် အပြစ်ကြီးသွားသလား။ မင်းတို့နှစ်ယောက်က ငါ့နောက်ကွယ်မှာ တစ်နေ့ တစ်နေ့ ဒီအခန်းမှာ နှစ်ယောက်တည်းရှိတဲ့ အခြေအနေနဲ့ ဘယ်အချိန်ထိ ဆက်နေနေဦးမှာလဲ"

"ပိုင်"

www.burmeseclassic.com



"ခင်ဗျားစကားတွေ တရားတအားလွန်သွားပြီ ထင်လင်းပိုင်။ ဒါ ကျုပ်တို့အလုပ်နေရာ။ အပြင်ကနေ မြင်နေရတဲ့ မှန်ချပ်တွေကာထားတဲ့ ဒီဆိုင်မှာ ကျုပ်တို့ ညအထိရှိလည်း ရိုးသားတယ်ဗျ။ ကိုယ့်အပြစ်ဖုံးချင်တာနဲ့ ခွန်းဂျာကိုမစော်ကားပါနဲ့"

"ဟော့ကောင် ... မင်း ဘာစကားပြောတာလဲ"

မိုးထန်ရဲ့အင်္ကျီစကို ဆွဲဆောင့်တာမို့ သူက အဲဒီလက်ကို ပြန်ပုတ်ထုတ်ကာ တည့်တည့်ရင်ဆိုင်ပစ်လိုက်သည်။

"ခွန်းဂျာကို မင်း စိတ်အနှောင့်အယှက် မပေးပါနဲ့"

"မင်းနဲ့ ဘာဆိုင်လဲ။ မင်းက ငါ့ရည်းစားကို ဖြတ်ခုတ်ဖို့ ကြိုးစားနေတာကို ငါက အသာတကြည် ကြည့်နေရမှာလား"

သူက အဲဒီစကားအတွက် အဲဒီကောင်ကို ဆွဲထိုးဖို့ လက်ရွယ်လိုက်ချိန်မှာ ခွန်းဂျာက သူတို့ကြားထဲ ဝင်လာကာ သူ့ကို လှမ်းတားလိုက်ရင်း သူ့ရှေ့ပိတ်ရပ်ကာ ...

"တော်ကြပါတော့။ ပိုင် ... ရှင် ဘာဖြစ်နေတာလဲ။ တကယ်တမ်း အမှားလုပ်ခဲ့တာကရှင်။ ခွန်းဂျာ ရှင့်ကို





ခွင့်လွှတ်ပါတယ်လို့ တစ်ခွန်းမှ မပြောခဲ့သေးဘူး။ ခွန်းဂျာကို အဲဒီလို ပိုင်စိုးပိုင်နင်း ပုံစံမျိုးနဲ့ မဆက်ဆံပါနဲ့။ မိုးထန်နဲ့ ခွန်းဂျာနဲ့ ရိုးသားတဲ့ သူငယ်ချင်း အနေအထားကနေ တစ်စုံတစ်ရာ ပြောင်းလဲသွားအောင် ပိုင် ခလောက်ဆန်ဖို့ မကြိုးစားပါနဲ့။ ခွန်းဂျာက ပိုင့်ထက်ပိုရွံ့တတ်တယ်။ ဒီနေ့တော့ ဒီလောက်ပဲ တော်တော့"

"ခွန်းဂျာ ... မင်း ကိုယ်နဲ့ ပြန်လိုက်ခဲ့ပါ"

"ဆောရီးပဲ ... အလုပ်ရှိသေးတယ်။ ပိုင် ပြန်ပါတော့။ မိုးထန် ... ဒီဇိုင်းတွေပြမယ်ဆို"

သူက ခွန်းဂျာရဲ့ ပြတ်သားတဲ့စကားတွေကို အရမ်းပဲ အံ့သြရလေသည်။ ခွန်းဂျာဟာ သူ့ဘက်က ရပ်တည်ပေးခဲ့တာ ဘာဖြစ်လို့လဲ။ မိုးထန်သည် ခွန်းဂျာရဲ့ ခပ်ပြတ်ပြတ် စကားလုံးတွေအတွက် အံ့သြနဘမ်း ဖြစ်နေရတာဖြစ်သည်။ ထင်လင်းပိုင်က တောက်တစ်ချက်ခေါက်ကာ သူတို့ဆိုင်ထဲက ထွက်သွားချိန်မှာ ခွန်းဂျာက သူ့ဘက်သို့ လှည့်လာကာ ...

"အခုလို မိုးထန်ဘက်က ဘာလို့ ရပ်တည်ပေးတာလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမေးခွန်း မေးလာတော့ သူဟာ ရင်ထဲ ဒိန်းခနဲ တော့ ဖြစ်သွားသည်။ ဒါဟာ ဘာလို့လဲဆိုတဲ့ စဉ်းစားနေတဲ့ သူ့ အတွေးအတွက် ခွန်းဂျာ ဘာဖြေမလဲဆိုတာ သူ အရမ်းပဲသိချင်မိလေသည်။ မိုးထန်က ခွန်းဂျာရဲ့မေးခွန်းကို ခေါင်းခါပြလိုက်လျှင် ခွန်းဂျာက သူ့ကိုကြည့်ကာ တစ်လုံးချင်း ဖြေသွားလေ့သည်။

"ဘာလို့လဲဆိုတော့ ပိုင့်ကိုဖြတ်ဖို့အတွက် မိုးထန်ကို အသုံးချခဲ့တာပါ။ နောက်ပြီး မိုးထန်နဲ့ ခွန်းဂျာ ရေရှည်ဆက်ဆံဖို့ အတွက် မိုးထန်ရဲ့ခံစားချက်တွေကို ဖျောက်ဖျက်ပစ်ဖို့ လိုပါတယ်။ မိုးထန်ကို ခွန်းဂျာ ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူး။ မိုးထန်ဟာ ခွန်းဂျာအတွက် ထာဝရ BFF ပါ"

BFF တဲ့။ မိုးထန်သည် ရက်ရက်စက်စက် စကားလုံးတွေကို ပက်ပက်စက်စက် ပြောထွက်သွားတဲ့ ခွန်းဂျာကို သူက ငေးမောကြည့်နေမိသည်။ ခွန်းဂျာကို သူက ချစ်နေတဲ့သူဖြစ်တာမို့ သူဟာ ခွန်းဂျာ စကားအဆုံးမှာ သေသေချာချာပြန်ပြောပြလိုက်တော့သည်။





"ရတယ် ခွန်းဂျာ။ ကိုယ်က မင်းကို စချစ်မိကတည်းက မင်းဟာ ချစ်သူရှိတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ပါ။ မင်းရဲ့နှလုံးသား သူများဆီမှာ ရှိနေတဲ့ အချိန်ကတည်းက ကိုယ်က ချစ်နေတဲ့သူပါ။ ကိုယ်က နေတတ်ပြီးသား ခွန်းဂျာ။ ကိုယ့်ခံစားချက်ကို ကိုယ်က ဘယ်တော့မှ ဖျောက်ဖျက်လိုက်မှာ မဟုတ်ဘူး"

ခွန်းဂျာက ကျစ်ခနဲ စုပ်သပ်ကာ သူမရဲ့အိတ်ကို ကောက်လွယ်ကာ အပြင်သို့ ထွက်သွားလေသည်။ ကျန်နေခဲ့တဲ့ သူဟာ လုံးဝကို ပြုံလဲကျကာ အချစ်ကြောင့် ရှုံးနိမ့်သူကြီးဖြစ်လို့ သွားလေသည်။

သူဟာ တစ်သက်လုံး ခွန်းဂျာဆီက ချစ်ခြင်းမေတ္တာ၊ ခွန်းဂျာရဲ့နှလုံးသားကို ပိုင်ဆိုင်ခွင့် မရှိတော့ဘူးလား။ ရည်းစားရှိတဲ့ လူတစ်ယောက်ရဲ့ နှလုံးသားကို သူ တကယ်ပိုင်ဆိုင်ခွင့်မရှိတော့ဘူးလို့ ချေင့်မရဲ တွေးမိပေမယ့် ခွန်းဂျာရဲ့အနားမှာ သူ နေရတာကိုပဲ ဖြေတွေး၊တွေးပြီး ကျေနပ်လိုက်ရတာဖြစ်သည်။

♥ ✿ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

"ဒါဆို သူတို့နှစ်ယောက်ရဲ့ဇာတ်လမ်းက ပြတ်သွားပြီလို့ ယူဆရမှာပေါ့ ... ဟုတ်လား"

သူက ကျော်ကြီးမေးခွန်းကြောင့် ခေါင်းကို ခပ်လေးလေး တစ်ချက်ညိတ်ပြလိုက်သည်။ သူ့စိတ်တွေက အရမ်းကို လေးလံထိုင်းမှိုင်းတာမို့ သူဟာ စကားပြောရတာ သိပ်ပြီးစိတ်ပါလှတယ်တော့ မရှိပါ။

"ဟာ ... အဲဒါဆို မင်းမှာ ကြိုးစားပိုင်ခွင့် အပြည့်ရှိသွားပြီပေါ့ မိုးထန်ရ။ အဲဒါကို မင်းက ဘာတွေညစ်နေတာလဲ"

"ဟ ... ဟိုက ထာဝရ BFF ပါဆိုတာကို ငါက ဘာဆက်လုပ်ရမှာလဲ။ သူနဲ့ ငါနဲ့ အလုပ်အတူ လုပ်နေလို့သာ ဒီ





အဆင့်ထိ ပတ်သက်ခွင့် ရနေတာ ကကောင်းဦး။ ခွန်းဂျာ ပုံစံကြည့်ရတာ ထင်လင်းပိုင်ကို ချစ်နေတုန်းပဲ ထင်တာပဲကွ"

"ချစ်ပစေလေ။ ဘာဖြစ်လဲ ... မင်းက ဘာတွေကို ခံစားနေရမှာလဲ။ ဘာလဲ ... မင်းက အဲဒီလိုကောင်မျိုးနဲ့ ခွန်းဂျာကို ထပ် join ပေးပြီး အသည်းကွဲခံမလို့လား"

သူ့ကို question တွေ လာ out နေတာမို့ သူက စိတ်ညစ်နေတာတွေ ပိုညစ်သွားရလေသည်။ ကျော်ကြီးဟာ သူ့ရဲ့ အချစ်ဇာတ်မြစ်အားလုံးကို သိနေတာမို့ သူ့ကို အကောင်းဆုံး idea ပေးနိုင်သူ ဖြစ်လေသည်။

"ငါ အဲဒီလောက်တော့ ခန္တီပါရမီ မပြည့်ဝပါဘူး ကျော်ကြီးရာ။ ပြီးတော့ ဒီကောင့်စိတ်ဓာတ်ကို ငါ မကြိုက်ဘူး။ သူလိုကောင်က ခွန်းဂျာနဲ့ မဖြစ်သင့်ဘူး"

"အဲဒါပဲလေ။ မိုးထန် ... မင်း ချစ်နေတဲ့ ကောင်မလေးက မသင့်တော်တဲ့လူနဲ့ ချစ်နေတာကို မဖြစ်သင့်တဲ့အတွက် မင်း ဖြတ်ရမှာပေါ့။ မင်းကို ငါကတော့ ခွန်းဂျာရဲ့အချစ်ကို ရစေချင်တယ်ကွာ။ သတ္တိရှိစမ်းပါ သားကြီးရာ။ မင်း



www.burmeseclassic.com

www.burmeseclassic.com



က အကြံဆိုးကြီးနဲ့ ချစ်တာမှ မဟုတ်တာ။ ခွန်းဂျာနဲ့ မသင့်တော်တဲ့သူမို့ မင်းက ဖြတ်ပေးလိုက်တာလေ။ Black Hacker မှ မဟုတ်တာကွ။ ရိုးသားကြိုးစားတဲ့ အဖြူရောင် အချစ်သူခိုးလေးပါ"

White Hacker ။

မိုးထန်သည် ကျော်ကြီးရဲ့စကားလုံးအသစ်တွေကြောင့် အားတော့ နည်းနည်းတက်သွားလေသည်။ သူက ဒါဆို Hacker ပေါ့။

"ဒါ ... ဒါဆို ငါက ဘာလုပ်ရမှာလဲ"

"ဘာလုပ်ရမှာလဲ ဆိုတာထက် မင်းကိုယ်မင်း သေချာဖို့လိုတယ် သားကြီး။ မင်း ခွန်းဂျာကိုချစ်တာ ပိုင်ဆိုင်ဖို့လား၊ ပေးဆပ်ဖို့လား"

ပိုင်ဆိုင်ဖို့လား။ ပေးဆပ်ဖို့လားတဲ့။ ခွန်းဂျာကို သူချစ်နေတဲ့ကိစ္စရပ်အပေါ် ပိုင်ဆိုင်ဖို့ ပေးဆပ်ဖို့ဆိုပြီး ဝေခွဲပိုင်းခြားစွာ ခွဲခြားနိုင်တဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုး မရှိခဲ့ချေ။ သူချစ်နေတာဟာ ရည်းစားရှိနေတဲ့ ကောင်မလေးကို ဖြစ်သည်။ အဲဒီအတွက် ချစ်တဲ့စိတ်တစ်ခုကိုသာ သူက သီးသန့်မွေးမြူထားတာဖြစ်သည်။





"ဟော့ကောင် ... ဖြေလေကွာ"

"လူပဲကွာ။ ချစ်မှတော့ ပိုင်ဆိုင်ချင်တာပေါ့ကွ။ ဒါပေမဲ့ ခွန်းဂျာက ငါ့ကို မချစ်ပါဘူးကွာ"

"ချစ်အောင်လုပ်လို့ ရပါတယ်ကွ။ မင်း ခွန်းဂျာရဲ့နှလုံးသားကို မင်းပိုင်ဆိုင်ဖို့ မင်းကိုယ်တိုင်ပဲ ဖန်တီးရလိမ့်မယ်။ သူ့နှလုံးသားကို အပိုင်စားရဖို့အတွက် အရာရာအားလုံးကို မင်းက ကျေနပ်နေလို့တော့ မရဘူး။ သူများရထားတဲ့နှလုံးသားတစ်ခုကို ကိုယ့်ဆီ ရောက်လာအောင် Hack ဖို့ မင်းက ခင်း Hack မယ့် နှလုံးသားရဲ့အထာကို နပ်ဖို့လိုလိမ့်မယ်"

မိုးထန်က ကျော်ကြီးရဲ့စကားတွေအတွက် နည်းနည်းတော့ စိတ်ဝင်စားမိသွားလေသည်။ သူက ခွန်းဂျာရဲ့နှလုံးသားကိုရဖို့ Hacker တစ်ယောက် လုပ်ရမယ်ပေါ့။ ဘာပဲဖြစ်ဖြစ် ဒါဟာ အကောင်းဆုံး idea ပဲ ဖြစ်သည်။

"ငါ ဘာလုပ်ရမှာလဲ။ ခွန်းဂျာရဲ့အချစ်ကိုရဖို့ ဘာလုပ်ရမှာလဲ"

ကျော်ကြီးက မထီတရီသော အပြုံးကို ပြုံးလေသည်။ ပြီးတော့မှ သူ့နားကိုကပ်ကာ ခပ်တိုးတိုး ပြောလေသည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

မိုးထန်က ခွန်းဂျာ လွယ်အိတ်စလွယ်သိုင်းကာ သင်တန်းသို့ ခပ်ကုပ်ကုပ်လေး ထွက်သွားတာနှင့် သူဟာ ကြံစည်ထားတဲ့အတိုင်း အန်တီချစ်ရဲ့ခြံရှေ့မှာ လျှောက်ပြန်သံပေး ခြေအေးဝမ်းယောင် လုပ်နေတာဖြစ်သည်။ သူက ခြံထဲကိုကော ဝရန်တာကိုပါ တမော့မော့နဲ့ ကြည့်နေလျှင် သူ ထင်ထားသလိုပင် အန်တီချစ်က အိမ်ထဲကနေ လိုမ့်လိုမ့်, လိုမ့်လိုမ့်နဲ့ ခြံထဲဆင်းလာလေသည်။ မိုးထန်က တွေးထားတဲ့အတိုင်း အန်တီချစ် သူ့အနား ရောက်ခါနီးမှ သူက ဟာ,ဆိုပြီး ထွက်ပြေးဟန်ပြလျှင် အန်တီချစ်က အသည်းအသန် လိုက်ခေါ်တာဖြစ်သည်။





"ဟဲ့ ... ဟဲ့ ... ဟိုကောင်လေး ... မာန်မိုးထန် ... ရပ်လိုက်စမ်း။ လာ ... ဒီပြန်လာခဲ့။ နင် ဘာရှောင်းနေတာလဲ"

အန်တီချစ် လှမ်းခေါ်သံကြောင့် သူက ခြေလှမ်းတွေ တုံ့ခနဲရပ်ကာ ပြုံးလိုက်လေသည်။ ပြီးတော့မှ မျက်နှာပိုးသတ်ကာ သူဟာ တဖြည်းဖြည်းချင်း အန်တီချစ်ဘက်သို့ လှည့်လိုက်ကာ ဟဲခနဲ ရပ်ပြလိုက်ပြီး နှုတ်ဆက်လိုက်သည်။

"အန် ... အန်တီချစ် ... နေ ... နေကောင်းတယ်နော် ... ဟဲ ဟဲ"

သူက တမင်တကာ အိုဗာကွန့်လိုက်လျှင် အန်တီချစ်က အလိုမကျတဲ့ မျက်နှာပေးဖြင့် သူ့ကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်ရင်းက ခြံတံခါးမဖွင့်ပေးဘဲ စကားဆက်ပြောလေသည်။

"ငါ့ကို ဘာမှ စကားရော ဖောရော လာလုပ်မနေနဲ့။ နင် မှန်မှန်ပြောစမ်း။ ငါတို့ခြံရှေ့မှာ ရစ်သီ ရစ်သီနဲ့ ဘာလုပ်နေတာလဲ"

"အာ ... အန်တီချစ် အမြင် ... မှားတာပါ။ သာ... ရစ်သီ ရစ်သီ မလုပ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အပိုတွေ ပြောမနေစမ်းနဲ့။ ဒီမှာ ... ချစ်ချစ်ခင် အမျိုးသမီးဘော်ဒါဆောင်ကို ဘယ်အကောင်မှ အနားကပ်မခံဘူးဆိုတာ သဘောပေါက်တယ်နော်။ နင် ရုတ်ရုတ်၊ ရုတ်ရုတ်နဲ့ ငါ့အဆောင်သူတွေကို လာရှုတ်နေတာမှလား။ နင် ဒီနားမှာ ဘာမှ ရစ်သီ ရစ်သီ လုပ်နေစရာ မလိုဘူး"

"အာ ... အန်တီချစ်ကလည်း မဟုတ်တာ။ သားက ရိုးရိုးသားသား လာတာ။ မရိုးသားတဲ့သူက တခြားတစ်ယောက်ဗျို့"

သူက အန်တီချစ်ရဲ့စိတ်ဝင်စားမှု အာရုံတွေမြင့်တက်သွားအောင် စပြီးချုပ်လျှင် အန်တီချစ်က တကယ်ကိုပဲ သူဆင်ထားတဲ့ ခွင်ထဲကို တန်းခနဲရောက်လို့လာတာ ဖြစ်လေသည်။

"မရိုးသားတဲ့သူ ... ဘယ်သူလဲ အဲဒါက"

"ဘယ်သူရှိရမလဲ အန်တီချစ်က၊ ကျွန်တော်တို့ရဲ့အာကိုးရိုးလေ။ လေးမောင်ပေါ့။ သူ ထွက်သွားလို့ ဘယ်လဲဆိုပြီး လိုက်ချောင်းနေတာ"

သူ့စကားအဓိပ္ပာယ်ကြောင့် အန်တီချစ်က သူ့ကို မျက်မှောင်တစ်ချက် ကြုတ်ကြည့်သည်။ ဘာပဲဖြစ်ဖြစ် သူပြောတဲ့



စကားကြောင့် အန်တီချစ်ဟာ အနည်းနဲ့အများ ဆိုသလိုတော့ ဟုတ်ထိမှာပဲဖြစ်သည်။ ဘာဖြစ်လို့လဲဟင် ဆိုပြီး ဆက်မမေးပေမယ့် သူ ဘာဆက်ပြောမလဲ ဆိုတာကို စောင့်နေတဲ့ အထာမို့မိုးထန်က ခပ်တည်တည်နဲ့ ဆက်လိုမ့်ရတာဖြစ်သည်။

"ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့ အန်တီချစ်ရယ်။ ကျွန်တော်က လေးမောင် ကောင်မလေးတစ်ယောက်နဲ့ ချိန်းနေတာကို သေချာသိချင်လို့ စပ်စုနေရင်းက ဒီနားမှာအချိန်ကြာသွားတာ"

"ဟဲ့ ... အဲဒါနဲ့ ဒီခြံနဲ့ ဘာဆိုင်လဲ"

"ဪ ... မသိဘူးလေ။ လေးမောင်က အန်တီချစ်နဲ့ဖုန်းပြောနေတယ်လို့ ထင်နေလို့လေ။ ဒါဆို အန်တီချစ်မဟုတ်တာ ကျိန်းသေပြီ။ ဘယ်သူများ ဖြစ်မလဲ"

"ဟယ် ... ရှုပ်ရှုပ်ယှက်ယှက်။ ဒီကောင်လေးတော့သွားစမ်း ... သွား"

ဒီတော့မှ သူက လိုချင်တာကို တကယ် တစ်ချက်ခုတ် နှစ်ချက်ပြတ်ရပြီမို့ သူ့စကားလမ်းကြောင်းကို ပြန်ဦးတည်ရလေသည်။

www.burmeseclassic.com



"အင်း ... ဟုတ် ... ဟုတ်ပါတယ်။ ဒါ သားနဲ့ဆိုင်တာမှ မဟုတ်တာ။ ဪ ... ဒါနဲ့ အန်တီချစ် ... ခွန်းဂျာ သင်တန်းသွားပြီလား ခင်ဗျာ"

"မင်းဟာလေ ... တော်တော်စပ်စပ်စုစု နိုင်တာပဲ။ မင်းနဲ့ ဘာဆိုင်သလဲ။ ဒီမှာ ... နောက် ဒီနားမှာ ရစ်သီ ရစ်သီ လာမလုပ်ပါနဲ့ သွားတော့"

မိုးထန်က "ဟုတ်ကဲ့"ဟု ခပ်တိုးတိုးဆိုကာ အသာ လှည့်ထွက်ပြီး အန်တီချစ် မြင်လောက်အောင်ပင် ဖုန်းကိုထုတ်ကာ နံပါတ်နှိပ်၍ နားမှာကပ်ကာ ခပ်သွက်သွက် ထွက်လာခဲ့တော့သည်။ သူ အသာနောက်ကို ပြန်လှည့်ကြည့်လိုက်လျှင် အန်တီချစ်က အပြေးတစ်ပိုင်း အိမ်ထဲဝင်သွားလေသည်။

မိုးထန်က အဲဒီအတွက် ဟက်ခနဲ တစ်ချက်ရယ်မိသွားသည်။ သူခေါ်ထားတဲ့ ဖုန်းကလည်း ဟယ်လို ထူးပြီး သူက ဖုန်းပြောခြင်းကို အာရုံပြန်ကပ်ရလေသည်။

"ခွန်းဂျာလား။ ကိုယ် မိုးထန်ပါ။ ပြောလို့ရလားဟင်"

"အင်း ... ရတယ် ပြော"



ပြောဆိုတော့ သူ့မှာ ပြောဖို့ကိစ္စ အထွေအထူးက မရှိချေ။ ဒါပေမဲ့ ဒီအချိန်ဆို အန်တီချစ် တစ်ယောက် Surprise check ဝင်ချင်လို့ ခွန်းဂျာရဲ့ဖုန်းကို ခေါ်နေပြီဖြစ်မည်။ အဲဒါကြောင့် အန်တီချစ် ဖုန်းခေါ်တဲ့အချိန် busy ဖြစ်ဖို့ သူနဲ့ခွန်းဂျာ စကားပြောနေမှ ဖြစ်လိမ့်မည်။ အဲဒီအတွက် ပြောလို့ကောင်းမယ့် စကားက သူတို့ရဲ့ Ice cream corner ဆိုင်လေးအကြောင်းပဲဖြစ်ပါသည်။

"ဪ ... ဟိုဟာပါ။ ကိုယ် နေ့လယ်ဆိုင်သွားမယ်။ ကိတ် Ice cream ဒီဇိုင်းကို ကိုမင်းသူ လာပေးမယ်ဆိုလို့လေ။ အဲဒါ ခွန်းဂျာ လာဦးမလားလို့"

"အင်း ... ဘယ်အချိန်လောက်လဲ"

"ဟိုဟာ ... သုံးနာရီလောက် ချိန်းထားတာ"

"အင်း ... သင်တန်းတော့ဆင်းပြီ။ Ok ... တစ်ချက် အခြေအနေကြည့်လိုက်ဦးမယ်။ လာခါနီး ဖုန်းဆက်လိုက်မယ်လေ"

"Ok ... ဟုတ်ပြီ။ ဪ ... မေ့နေတာ အရေးကြီးတာကို။ ဟိုဟာလေ ... ခွန်းဂျာ ကိုယ် ဟိုနေ့က သိမ်းခိုင်းထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



Ice cream flavour စာရင်းလေး လိုချင်လို့။ ကိုယ် အဲဒါ ဘယ်လိုယူရမလဲ"

"ဟယ်တော့ ... အဲဒါက အိမ်မှာထားခဲ့တယ်လေ။ ဒီနေ့ လိုတာလား"

မိုးထန်က အရမ်း အရမ်းကို လိုအပ်နေတာမို့ ဖုန်းနားထောင်နေရင်းက မြို့လိုက်မိသွားသည်။

ပြီးတော့မှ မျက်နှာပိုးသတ်ကာ လူကပါ ခေါင်းလိုက်ညိတ်ရင်းက ...

"အင်း ... လိုတာတော့ အမှန်ပဲ ခွန်းဂျာရဲ့။ ကိုယ်တို့ယူထားတဲ့ Ice cream flavour ကို ဒီဇိုင်းသမားက သိမှ decoration ဆင်ရတာ ပိုအဆင်ပြေမှာလေ"

"ဟုတ်တာပေါ့၊ အင်း ... အဲဒါဆို ခွန်းဂျာ ညနေလာခဲ့မယ်။ နည်းနည်းလေး နောက်ကျလိမ့်မယ်။ ခွန်းဂျာ သင်တန်းကပြီးတာနဲ့ ဘောစိဆီ တန်းလာလို့ မရသေးဘူး။ အဆောင် တစ်ခေါက်ပြန်ပြီး စာရင်းစာရွက်သွားယူရဦးမယ်။ လမ်းမှာ traffic ဖြစ်တာနဲ့ဆိုတော့ နည်းနည်းနောက်ကျမယ်၊ အဲလိုဆို ဖြစ်မလား"



"Ok ... ရတာပေါ့။ စာရင်းရမယ်ဆိုတာနဲ့ ကျေးဇူးတင်လှပြီ ခွန်းဂျာရေ။ ကိုယ် စောင့်နိုင်တယ်။ အေးအေးလာခဲ့"

"ဟုတ်ပြီ ... ဟုတ်ပြီ။ ဒါဆို ဘာပြောဦးမလဲ၊ ခွန်းဂျာ သင်တန်းရောက်ပြီမလို့"

Ok ... ဒီလောက်ဆိုရင်ပဲ တော်တော်လုံလောက်ပါပြီ။ သူက ဖုန်းပြောတာကို ရပ်သင့်ပြီဟု ယူဆကာ ခွန်းဂျာရဲ့ ဖုန်းချချင်မှုကို လက်သင့်ခံလိုက်လေသည်။

"ရပြီ ... ခွန်းဂျာ။ အဲဒါဆို ကိုယ် ဆိုင်မှာစောင့်နေမယ်နော်။ See you "

မိုးထန်က ဖုန်းချပြီးသွားတဲ့နောက်မှာ တကယ်ကို ပျော်ရွှင်မြူးတူးစွာ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သွားမယ့် ကိစ္စအတွက် အရမ်းကို ကျေနပ်အားရမှုရှိစွာ ပြုံးမိသွားလေသည်။ ကျော်ကြီးပေးတဲ့ idea ကိုမှ သူက ထပ်ဆင့်ပေါင်း၍ ခွန်းဂျာကော သူကော ဖြစ်ချင်နေသည့် ဆန္ဒတစ်ခုကိုပါ ပူးတွဲအကောင်အထည် ဖော်လိုက်တာဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာဟာ ဒီအချိန်ကာလတွေမှာ သူ့ကိုယ်သူ စိတ်တင်းထားနေတယ်လို့ သူကတော့ ယူဆမိလေသည်။ ပိုမှန်အတိုင်း ပြောရမယ်ဆို သူမက အသည်းကွဲနေတာဖြစ်သည်။ ကွဲတာတောင်မှ ရိုးရိုးမဟုတ်ဘဲ လုံးဝကို ဟက်တက်ဖြစ်၏။ ဒီအချိန်မှာ အချစ်ကို ယောကျ်ားတွေကို နာကြည်းချင် နာကြည်းနေလောက်ဦးမည့်-မိန်းကလေးတစ်ယောက်ဆီက အချစ်ကိုလိုချင်မက်မောနေမိတဲ့ လောဘဟာ ကြောက်စရာထက် သနားစရာပိုကောင်းမည် ထင်ပါသည်။

ဒါပေမဲ့ သူ့ရဲ့အချစ်က စစ်မှန်တာမို့ ခွန်းဂျာကိုတင်မက အားလုံးတွေပါ အချစ်ရဲ့ဓာတ်တွေ လွှင့်ပျံ့အရောင်ဟပ်စေဖို့ သူဟာ ခွန်းဂျာရဲ့နှလုံးသားကို အရခိုးမယ့် ဖြူစင်သောနှလုံးသား Hacker လေးပဲ ဖြစ်လေသည်။

♥ ♥



ခွန်းဂျာက Taxi ပေါ်က ဆင်းလာကာ သင်တန်းဝင်းထဲ ဝင်ခါနီးမှာ ဖုန်းကထပ်ဝင်လာတာမို့ နံပါတ်ကိုကြည့်လိုက်လျှင် အဆောင်ကဖုန်း ဖြစ်တာမို့ ခွန်းဂျာက အမြန်ကိုင်လိုက်လေသည်။

"ဟယ်လို"

"ဟဲ့ ... L မွန်ခွန်းဂျာ ... နင် ဘယ်သူနဲ့ ဖုန်းပြောနေတာလဲဟမ်။ ငါ တောက်လျှောက် ဖုန်းခေါ်နေတာ လုံးဝ busy ချည်းပဲ။ နင် မှန်မှန်ပြော ဘယ်သူနဲ့ ပြောနေတာလဲ"

non-stop ကို တောက်လျှောက်လွှတ်နေသော တီနှိုးစကားတွေက ဒေါသံတွေပါနေတာမို့ ခွန်းဂျာက အ[illegible]ထန်းလျက်ဖြစ်ကာ အမြန်ဖြေရှင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com



"တီချစ် ... တီချစ် ... ဘာဖြစ်တာလဲဟင်။ ဘာဖြစ်လို့လဲ"

"ဟဲ့ ... ငါ့ကို အဲဒါတွေ မေးမနေနဲ့။ နင် ခုနက ဘယ်သူနဲ့ဖုန်းပြောနေတာလဲ။ အဲဒါကိုပဲ အရင်ပြော"

တီချစ်က ဘယ်သူနဲ့ ပြောနေသလဲမေးလျှင် ခွန်းဂျာက အမှန်အတိုင်းပြောရင် တီချစ်က ပွမ်မယ်ဆိုတာ သိနေတာကြောင့် ခွန်းဂျာက လိမ်ပြောလိုက်တာဖြစ်သည်။

"ဟို ... ဟိုဟာပါ၊ ခွန်းဂျာ နယ်က သူငယ်ချင်းဆက်တာ"

"နယ်က ... ဟုတ်လား။ သေချာသလား ခွန်းဂျာ"

"အမ် ... ဟုတ်ပါတယ်ဆို တီချစ်ကလည်း။ ဘာလို့မေးတာလဲ"

"ညည်းက အခု ဘယ်မှာလဲ"

ခွန်းဂျာ မေးတာကို မဖြေဘဲ တီချစ်က သူမေးချင်တာကို ဆက်မေးလေသည်။ ဒုက္ခာ ... တီချစ် တစ်ယောက် ဘာကို သင်္ကာမကင်း ဖြစ်နေရတာပါလိမ့်။

"ခွန်းဂျာက အခု သင်တန်းရောက်နေပြီလေ တီချစ်ရဲ့။ class ထဲ ခုပဲဝင်တော့မှာ။ တီချစ် ဘာဖြစ်လို့ မေးတာလဲ"

"ဘာမှမဖြစ်ဘူး ... ညည်းနော် ကြပ်ကြပ်သတိထားနေ၊ ဒါပဲအေ ... ဒါပဲ။ ဟင်း"



ဖုန်းကို ခွပ်ခနဲ ချသွားတာမို့ တစ်ဖက်က ကျန်နေခဲ့တဲ့ ခွန်းဂျာမှာ လုံးဝကို အူစက္ကူဖြစ်ပြီး ကျန်ခဲ့ရတာ ဖြစ်လေသည်။ ဘာမှန်း သေချာမသိပေမယ့် ဒါဟာ ခွန်းဂျာကို Surprise Check ဝင်တယ်ဆိုတာ သဘောပေါက်လေသည်။ အဲဒါကြီးကို ခွန်းဂျာက ခုနက ဖုန်းပြောနေတာဟာ မိုးထန်နဲ့ ပြောနေ[illegible]ပါလို့သာ ပြောမိရင် အကြီးကြီး ရှော့ခ်တက်မှာ ဖြစ်လေသ[illegible]။ ခွန်းဂျာက ကိုယ့်ဘာသာ လိမ်လိုက်မိတာကို သဘောတကျ[illegible] လိုက်ရင်းက သင်တန်းကော်ရစ်တာတစ်လျှောက် လှမ်းလျှော[illegible] လာစဉ် ထောင့်ချိုးတစ်ခုအနားကနေ ခွန်းဂျာရဲ့လက်ကိုဆော ဆွဲခေါ်သွားတာမို့ ခွန်းဂျာက တရွတ်တိုက်ပါလာမိတာမို့ ဒေါသ ထွက်ထွက်ဖြင့် သူ့လက်ထဲက ဆောင့်ရုန်းချကာ ထအော်ပစ် လိုက်သည်။

"ဟား ... လင်းပိုင် ... လွှတ်စမ်း ငါ့ကို"

"မင်း ငါ့ကို ဘယ်လိုခေါ်လိုက်တယ် ခွန်းဂျာ"

ခွန်းဂျာက ခွန်းဂျာကို မျက်လုံးစိမ်းစိမ်းတွေနဲ့ အစိမ်းလိုက်ကြည့်နေသော ပိုင့်ကို အရမ်းကို စိတ်ပျက်နေမိပါသည်။ ခွန်းဂျာ ချစ်တဲ့ပိုင်ဟာ ဘာလို့ ဒီလောက်တောင် stupid ဖြစ်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်ချင်နေတာလဲ ပိုင်။ ခွန်းဂျာ တကယ်စိတ်ကုန်လာပြီ။ အပြစ်လုပ်ထားတာရှင်။ နောက်ထပ်ဒေါသဖြစ်စရာတွေ လုပ်နေတာလည်း ရှင်ပဲ။ အာ ... ခွန်းဂျာ အရမ်းစိတ်ပျက်နေပြီ"

"မင်းက ငါ့ကို စိတ်ပျက်တယ်။ ဘာလဲ ... မင်းအနားမှာ ဟိုအကောင် ရှိနေလို့လား"

"တော်တော့ ... ဆက်မပြောနဲ့တော့။ ပိုင် ဖောက်ပြန်တဲ့ စိတ်ဓာတ်ရှိတိုင်း ကိုယ်နဲ့လိုက်မနှိုင်းနဲ့။ မိုးထန်နဲ့ ဒီကိစ္စ ဘာမှမဆိုင်ဘူး။ ပိုင်က ဘာဖြစ်ချင်တာလဲ"

"ကိုယ်က မင်းကိုချစ်တယ်လေ။ ကိုယ့်ရဲ့အမှားတွေအတွက် ကိုယ် ပြင်လိုက်ပြီ။ ကိုယ် မမနဲ့လည်း မပတ်သက်တော့ဘူး။ အဲဒီလိုကိစ္စမျိုးလည်း ဘယ်တော့မှ ရှိလာတော့မှာ မဟုတ်ပါဘူး။ ကိုယ်တို့နှစ်ယောက်က အရင်လိုပဲ ပြန်နေရအောင်။ ကိုယ် မင်းကိုမခွဲနိုင်ဘူး ဂျာ။ မင်းကိုချစ်တယ်"

ပိုင်ရဲ့နှုတ်ထွက်စကားတွေထက် ပိုင့်မျက်လုံးတွေက ခွန်းဂျာကို အမှန်တရားပါဆိုပြီး ပြောနေတာမို့ ခွန်းဂျာသည်အနည်းငယ်တော့ ငြိမ်သက်သွားရလေသည်။ ပိုင်ဟာ ခွန်းဂျာအတွက်





အချစ်ဦးဖြစ်သလို အချစ်ဆုံးလည်း ဖြစ်ရလေသည်။ သူက ခွန်းဂျာ မျက်စိမှိတ်ပြီး ယုံရလောက်အောင် လိမ္မာသွားပြီတဲ့လား။ ခွန်းဂျာ ဘာလုပ်သင့်သလဲ။ စိတ်ထဲမှာ နာကျင်နေမိပေမယ့် မမုန်းနိုင်သေးတာတော့ သေချာပေသည်။

"ဂျာ ... ကိုယ့်ကို အခွင့်အရေး ပြန်ပေးပါနော်။ ကိုယ် ဂျာ့ကို အဆုံးရှုံးမခံနိုင်လို့ပါ။ ဂျာ့ကို ချစ်တယ်လို့ ဝန်ခံထားတဲ့ မိုးထန်နဲ့ ဂျာ အတူရှိနေတဲ့ အချိန်တိုင်း ကိုယ် ဘယ်လောက်ခံစားရသလဲဆိုတာ ဂျာ သိရဲ့လား"

ပြီတော့မယ့်မိုးနှယ် ခွန်းဂျာ့ရဲ့စိတ်ထဲမှာ တလှပ်လှပ် ခံစားနေရတာဖြစ်သည်။ ဒီလိုပြောတာကို ခွန်းဂျာ ယုံသင့်ရဲ့လား။ ယုံထိုက်ရဲ့လား။ စိတ်တွေက ပိုပြီးနောက်ထွေးရှုပ်ကျို နေတာမို့ ခွန်းဂျာလည်း တကယ်စိတ်ပျက်နေမိတာဖြစ်သည်။

"ကိုယ်တို့တစ်နေရာမှာ စကားအေးဆေးသွားပြောရအောင်နော်"

ခွန်းဂျာက လက်ခံဖို့ ခေါင်းညိတ်လိုက်သည်။ သင်တန်းပရဝုဏ်အတွင်းမှာမို့ ခွန်းဂျာတို့ အခြေအတင် ပြောနေလို့တော့ ကိစ္စက မပြီးပြတ်ချေ။ အဲဒါကြောင့်မို့ ခွန်းဂျာက ခေါင်းညိတ်လက်သင့်ခံကာ သူနဲ့အတူ လိုက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာက Taxi ငှားဖို့ လက်ဖမ်းတားလိုက်လျှင် သူက ခွန်းဂျာ လက်ကို အသာဖမ်းဆွဲလိုက်ကာ ...

"Taxi ငှားဖို့ မလိုဘူး ဂျာ။ ကိုယ့်မှာ ကားပါတယ်"

"ကားပါတယ်။ ဟုတ်လား ... ဘယ်ကကားလဲ"

"ဩော် ... ကိုယ့်သူငယ်ချင်းကားလေ။ ကိုယ်အခု ဝပ်ရှော့ တစ်ခုမှာ အလုပ်ဝင်နေတယ်"

ခွန်းဂျာက ဘာမှဆက်မပြောတော့ဘဲ သူခေါ်ဆောင်ရာ ကားဆီသို့ပဲ လျှောက်လာခဲ့တော့သည်။ ကားပေါ်တက်ခါနီးမှာ ခွန်းဂျာရဲ့ဖုန်းလေးက ထပ်မြည်လာတာမို့ ဖုန်းကိုင်လိုက်၏။

"ဟယ်လို"

"ခွန်းဂျာရေ ... ကိုယ်ပါ ပြောလို့ရရဲ့လားဟင်။ အတန်းထဲ ရောက်နေပြီလား"

"ပြော ... ပြော ... ရတယ် မိုးထန်။ ခွန်းဂျာ အပြင်သွားမှာမလို့"

"ဟင် ... သင်တန်း မရှိလို့လား"

ခွန်းဂျာက ပြောမိသွားပြီးမှ သတိရသွားသည်။ ဟုတ်သားပဲ။ ဘာပဲဖြစ်ဖြစ် ပိုင်နဲ့ မိုးထန်က အဖုအထစ်တွေ ရှိနေတာပဲဟာ။





"ဟုတ်ပါဘူး။ ရှိတယ် ... ဒါပေမဲ့ မသွားသေးတာ။ သူငယ်ချင်းနဲ့ အပြင်သွားမလို့"

"ဩော် ... အင်း ... ဟုတ်လား။ ကိုယ်က အခု ရေခဲမုန့် ဆိုင်သွားတော့မှာမလို့။ လမ်းမှာ designer က ညနေမ အားလို့တဲ့။ အဲဒါ အခုပဲသွားနေတာ။ အဲဒါ ညနေ ခွန်းဂျာ လာစရာမလိုတော့ဘူး သိလား"

"ဟင် ... စာရင်းက ခွန်းဂျာဆီမှာလေ"

"အဲဒါ နောက်နေ့မှပဲ ယူတော့မယ် ခွန်းဂျာ။ အဲဒါဆို ဒါပဲနော်"

ခွန်းဂျာက ဖုန်းပြောပြီးနောက် ကားထဲဝင်ထိုင် လိုက်လျှင် ပိုင်က အသာပြုံးပြကာ ...

"အဲဒါဆို သွားကြမယ်နော် ဂျာ"

သူ့ပုံစံက တက်ကြွနေသူမို့ ခွန်းဂျာ တကယ်ပဲ စိတ်ထဲတော့ အမြင်ရှင်းသွားလေသည်။ ပိုင်တစ်ယောက် တကယ်ပဲ ပြောင်းလဲသွားပြီလို့ ယူဆရသည်။ အဲဒီအတွက် ခွန်းဂျာသည် ရင်ထဲမှာ တစ်မျိုးလေးတော့ ကြည်လင်သွားရပါသည်။

♥ ❀ ♥



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၇

သူက သန်ဘက်ခါ ဆိုင်ဖွင့်ပွဲအတွက် ဆိုင်၏ **decoration** တွေ စိတ်ကြိုက် စီစဉ်ပြီးသွားသောအခါမှာ သူအိမ်ပြန်ရမယ့် အချိန်ရောက်တော့ ခုနစ်နာရီတောင် ထိုးတော့မည်ဖြစ်သည်။ ဆိုင်ကို သော့ခတ်ပြီးစော့မှ သူက ထွက်လာလျှင် ဖုန်းက တန်းဝင်လာလေသည်။

"ဟယ်လို ... ကိုတိုး ပြော"

"အေး ... ကိုတိုး ပြောလုပ်မနေနဲ့၊ မင်း အခုဘယ်ရောက်နေတာလဲ မိုးထန်။ မင်းကွာ မင်း ... နည်းနည်းပါးပါးတောင် ငါတို့ကို သံချောင်းမခေါက်ဘူး။ ငါ့ကိုသာ ကြိုပြောထားရင် ငါ ထိန်းပေးလို့ ရတာပေါ့။ အခုတော့ မင်း





လုပ်ပုံက။ ကဲ ... ပြောစမ်းပါဦး။ မင်း အခု ဘယ်လိုတာ ဘယ်လိုဖြစ်ကုန်တာလဲ"

မိုးထန်က တရစပ် သူ့ကို အပြစ်တင်နေတဲ့စကားတွေကြောင့် နည်းနည်းတော့ အူစကူ ဖြစ်လို့သွားရလေသည်။ ဟား ... ဘာလဲ။ ကိုတိုးရဲ့ ဆိုလိုရင်းကို သူ သိပ်ပြီးနားမရှင်းတာကြောင့် ထပ်မေးရလေသည်။

"ကိုတိုး ... ဘာကိုပြောတာလဲ"

"ဟာ ... ဟော့ကောင်၊ ဘာမှလာပြီး နှစ်ကျပ်ကွက်နင်းမနေနဲ့။ မင်း ခွန်းဂျာကို ခိုးပြေးသွားတာလေ။ ပြောစမ်း ... မင်းတို့ အခု ဘယ်မှာလဲ"

"ဗျာ"

မိုးထန်က ကြားရတဲ့စကားကြောင့် လုံးဝမျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ရတာဖြစ်သည်။ ဟား ... ဘာတွေဖြစ်တာလဲ။ သူက ခွန်းဂျာကို ခိုးပြေးသွားတယ်။

"ကိုတိုး ... အခု အဆောင်မှာ ဘာဖြစ်နေတာလဲ"

"ဟား ... ဘာဖြစ်ရမလဲကွ။ အန်တီချစ်ကြီးက ငါတို့ကို ပြဿနာလာရှာတော့တာပေါ့။ လေးမောင်နဲ့ ဖိုက်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မင်းဖုန်းကို ဆက်တော့ ဖုန်းက ရေိယာပြင်ပချည်း တောက်လျှောက် အော်နေတာ။ ဟော ... ဟို ခွန်းဂျာ ဖုန်းကျပြန်တော့ စက်ပိတ်ထားတယ်ချည်းပဲ။ မင်းတို့နှစ်ယောက် ခု ဘယ်ရောက်နေတာလဲကွ ... ဟေ"

မိုးထန်က ခွန်းဂျာနဲ့သူ ခိုးပြေးသွားပြီလို့ ထင်နေတဲ့ အများအထင်တွေကို ဖြေရှင်းဖို့အတွက် စကားလုံး မစဉ်းစားရသေးခင်မှာ ခွန်းဂျာ ဘယ်ရောက်နေသလဲဆိုတဲ့ စိတ်ကတင် ရင်တွေ ပူလာကာ အမြန်ဖြတ်ချလိုက်ရသည်။

"ကိုဇိုး ... ကျွန်တော် နောက်မှ ပြန်ဆက်လိုက်မယ်။ ဒါပဲနော်"

မိုးထန်က ဖုန်းအမြန်ချကာ ခွန်းဂျာရဲ့နံပါတ်ကို အသည်းအသန် ခေါ်ကြည့်လိုက်လျှင် ဖုန်းက ပိတ်ထားလေသည်။ မနက်က သင်တန်းတက်ချိန်မှာ အပြင်ခဏသွားမလို့ သူငယ်ချင်းနဲ့ဆိုတဲ့ စကားကို နားထဲကြားယောင်ကာ သူမ ဘယ်ရှာရမှန်းမသိ ဖြစ်နေတာမို့ ကျော်ကြီးဆီ အရင်ဖုန်းခေါ်ရလေသည်။

"ဟယ်လို ... မိုးထန်၊ မင်းဖုန်းကိုခေါ်နေတာ ကြာလှပြီ။ မင်း အခု ဘယ်မှာလဲ"





ကျော်ကြီးက ဖုန်းကိုင်ကိုင်ချင်းမှာ အဲဒီစကားစ ပြောတာမို့ သူဟာ ကျော်ကြီးတော့ တစ်စုံတစ်ရာကို သိနေပြီဆိုတာ သဘောပေါက်တာမို့ ကျော်ကြီးကို အသည်းအသန်မေးရတော့သည်။

"ကျော်ကြီး ... မင်း ဘာသိထားလို့လဲ။ ငါ့ကို မြန်မြန်ပြောစမ်းပါ"

"အေး ... ထင်လင်းပိုင်က မနက်ကတည်းက ငါ့ဘော်ဒါ ကျော်ဆန်းရဲ့ကားကို ငှားသွားတယ်။ သူ မိန်းမခိုးမလို့လို့ ပြောသွားတယ်တဲ့။ အဲဒါ ငါ မင်းကိုလှမ်းပြောတာ။ နေ့ခင်းကတည်းက မင်းဖုန်းကို ဆက်နေတာ"

"ဟား ... ဒုက္ခပဲ။ ကျော်ကြီး ... အခု ခွန်းဂျာလည်း ပျောက်နေတယ်။ ဒီကောင် ခိုးပြေးတာ မဟုတ်လောက်ဘူး။ ကားတင်ပြေးသွားတာဖြစ်မယ်။ ဟာ ... အချိန်တောင် လင့်နေပြီ။ သူတို့ ဘယ်သွားမယ်တဲ့လဲ ဟေ့ကောင်"

"အဲဒါတော့ ငါလည်း မသိဘူး ဟေ့ကောင်။ ဒါပေမဲ့ ငါ့အထင် ပြောရရင် ဒီကောင် ပဲခူးဘက်က မမြှုပ်ပေးထားတဲ့ ခြံကို သွားတာပဲ ဖြစ်လိမ့်မယ်"

www.burmeseclassic.com



သူဟာ ခွန်းဂျာအတွက် အရမ်းကို စိတ်ပူသွားရ လေသည်။ ခွန်းဂျာရေ ... မင်း ဒုက္ခရောက်နေပြီလားကွာ။

"ကျော်ကြီး ... မင်း အဲဒီလိပ်စာ ငါ့ကိုပေးကွာ"

ကျော်ကြီးက လိပ်စာတစ်ခု ရွတ်ပြလျှင် သူက အမြန်မှတ်ကာ ကားပေါ်တက်၍ အမြန်ဆုံးနှုန်းဖြင့် ပဲခူးကို မှိန် ကုန်နင်းချလာတာဖြစ်သည်။

မင်း သူ့ကို စိတ်နာနေရင် သူနဲ့ မင်း မပေါင်းရစေ ဘူး ခွန်းဂျာ။ ကိုယ် လာပြီ။

♥ ❦ ♥



အာခေါင်ခြစ် အော်ဟစ်မှုတွေက ကြာလာသော အခါ ချည့်နဲ့ကုန်၍ အသံလည်း မထွက်နိုင်တော့ပေ။ အယုံလွယ်မိ ခဲ့တဲ့ အမိုက်မ ခွန်းဂျာဟာ အခုတော့ ဒုက္ခကိုလှလှကြီး ရင်ဆိုင် နေရပြီဖြစ်သည်။ ခွန်းဂျာကို စကားအေးဆေးပြောရအောင်ဆိုပြီး ခေါ်လာကာ အတင်းအဓမ္မ ကားတင်ပြေးလာကာ ခွန်းဂျာကို မလှုပ်နိုင်အောင် ကြိုးတွေဖြင့် တုပ်နှောင်ထားတာဖြစ်သည်။

"ထင်လင်းပိုင် ... နင် ရူးသွားပြီ။ ငါ့ကိုလွှတ်ပေးစမ်း"

ခွန်းဂျာက မျက်စိစုံမှိတ် အော်ဟစ်နေလည်း သူက တော့ အပြုံးတစ်ခုနဲ့အတူ ခွန်းဂျာရှေ့မှာ ခြေချိတ်ထိုင်ကာ ဂစ်တာ ကို ကြိုးညှိနေရင်းက အေးစက်စက် ပြန်ပြောလေသည်။

"ခွန်းဂျာ ... မပင်ပန်းသေးဘူးလား။ အော်နေလို့ကော ဘာအကျိုးထူးမှာလဲ။ မင်းက ကိုယ့်ရဲ့ပိုင်ဆိုင်မှု ဖြစ်သွား ပြီ"

www.burmeseclassic.com

www.burmeseclassic.com



“အရူး ... နင် ရူးသွားပြီ”

“ဟုတ်တယ်။ မင်းကို ပိုင်ဆိုင်ချင်စိတ်နဲ့ ရူးသွားပြီ။ ခွန်းဂျာ ... ကိုယ်တို့ သိပ်ချစ်ခဲ့ကြတာပါ။ မင်း အခုလို မျက်လုံးမျိုးနဲ့တော့ ကိုယ့်ကိုမကြည့်နဲ့။ ကိုယ် လူယုတ်မာ မဟုတ်ဘူး။ မင်းကို ဟိုကောင့်လက်ထဲ အပ်မခံနိုင်လို့ ကိုယ် မရမက ခိုးလာခဲ့ပေမယ့် ကိုယ် မင်းကို လက်ဖျားနဲ့တောင် မထိဘူး။ မင်းက ငါ့ချစ်သူပါ ခွန်းဂျာရယ်။ ဘာဖြစ်လို့ မင်း ငါ့ကို အဲဒီပုံစံတွေနဲ့ ဆက်ဆံနေရတာလဲ”

ခွန်းဂျာသည် ကိုယ့်ကို ခုံပေါ်မှာ ကြိုးနှင့်တုပ်နှောင်ထားပြီး ချုပ်ထားတဲ့သူ့ကို အရမ်းကို ခါးသီးလာမိသည်။ ခွန်းဂျာကို ဒီအချိန်ဆိုရင် တီချစ်တို့ အပူတပြင်း လိုက်ရှာနေတော့မယ်။ ခွန်းဂျာ ပြန်လွတ်ဖို့ ကြိုးစားရမှာပဲ။

“လင်းပိုင် ... ခွန်းဂျာ တောင်းပန်ပါတယ်။ ခွန်းဂျာကို ပြန်လွှတ်ပေးပါ။ ရှင် အဲဒီလိုဆိုရင်တော့ ခွန်းဂျာဆီက အချစ်ကို ဘယ်တော့မှ ပြန်ရဖို့ မမျှော်လင့်နဲ့”

“ခွန်းဂျာ ... ကိုယ် မမဋ္ဌုကို ကပ်ခဲ့တယ်ဆိုတာ မင်းနဲ့ ကိုယ့်ဘဝကြီးအတွက်ပဲ။ ကိုယ်ချစ်တာ မင်းကို။ မင်းက



လည်း ကိုယ့်ကိုပဲ ချစ်ရမယ်။ ကိုယ်တို့အရင်လိုပဲ ချစ်သူတွေ ဖြစ်ချင်တယ်။ ပြီးတော့ ကိုယ် မင်းကိုပိုင်ဆိုင်ချင်တယ်”

“လင်းပိုင် ... ခွန်းဂျာကို ပြန်လိုက်ပို့ပေးပါ။ ခွန်းဂျာ တောင်းပန်နေတာပါ။ ပြန်လိုက်ပို့ပေးပါနော်”

“ဆောရီးပဲ ခွန်းဂျာ။ မင်းကို ကိုယ် ခိုးပြေးလာတာ။ ပြန်လွှတ်ပေးဖို့ မဟုတ်ဘူး။ ပြန်ပိုင်ဆိုင်ချင်လို့”

ခွန်းဂျာသည် မျက်ရည်ကျရုံကလွဲပြီး ဒီအခြေအနေမှာ ဘာမှမတတ်နိုင်ခဲ့ပါ။ ဒီအခြေအနေမှာ ပိုင် တစ်ယောက် ခွန်းဂျာကို ကြိုးနဲ့တုပ်ကာ ထွက်မပြေးနိုင်အောင် တုပ်နှောင်ထားတဲ့အတွက် ခွန်းဂျာ ဘယ်လိုမှ သူ့ကိုရုခံလို့ မရပေ။ သူ ဓမ့်ဆေးအုပ်လိုက်တဲ့အချိန်မှာ အရာအားလုံးနဲ့ ခွန်းဂျာ အဆက်သွယ် ပြတ်သွားအောင် ခွန်းဂျာကို သူက အရဖမ်းလာခဲ့ပြီဖြစ်သည်။

ခွန်းဂျာ သူ့လက်ထဲက လွတ်မြောက်ဖို့ရာ ဘယ်လိုမှမစွမ်းနိုင်ခဲ့ပေ။ ပိုင်ဟာ ခွန်းဂျာကို အကျဉ်းသားတစ်ယောက်လို ချုပ်နှောင်၍ ခွန်းဂျာရဲ့ဘဝကို ရိုက်ချိုးပစ်လိုက်တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွန်းဂျာ ... ရော ... ဟ ... ခေါက်ဆွဲကြော်စားလိုက်ဦး။ မနက်ကတည်းက ခွန်းဂျာ ကော်ဖီပဲ သောက်ရသေးတာ မဟုတ်လား။ ဟ ... စားလိုက်နော်"

ပိုင်က တူနှင့်ညှပ်ကာ ခေါက်ဆွဲကြော်ကို ခွံ့ကျွေးမယ့်ဟန် ပြုလိုက်လျှင် ခွန်းဂျာက အကြိတ်စ်ခု ဖျတ်ခနဲရှသွားလေသည်။ သူ ခွံ့ကျွေးတဲ့တစ်လုတ်ကို ခွန်းဂျာက စားလိုက်လေ၏။ အဲဒီအတွက် ပိုင် တစ်ယောက် ခွန်းဂျာရဲ့အပြုအမူကိုကြည့်ကာ ကျေနပ်သွားဟန် တူလေသည်။ သူက ကျေနပ်သွားသောအပြုံးနဲ့အတူ ခွန်းဂျာရဲ့ဆံပင်လေးတွေကို သပ်တင်ပေးရင်းက ...

"ကျေးဇူးတင်ပါတယ် ဂျာရယ်။ ပြီးတော့ ကိုယ် တောင်းပန်ပါတယ်။ ကိုယ့်ကို စိတ်မဆိုးနဲ့နော်။ ကိုယ့်ရင်ထဲမှာ တကယ်ချစ်တာ ဂျာ့ကိုပါ"

ခွန်းဂျာက အလိုက်သင့် ပြန်ပြုံးပြလိုက်ရင်း စိတ်ကို အရဲတင်းကာ ကလေးအထာတွေလည်း ပြလိုက်တော့သည်။

"အင်းပါ ... ပိုင်ရဲ့။ ပိုင် ... ခွန်းဂျာ ဗိုက်ဆာနေပြီ"

"ဟား ... ဟုတ်ပါပြီ။ ကဲ ... ရော ... ဟ"



"ဟင်း ... ခွံ့ကျွေးတာ စားနေရတော့ ဘယ်ဝမှာလဲလို့။ ဒီနေ့ တစ်နေကုန် ခွန်းဂျာ ကော်ဖီတစ်ခွက်ပဲ သောက်ရသေးတယ်။ ခွန်းဂျာ ဗိုက်တကယ်ဆာနေပြီ။ ကိုယ့်ဘာသာကိုယ် စားပါရစေ။ ပြီးတော့ ဒီကြိုးတွေ မဖြေပေးတော့ဘူးလား။ ခွန်းဂျာ ညောင်းလှပြီ။ ခွန်းဂျာကို ကြိုးဖြေပေးပါနော် ပိုင်"

ခွန်းဂျာက သူ ယုံကြည်လာအောင် အချိုသပ်ထားလျှင် ပိုင်က ယုံကြည်သွားဟန်တူသည်။ တစ်ချက်စဉ်းစားပြီးမှ ခေါက်ဆွဲကြော်ဘူးကို စားပွဲပေါ်မှာချကာ ခွန်းဂျာကို ကြိုးဖြေပေးလေသည်။ ကြိုးတွေအားလုံး ဖြေပေးပြီးသွားတဲ့အခါမှာ ခွန်းဂျာက သူကမ်းပေးတဲ့ ခေါက်ဆွဲကြော်ဘူးကို ယူကာ စားနေရပေမယ့် ခေါင်းထဲမှာတော့ တွေးနေရတာဖြစ်သည်။ ခွန်းဂျာ ဒီနေရာက ဘယ်လိုထွက်ပြေးလွတ်မြောက်နိုင်လိမ့်မလဲ။

ခွန်းဂျာက အခြေအနေကို အကဲခတ်ကြည့်ရင်း ခွန်းဂျာအတွက် ခုခံနိုင်စရာပစ္စည်းက သစ်သားတုတ်တစ်ချောင်းပဲရှိ၏။ အဲဒီတုတ်က ခွန်းဂျာနဲ့ မလှမ်းမကမ်း အနေအထားမှာ ရှိနေတာဖြစ်သည်။ ခွန်းဂျာ ဘယ်လိုယူရမလဲ။ ခွန်းဂျာက စားနေရင်းမှ လည်ချောင်းနှင့်ဟန်ပြုကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ပိုင် ... ရေသောက်ချင်တယ်"

"ဩော် ... ဟုတ်သားပဲ၊ ခဏလေးနော် ... ဂျာ"

ပိုင်က ထကာ ရေဘူးယူတာနှင့် ခွန်းဂျာက တုတ်ကို အလျင်အမြန်ယူကာ သူ့ကို မျက်စိစုံမှိတ်၍ မီရာရိုက်ချပစ်ကာ ပြေးဖို့ပြင်၏။ ပိုင့်ရဲ့အားခနဲ အော်သံနဲ့အတူ ပိုင်က ယိုင်ကျသွားပေမယ့် ချက်ချင်းပြန်ထလာကာ ခွန်းဂျာအနောက်ကို ဒယီးဒယိုင် လိုက်လာလေ၏။

"ခွန်း ... ခွန်းဂျာ ... မ ... မသွားနဲ့"

ဟင့်အင်း ... ခွန်းဂျာ လွတ်အောင်ပြေးမယ်။ ခွန်းဂျာက အမြန်ဆုံး အိမ်ထဲက ပြေးထွက်လာကာ ခြံထဲရောက်လာလျှင် လူတစ်ယောက်နှင့် တည့်တည့်တိုးလေသည်။

"ခွန်းဂျာ"

ခွန်းဂျာသည် မိုးထန်ကို မမျှော်လင့်ဘဲတွေ့လိုက်ရတော့ ရေတွင်းထဲ ပြုတ်ကျခါနီးမှ တက်ဖို့ရွာတွေ့တဲ့ ကြိုးတစ်ချောင်းလို အားကိုးတကြီး ဖြစ်မိသွားကာ ...

"ခွန်းဂျာ နောက်ကို ပိုင် လိုက်လာပြီ"

"ဩော် ... မင်းက ဒီထိတောင် ရောက်လာသေးတာပဲ"



အနောက်က ကြားရတဲ့အသံကြောင့် ခွန်းဂျာက ကြောက်လန့်တကြား လှည့်ကြည့်လိုက်စဉ်မှာ မိုးထန်က အလျှင်စလို သူ့ဆီပြေးသွားကာ တစ်ချက်ထိုး ထိုးပစ်လိုက်လေ၏။

"ခွေးမသား ... သေပေတော့။ လူယုတ်မာ ... ကဲကွာ ... ကဲကွာ"

မိုးထန်က အပေါ်ဆီးကနေ ခွကာ သဲကြီးမဲကြီး ထိုးနေတာမို့ ပြဿနာပိုကြီးကုန်မှာ စိုးတာမို့ ခွန်းဂျာက မိုးထန် လက်မောင်းကို ဖမ်းဆွဲကာ တားလိုက်ရသည်။

"တော်ပါတော့ မိုးထန်၊ သေသွားလိမ့်မယ်"

မိုးထန်က မတ်တတ်ထရပ်လိုက်ပေမယ့် ပိုင်ကတော့ ခုနက ခွန်းဂျာ ရိုက်ထားတဲ့ အရှိန်တွေနဲ့ရောကာ မြေပေါ်ကမထနိုင်ဘဲ ဒဏ်ရာတွေကို ကြိတ်မှိတ်ခံစားနေတာဖြစ်သည်။ ခွန်းဂျာသည် စိတ်ပျက်စရာကောင်းသော ပိုင့်ကို နောက်ဆုံးအနေနဲ့ကြည့်လိုက်ရင်း သူ ကြားအောင် ပြောလိုက်သည်။

"နောက် နင် ငါ့ဆီ ဘယ်တော့မှ ထပ်ရောက်မလာပါနဲ့တော့ လင်းပိုင်။ နင့်ကို ငါ နာနာကြည်းကြည်း မုန်းတယ်"

"တော်ပြီ ... ခွန်းဂျာ၊ သွားရအောင်။ ဟော့ကောင် ... ခြံသော့ပေးစမ်း"



www.burmeseclassic.com

www.burmeseclassic.com



မိုးထန်က သူ့အကျီစကို ဆောင့်ဆွဲကာ သော့တောင်းလျှင် ပိုင်က သူ့ဘောင်းဘီအိတ်ထဲက သော့ကို ထုတ်ပေးလေ၏။ သူ့ကို ခွန်းဂျာ တကယ်ပဲ ကျောခိုင်းခဲ့ပြီဖြစ်သည်။ ခွန်းဂျာရဲ့ဘဝကို ဖောက်ထိုးမိုးမျှော်ဖြစ်အောင် လုပ်ချင်တဲ့သူ့ကို ခွန်းဂျာ တကယ်မုန်းသည်။

"ခွန်းဂျာ ... ခွန်းဂျာ ဘာဖြစ်သွားသေးလဲဟင်"

ကားပေါ်ရောက်မှ မိုးထန်က ခွန်းဂျာကို စိုးရိမ်တကြီး မေးလေလျှင် ခွန်းဂျာက သူ့ရဲ့စိုးရိမ်မကင်း သံသယအတွက် ခေါင်းကိုခါယမ်းပြကာ ...

"ခွန်းဂျာတို့ ဘာမှမဖြစ်ခဲ့ကြပါဘူး။ သူက ခွန်းဂျာကို ကြိုးနဲ့တုပ်ပြီး ဖမ်းချုပ်ထားတာ။ အဲဒီထက်ပိုပြီး ဘာမှ မဖြစ်ခဲ့ပါဘူး"

"ကိုယ် ယုံတယ် ခွန်းဂျာ။ အကြွင်းမဲ့ယုံတယ်။ ကိုယ်လည်း ကျော်ကြီးဆီကနေ ဒီကောင် မိန်းမခိုးဖို့ ကားငှားသွားတယ် ဆိုတာ သိသိချင်း မီအောင် လိုက်လာတာ။ ခြံတံခါးက သော့ခတ်ထားတော့ ခြံကျော်ဝင်ချလာတာ။ ဘာပဲဖြစ်ဖြစ် ခွန်းဂျာ အန္တရာယ်ကင်းသွားတာကိုပဲ ကိုယ် စိတ်အေးရပါပြီ။ ကိုယ်တို့ ပြန်ကြရအောင်"





"ဘယ်အချိန်ရှိပြီလဲ မိုးထန် ... ဟင်"

"ကိုးနာရီ ခွဲတော့မယ်"

ဟင် ...။ ခွန်းဂျာရဲ့ကမ္ဘာကြီးဟာ ရုတ်တရက်ပြိုကျပျက်စီးသွားသလို ခံစားလိုက်ရလေသည်။ ဒီအချိန်ဆို တီချစ်တို့ ...။။ ခွန်းဂျာက တုန်ယင်လှိုက်မောစွာ ကြောက်လန့်နေစဉ်မှာ မိုးထန်က တစ်ခွန်းချင်း ပီသစွာ ပြောသွားလေသည်။

"ခွန်းဂျာကို အားလုံးက ကိုယ်နဲ့ခိုးရာလိုက်ပြေးသွားတယ်လို့ ယူဆထားတယ်။ ဘာမှ စိတ်မပူပါနဲ့ ခွန်းဂျာ။ ကိုယ်တို့ဖွင့်တဲ့ဆိုင်ကိစ္စ လုပ်နေရလို့ နောက်ကျသွားတာပါဆိုရင် အဆင်ပြေသွားမှာပါ"

ခွန်းဂျာသည် ကိုယ့်ရဲ့ကံဆိုးမိုးမှောင်ကျမှုအတွက် ဘာစကားမှ ဆက်မပြောနိုင်တော့ပေ။ ဘဝမှာ အမည်းစက်တစ်စက် စွန်းထင်းသွားသလိုမျိုး ဖြစ်သွားသည့် ဒီအထင်လွဲမှုအတွက် တီချစ်တို့က ဘယ်လိုနည်းနဲ့မှ လက်သင့်ခံမှာ မဟုတ်ချေ။ ဒီအချိန်ထိ ခွန်းဂျာ ပျောက်နေတယ်ဆိုတော့ ...။

"ခွန်းဂျာ ... ဘာမှစိတ်မပူပါနဲ့။ ကိုယ် အားလုံးကိုနားလည်အောင် ပြောပြပေးမှာပါ။ အလုပ်ကိစ္စ အကြောင်းပြရင်ရ



www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ ကိုယ်က ခွန်းဂျာကို နားလည်းလည်တယ်။ ယုံလည်း ယုံတယ်။ ခွန်းဂျာ ဘာမှ မစိုးရိမ်နဲ့တော့နော်။ ကိုယ်တို့ ပြန်ရအောင်”

မိုးထန်ရဲ့စကားတွေဟာ ခွန်းဂျာအတွက်တော့ ခွန်အားတစ်စုံတစ်ရာ ပါလာသလို ခံစားရလေသည်။ ဘာပဲဖြစ်ဖြစ် ခွန်းဂျာဟာ အရမ်းကို ဖျော့တော့နေကာ လူက သေချင်လောက်အောင် စိတ်ဆင်းရဲနေတာဖြစ်သည်။

♥ ❦ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ ဝိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ မွေ့စိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"





## ၁၈

“အေးလေ ... ဒါကတော့ မင်းတို့အပိုင်းပဲ။ ငါ့ဘက်ကတော့ စည်းကမ်းအတိုင်း ဆောင်ရွက်ရတာပဲ။ ငါ့ရဲ့ အဆောင်ပိတ်ချိန်ဟာ ရှစ်နာရီအတိ။ အခု မင်းတို့နှစ်ယောက် ပြန်လာတဲ့အချိန်ကို ကြည့်ဦး။ မင်းတို့ဘာသာ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် မင်းတို့မိဘတွေ လာမှသာဆက်ရှင်းကြတော့။ ငါတို့က မင်းတို့မိဘတွေကို အကြောင်းကြားပြီးသွားပြီ။ မကြာခင် သူတို့ရောက်လာလိမ့်မယ်။ အဲဒီတော့ ဆက်ရှင်းကြတာပေါ့”

တီချစ်ရဲ့အပြတ်ပြောသော စကားအဆုံးမှာ ခွန်းဂျာဟာ ကိုယ့်ကိုယ်ကိုယ် ခွေကျမသွားအောင် ကျားကန်ကန်ထား



www.burmeseclassic.com

www.burmeseclassic.com



ရတာဖြစ်သည်။ သွားပြီ ... ဒီကိစ္စက ပါးပါးတို့နားထဲ ပေါက်သွားပြီဖြစ်သည်။

"တီချစ်ရယ် ... တကယ်ပဲ ခွန်းဂျာတို့ အလုပ်ကိစ္စနဲ့ပြန်တာ နောက်ကျသွားတာပါ"

"ကဲ ... တော်ပြီ။ ကိုမောင်ထူး ... ရှင့်လူ ရှင်ပြန်ခေါ်သွားပါ။ မိုးလည်းချုပ်ပြီ။ မနက်ဖြန် သူတို့မိဘတွေရောက်လာမှ ရှင်းသင့်တာ ရှင်းတာပေါ့"

ခွန်းဂျာက ဘာစကားမှ ဆက်ကိုမပြောချင်တော့ချေ။ စိတ်တို့သည် လုံးဝကို ပစ်စလက်ခတ် လွင့်ထွက်သွားတော့တာဖြစ်သည်။ ခွန်းဂျာကို တီချစ်က ဘာမှဆက်မပြောပေမယ့် ရင်ထဲမှာ ခွန်းဂျာကို ပြောချင်နေတဲ့ စကားလုံးတွေ ဘယ်လောက်ကျလိ ကျလိ ဖြစ်နေလိမ့်မလဲဆိုတာ ခွန်းဂျာ ရိပ်မိလေသည်။ အခုချိန်မှာ ခွန်းဂျာလည်း ဘာဆက်လုပ်ရမှန်း မသိတော့ပေ။ ပါးပါးနဲ့ မာမား ရန်ကုန်ရောက်လာရင် ခွန်းဂျာ လုံးဝပြေသနာတက်ပြီဖြစ်သည်။ ကျဉ်းထဲကျပ်ထဲ ရောက်နေသော အခြေအနေထဲမှာ ခွန်းဂျာဟာ အန္တရာယ်ကြားထဲက လွတ်လာခဲ့တာကိုပဲ ကံကောင်းတယ် ပြောရမှာဖြစ်ပေသည်။





ခွန်းဂျာသည် မိုးထန်နဲ့ ခိုးပြေးသွားပါတယ်ဆိုတဲ့ ရှင်းမရတဲ့ ကိစ္စရပ်ကို ဖြေရှင်းဖို့အတွက် စကားလုံးတွေ စဉ်းစားရင်း အိပ်ပျော်သွားခဲ့ရလေသည်။ နောက်တစ်နေ့ မိုးလင်းတော့ မနက်ခင်းပိုင်းမှာ တည်တည်ငြိမ်ငြိမ် ရှိသေးပေမယ့် နေ့ခင်းဘက်မှာ ကိစ္စက အကြီးကြီးတွေ ဖြစ်ကုန်တော့တာဖြစ်သည်။ ခွန်းဂျာတို့အိမ်က လူကြီးတွေ ရောက်လာချိန်မှာ မိုးထန်တို့ဘက်ကလည်း ရောက်လာသော လူကြီးတွေက နှစ်ဖက်မိဘ မိတ်ရင်းဆွေရင်းတွေအဖြစ် တိုက်တိုက်နဲ့မှဆိုင်ဆိုင် လာဆုံသောအချိန်မှာ ပွဲက ပိုကြီးသွားပြီ ဖြစ်လေသည်။

"မင်းသားနဲ့ဆို ငါ့သမီးကို ဘာမှ သဘောမတူစရာကိုမရှိဘူး။ ကြည့်စမ်းပါဦး ... တိုက်တိုက်ဆိုင်ဆိုင်ကွာ။ ဒီမှာလာဆုံစည်းရတယ်လို့။ ကဲ ... ဟောဒီက မချစ်ကော် ကိုမောင်ထူးကော ဘာမှပြဿနာမရှိတော့ဘူး။ သူတို့နှစ်ယောက်ကို နှစ်ဖက်မိဘတွေက ကျေကျေနပ်နပ်ကိုသဘောတူတယ်"

လူကြီးတွေရဲ့ တက်ကြွရွှင်လန်းမှုအဆုံးမှာ အခြောင်ကလူအားလုံးက ပျော်စရာကြီးဆိုကာ တစ်ကိုယ်တော်ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာကို လာပြီး ဘရာဇီလုပ်ကာ သဘောတွေကျ ချီးကျူးနေတာဖြစ်သည်။ အခုချိန်မှ လူကြီးတွေအရှေ့မှာ သမီးတို့ ခိုးရာလိုက်ပြေးသွားတာ မဟုတ်ပါဘူးပြောရင် ဓာတ်တွေက ပိုရှုပ်တော့မှာမို့ ခွန်းဂျာက နှုတ်ဆိတ်နေကာ အသာငြိမ်နေလိုက်သည်။ လောလောဆယ်မှာလည်း စကားပြောရုံ အဆင့်လောက်ပဲ ရှိသေးတာမို့ အတင်း cross တိုက်ပစ်လို့မရသေးတဲ့ အခြေအနေဖြစ်နေတာကြောင့် ခွန်းဂျာက ပိုဆိုးအောင် ရုတ်ရုတ်သဲသဲ လုပ်ပစ်လို့တော့ မရချေ။

"ဘယ်လိုဖြစ်စေချင်လဲ ခွန်းဂျာ။ မင်း ဖြစ်စေချင်တဲ့အတိုင်း ကိုယ်လုပ်ပေးမယ်။ အခု ကိုယ်တို့ ခိုးရာလိုက်ပြေးတဲ့ကိစ္စက မဟုတ်ပါဘူးလို့ ပြောလိုက်မယ်လေ။ လာ ... ကိုယ်ပြောပေးမယ်"

မိုးထန်က ခွန်းဂျာကို တိုင်ပင်စရာရှိတယ်ဆိုပြီး အပြင်ခေါ်ထုတ်လာကာ ဒီကိစ္စကို လူကြီးတွေသွားပြောဖို့ ထလျှင် ခွန်းဂျာက သူ့လက်ကိုလှမ်းဆွဲကာ တားလိုက်ရသည်။

"မဖြစ်ဘူး။ ခွန်းဂျာ ပါးပါးဒေါ်သကို ကြောက်တယ်။ ခွန်းဂျာတို့ အိမ်ပြန်ရောက်တဲ့အချိန်က ၁၂ နာရီကျော်သွား



ပြီလေ။ ဒီချစ်တို့ကို ပြောခဲ့သလိုမျိုး ရေခဲမုန့်ဆိုင်အတွက် အလုပ်ကိစ္စပါဆိုပြီး အကြောင်းပြလိုက်လို့ မရဘူး။ ဘယ်ကိုလဲ ဘာလဲဆိုပြီး အဲဒါမှ ပိုရှုပ်ကုန်မှာ၊ ပိုင်နဲ့ကိစ္စတွေပါ ပါလာကုန်မှာပေါ့"

"အဲဒါဆို ခွန်းဂျာ ဘယ်လိုလုပ်ချင်လဲဟင်"

"ဒီအခြေအနေတိုင်းဆို မိုးထန်နဲ့ ခွန်းဂျာက လက်ထပ်လိုက်ရမှာ။ ခွန်းဂျာတို့ တစ်ခုခု စီစဉ်ကြတာပေါ့။ မိုးထန်ကို ခွန်းဂျာကိစ္စထဲမှာ ကြားမညပ်စေချင်ပါဘူး"

ခွန်းဂျာ စကားကြောင့် မိုးထန်က တည်တည်လေး ဖြစ်သွားလေသည်။

ပြီးတော့မှ ခွန်းဂျာ သေးမှာပြန်ထိုင်ကာ ...

"ခွန်းဂျာ မေ့သွားပြီလား။ ကိုယ်က ခွန်းဂျာကို ချစ်တဲ့သူပါ။ ကိုယ်အတွက် ဘာမှမဖြစ်ပါဘူး။ အမှန်အတိုင်း ဝန်ခံရရင် ဒါဟာ ကိုယ့်အတွက် အခွင့်ကောင်းပဲ မဟုတ်ဘူးလား။ ကိုယ် ခွန်းဂျာကို ဘာအတွက်ကြောင့်မှ စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါဘူး။ အဲဒါကြောင့် ကိုယ် ခွန်းဂျာကို ကူညီမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အခုလောလောဆယ်မှာ ခွန်းဂျာ ဘာမှမတတ်နိုင်ဘူး။ ခွန်းဂျာ စိတ်ထဲမှာ ဖြစ်ချင်နေတာ တစ်ခုက ထင်လင်းပိုင်နဲ့ ဇာတ်လမ်းကို မြေမြှုပ်ပစ်လိုက်ချင်တယ်။ သူ့လိုလူမျိုးနဲ့ ချစ်ဖူးခဲ့တဲ့ အစည်းစက်ကြီးကို ခွန်းဂျာ ဖျက်ပစ်လိုက်ချင်တယ်။ မိုးထန်ကို ခွန်းဂျာ ယုံပါတယ်။ အဲဒါကြောင့် လတ်တလောမှာ ခဏလောက်ငြိမ်ပြီး အခြေအနေစောင့်ကြည့်တာပေါ့။ လက်ထပ်ဖို့ဆိုတာ ချက်ချင်းမှ မဖြစ်နိုင်သေးတာ။ အိမ်ထဲဝင်ရအောင် မိုးထန်"

မိုးထန်က ခေါင်းအသာညိတ်ပြကာ ခွန်းဂျာနဲ့အတူ အိမ်ထဲဝင်လိုက်လာလေသည်။ တအားပင်ပန်းမွန်းကျပ်မှုတွေများလာသောအခါ ခွန်းဂျာသည် အချစ်နဲ့ တကယ်ကို ကင်းကင်းရှင်းရှင်း နေချင်လာပါသည်။

♥ ❦ ♥



"တော်တယ်ကွာ။ မင်းတို့ အစွမ်းအစနဲ့ ဒီလိုဆိုင်မျိုးဖြစ်အောင် ထူထောင်နိုင်တယ်ဆိုတာ တော်ရုံအရည်အချင်းမဟုတ်ဘူး။ တကယ်တော်တယ်ဟေ့"

လူကြီးတွေရဲ့ချီးကျူးစကားကြောင့် ခွန်းဂျာတို့တွေက တကယ်ပဲ ပင်ပန်းရကျိုးနပ်သလို ခံစားရလေသည်။ ဒီနေ့က ခွန်းဂျာတို့ရဲ့ဆိုင်ဖွင့်ပွဲလေး လုပ်တဲ့နေ့ ဖြစ်နေလေသည်။ ဆိုင်က Romantic ဆန်ကာ နေရာထိုင်ခင်းကအစ အရမ်းမိုက်တာမို့ လာသမျှလူတိုင်းက သဘောတွေကျနေကြတာ ဖြစ်လေသည်။

"ကဲ ... တစ်လက်စတည်း ဒီနေ့ မင်္ဂလာရှိတာတွေစုဝေးနေတော့ မင်္ဂလာစကား တစ်ခါတည်း ပြောလိုက်ဦးမယ်။ သား မိုးထန်နဲ့ သမီး ခွန်းဂျာကို လာမယ့် Sunday မှာ ဒေါ်ချစ်ခင်ရဲ့အိမ်မှာပဲ စေ့စပ်ပွဲလေး လုပ်လိုက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် တို့တွေ နယ်ခဏပြန်ကြမယ်။ မင်းတို့နှစ်ယောက်ကိုတော့ မင်္ဂလာဆောင်အတွက် အဆင်သင့်ဖြစ်ပြီဆိုမှ လှမ်းခေါ်လိုက်တော့မယ်။ သားနဲ့သမီးက ရန်ကုန်မှာစီးပွားရေးလုပ်နေပြီဆိုတော့ အခြေကျအောင်မြင်ဖို့ ဖေဖေတို့က ကူညီမယ် ... ဟုတ်ပြီလား။ ဒီမှာ လိမ်လိမ်မာမာနေကြကြားလား။ ဦးမောင်နဲ့ ဒေါ်ချစ်ခင်တို့ကို မင်းတို့က မိဘအရာထားပြီး ရိုရိုသေသေဆက်ဆံ၊ သူတို့ပြောတာ နားထောင် ကြားလား"

မိုးထန်ရဲ့အဖေစကားကြောင့် ခွန်းဂျာတို့မှာ ဘာဆက်ပြောရမယ်မှန်း မသိအောင် အလုံးလိုက်နင်နေတာဖြစ်သည်။ အမယ်လေး ... မြတ်ချာဖျား မြန်ဆန်လိုက်တာ။ လာမယ့်တနင်္ဂနွေမှာ စေ့စပ်မယ်တဲ့။ ခွန်းဂျာ ဘာလုပ်ရပါမလဲ။ ခွန်းဂျာကော မိုးထန်ကော တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကာ ဘာဆက်ပြောရမှန်း မသိခင်မှာ ခွန်းဂျာတို့အနောက်နားက ကြည်လင်ရှုံးရှတဲ့ တစ်သံက ထွက်လို့လာလေသည်။

"တနင်္ဂနွေမှာ ကျင်းပမယ့် စေ့စပ်ပွဲကိစ္စကို ကျွန်တော်ကန့်ကွက်ပါရစေ ခင်ဗျာ"





ဆိုင်မှာ ice cream လာစားတဲ့ ကက်စတန်မာတွေကလည်း ရှိနေတာမို့ တိတ်ဆိတ်နေတဲ့ဆိုင်မှာ အကျယ်ကြီးထွက်လာတဲ့ အဲဒီစကားလုံးကြောင့် လူအားလုံးရဲ့အာရုံဟာ ခွန်းဂျာတို့ဆီ ရောက်လာတာဖြစ်သည်။ ပြီးတော့ ခွန်းဂျာကိုယ်တိုင်လည်း ပိုင့်ကိုတွေ့ရတာကြောင့် အရမ်းကို သွေးပျက်သွားရလေသည်။ ခွန်းဂျာတို့ဆီကို တစ်လှမ်းချင်း လျှောက်လာခဲ့ရင် လူကြီးတွေက ပိုင့်ကို စိတ်ဝင်တစား စိုက်ကြည့်ကာ မေးခွန်းထုတ်လေသည်။

"မင်းက ဘယ်သူလဲကွ"

ဒီမေးခွန်းက ပါးပါး ကိုယ်တိုင် ပိုင့်ကိုမေးတာဖြစ်တာမို့ ခွန်းဂျာက ကြောက်လို့ ချွေးတွေပြန်လာသလို ရှိလာလျှင် ခွန်းဂျာရဲ့ရှေ့ကနေ ဝင်ကာ၍ ပြောပေးတာကတော့ မိုးထန်ပင်ဖြစ်လေသည်။

"ဟော့ကောင် ... မင်း ဘာလာလုပ်တာလဲ"

"ငါ မင်းနဲ့စကားပြောဖို့ လာတာမဟုတ်ဘူး။ လူကြီးတွေကို ပြောပြဖို့လာတာ"

"ကဲ ... တော်ကြတော့။ မောင်ရင်က ဘယ်သူလဲ။ စေ့စပ်ပွဲကို ကန့်ကွက်မယ်ဆိုတာ ဘာစကားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပါးပါး ... ဘာမှမေးမနေနဲ့"

"သမီး"

ခွန်းဂျာကို ဟန့်လိုက်တာမို့ ခွန်းဂျာလည်း ဘာမှ မတတ်နိုင်တော့ပေ။ လင်းပိုင်က ဘာတွေပြောမလဲ ဆိုတာကို ခွန်းဂျာက ရင်ဆိုင်ဖို့ အသင့်ပြင်ထားလေသည်။

"မောင်ရင် ဆက်ပြောပါ။ မောင်ရင်က ဘယ်သူလဲ"

"ကျွန်တော့်နာမည် ထင်လင်းပိုင်ပါ အန်ကယ်။ ခွန်းဂျာရဲ့ချစ်သူပါ"

ခွန်းဂျာရဲ့ချစ်သူ ဆိုတာကြောင့် အားလုံးရဲ့အကြည့်တွေက ခွန်းဂျာဆီ ပုံကျနေတာမို့ ခွန်းဂျာဟာ သေးသိမ်နုံဖျင်းကာ လူတစ်ကိုယ်လုံး အငွေ့ပျံပျောက်ဆုံးသွားသလို ခံစားသွားရလေသည်။

"တနင်္ဂနွေမှာ ဆေးစပ်မယ့်ကိစ္စကို မောင်ရင်က ဘာကိစ္စ ကန့်ကွက်ရတာလဲ၊ ပြောစမ်းပါဦး"

"ခွန်းဂျာကို ခိုးပြေးတာ ကျွန်တော်ပါ။ ကျွန်တော်နဲ့ ခွန်းဂျာ အဲဒီညက အတူရှိခဲ့တာပါ။ အန်ကယ့်ကို ကျွန်တော် အမှန်အတိုင်း ပြောပြတာပါ။ အန်ကယ် လူမှားပြီး





ထင်နေတာပါ။ ခွန်းဂျာရဲ့ ချစ်သူက ကျွန်တော်ပါပဲ အန်ကယ်"

"ဟာ ... ကွ"

ထင်လင်းပိုင် ပြောတဲ့စကားက တွေးသလောက် သဘောပေါက်နိုင်တဲ့ စကားလုံးမျိုး ဖြစ်တာမို့ ခွန်းဂျာသည် ရှက်လွန်းလို့ အဲဒီနေရာမှာတင် လဲသေသွားနိုင်လောက်ပါသည်။

"ဟောကောင် ... မင်း ဘာစကားပြောတာလဲကွ။ မင်း ထွက်သွားစမ်း။ ဖေဖေ မယုံနဲ့။ ဒီကောင်ပြောတာလုံးဝ မဟုတ်ဘူး"

မိုးထန်က ပိုင့်ကို မောင်းထုတ်လျှင်• သူက ဟက်ခနဲ တစ်ချက်ရယ်ကာ မိုးထန်ရဲ့လက်တွေကို ပုတ်ထုတ်လိုက်ပြီး သူ့အိတ်ထဲကဖုန်းကိုထုတ်ကာ ထောင်ပြလေသည်။

"ဒါ အဲဒီညက ခွန်းဂျာ ကျန်ခဲ့တဲ့ သူ့ရဲ့ဟန်းဖုန်းပါ။ သူ့ ပိုက်ဆံအိတ်လည်း ရှိပါသေးတယ်။ အခု သူ့ဆီမှာ ဒါတွေ မရှိတော့ဘူးမလား။ အဲဒါ သက်သေပါပဲ"

လူတွေအများကြီးရှေ့မှာ ခွန်းဂျာရဲ့အရှက်သိက္ခာ ဘာရားတွေ တစ်ပြားဖိုးမှ မကျန်အောင် ယုတ်မာခဲ့သော သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာသည် ရှက်စိတ်တွေမွန်ထူကာ သူ့ပါးကို အားလုံးရှေ့မှာပင် ရိုက်ကာ အမြန်ထွက်ပြေးလာခဲ့တော့သည်။

"ဟောကောင်တွေ ... ဘာလုပ်နေတာလဲ။ ဒီကောင့်ကိုဖမ်းကြလေ"

"ခွန်းဂျာ"

ခွန်းဂျာရဲ့အနောက်မှာ အသံတွေတစ်ပုံကြီး ကျန်နေခဲ့တာကိုလည်း ဂရုမစိုက်နိုင်တော့။ ခွန်းဂျာ အခုချိန်မှာ ရှက်တာတစ်ခုပဲ သိသည်။ ခွန်းဂျာရဲ့ဘဝကို မှုစာကြီးသွားအောင် ဖျက်ဆီးပစ်ခဲ့တဲ့ အဲဒီလူယုတ်မာကို ခွန်းဂျာ သိပ်မုန်းတယ်။ သိပ်ရွံတယ်။

"ခွန်းဂျာ ... ခွန်းဂျာ ... နေဦးလေ။ ခွန်းဂျာ"

ခွန်းဂျာရဲ့အနောက်ကို အပြေးလိုက်လာကာ ခွန်းဂျာရဲ့လက်တစ်ဖက်ကို လှမ်းဆွဲကာ ဖမ်းတားလိုက်လေလျှင် ခွန်းဂျာခြေလှမ်းတွေ ရပ်တန့်သွားရပေမယ့် ခွန်းဂျာ မျက်ရည်တွေက အဆီးအတားမရှိ ကျလို့လာလေသည်။ ခွန်းဂျာရဲ့အရှက်သိက္ခာတရားတွေ တစ်စစီ ပျက်စီးကျိုးကြေခဲ့တဲ့ နင့်သီးစူးရှသော ခံစားချက်က ခွန်းဂျာ တစ်ကိုယ်လုံးကို မီးဟုန်းဟုန်းတောက်နေသလို ခံစားရလေသည်။





"ခွန်းဂျာ ... ကိုယ်တစ်ယောက်လုံး ရှိနေပါတယ်။ ခွန်းဂျာကို ကိုယ်ယုံတယ်၊ မျက်ရည်တွေ သုတ်လိုက်တော့။ ကိုယ်က ခွန်းဂျာနဲ့ လက်ထပ်ရမယ့်သူပဲ"

ခွန်းဂျာရဲ့မျက်ရည်စတွေကို ကြင်နာစွာ သုတ်ပေးလေသော မိုးထန်ကို မျက်ရည်တွေကြားက ဝိုးတဝါး မြင်နေရသည်။ ခွန်းဂျာ ကမ္ဘာပျက်နေချိန်မှာ အနားရှိသူဟာ မိုးထန် ဖြစ်လာလိမ့်မည်ဟု ဘယ်တုန်းကမှ ထင်မထားခဲ့ဘူးချေ။ ခွန်းဂျာက မျက်ရည်တွေကြားက သူ့ကိုကြည့်နေဆဲမှာပင် သူက နွေးထွေးနူးညံ့သော အပြုံးတစ်ခုပြုံးပြကာ ...

"ကိုယ့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို အရမ်းချစ်မိတယ်။ ကိုယ်က သူ့နှလုံးသားကိုပဲ ပိုင်ဆိုင်ချင်တာပါ။ ကိုယ်က ခွန်းဂျာရဲ့နှလုံးသားကို ခိုးယူချင်တဲ့သူပါ။ ကိုယ့်ရဲ့အချစ်တွေက ခွန်းဂျာနဲ့ပြီးပြည့်စုံတဲ့ဘဝကို ဖန်တီးနိုင်ပါတယ်။ ခွန်းဂျာ ဘာမှ အဲဒီကိစ္စအပေါ်ကို ခံစားဖို့ မလိုဘူး။ မလိုလောက်အောင်ကို ခွန်းဂျာ သူ့ကို မုန်းရမယ်။ မုန်းပြီးသွားရင် သူ့ကို စိတ်ထဲက ထုတ်လိုက်ပါ။ ကိုယ်သေးမှာ ရှိပါတယ် ခွန်းဂျာ"



www.burmeseclassic.com

www.burmeseclassic.com



ခွန်းဂျာရဲ့စိတ်တွေ တအားကို ရှုပ်ထွေးနောက်ကျိလို့လာလေသည်။ ခွန်းဂျာက ချစ်တဲ့ယောက်ျားဟာ ခွန်းဂျာရဲ့ အရှက်သိက္ခာတွေကို နင်းချေစော်ကားနေချိန်မှာ ခွန်းဂျာကိုချစ်တဲ့ယောက်ျားက ခွန်းဂျာဘေးမှာ ရှိနေပါတယ်တဲ့။ လူတွေအများကြီးရှေ့မှာ ကျသွားတဲ့ သိက္ခာတရားအတွက် ခွန်းဂျာသည် ကိုယ့်ကိုယ်ကိုယ် ဆောက်တည်ရာမဲ့လောက်အောင်ကို တမ္ဘာပျက်နေခဲ့တာဖြစ်သည်။

အကယ်၍သာ မိုးထန်ဘေးမှာ ရှိမနေရင် ခွန်းဂျာကိုယ့်ကိုယ်ကိုယ် တစ်ခုခု လုပ်ပစ်လိုက်မယ် ဆိုတာကိုတော့ ကိုယ့်ဘာသာ သိထားလေသည်။

♥ ♥





## အခန်း ၁၉

"သဘောမတူနိုင်ဘူး မိုးထန်။ မင်းဟာ ငါ့မျှော်လင့်ချက်ပဲ။ ဒီလိုမိန်းကလေးမျိုးနဲ့ ငါ မင်းကို ဘယ်လိုနည်းနဲ့မှ သဘောမတူဘူး"

အဖေ့ရဲ့စကားအပြတ်မှာ မိုးထန်သည် ထိုင်နေရာမှ ထကာ အဖေ့ကို တည့်တည့်ကြည့် ရင်ဆိုင်ပစ်လိုက်သည်။

"အဖေ ... ဒီကိစ္စဟာ အဲဒီကောင် ထိစယ်ပြောတာပါ။ ခွန်းဂျာက ရိုးသားဖြူစင်တဲ့ မိန်းကလေး။ ကျွန်တော် သူ့ကိုပဲ လက်ထပ်မယ်"

"တော်စမ်း ... မာန်မိုးထန်။ မင်းကို ရန်ကုန်လွှတ်လိုက်တာ ဒီလိုဇာတ်ရှုပ်တွေလုပ်ဖို့ မဟုတ်ဘူး။ ဆိုင်းနော်တို့နဲ့ ငါဟာ သူငယ်ချင်းဆိုပေမယ့် ငါ့ဘက်က အခုဖြစ်သွားတဲ့ကိစ္စကို လုံးဝရှက်တဲ့အတွက် မပေးစားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဖေ"

မိုးထန်က အဖေ့ရဲ့ခေါင်းမာမှုကို အဖေနားဝင်စေဖို့ ရှင်းပြမယ့်စကားလုံး ရွေးနေတုန်းမှာပဲ အဖေက သူ့မျက်လုံးတွေကို စေ့စေ့ကြည့်ကာ ...

"မင်းက ခွန်းဂျာချစ်သူ မဟုတ်ဘူးဆို။ ဒါနဲ့များကွာ ... တောက်"

"ဟုတ်တယ် ... အဖေ။ ခွန်းဂျာ ချစ်သူက အဲဒီကောင်ပဲ။ ဒါပေမဲ့ အဲဒီကောင်နဲ့ ခွန်းဂျာကို ကွဲစေချင်တဲ့ဆန္ဒ ကျွန်တော့်မှာ ရှိတယ်။ အန်တီချစ်တို့အမြင်မှာ ကျွန်တော်နဲ့ ခွန်းဂျာကို ချစ်သူတွေပါလို့ထင်အောင် ကျွန်တော်ဖန်တီးခဲ့ဖူးတယ်။ ကျွန်တော်နဲ့ ခွန်းဂျာ စသိကတည်းက ခွန်းဂျာဟာ ချစ်သူရှိတဲ့မိန်းကလေးပဲ အဖေ။ သူ့ရည်းစားကလူယုတ်မာ။ သူတို့နှစ်ယောက် ကွဲသွားစေချင်တဲ့ဆန္ဒ သားမှာရှိတယ်။ ကျေးဇူးပြုပြီး ဖေဖေ သဘောတူပေးပါ။ ခွန်းဂျာကို ကျွန်တော် ခုမှ ချစ်ဖို့အကြောင်းဖန်လာရတာပါ။ အဲဒါကြောင့် အဖေ သဘောတူပေးပါ။ ခွန်းဂျာနဲ့အဲဒီညက ကျွန်တော်ပဲ ရှိနေခဲ့တာပါ"





သူ့ရဲ့အသည်းအသန် ဖြစ်နေမှုအတွက် ဖေဖေက နည်းနည်းတော့ ငြိမ်သွားလေသည်။ သူ့ကို အကဲခတ်ကြည့်နေတာ ဖြစ်လေသည်။

"မင်း အဲဒီလောက်ထိ ချစ်နေတာလား သား"

"ဟုတ်တယ် ဖေ။ ကျွန်တော် ခွန်းဂျာကို ချစ်တယ်။ အကယ်၍ ခွန်းဂျာက ဟိုကောင်နဲ့ ဘာပြဿနာမှမဖြစ်ဘဲ လက်ထပ်သွားခဲ့ရင်လည်း ကျွန်တော် ချစ်ဦးမှာပဲ။ ခွန်းဂျာကြောင့် ကျွန်တော် အဲဒီဆိုင်လေး ဖွင့်ခဲ့တာ။ သူ့ကြောင့်ပဲ သားရဲ့ကြိုးစားချင်စိတ်တွေ ပိုရှိလာခဲ့တာ။ အဖေ ... သားရဲ့ ကြိုးစားချင်စိတ်တွေ ပိုရှိလာခဲ့တာ။ အဖေ ... သားရဲ့ အိပ်မက်တွေကို မဖျက်ဆီးပစ်ပါနဲ့။ သား သူ့ကို လက်ထပ်ပါရစေ"

မိုးထန်ရဲ့ ပြောစကားတွေကို နားထောင်နေပြီးမှ အဖေက သူ့ကို တစ်စုံတစ်ခုပြောဖို့ စဉ်းစားနေဟန်တူသည်။ တစ်ခဏ ငြိမ်နေပြီးတော့မှ စကားတစ်ခွန်းကို ယတိပြတ်ပြောလေသည်။

"မဖြစ်ဘူး မိုးထန်။ မင်းကို ငါ အကြီးကြီး မျှော်လင့်ထားတာ။ လူလယ်ကောင်မှာ ဖြစ်သွားတဲ့ အဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ငါ့သားကို စားစာခံ အဖြစ်မခံနိုင်ဘူး။ မင်းကို အဖေ အဲဒီကောင်မလေးနဲ့ လုံးဝသဘောမတူဘူး။ မပေးစားဘူးကွာ။ ဒါပဲ”

အဖေက အပြတ်ပြောကာ ထွက်သွားလျှင် သူ့မှာ ငိုကြီး ကျန်ရစ်ခဲ့ရလေသည်။ အားလုံး အဆင်ချောသွားပြန်တော့ အဖေက တစ်ခနန်း ထလာပြန်တာဖြစ်သည်။ Sunday မှာ စေ့စပ်မယ်ဆိုတာကို ပြောခဲ့တာလည်း အဖေပဲဖြစ်သည်။ အခု သဘောမတူဘူးဆိုတော့ သူ ရူးပြီဖြစ်သည်။ ခွန်းဂျာကို သူ အရမ်းချစ်သည်။ ခွန်းဂျာရဲ့နံဘေးနားမှာ ဝေမျှပေးရင်း ခွန်းဂျာကို နှစ်သိမ့်ပေးချင်သည်။ အဲဒီအတွက် သူ ခွန်းဂျာနဲ့ အဝေးမခံပါ။ ဖေဖေ သဘောတူတူ မတူတူ သူကတော့ ရှေ့ဆက်တိုးမှာပဲ ဖြစ်သည်။

နောက်တစ်ရက်မှာ သူက ခွန်းဂျာကို အဆောင်ထဲအထိ ဝင်ခေါ်လျှင် ခွန်းဂျာက သူ့ကိုထပ်ပြီး စိမ်းကားပြန်လေသည်။

“မိုးထန် ... ခွန်းဂျာနဲ့ မပတ်သက်ပါနဲ့တော့။ ခွန်းဂျာကို မချစ်ပါနဲ့။ ပါးပါးတို့ စီစဉ်တဲ့ကိစ္စကို ခွန်းဂျာ ရအောင် ဖြစ်ပစ်မှာမို့ မိုးထန် အသာနောက်ဆုတ်နေပါ”





“ခွန်း ... ခွန်းဂျာ”

“အဲဒါဟာ ခွန်းဂျာရဲ့ဆုံးဖြတ်ချက်ပဲ။ ခွန်းဂျာ အပေါ်ကို အရမ်းကောင်းခဲ့ပေးတဲ့အတွက် မိုးထန့်ကို ကျေးဇူးအများကြီး တင်ပါတယ်။ ဒါပေမဲ့ ခွန်းဂျာရဲ့စွန်းထင်းသွားတဲ့ အမည်းစက်အတွက် ခွန်းဂျာ ဘယ်သူ့ကိုမှ လက်ထပ်တော့မှာ မဟုတ်ဘူး မိုးထန်”

ခွန်းဂျာရဲ့စကားလုံးတိုင်းမှာ စိမ်းကားရက်စက်ခြင်း အဓိပ္ပာယ်တို့က အပြည့်ပါဝင်နေလေသည်။ ဒါပေမဲ့ သူဟာ ခွန်းဂျာကို ချစ်နေရတဲ့သူဖြစ်သည်။ ဒီအခြေအနေထိ ရောက်လာခဲ့ပြီးမှ သူ ခွန်းဂျာနဲ့ ဝေးမသွားချင်။ ဝေးမသွားနိုင်ပေ။

“မဟုတ်သေးဘူး ခွန်းဂျာ။ ခွန်းဂျာ ဘာလို့ အဲဒီကိစ္စကို အမည်းစက်လို့ ပြောရတာလဲ။ အခုဆို အဲဒီလိုမဟုတ်တမ်းရား လျှောက်ပြောတဲ့ကောင်လည်း သူ့စရိတ်နဲ့သူ အထဲဝင်သွားရပြီ။ ဒီအချိန်မှာ ခွန်းဂျာ ဘာကိုခံစားနေတာလဲ။ ကိုယ် မင်းနဲ့ မဝေးနိုင်ပါဘူး ခွန်းဂျာရယ်။ ဒီအချိန်ဟာ ကိုယ့်အတွက်တော့ ပွဲလန့်တုန်း ဖျာခင်းရတဲ့ အခြေအနေမျိုးပါ။ ခွန်းဂျာနဲ့ ကိုယ့်ရဲ့ ပြောင်းလဲသွားမယ့် အပြောင်း

www.burmeseclassic.com



အလဲတစ်ခုကို ကိုယ် တအားမျှော်လင့်ခဲ့တာပါ။ ကိုယ်ကို အဲဒီလို မရက်စက်ပါနဲ့ ခွန်းဂျာ"

ခွန်းဂျာသည် သူ့စကားလုံးတွေကြောင့် သူ့ကို ငေးရီရီ စိုက်ကြည့်လေသည်။ ပြီးတော့ ခွန်းဂျာက အိမ်ပြင်ကို ထွက်လာခဲ့တာမို့ သူကပါ ခွန်းဂျာရဲ့အနောက်ကို လိုက်လာခဲ့လေသည်။

"မိုးထန်က ခွန်းဂျာ အတွက် သူငယ်ချင်းပါ။ ပြီးတော့ ခွန်းဂျာရဲ့ အလုပ်ရှင်ပါ။ ခွန်းဂျာ ဒီအချိန်မှာ ဘယ်သူ့ကို ဘာစကားမှ မပြောချင်ဘူး။ ပြီးတော့ ခွန်းဂျာ ပြန်တော့မယ်"

"ပြန်မယ် ... ဟုတ်လား"

သူဟာ နှလုံးသားတစ်ခုလုံး အရှင်လတ်လတ် ဆွဲထုတ်ခံလိုက်ရသလို လှစ်ဟာသွားလေသည်။ ယောကျ်ားတန်မဲ့ သူဟာ မျက်ရည်တောင် အနည်းငယ်ဝဲသွားရသည်။ ခွန်းဂျာက သူ့ကို တစ်ချက်မှမကြည့်ဘဲ ဆက်ပြောလေသည်။

"ဟုတ်တယ်။ ခွန်းဂျာလို လူမျိုးအတွက် ရန်ကုန်မြို့ကြီးက ဘာမှကြီးဆိုမှု မရှိပါဘူး။ အဲဒါကြောင့် ခွန်းဂျာ အိမ်ပြန်တော့မယ်"



"ခွန်းဂျာ ... မင်းက အရာအားလုံးကို အနိုင်နဲ့ပိုင်းဖျက်သွားတော့မှာလား။ အဲလိုလုပ်လို့ မရဘူးလေ ခွန်းဂျာ။ အချစ်ကြောင့် ထိခိုက်ခံစားရတာနဲ့ အရာရာကို နောက်ဆုတ်အရှုံးပေးတော့မှာလား ခွန်းဂျာ။ ကိုယ်တို့နှစ်ယောက် ဖွင့်ထားတဲ့ ဆိုင်လေးကိုကော ခွန်းဂျာ ဒီအတိုင်း ရက်ရက်စက်စက် ပစ်ထားခဲ့တော့မှာလား။ အဲဒါက ကိုယ်တို့ရဲ့ မျှော်လင့်ချက်တွေ အိပ်မက်တွေလေ"

ခွန်းဂျာက မျက်ရည်တွေကြားထဲက သူ့ကို တမေ့တမော ငေးကြည့်နေလေသည်။ ပြီးတော့မှ သွားကြားထဲကထွက်လာတဲ့ အေးစက်စက်လေသံဖြင့် သူ့နှလုံးသားကို အသွားထက်ထက် ဓားတစ်ချောင်းဖြင့် ရှပ်ခနဲ လှစ်ခွဲလိုက်လေသည်။

"အဲဒါတွေကို ခွန်းဂျာ ဘာမှစိတ်မဝင်စားတော့ဘူး မိုးထန်။ အရာအားလုံးကို ဆုံးရှုံးသွားတာဟာ ခွန်းဂျာပါ။ ဒီနေရာမှာ ခွန်းဂျာအတွက် ရပ်တည်စရာ နေရာမရှိပါဘူး။ မိုးထန် နေရစ်ခဲ့ပါတော့။ ခွန်းဂျာကို စောင့်မနေပါနဲ့တော့"

ခွန်းဂျာက ပြောပြီးတာနဲ့ သူ့ကို ကျောခိုင်းထွက်သွားလျှင် သူက ခွန်းဂျာ အတွက် ရင်ထဲက စစ်မှန်သောစကားကို ခွန်းဂျာ ကြားအောင် လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... ခွန်းဂျာ။ ကိုယ်က မင်းကို အမြဲတမ်းစောင့်နေခဲ့ရတဲ့သူပါ။ ထူးပြီးမစောင့်ရပါဘူး။ မင်း သွားချင်တယ်ဆို သွားပါ။ ခွန်းဂျာရဲ့နှလုံးသားက ကိုယ့်ဆီရောက်လာမယ့်အချိန်ကို, ကိုယ် ဒီအလုပ်တွေ အောင်မြင်အောင်လုပ်ရင်းနဲ့ စောင့်နေပါမယ်။ သွားပါ ... ခွန်းဂျာ။ ပြီးရင်ပြန်လာခဲ့ပါ ...

မင်းအတွက်ဆို ဘာမဆို ရင်ဆိုင်ရဲတဲ့ သူတစ်ယောက် Ice cream corner မှာ စောင့်နေပါတယ်။ မင်းသွားပါ ခွန်းဂျာ။ ကိုယ့်နှလုံးသားနဲ့ ဝေးအောင်ပြေးကြည့်ပါ"

သူ့စကား ဆုံးသွားသောအခါ ခွန်းဂျာက သူ့ကို တစ်ချက်လှည့်ပြန်ကြည့်လေသည်။ ပြီးတော့ နှမ်းဖတ်ဖတ်အပြုံးတစ်ခုဖြင့် သူ့ကို ကျောခိုင်းထွက်ခွာသွားလေသည်။

ကိုယ် မင်းရဲ့နှလုံးသားကို ဒီတစ်သက် ပိုင်ဆိုင်ခွင့်မရခဲ့ရင်တောင် မင်းကို အမြဲတမ်း သတိတရ ချစ်နေပါ့မယ် ခွန်းဂျာ။ တစ်နေ့ကျရင် ကိုယ့်ဆီ ပြန်လာခဲ့ပါ။

♥ ♥





ရင်ကွဲပက်လက် နှလုံးသား
လွမ်းလို့မှုးတဲ့ အကြောင်းနာဘာရား
ဝေးသွားချင် မင်းနဲ့ငါ
အနီးနီးနားမှာ နေပေးပါ။

အပူအပင်တွေ ကင်းစင်
ရင်ခွင်ထဲက ခွဲမထုတ်ချင်
ဘယ်တော့မှ မဝေးပါရစေနဲ့
ဤချစ်သူ့ရင်ခွင်နဲ့။

ကိုယ်က နှလုံးသား Hacker
ရင်ခွင်ထဲက နှလုံးသားကိုချိန်ရွယ်ကာ
လေကိုခွင်း၍ ပစ်ချင်တယ်
မင်းနဲ့ တစ်ဘဝလုံး
ပေါင်းဖို့ ရည်ရွယ်။

♥ ♥

www.burmeseclassic.com

## ၂၀

"မိုးထန်ရေ ... ငါတို့ ဘုရားသွားပြီနော်။ မင်းအဆောင်ကို သေချာစောင့်ကြည့်ထားနော်။ မင်းကိုယုံလို့ ငါတို့ အဆောင်ကြီးတစ်ခုလုံးကို အပ်ခဲ့တာ ကြားလား"

မိုးထန်က ဘာမှမပြောဘဲ ပြုံးတေ့တေ့ ရယ်ကာ ကော်ဖီတစ်ခွက်ဖျော်၍ ခြံထဲက မြက်ခင်းမှာ ဒရင်းဘတ်တစ်လုံးချ၍ စည်းစိမ်ခံနေလိုက်လေသည်။ ဒီနေ့က ဆိုင်ပိတ်ရက်ဖြစ်သည်။ အဲဒါကြောင့် သူက နားအေးပါးအေး အနားယူနေတုန်း ဘုရားသွားကျောင်းတက် စုံတွဲတွေက ကိုယ်စီ ကိုယ်စီ ထွက်သွားကြလေလျှင် သူ တစ်ယောက်သာ ကျန်ခဲ့၍ အိမ်စောင့်ဖြစ်ရလေသည်။





ဘာပဲဖြစ်ဖြစ် သူကတော့ အရမ်းကျေနပ်လေသည်။ ကုန်လွန်သွားခဲ့ပြီးတဲ့ အချိန်ကာလ တစ်နှစ်ခွဲနီးပါးမှာ အရာရာဟာ ပြောင်းလဲသွားခဲ့တာဟာ အံ့သြစရာ ဝမ်းသာစရာတွေပဲဖြစ်သည်။ အရင်ဆုံး ဝမ်းသာဖွယ် ကိစ္စကတော့ တစောင်းဆေးနဲ့ မျက်ချေးဖြစ်သော တီချစ်နဲ့ လေးမောင်က ပြန်ပေါင်းထုပ်သွားကြလေသည်။ သူတို့အဆောင်ရဲ့ အဓိက နှစ်ယောက် Ok သွားသောအခါ ဟိုဘက်ဒီဘက် ချစ်တဲ့ connection တွေနဲ့ အဆင်တွေကို ပြေနေကြတာဖြစ်သည်။ သူ့အနေနဲ့ကတော့ ထူးထူးခြားခြား ပြောစရာမရှိပေ။ အချိန်ကာလတွေကို ဒီအတိုင်း ရိုးရိုးရှင်းရှင်းပဲ ဖြတ်သန်းသွားခဲ့တာဖြစ်သည်။

သူဖွင့်ထားတဲ့ ရေခဲမုန့်ဆိုင်လေးဟာလည်း အရမ်းကိုအောင်မြင်ခဲ့လေသည်။ လူငယ်စုံတွဲတွေ၊ သူငယ်ချင်းတွေ၊ ပျော်ဖို့ရွှင်ဖို့စုတဲ့သူတွေ အားလုံးဟာ သူ့ဆိုင်လေးကိုပဲ သတိတရ ရောက်လာတတ်တာဖြစ်သည်။

အရာရာဟာ အချိန်ရဲ့ရွေ့လျားမှုအတိုင်း ငြိမ်ငြိမ်သက်သက်လေး ပြောင်းလဲသွားခဲ့ပေမယ့် သူတစ်ယောက်ကတော့ ပြင့် လွန်ခဲ့တဲ့အချိန်ကာလတွေ တုန်းကလို တစ်စုံတစ်ရာကို



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းနေဆဲပဲဖြစ်သည်။ အခုချိန်လောက်ဆို ခွန်းဂျာ တစ်ယောက်လည်း အများကြီး ပြောင်းလဲသွားလောက်ပြီပေါ့။

"တီးတောင် ... တီးတောင်"

မိုးထန်က စာဖတ်နေတုန်း ခြံရှေ့က ဘဲလ်သံကြောင့် သူက စာအုပ်ကိုဘေးချကာ ခြံဝကိုသွားကြည့်လိုက်သည်။ ဟင် ... ဘယ်သူမှလဲ မရှိပါလား။ သူက ဟိုဟိုဒီဒီ လှမ်းကြည့်သော်လည်း ရှင်းနေတာမို့ တစ်ယောက်ယောက် လက်ကမြင်းသွားတယ်ပဲ ယူဆကာ ခြံထဲက တဲလေးထဲ ပြန်ဝင်ကာ စာအုပ်ပြန်ပတ်နေလိုက်သည်။

"တီးတောင် ... တီးတောင်"

"ဩော် ... ဘယ်သူလဲကွာ"

သူက ရေရွတ်ပြီးမှ ခြံဝသွားကြည့်ပြန်ရင်လည်း ခြံဝမှာ ဘယ်သူမှ ရှိမနေချေ။ ဟားကွာ ... သက်သက်မဲ့လာစားနေတာပဲ။ မိုးထန်က စိတ်ထဲမှာ အလာ့ဂျစ်ထလာကာ တောက်တစ်ချက်ခတ်ပြီး ပြန်ဝင်လာခဲ့လေသည်။ နောက်မိနစ် အနည်းငယ် အကြာမှာ ဘဲလ်သံက ထပ်ကြားလာတာမို့ သူ့ စိတ်က တော်တော်တိုသွားလေသည်။ ဟား ... ကွာ။ တော်တော်လွန်နေ





ပြီ။ မိုးထန်က စိတ်တိုတိုနဲ့ ထထွက်လာကာ ခြံတံခါးမကြီးဖွင့်၍ ခေါင်းပြင်ထွက်လာကာ အဲဒီလက်ကမြင်းတဲ့ကောင်ကို ရှာလျှင် သူ့နောက်နားက အသံတစ်ခုက ပေါ်ထွက်လာလေသည်။

"ဘာတွေ ဒီလောက် ဒေါသတကြီး ရှာဖွေနေတာလဲ ဘောစိ။ ဘာကူညီပေးရဦးမလဲဟင်"

ဒီအသံ ... ဒီအသံ။ သူ့ကို ဘောစိလို့ ခေါ်တဲ့သူဆိုတာ။ မိုးထန်က အနောက်ကို ပြန်ကြည့်လိုက်လျှင် သူ့ကိုအပြုံးတစ်ခွဲသားဖြင့် ဆီးကြိုနေသော ခွန်းဂျာကို တွေ့လိုက်ရတော့ သူဟာ အံ့သြလွန်း၍ မတ်တတ်ကြီး မေ့မြောသွားသလိုတောင် ခံစားရလေသည်။ သူ့ရဲ့ ဘာပြောရမှန်းမသိ ဖြစ်နေတဲ့ပုံစံကို ခွန်းဂျာက သဘောတကျဖြင့် ငေးကြည့်ကာ သူမလက်ထဲက ရေခဲမုန့်ခွက်ထဲမှ ရေခဲမုန့်တစ်ဇွန်းကို လှုပ်လှုပ်ပ စားလိုက်ရင်းက ...

"ဟဲ ဟဲ ... သိပ်အံ့သြသွားသလား ဘောစိ သူဌေး"

"ခွန်း ... ခွန်းဂျာ အစစ်ပါနော်"

သူ့ရင်ထဲက ပြောချင်တဲ့ စကားလုံးတွေက တခြားအကြောင်းအရာဖြစ်ပေမယ့် တကယ်တမ်း သူ့စိတ်တွေက ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆန်နေကာ ထွက်သွားတဲ့ စကားလုံးက တခြားဖြစ်သွားသည်။ ဒါပေမဲ့ သူ့ရဲ့အဲဒီစကားကြောင့် ခွန်းဂျာက ဟက်ဟက်ပက်ပက် ရယ်မောကာ ခေါင်းညိတ်ပြကာ ...

"အစစ်ပါပဲရှင်။ ရေမရောတဲ့ ခွန်းဂျာ အစစ်ပါ။ ဘာလဲ ခွန်ဂျာ သံရဲလာခြောက်တယ် ထင်နေလို့လား"

"ခွန်းဂျာ ဘယ်လိုလုပ် ပြန်ရောက်လာတာလဲဟင်"

သူ့ရဲ့အမေးစကားကို ခွန်းဂျာ မျက်ခုံးတစ်ချက်ပင့် ကြည့်ရင်းက ပခုံးတွန့်ပြသည်။ အဲဒါ ဘာကိုဆိုလိုချင်တာလဲဆိုတာ သူ နားမလည်ပေ။

ခွန်းဂျာဟာ အရင်ကထက် ပိုလှလာတာ အရင်ကထက် ပိုပဟေဠိဆန်နေပါသည်။

"ဘောစိ ... ခွန်းဂျာကို ဘာစကားမှ မပြောတတ်တော့ဘူးလား"

"ကိုယ့်ဆီမှာ ပြောချင်တာတွေ အများကြီးရှိတယ် ခွန်းဂျာ။ ဒါပေမဲ့ ကိုယ် ရုတ်တရက် အံ့ဩတာတွေရော၊ ဝမ်းသာတာတွေပါရောပြီး ရှော့ခ်ဖြစ်နေတယ်။ ခွန်းဂျာ ပြန်လာတာ ဘာအကြောင်းကြောင့်လဲဟင်"





မိုးထန်ရဲ့ မငုံမရဲ အမေးစကားအဆုံးမှာ ခွန်းဂျာက နှုတ်ခမ်းနှစ်ဖက် ကော့ပျံ့တက်သွားအောင် ပြုံးလေသည်။ ပြီးတော့မှ ချစ်စရာကောင်းစွာ ဖြေလေသည်။

"သွားပြီးရင် ပြန်လာခဲ့ပါ ဆိုလို့လေ"

အဲဒီအဖြေစကားကြောင့် သူ့အသက်ရှူနှုန်းတွေ မြန်ဆန်လာသလို ခံစားရလေသည်။ ခွန်းဂျာ ... ခွန်းဂျာဟာ တကယ်ပဲ သူ့အချစ်ကို နားလည်တတ်ခဲ့ပြီလား။

"ခွန်းဂျာ ... အဲ ... အဲဒါဆို ..."

"ဟုတ်တယ်။ ဒီအချိန်ကာလတွေမှာ တီချစ်တို့ဆီက အမြဲကြားကြားနေတဲ့ စကားရှိတယ်။ မိုးထန်က ညည်းကို အရင်လို အချစ်မပျက်ဘဲ မျှော်နေတယ်တဲ့။ အဲဒါ တကယ်ပဲလား။ ဒီလောက်ဝေးသွားတဲ့ အချိန်ကာလအထိ ခွန်းဂျာကို ခွန်းဂျာကို တကယ်ပဲ စောင့်နေနိုင်ခဲ့တာလား"

ခွန်းဂျာက သူ့ကို အရမ်းသိချင်နေတဲ့ မေးခွန်းတွေကို တရစပ်မေးလျှင် သူဟာ မေးခွန်းအတွက် ဖြေစရာတစ်ခုတည်းသော အဖြေကို ခေါင်းညိတ်ရင်း ဖြေလိုက်သည်။



BURMESE CLASSIC

www.burmeseclassic.com



"ခွန်းဂျာကို ဘယ်တော့မှ မေ့လို့မရတဲ့ အကြောင်းရင်း နှစ်ချက်ရှိတယ်။ တစ်အချက်က ကိုယ်က ခွန်းဂျာရဲ့နှလုံးသားကို မရမချင်း Hack ဖို့ ဆုံးဖြတ်ခဲ့လို့။ နှစ်အချက်က ခွန်းဂျာကို ဝေးနေလည်း မမေ့ပစ်နိုင်လို့။ ကိုယ် ခွန်းဂျာကို ဘယ်တော့မှ မေ့မရဘဲ စောင့်နေခဲ့တာပါ"

"မိုးထန်ရှယ်"

ခွန်းဂျာက ကရုဏာသက်စွာသော အကြည့်ဖြင့် သူ့ကို ကြည့်လေသည်။ ပြီးတော့မှ သူမလက်ထဲက Ice cream ခွက်လေးကို သူ့ထံသို့ ကမ်းပေးတာမို့ သူက လက်ခံယူလိုက်လေသည်။

"ရှင့်အချစ်တွေက အဲဒီရေခဲမုန့်လိုပဲ။ အေးနေတဲ့အချိန်လည်း အရသာရှိပြီး စားလို့ကောင်းတယ်။ အဲဒီရေခဲမုန့် အရည်ပျော်သွားလည်း ချိုတဲ့အရသာကတော့ ကျန်နေသေးတာပဲ။ ကျေးဇူးပါ မိုးထန်ရှယ်"

"ဘာကိုလဲ"

ခွန်းဂျာက သူ့ကို အဓိပ္ပာယ်ရှိစွာ ပြုံးပြလေသည်။ အဲဒီအပြုံးဟာ ဟိုတုန်းကလို ဝေ့ပါးလွှတ်လပ်တဲ့ အပြုံးမို့ သူ့ရင်ထဲမှာ အရမ်းနွေးထွေးသွားရလေသည်။





"သူများဆီရောက်နေတဲ့ ခွန်းဂျာရဲ့နှလုံးသားကို ရှင့်ဆီရောက်အောင် Hack ပေးခဲ့တဲ့အတွက်ပါ။ ခွန်းဂျာရဲ့နှလုံးသား Hacker လေးကို ဒီနေ့ကစပြီး ခွန်းဂျာ မစိမ်းကားတော့ပါဘူး။ ဘယ့်လိုလဲ ... ခွန်းဂျာကို လက်ခံမယ်မှလား ဟင်"

ဟား ... သူ တစ်ခဏ ရူးသွားလေသည်။ အဲဒါဟာ အိပ်မက်များ မက်နေသလားလို့တောင် ထင်ရလေသည်။ ဒါပေမဲ့ သူသိနေသည်။ အဲဒါ အိပ်မက် မဟုတ်ပေ။

"ခွန်းဂျာရယ် ... ကိုယ် လုံးဝရူးသွားတယ်ကွာ"

သူ့စကားအဆုံးမှာ ခွန်းဂျာက ရေခဲမုန့်တစ်ဇွန်းခပ်ကာ သူ့ကို ခွံ့ကျွေးလေသည်။ သူက ကျေနပ်စွာ စားလိုက်ပြီးလျှင် ခွန်းဂျာက အပြုံးတစ်ခုနှင့်အတူ ...

"နောက်ဆို ဒီထက်မက ရူးရလိမ့်မယ် သောစိ"

Yes ...။

ခွန်းဂျာကို သူက လုံးဝကို ကြွေကျသွားရပြီဖြစ်သည်။ မိုးထန်သည် ခွန်းဂျာရဲ့လက်တစ်ဖက်ကို ရဲရဲတင်းတင်းမြင့်ဆုပ်ကိုင်ကာ "ဒါ ကျွန်တော့်ချစ်သူပါ" လို့ တရားဝင်ပြောနိုင်ခွင့် ရခဲ့ပြီဖြစ်သည်။

www.burmeseclassic.com



သူဟာ နှလုံးသား Hacker ဘဝကနေ ခွန်းဂျာရဲ့ နှလုံးသားကို ထာဝရပိုင်ဆိုင်ခွင့်ရခဲ့ပြီမို့ ဘာပြောရမှန်းမသိအောင် ရူးသွားတာတော့ သေချာလေသည်။ အချစ်ကို ပိုင်ဆိုင်ဖို့အတွက် အဲဒီအချစ်အပေါ်ထားတဲ့* ဖြူစင်သော စေတနာလေးရှိရင် အဲဒီ စေတနာဟာ တကယ်ကို ရောင်ပြန်ဟပ်တယ်ဆိုတာ သူ အခု တကယ်ယုံကြည်သွားခဲ့ပြီ ဖြစ်လေသည်။

ကျေးဇူးတင်စွာဖြင့်

မယ်မင်းဘုံ
8. April. 2013.
11:35 PM

စေမန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"